# အရှင်စက္ကိန္ဒ

# ရခိုင်ယဉ်ကျေးမှုများ

## အမှတ် ၇



အသျှင်ဇနကာဘိဝံသ

# ရခိုင်ယဉ်ကျေးမှုများ
# အမှတ်(၇)

Layout by U Khin Moung

Typed by Thi Dar Swe Aye

Proofed by U Myo Hlaing

**- First Edition -**

**December, 1996**

# i , lur;ajrmi "mwapwrsm;

ရခိုင်ပြည်၏အနောက်ပိုင်းဒေသဆိုလျှင် မယူတောင်တန်းနှင့် နတ်မြစ်ကမ်းခြေ ဘင်္ဂလားပင်လယ်လမ်းကြောင်းဖြင့် သွယ်ရစ်လျက်ရှိလေသည်။ မယူတောင်လက်ဝဲလက်ယာတွင် ရှေးကျသော ခေတ်အခါကပင် လူနေဌာနမြို့ပြရပ်ရွာများ တည်ရှိခဲ့လေသည်။ ဒဏ္ဍာရီခေတ်ဦးကဆိုလျှင် ပူရန္တပ္ပမြို့များ တည်ရှိခဲ့သည်ဆို၏။

ရခိုင်အာနန္ဒစန္ဒြမင်း၏ ကျောက်စာဂါထာနံပါတ်(၃၃)တွင် မဟာဝီရမင်းသည် ပူရေပူရမှဖြစ်သည်ဟု ရေးထိုးပါရှိ၏။ သမိုင်းသုတေသီများက ထိုမြို့ကို ဂဏ္ဍါမြစ်ကမ်းနဖူးတွင် တည်ရှိသောအလွန်ရှေးကျသည့် မြို့တစ်မြို့ဟု သတ်မှတ်ခဲ့ကြလေသည်။ မည်သို့ဆိုစေ ပူရေပူရမြို့ထိ ရခိုင်ပြည်၏ နယ်ပယ်ကျယ်ဝန်းခဲ့သည်ဟု ယူဆနိုင်ကြလေသည်။

ထိုအာနန္ဒစန္ဒြမင်းကျောက်စာအရ ဝေသာလီကျောက်လှေကားခေတ်မတိုင်မီ ဘီစီ–၆၀၀ကျော်ကပင် မင်းဆက်များကို ရေးထိုးထားရှိခဲ့လေသည်။ ထိုရခိုင်ကမ်းမြှောင်တွင် အေဒီ–၁ရာစုလောက်ထိ ရက္ခသျှခေါ်ရှေးဦးရခိုင်လူမျိုးတို့ နေထိုင်ရှိနေကြောင်းကို ခေါမှတ်တမ်းများကလည်း သက်သေခံလျက် ရှိနေကြ သည်။

ထိုသို့မှတ်တမ်းများအရ တတိယညေဝတီခေတ်နှောင်းကာလအချိန်အတွင်း အခြေအနေကို ထင်ဟပ်စေလေသည်။

အာနန္ဒစန္ဒြကျောက်စာအရ ဘီစီ–၆၀၀ ကျော်ကပင် မင်းဆက်များဆိုလျှင် ဓညဝတီခေတ်မင်းများပင် ဖြစ်လေသည်လားဟု တွေးထင်စရာ ဖြစ်နိုင်လေသည်။

ထိုဓညဝတီခေတ်တွင် ဘီစီ–၃၃၂၆မှ အေဒီ–၃၂၅ထိ နှစ်ပေါင်းသုံးထောင်ခြောက်ရာကျော် ရှည်ကြာပြီးလျှင် မင်းဆက်ပေါင်း တစ်ရာကျော် စိုးစံခဲ့လေသည်။ မြို့တည်ကာလသည် ဆူမာရီယန်တို့ ပေါ်ချိန်ကာလဖြစ်နေ၍ မြို့ဟုဆိုသော်လည်း သာမန်ရပ်စုလောက်နှင့် စတင်ခဲ့သည်ဟုသာ ယူဆကြချေသည်။ ထို့ကြောင့် ထိုဒေသရှိ မြို့ဟောင်းများကို ခေတ်မီသုတေသနပြုကြမှသာလျှင် သိရှိနိုင်ပေ၏။ ယခုအနေဖြင့်ကား ရခိုင်မြို့ပြတည်ထောင်မှုကို သိရှိရန် အတော်ခက်ခဲနေပါသည်။

ရခိုင်ပြည်ကို အုပ်ချုပ်မှုနယ်ပယ် ခွဲခြားရာ၌ဆိုလျှင် ဝတီခုနစ်ရပ် သတ်မှတ်ခဲ့ပေသေး၏။ မယူကမ်းတစ်လျှောက်ဆိုလျှင် မောရဝတီဒေသနယ်ပယ် ကျရောက်လေ၏။ မည်သို့ဆိုစေ ရခိုင်ပြည်၏ ဒေသနယ်ပယ်၌ မြို့ပြမှာကျေးလက်တောရွာထိ ကျယ်ပြန့်စွာ တည်ထောင်ခဲ့သည်ကို တွေ့ရပေ၏။ ကစ္ဆပနဒီကုလားတန်မြစ်၏ အနောက်ဘက်လက်ဝဲ ၉၉–မြို့စာရင်းတွင် ယခုဘူးသီးတောင် မောင်တောမြို့နယ်တို့၌လည်း အတော်အသင့်ပါရှိနေကြောင်း တွေ့ရပေသည်။ ဥပမာ မယူမြစ်ကြောင်း တစ်လျှောက်၌ ကုလားပန် ဇင်းမြို့၊ ငါးကြည်းတောင်မြို့၊သပိတ်တောင်မြို့၊ ရွှေစင်းကြန်မြို့၊ စိန်ညင်းပြင်မြို့၊ စစ်တန်တင်မြို့၊ ညောင်ချောင်းမြို့များကို ယခုထိ ကျေးရွာအမည်တွင် ရှိနေပေသည်။

ဘူးသီးတောင်မြို့ကိုကား ရှေးကမည်သို့ အမည်တွင်ခဲ့သည်ဟု မသိရချေ။ ဘုန်းပြင်မြို့၊ ယင်ပေါင်တောင်မြို့၊ အင်ကြင်းတောင်မြို့ဟူသော မြို့အမည်များဆိုလျှင် ငကြည်းတောင်မြို့၊ သပိတ်တောင်မြို့နှင့် ဆက်လျက်ဖော်ပြပါရှိနေ၏။ ထိုပြင် ပဲရွှန်းမြို့ဆိုလျှင်လည်း ရခိုင်မင်းများလက်ထက်က မြို့စားထားရှိခဲ့ရာမြို့ပင်တည်း။ မင်းဗာကြီးလက်ထက် သီရိဝတီမြို့ဟူ၍ အမည်တွင်ခဲ့၏။ ယခုဘူးသီးတောင်အနီးတစ်ဝိုက် နန်းရာများရှိနေသေး

ရာ ရှေးကမြို့စားများ နေခဲ့ရာဌာနပင် ဖြစ်ချေရာ၏။ မလ္လာမြို့၊ တပ်မြို့ဟူသော အမည်များကို ၉၉–မြို့ စာရင်းတွင် တွေ့ရှိပေသေး၏။ ထို့ကြောင့် အခြေအနေအရ ခေတ်ကာလအလျောက် မယူမြစ်ကြောင်းတစ်လျောက် မလ္လာမြို့၊ တပ်မြို့များကား အစီအရီမည်တွင် တည်ချနိုင်ခဲ့ပေရာ၏။

ပဲလွန်းမြို့၊ ဥဒေါင်းပြင် (ကြက်သရေကြီး)မြို့များလည်း နေရာဌာနအလွဲအပြောင်း ရှိကောင်းပေ၏။ ပဲကောက်မြို့အမည်တို့ကိုလည်း ၉၉–မြို့စာရင်းတွင် တွေ့ရပေသေး၏။ မေယုမြစ်တလျှောက်ကို တပ်မြို့များဆိုလျှင် ရခိုင်ပြည်၏ အနောက်ပိုင်းတံတိုင်းကို အကာအကွယ်ပြုခဲ့ကြပေမည်သာတည်း။ မေယုတောင်တန်းသည် မေယုမြစ်ဖျားမှ သွယ်လျားခဲ့ပေသည်။ စစ်တကောင်းတောင်တန်းမှ ဆက်သွယ်လာခဲ့ရပေ၏။ ရခိုင်ပြည်၏ အနောက်ရိုးမတောင်ဟုလည်း ခေါ်ဆိုခဲ့ကြပေ၏။ ဤတောင်တန်းကား မိုးထိလုနီးပါး မြင့်မားနေပေရာ နေရာတိုင်းမှကျော်ဖြတ်ရန် မလွယ်ကူပေ။ ထိုကြောင့် ဖြတ်ကျော်သွားလာရသော တောင်ကျော်လမ်းများ သတ်မှတ်ရှိခဲ့ပေ၏။

ဥပမာ–မယူဝအငူမော်မှလှည့်၍ ကျောက်ပန်းတူ၊ အလယ်သံ၊ ဥဒေါင်းပြင်မှ ကမ်းမြှောင်လမ်းဖြင့် လည်းကောင်း၊ လောင်းချောင်းကျော်လမ်း၊ သံချောင်းကျော်လမ်း၊ အာကာပျံကျော်လမ်း၊ ဘူးသီးတောင် လက်ဝဲဘက်ကျော်လမ်း၊ ငကျဉ်တောက်ကျော်လမ်း၊ ပဲလွန်းကျော်လမ်း စသည်များဖြင့် လည်းကောင်း ထင်ရှားသော ကျော်လမ်းများ ရှိနေ၏။ ထိုကျော်လမ်းများမှ ကျော်ဖြတ်လျက် အနောက်ပြည် ဘင်္ဂါ၁၂–မြို့သို့ အုပ်ချုပ်ရေး၊ စစ်ရေးများကို ဆောင်ရွက်ခဲ့ကြရလေ၏။

ထိုကျော်လမ်းများဆိုလျှင် မေယုတောင်တန်းကို ရှေ့နောက်ကျော်ဖြတ်သွားလာရသော လမ်းများဖြစ်ချေ၏။ အထူးသဖြင့် ငကျဉ်တောက်ကျော်လမ်းဆိုလျှင် မေယုတောင်တန်း၏ အလယ်လောက်တွင်ကျ၍ သမိုင်းခေတ်တစ်လျှောက် ထင်ရှားလာခဲ့ပေ၏။ ကျော်လမ်းတစ်ဖက် တစ်ချက်တွင် ရပ်ရွာများရှိခဲ့ပေ၏။ အရှေ့ဘက် တောင်ခြေရင်းတွင် ငကျဉ်တောက်မြို့

(ငါးကြည်းတောင်မြို့)သည် တပ်စခန်းမြို့အဖြစ် ရှည်ကြာခဲ့ပေ၏။

စစ်ရေးစစ်ချီစခန်းနှင့် စစ်အောင်နိုင်ရေး အောင်တပ်ချီ မင်္ဂလာလမ်းအဖြစ် အသုံးပြုခဲ့ကြလေ၏။ ထို့ကြောင့် ထိုတပ်မြို့ အပိုင်းကို မင်္ဂလာကြီး (မင်္ဂလာဂီရိ)တောင်၊ မင်းကြီးတောင်ဟူ၍ အမည်ခေါ်တွင်ခဲ့လေသေး၏။ ထိုမြို့မှကျော်လေသော် ယခု မောင်တောနယ်သို့ရောက်လေ၏။ ကျော်လမ်းထွက်ဝတွင် ဝပိတ်–ပွဏ္ဏားဆိပ်စသော ရပ်ရွာများ တည်ရှိခဲ့လေသည်။

## ကျည်တောက်မြို့

ရခိုင်ရာဇဝင်တွင် ငါးကြည်တောင်မြို့ဟု တွေ့ရသော် လည်း ကျော်လမ်းကိုကား ကျိုင်တောက်ကျော်လမ်းဟုပင် ခေါ်တွင်ရှိနေကြသေး၏။ ငပိကျိုင်တောက်ခေါ်သော ငုံးပင်တစ်မျိုးပေါက်ရောက်ခဲ့ရာ ထိုအပင်ကို အစွဲပြု၍ ခေါ်ဆိုလာခြင်းပင် ဖြစ်၏။ ထိုအပင်မှာ အရောင်ဝင်းဝါ၍ အညာရိုးတံရှည် အဆုပ်ဆုပ်ပွင့်ဖူးတတ်လေ၏။ အသီးမှာဆိုလျှင် ကျည်တောက်သဖွယ် ရှည်လျားသွယ်တန်းနေလေသည်။ အသီးမှည့်လျှင် ငါးပိနံ့ နံစော်လေ၏။ ထို့ကြောင့် ငပိကျိုင်တောက်ပင်ဟု ခေါ်တွင်ခဲ့ကြလေ၏။

သကြၤန်အလွန် တန်ခူး၊ ကဆုန်လတွင်ပွင့်သော ငုံးတစ်မျိုး ဖြစ်ချေ၏။ ငုံးရွှေ၊ ငုံးစပ်၊ ငုံးသိမ် သုံးမျိုးတွင် တစ်မျိုးအပါအဝင် ဖြစ်ချေရာ၏။ ငပိကျိုင်တောက်မှ လွှဲပြောင်း၍ ကျိုင်တောက်ဟု ခေါ်လာနိုင်သည်။ သို့သော် ရခိုင်တို့ကား ထိုသစ်ပင်ကို ယခုထိ ငပိကျိုင်တောက်ပင်ဟုသာ ခေါ်နေကြလေသည်။ ကျော်လမ်းကိုသာ ကျိုင်တောက်ကျော်လမ်းဟု ခေါ်ရိုးပြုနေကြသည်။

ကျည်တောက်ပင်ကိုစွဲ၍ ထိုနေရာတွင် တည်သောမြို့ကို ကျည်တောက်မြို့ဟု မည်တွင်ခဲ့ခြင်း ဖြစ်နိုင်ပေ၏။ စာပေမှတ်တမ်းတင်သူများက ဒေသဌာနဝေါဟာရကို စွဲမှီလျက် မှည့်ခေါ် ရေးခဲ့ခြင်းလည်း ဖြစ်နိုင်ပေ၏။ မယူမြစ်ဖျားတွင် ငါးကြည်းဟု ခေါ်သော ငါးတစ်မျိုး ကျက်စားလေ့ရှိ၏။ ထိုငါးကြည်းငါးအမည်ကို တင်စား၍ ရေးမှတ်ခြင်းလည်း ဖြစ်လေ၏။ ထိုငါးကြည်းအင်း

သည် ကျောက်တောက်ကျော်လမ်းဝ အောက်ပိုင်းတွင် ရှိနေ၏။

ထို့ကြောင့် ရခိုင်မြို့တည်မြို့အမည်များတွင် ကြေည်း တောင်မြို့ဟု မှည့်ဆိုခဲ့ရခြင်း ဖြစ်ခဲ့ရာသည်။ အချို့က ကျောဉ် တောက်မြို့ဟုလည်း နီးစပ်ရာအမည်ကို လိုက်၍ ခေါ်ဆိုပြုခဲ့ကြ လေသည်။ အကြောင်းသော် မယူတောင်၏ကျော်လမ်း တစ် လျောက်တွင် ကျောဉ်တောက်ခေါ် ငုံးပင်တစ်မျိုးပေါက် ရောက် လျက် ရှိလေသည်။ ထိုအပင်အနံ့သည် ငါးပိနံ့ကဲ့သို့ နံစော် စူးရှလှသည်။ ထို့ကြောင့် ရခိုင်တို့က ထိုအပင်မှသီးသော အသီး ကို ငပိကျိုင်တောက်သီး၊ အပင်ကို ငပိကျိုင်တောက်ပင် ခေါ်ဆို လေ့ရှိသည်။ ထိုအပင်ကိုစွဲ၍ ထိုကျော်လမ်းကိုလည်း ငပိကျိုင် တောက်ကျော်လမ်း၊ ကျောဉ်တောက်ကျော်လမ်းဟူ၍ အစဉ်တွင် လာသည်။ ထိုကျော်လမ်းဝတွင်ပင် တည်ခဲ့သောမြို့ဖြစ်၍ ကျိုင် တောက်မြို့ဟူ၍လည်း စွဲမှတ်ခေါ်ဆိုနိုင်ခြင်း ဖြစ်ချေရာ၏။

ထိုမယူမြစ်သည် ဘုရားလောင်း၏ ကျင်လည်ခဲ့ရာအဖြစ် သနစ်နှင့် စပ်လျက်ရှိချေ၏။ ယခု လောင်းချောင်းရွာအနီးတွင် ဆိုလျှင် ဘုရားလောင်းငှက်ဥဒေါင်းမင်း တစ်စစ်ဖြစ်ခဲ့ဖူးသည် ဆို၏။ နောင်တွင် ဗျာဒိတ်အရ လည်ရိုးတော်ဓာတ် တည်လတ်ခဲ့ရလေ ၏။ ထိုဥဒေါင်းမင်းကျင်လည်ခဲ့ရာဒေသ တောတောင်ဌာနကို အစွဲပြု၍ မယူရတောင်မည်ခဲ့ရာမှ မယူဟူသောအမည် ဖြစ်လာခဲ့ ရလေ၏။

အချို့က မယူမြစ်ဝတွင် မလ္လာယုကျွန်းအမည်ဖြင့် တည်ရှိ ခဲ့၏။ ထိုကျွန်းကို အမည်စွဲကာ မလ္လာယုမြစ်မှ မလ္လာမြစ်၊ ထိုမှ မယူမြစ်ဟု ရွေ့ပြောင်းခေါ်လာသည်ဟု ယူဆကြ၏။ မာယုသည် သက္ကဋ္ဌဝေါဟာရတွင် လှိုင်းလေကို ခေါ်သည်ဆို၏။ လှိုင်းတွေပြင်း ထန်သော နေရာဌာနဖြစ်၍ မယူမြစ်မှမလ္လာယုမြစ်ဟု တွင်လာ နိုင်သည်ဆို၏။ ယခုမေယုမြစ်ဟူ၍ အချို့ရေးသားခေါ်တွင် ပြုနေ ကြပြီဖြစ်၏။

ထိုမယူရ၊ မယူ၊ မလ္လာယု၊ မာယုမြစ် အနောက်ဘက်ကမ်း ခြေတစ်လျှောက် သွယ်တန်းသော တောင်တန်းရှည်ကြီးသည် ဘုရားဖြစ်စဉ်သမိုင်းအခေါ်အရ လည်းကောင်း၊ ဒေသအမည်နာမ

အခေါ်အဝေါ်အရ လည်းကောင်း၊ ဘူးသီးတောင်မြို့နယ်အထက်ပိုင်းကို မင်္ဂလာကြီးတောင်၊ ဝေလာတောင်ဟုလည်းကောင်း၊ အောက်ပိုင်းကို မယူတောင်၊ အနောက်ပြည်ခြားတောင်ဟု လည်းကောင်း အဆိုရှိခဲ့ကြပေ၏။ မြစ်ကိုလည်း အထက်ပိုင်းကို ကုလားပန်စင်မြစ်ဟု ခေါ်တွင်ခဲ့ကြလေသေး၏။

ထိုတောင်တန်းဝဲယာတစ်လျှောက်တွင်ဆိုလျှင် လူနေမှုနှင့်စပ်၍ ကိုးကွယ်မှုလည်း ဖြစ်လာခဲ့ရပေ၏။ မေယုနယ်၏ ကိုးကွယ်မှုသည် ရခိုင်ပြည်၏ ကိုးကွယ်မှုနှင့်ဆက်သွယ်လျက်ပင် ရှိချေ၏။ ရခိုင်ပြည်၏ကိုးကွယ်မှုတွင် ဗုဒ္ဓဘာသာကို ကိုးကွယ်မှုသည် ရှည်ကြာခဲ့ပြီး ဖြစ်၏။ ရခိုင်ဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက် ကိုယ်စားမြတ်ရှင်တော် မဟာမုနိကို သွန်းလုပ်ပူဇော်ခဲ့သည်မှ စတင်ခဲ့ကြောင်းဖြင့် ဤသို့စာပေ မှတ်တမ်းပြုခဲ့ကြ၏။

‘‘ရွှေဘုန်းတော်ပြောင်၊ မှန်ကင်းထောင်၍၊ ကိုးဆောင်နန်းမ၊ဉကသ်တွင်၊ သူရိယစန္ဒာ၊ သုံးလုချာလျှင်၊ ဒါယကာတော်၊ မြတ်ရှင်ကျော်ကို၊ နုမောဒနာ၊ မော်ကွန်းမှာ၍၊ သာသနာမူလ၊ တည်ထွန်းပသား၊ ဓညဝတီ၊ အောင်မြီရွှေပြည်၊ ဆက်ကာနွယ်လျှင်’’

***(ရခိုင်ရာဇဝင်လင်္ကာ)***

မဟာမုနိရုပ်ရှင်ကျော်သည် ရခိုင်ပြည်၌ ပထမဦးဆုံး ဗုဒ္ဓကိုယ်တိုင် ရင်ငွေ့တော်ခာတ်ဖြင့် သွန်းထုကိုးကွယ်ခွင့်ပြုခဲ့သော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူပင်ဖြစ်၏။ ထိုရုပ်ပွားတော်ကို သွန်းလုပ်၍ ရခိုင်ပြည်၌ သာသနာတည်ထားရန် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလ၊ ဝါတော်(၂၀)မြောက်တွင် မဇ္ဈိမဒေသမှ ကြွရောက်ခဲ့လေ၏။ ထိုအခါ ရခိုင်ဓညဝတီနေပြည်တော်ဝယ်၊ စန္ဒသူရိယမင်းစိုးစံနေဆဲ ဖြစ်သည်။ ကျောက်တော်တောင်တန်းတွင် ဘုရားမြစ်စွာ သက်ဆင်းရပ်တန့်ပြီးနောက် ပြုံးတော်ပြုရာ၊ မေးလျှောက်ချက်အရ၊ ဤရခိုင်ပြည် အတည်တည်၌ မိမိနေစဉ်ကာလ၊ ဘဝတစ်ဇာစ်ဖြစ်ခဲ့ရခြင်း အဖြစ်သနစ်တို့ကို မြွက်ကြားခဲ့ဖူးလေ၏။ ထိုနောက် ငါဘုရားပရိနိဗ္ဗာန်စံလွန်သောအခါ ငါကျင်လည်ခဲ့ရာ

ဌာနတို့၌ ငါ၏သရီရကိုယ်တော်မှဖြစ်သော ဓာတ်တော်များကို တည်ထားလတ္တံ့ဟု ဗျာဒိတ်မိန့်မှာခဲ့လေ၏။ ထိုအကြောင်းကို ဝါးကျောင်းဆရာ ပဏ္ဍိတ်က ဤသို့မှတ်တမ်းရေးစပ်ခဲ့လေ၏။

''ဒေသပတ်လည်၊ ဤတိုင်းပြည်၌၊ ကျင်လည်တော်ဖူး၊ ဦးဦးအရပ်၊ ကျိန်းဝပ်အံ့သည်။ ဓာတ်မည်မည်ကို၊ နှုတ်ခြည် စကား၊ ဗျာဒိတ်ကြားက''

***(ရာဇဝင်လင်္ကာအကျဉ်း)***

ထိုဗျာဒိတ်အရ ဗုဒ္ဓပရိနိဗ္ဗာန်စံလေသောအခါ၊ ဓာတ်တော် ရှစ်စရွက်ကြွင်းကျန်ရစ်သည်ကို၊ အန္တရာယ်ဘေးမှ လွတ်ကင်းစေရန် အဇာတသတ်မင်းက၊ ဓာတ်တော်တိုက်၌၊ ဌာနနာထည့်၍ မြှုပ်နှံထားခဲ့၏။ သာသနာနှစ် နှစ်ရာကျော်ထိ တိမ်မြှုပ်နေခဲ့လေရာ ဓမ္မာသောကမင်းလက်ထက် အရောက်တွင် သာသနာတော်ကို သက်ဝင်ခဲ့လေသောကြောင့် ကျောင်းကန်စေတီများ တည်ထားမှု ပြုလာခဲ့လေ၏။ ထိုအခါ ဓာတ်တော်များကို ရှာဖွေခဲ့လေရာ၊ ရာဇဂြိုဟ်မြို့မှ ဌာပနာတိုက်တွင် တွေ့ရှိရှာဖွေ ဖွင့်လှစ်နိုင်ခဲ့လေ၏။

ထို့ကြောင့် မောဂ္ဂလိပုတ္တတိဿထေရ်နှင့် အရှင်ကြန္ဒဂုတ္တရဟန္တာတို့၏ အကူအညီဖြင့် ကိုးတိုင်း၊ကိုးဌာနသို့ ခွဲဝေပေးပို့ခဲ့လေရသည်။ ထိုဒေသဌာနတို့၌ ထိုဓာတ်တော်များ ကြွရောက်ခဲ့ရသည်မှစ၍၊ ဓာတုသာသနာလည်း ပျံ့နှံ့ခဲ့ကြရလေ၏။ ရခိုင်ပြည်သို့လည်း ကြွရောက်ခဲ့သဖြင့် ထိုအခါကစ၍၊ ဓာတုသာသနာသည် ပြန့်ပွားခဲ့လာရလေ၏။ အသောကမင်းနှင့် ရခိုင်ဓညဝတီပြည်ရှင် သူရိယစက္ကမင်းသည် ထီးပြိုင်နန်းပြိုင် ဖြစ်လေ၏။ သူရိယစက္ကမင်းသည်၊ မဟာမုနိဒါယကာတော် စန္ဒသူရိယမင်းမှ (၆)ဆက်မြောက်မင်းပေတည်း။

ရခိုင်ပြည်မှာ ဝေစုရဓာတ်တော်မှာဆိုလျှင်၊ (၂၄၇)ဆူဖြစ်လေ၏။ (၄၈)ဆူခန့်ကိုသာ မင်းဖလောင်းက ထပ်မံတည်ထားပြုပြင်နိုင်ခဲ့ငြားလေသည်။ ထို့ကြောင့် ဓာတ်တော်(၄၈)ဆူဟူ၍ ပြောစမှတ် ပြုနေကြခြင်းသာ ဖြစ်ချေ၏။ မင်းဖလောင်း ဓာတ်

တည်ခန်းသည် ဤ(၄၈)ဆူကို ပြုပြင်မွမ်းမံမှု မှတ်တမ်းပင် ဖြစ်၏။ (၂၄၇)ဆူ (မဟာမုနိရုပ်ရှင်ခေါ် ရင်ငွေ့တော်ဓာတ်ပါဆိုလျှင်၊ ၂၄၈ဆူ)ကိုကား၊ ရခိုင်ပြည်ဘုရားသမိုင်း (ဓာတ်တော်စဉ်သမိုင်း) (ဗုဒ္ဓနှင့် အာနန္ဒာပုစ္ဆိတကထာ)တွင် အပြည့်အစုံမှတ်တမ်း တင်ရှိပေ၏။

အသောကမင်းက ရခိုင်သူရိယစက္ကမင်းအား ရွှေပေလွှာစာပို့၍၊ ဓာတ်တော်တို့ကို တည်ထားရန် ပင့်ဆောင်စေ၏။ ထို့ကြောင့် ရဟန္တာအရှင် ဗာကုလနှင့် အရှင်မဟာတိဿတို့ကို ဦးဆောင်စေလွှတ်၍ သူရိယစက္ကမင်းက ပင့်စေလေ၏။ အရှင်မြတ်တို့လည်း အချိန်အခါကောင်းသော တပေါင်းလတွင် ပင့်ယူပေးခဲ့ကြလေ၏။ ပင့်ဆောင်လာသော ထေရ်ရှင်တို့၏ အမိန့်တော်အရ၊ မယူမြစ်အနောက်ဘက်၌ တည်လတ္တံ့သော ဓာတ်တော်များကို ခွဲခြားလျက် –

ဤသည်ကား လက်ဆစ်တော်ဓာတ်၊ (ကင်းချောင်း–လက်ဖန်ရွာ)။ ဤသည်ကား–လည်ရိုးတော်ဓာတ်၊ (လောင်းချောင်း)၊ ဤသည်ကား၊ ခါးရိုးခါးဆစ်တော်ဓာတ် (နပျိုးချောင်း)။ ဤသည်ကား၊ နားလိပ်တော်ဓာတ် (လောင်းယုံရွာအနီး စိုင်းတင်)။ ဤသည်ကား၊ အဆုတ်တော်ဓာတ် (ကွမ်းတိုင်)။ ဤသည်ကား။ လက်ဝဲလက်ဖန်တော်ဓာတ် (အောင်မင်္ဂလာစေတီ)။ ဤသည်ကား၊ ငုံချင်တော် (ခုံချင်တော်)ဓာတ်၊ (ငကြည်းတောင်)စသည်ဖြင့် အသီးသီးလွှဲအပ်ခဲ့လေ၏။

ပင့်ဆောင်ပေးလိုက်သော ထိုဓာတ်တော်များကို ဘုရင်သူရိယစက္ကမင်းသည်၊ သာသနာ့အကျိုး၊ တိုင်းပြည်အကျိုးရှိစေရန်၊ ဓာတ်သင့်၊ ဓာတ်ဘက်၊ ဓာတ်ကြောအစီအစဉ်အရ၊ ဗုဒ္ဓ၏ ဗျာဒိတ်တော်ပေးခဲ့သည့်နေရာဌာနတောင်ထွဋ်၊ တောင်တန်း၊ ချိုင့်ဝှမ်း၊ မြေပြင်အသီးသီးတွင် ထိုနှစ်တပေါင်းလတွင်ပင် ဖြန့်ဝေလျက် တည်ထားကိုးကွယ်ရှိခဲ့လေ၏။ မတည်ဖြစ်ခဲ့ရသော ဓာတ်တော်များကိုမူ ရွှေပန်းကလာပ်တွင် ရွှေပန်းတောင်းထဲ ကိန်းဝပ်စေလျက်၊ နန်းတော်ဦး၌ ပူဇော်ထားရှိခဲ့လေသည်။ သူရိယနာထ (ဘီစီ–၂၇၂–၂၃၀)နောက်မင်းများက တစ်စတစ်စ ဆက်ခံ

တည်ထားခဲ့ရလေ၏။

သူရိယစက္ကမင်း (ဘီ–စီ–၃၁၆–၂၇၂)မှစ၍ တည်ထားခဲ့သော ဓာတ်တော်စေတီများဆိုလျှင် ယခုမေယုတောင်ခြေ၊ ဘူးသီးတောင်၊ရသေ့တောင်မြို့နယ် အနှံ့အပြား တည်ရှိကိုးကွယ်လာခဲ့ရလေ၏။ ထို့ကြောင့်လျှင် ရခိုင်စာဆိုတော် ဝါးကျောင်းပဏ္ဍိတ်က ဤသို့မှတ်တမ်းတင်ခဲ့လေ၏။

''မှတ်သားအပ်ရာ၊ အကြောင်းမှာမူ၊ ဓမ္မာသောက၊ ထိုရာဇာသည် ပုညပွားပြန့်၊ ဖြစ်စေခန့်လျက်၊ ထိုနှလုံးညီ၊ တည် စေတီမူ၊ သရီရဓာတ်၊ ရှစ်စရွက်မည်၊ အတည်တည်တည်း''

ကြေည်တောင်စေတီ (ကျိုင်တောက်ကျော်လမ်းဝ) ကျောက်တောက်ကျော်လမ်းဝ၌၊ တည်ထားခဲ့သော ဓာတ်စေတီမှာ၊ နှစ်ပရိစ္ဆေဒ ကာလကြာညောင်းခဲ့ပြီးရာကား၊ ခေတ်အဆက်ဆက်ကို ကျော်လွန်လာခဲ့ရသည့်အတိုင်း ပြုပြင်ထိန်းသိမ်းမှု ကင်းမဲ့ကာ တိမ်ကောရှိလာခဲ့ရလေသည်။ အထူးသဖြင့် ရခိုင်မင်းများ ပြက်ကင်းခဲ့လေသောကြောင့်လည်းကောင်း၊ ရခိုင်ရပ်ရွာအိမ်ခြေ ပျက်စီးဆုံးရှုံးမှုကြောင့် လည်းကောင်း၊ ကိုးကွယ်မဲ့မှု ဖြစ်ခဲ့ရလေ သည်။ ယခုထိ ကျောက်တောက်တစ်ဝိုက်ဆိုလျှင် ရခိုင်ရပ်ရွာဟူ၍ အနည်းငယ်သော ကျောက်တောက်၊ ပြိန်းချောင်း၊ လောင်းချောင်း ရွာတို့သာ ရှိနေလေသည်။ ကျောက်တောက်ရွာပင်လျှင် ဒိုင်နက်အမျိုးသားများ ဖြစ်ရှိနေပေသည်။

ယခုအခါတွင် ကျောက်တောက်ကျော်လမ်း တောင်ခြေအနီးတွင် သမိုင်းဝင်ဓာတ်တော်စေတီတစ်ဆူကို တွေ့ရှိခဲ့ရလေသည်။ ဓာတ်တော်ဆိုလျှင် ကျောက်တောက်မြို့နှင့် အနီးစပ် မယူတောင်ခြေရင်း၊ တောင်ကုန်းတောင်စပ်တစ်နေရာတွင် ဖြစ်လေသည်။ မာဃစူဠပဗ္ဗတတောင်ဟူ၍ ရှေးကအမည်ရှိလာခဲ့သည်။ မိုးဦးစွန်းတောင်အဖြစ် အဓိပ္ပာယ်သက်ရောက်လေ၏။ ထိုတောင်၌ ဘုရားရှင်သည် နှစဉ်ကာလ ဆတ်မင်းတာဇစ်အဖြစ်နှင့် ကျင်လည်ကျက်စားခဲ့ဖူးလေ၏။

ငါဘုရားပရိနိဗ္ဗာန်ပြုပြီးနောက်၊ ခုံချင်တော်၊ ငုံချင်တော် ဓာတ်ကို တည်လတ္တံ့ဟူ၍ ဘုရားရှင်ဗျာဒိတ် မိန့်ကြားခဲ့သည့်

အတိုင်း၊ ဤမာဃစူဠာပဗ္ဗတတောင်၌ သူရိယစက္ကမင်းက ပင့်ဖိတ်လျက် ကြွရောက်ကိန်းဝပ်ခဲ့ခြင်း ဖြစ်လေသည်။

ခုံချင်တော်၊ ငုံချင်တော်ဆိုသောစကားသည် ရခိုင်ရှေးသုံး စကား ဖြစ်လေသည်။ ယခု–ဒိုးလက်၊ ဒူးငေါင်းရိုးဟူ၍လည်း ခေါ်ကြသည်။ ဒူးဆစ်၊ ဒူးငေါး–(ဒူးငုံ)ရှေ့တွင်ရှိသော ဒိုးစေ့ ညှက်ဏာန်အရိုးပြား ဖြစ်လျက်တည်ပေ၏။ ထိုကိုပုဆစ်ရိုး၊ ဒူးဆစ် ရိုးဟူ၍လည်း ခေါ်သည်။ မြန်မာဝေါဟာရ အဘိဓာန်တို့တွင် – ခုံသင်းရိုး၊ ဂုံညင်းရိုး၊ ခုံချင်ရိုး ဟူ၍ ရေးသုံးခြင်း ပြုခဲ့ကြလေ၏။

ထို့ကြောင့် ခုံချင်တော်၊ ငုံချင်တော်ဓာတ်ဆိုသည်မှာ– ဘုရားရှင်၏ ပုဆစ်ရိုးဒူးဆစ်မှဖြစ်သော ဓာတ်တော်ပင်ဖြစ် ကြောင်း သိအပ်ပေ၏။ ထိုမာဃစူဋပဗ္ဗကတောင်၌ ဘုရားရှင် ဆတ်မင်းတဇာတ် ဖြစ်ခဲ့ဖူးရာ၊ နောင်တွင် ဖော်ပြပါ ခုံချင်တော်၊ ငုံချင်တော်ဓာတ်သည်၊ ဗျာဒိတ်တော်အတိုင်း ဓညဝတီခေတ်မှ စ၍ ရခိုင်သမိုင်းခေတ်အဆက်ဆက် တည်ရှိကိုးကွယ်လာခဲ့ရခြင်း ဖြစ်သည်။

ယင်းသို့ အစဉ်အဆက်ကိုးကွယ်လာခဲ့ရသော ဓာတ်တော် စေတီကိုဆိုလျှင်၊ ရခိုင်မင်းခေတ် အနောက်ပြည်ကို အုပ်ချုပ်ရေး၊ စစ်ရေးစသည့် အကြောင်းအားလျော်စွာ ချီတက်သွားလာရသော အခါ၊ ဘုရင်နှင့်တကွ မှူးမတ်၊ စစ်သည်ဗိုလ်ပါတို့က မင်္ဂလာဦး အဖြစ် ဦးတိုက်ကာ ကျော်ဖြတ်သွားခဲ့ရလေသည်။ ထိုကျော်လမ်း ကထွက်လျှင် ကျော်လမ်းဝကို ဝပိတ်ဟူ၍ ခေါ်တွင်နေသည်။ ထိုတွင် ဘုရားရှင်သည် ပဏ္ဏားတဇာတ်ဖြစ်ခဲ့ရာ စူဠပဗ္ဗတတောင် ၌ တည်ထားရှိသော မိတ်တော်(မေးတော်)ဓာတ်ကို ဖူးမြင်ရသည်။ ယခု ပဏ္ဏားဆိပ်စေတီဟူ၍ ခေါ်တွင်ရှိနေသည်။ ထိုခုံချင်းဓာတ် နှင့် မိတ်တော်ဓာတ် နှစ်ဆူကား၊ ကျော့တောက်–ကျော်လမ်းဝင် ဝ–ထွက်ဝတွင် တည်ရှိခဲ့ခြင်းပင် ဖြစ်လေသည်။

အနောက်တစ်လွှားမှဘေးရန်များကို အောင်မြင်တော်မူပြီး နောက် ရခိုင်ပြည်သို့ပြန်လည်စဉ် ဘေးရန်အန္တရာယ်ပိတ်ဆို့ ကာကွယ်မှုအဖြစ် နိမိတ်ယူ၍ ဤမိတ်တော်ဓာတ်အနီးသို့ ဝပိတ်

ဟူသောအမည်ဖြင့် အန္တရာယ်များကို ပါးစပ်–မေးပါမကျန် ကာဆီးပိတ်ဆို့ခဲ့လေသည် ဆို၏။ နောင်တွင် ထိုနေရာ၌ ပုဏ္ဏားဆိပ်ရွာ၊ ဝပိတ်ရွာဟူ၍ ယခုတိုင် အမည်တွင်ခေါ်မှု ဖြစ်လာခဲ့ရလေ၏။

ရခိုင်ပြည်အနောက်ပိုင်းတစ်လျှောက် ဤခုံချင်းတော်ဓာတ်၊ မိတ်တော်ဓာတ်နှစ်ဆူသည် တိုင်းပြည်နှင့်လူမျိုးအတွက် ဘေးအန္တရာယ် ကာကွယ်ရေး၊ ရန်အောင်ရေး၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံရေး၊ ကောင်းရာသုဂတိ ရောက်စေရေးအတွက် တည်ထားကိုးကွယ်လာခဲ့ကြခြင်း ဖြစ်လေသည်။ တိုင်းပြည်အခြေအနေအရ ယခုပြန်လည် မွမ်းမံပြုပြင်တည်ထားရှိပြီးရာကား၊ အန္တရာယ်မှ ကင်းဝေး၍ ဘေးကင်းချမ်းသာသုခ မင်္ဂလာတို့ အတိုင်းထက်အလွန်၊ တံခွန်နှင့် ဘုရားကဲ့သို့ ဖြစ်ချိမ့်ကြရာမည်သာဟု ယုံကြည်ကြရပေသတည်း။

*(မှတ်စု)*

*၁၇–၃–၉၂ နေ့။*

# vr;acsmi;''wawmayi;

**လမူးချောင်းဟူသည်**

လမူချောင်းသည် ရခိုင်ပြည်နယ်၏ တောင်စဉ်ကမ်းဒေသ ဖြစ်သည်။ ယခုသံတွဲစီရင်စု၊ တောင်ကုတ်မြို့နယ်တွင် တည်ရှိနေသည်။ ရခိုင်မင်းလက်ထက် ချောင်းစား၊ မြို့သူကြီးများဖြင့် ခန့်အပ်ခဲ့ရာလည်း ဖြစ်သည်။ ရခိုင်ဘုရင် စန္ဒဝိဇယ(ကောဇာ ၁၀၇၂–၁၀၉၃)မင်း လက်ထက်က ကျမ်းတတ်အကျော်၊ ဘာသန္တရ၌ ထင်ပေါ်ခဲ့ဖူးသော ရင်ငူဆရာတော် သီတင်းသုံးခဲ့ရာ ဌာနဖြစ်ချေသည်။

လမု၊လမ္ဘူ၊ လမ္ဘူ၊ ဝါလမ္ဘူ ဟူ၍ ရခိုင်ရာဇဝင်တို့၌ အသုံးအနှုန်းတွေ့ရသည်။ ရွှေငွေများစွာရှိရာ ဌာနဖြစ်၍ ဟိရည္ဓရာဟုလည်းကောင်း၊ ဝါလမ္ဘူဘီလူး အစောင့်အနေပြုရာဌာနဖြစ်၍ ဝါလမ္ဘူဟူ၍ လည်းကောင်း တွင်ကြောင်း။ ဆရာငမည်းရာဇဝင်၌ ဖော်ပြထားသည်။

ရခိုင်ရှေးထုံးရာဇဝင်တွင် ငပေါ်လာဆိုသူသည် လဟာချောင်းဖျားတွင် လမူး(ယင်း)ပိတ်ခဲ့သည်။ ထို့ကြောင့် ''လမူးပိတ်ရာ၊ ထိုရပ်မှာကို၊ စဉ်လာတွင်ယှောင်း၊ လမူးချောင်း'' ဟူ၍ အမည် ဖြစ်လာသည် ဆို၏။ လမူးသ္ဘဏာန်ကျောက်ထရံရှိ၍ ထိုကိုအစွဲပြုလျက် ဖြစ်လေရာသည်ဟု ဒေသခံများက ယူဆပြောဆိုကြပေသည်။

**လမူးချောင်းစာဆိုများ မှတ်တမ်း**

ထိုလမူးချောင်းမှ ပေါ်ထွန်းခဲ့သော နောက်ခေတ်စာဆို နှစ်ဦး ရှိခဲ့သည်။ ဆရာကျော်မည်၊ ဆရာမောင်ပုံဟူ၍ အမည် တွင်သည့် ကျော်မည်က မိမိ၏ရခိုင်ရာဇဝင်လင်္ကာတွင် လမူး ချောင်းအမည်တို့ကို စပ်ဆိုခဲ့လေသည်။

ကကုသန်ဘုရားလက်ထက်က ဟိရဉ္ဇရာတွင်၍ ဂေါဏဂုံ ဘုရားလက်ထက် လံသလနမည်ကြောင်း။ ကဿပဘုရားလက် ထက် ဝါလမ္ဘူဟု လည်းကောင်း။ ဂေါတမဘုရားလက်ထက် လမ္ဘူဟုလည်းကောင်း အသီးသီးတွင်ခဲ့ကြောင်း ဆို၏။

မောင်ပုံဆရာက ''အောင်မြေသာယာ၊ ဟိရဉ္ဇဝါဟု၊ မြသာ လျှံညီ၊ နဒီတွင်ယှောင်း၊ လမူးချောင်းတည်း' ဟု အမည်နှစ်မျိုး ပြခဲ့သည်။

ဓညဝတီခေတ်မှ ဝေသာလီခေတ်ထိ ''ပတောက်ရွှေဝါ၊ ဝင်းဝင်းဝါ၍''ဟူ၍ ဘုရားစေတီပေါင်း ငါးသန်းကျော် တည်ခဲ့လေ သည်။ ထို့နောက်မှ မြောက်ဦးခေတ်ထိ ''သဇင်ပန်းခိုင် တမြိုင် မြိုင်''ဟူ၍ ခြောက်သန်းကျော်ရှိကြောင်း စာဖွဲ့ခဲ့ကြပေသည်။ ယင်းတို့တွင် လမူးချောင်း၌လည်း ပူဇာစေတီ ပ္ပဏာညီစွာ တည် ခဲ့ကြသည်ကို ဘုရားသမိုင်းတို့၌ လာသည်။

**ဗုဒ္ဓဗျာဒိတ်တော်လာ သမိုင်းအရ**

ထိုဒေသကိုကား ဗုဒ္ဓကိုယ်တိုင်ကြွရောက်၍ ဗျာဒိတ်ညွှန်ခဲ့ သည့်အတိုင်း ဗျာဒိတ်ဝင်ဓာတ်တော်များ ကွန့်မြူးခဲ့ရလေသည်။ မာန်အောင်မြို့၊ ခအုန်းမော်ဆရာတော် ဦးအဂ္ဂဝံသအရှင်ထံမှ ဗျာဒိတ်ပေးချက်တစ်ခုကို ရရှိပေသည်။ ထိုတွင် လမူးချောင်းနှင့် ဆိုင်ရာကို ဤသို့ကောက်နုတ်တင်ပြပေအံ့။

. . . မြတ်စွာဘုရားသည် ဓညဝတီမြို့မှတစ်ဆင့်၊ ဒွါရဝတီ မြို့သို့ ကြွချီခဲ့လေသည်။ ခရီးစဉ်အတိုင်းကြွချီလေရာ လမ္ဘူချောင်း သို့ ရောက်တော်မူ၏ ။ ထိုတွင် ရံတောင်ထိပ်တည့်တည့်၌ ခေတ္တရပ်တန့်တော်မူ၍ ဗျာဒိတ်မြွက်ကြားခဲ့လေသည်ကား . . .

''ချစ်သား သာရိပုတ္တရာ၊ ဤတောင်ငယ်၌ ငါဘုရားနုစဉ်

အခါက၊ ရစ်ငုက်မင်း ဖြစ်ဖူးပြီ။ ဤတောင်ငယ်၌ နောင်သော အခါ ဓညဝတီမင်းသည် ငါဘုရား၏ သရီရဓာတ်တော်တို့ကို စေတီတည်၍ ပူဇော်ကြကုန်လတ္တံ့။ ထိုမှလည်း ဤလမ္ဘူချောင်း မြစ်ငယ်၏ လက်ဝဲကမ်းနားတောင်ကုန်းပေါ်ငယ်၌ ငါဘုရားသည် နုစဉ်အခါက၊ သာလိကာငှက်မင်းဖြစ်ဖူး၍ ရင်သားတော်ဓာတ်ကို စေတီတည်လတ္တံ့။ ထိုမှလည်း ဤချောင်းငယ်၏လက်ယာကမ်း နားဝယ် တောင်ကုန်းငယ်ထိပ်၌ တောကြက်မင်း ဖြစ်ဖူး၏။ ထိုတောင်ကုန်းငယ်ထိပ်၌လည်း ကျောသားတော်ဓာတ်ကို အသမ္ဘိန္နဖြစ်သော ဓညဝတီမင်းတို့ စေတီတည်လတ္တံ့။ ဤမှ လည်း လမ္ဘူချောင်းများ၌ လမူးမြို့ဟု တည်လတ္တံ့။ ထိုမြို့ငယ်၌ ဓညဝတီမင်းဆက်ဖြစ်သော မင်းဖလောင်းသည် ငါ၏ရုပ်တုတော် တွင် ဓာတ်တော်ဌာပနာ၍ တည်လတ္တံ့။ ထိုရုပ်ထိုတော်ကို ကြက် ကိုင်းဘုရားဟု တွင်လတ္တံ့။''

**လမူးချောင်းလမ်းညွှန်**

ထိုဒေသ၏ လက်ရှိဘုရားစေတီများကို ခရီးစဉ်ပြု၍ ညွှန်ပြ ပြီးနောက် ဖော်ပြပါစာဆိုများ၏ သမိုင်းမှတ်တမ်းနှင့် ဘုရား သမိုင်းလာတို့ကို ညှိနှိုင်းတိုက်ဆိုက်လျက် သိသာရန် တင်ပြပေ အံ့။

လမူးချောင်း၏အဝကို ဆန်တက်သွားသော် ချောင်း၏ လက်ဝဲဘက်၌ ရံတည်တောင်ကို တွေ့ရသည်။ ထိုတောင်မှာ မြင့်မားပြီး တောင်ထိပ်၌ ရံတည်ဓာတ်တည်ရှိလေသည်။ တောင် နှင့်အနီးတွင် ရံတည်ရွာလည်း တည်ရှိနေပေသေးသည်။ ထိုရွာမှ မြောက်သို့တစ်နာရီ ခရီးလုမ်းတွင်း ''ပီရွာ'' ရှိသည်။ ထိုခရီး တွင် အင်တိုင်းပြင်၊ သိမ်ကျောင်းပြင်တို့လည်း ရှိပေသည်။

ရံတည်မှအထက်သို့ တစ်နာရီခရီးအကွာတွင် ကျော်ကိုင်း ရွာနှင့် မနီးမဝေးတွင် ငပျိုးတောတောင်၌၊ ငပျိုးတောဓာတ်၊ ငပျိုးတောရွာ ရှိလေသည်။ ထိုငပျိုးတောရွာမှ တစ်ဖက်ကမ်း လက်ျာဘက်တွင် ဖူးရွှေမော်ရွာရှိသည်။ ထိုရွာ၏ တောင်ဘက် တစ်နာရီခရီးအကွာတွင် သီးခြားတောင်ကုန်းလွတ်၌ အိုးထိန်း

ဓာတ် တည်ရှိသည်။ ငပျိုးတောရွာမှ ဆန်တက်သော် ကြက်ကိုင်း ရွာရောက်၍ ကြက်ကိုင်းဘုရားကို ဖူးတွေ့နိုင်သည်။

ဖူးရွှေမော်ရွာမှ လှေဖြင့် တစ်နာရီခန့် လှော်ခတ်သွားက မော်ရွာသို့ ရောက်သည်။ ထိုရွာမှ တောင်ကုန်းသုံးခုကို ကျော် ဖြတ်သွားလျှင် ချောင်းဖျားတွင် ညမ်း(ငြမ်း)ဓာတ်ကို ဖူးတွေ့နိုင် သည်။ အောက်ညှပ်ရိုးတော်ဓာတ်ဟုလည်း ယူဆပြောဆိုကြ၏။ ထိုဓာတ်တော်လေးဆူကို စိုးမဲကျီမိဖုရားက တည်ထားခဲ့သည်ဟု အဆိုရှိကြသည်။ တောင်စဉ်ခုနစ်ထပ်စေတီများကို တည်ထားခဲ့ သည်ဟု အဆိုရှိကြသည်။ တောင်စဉ်ခုနစ်ထပ် စေတီများကို ဘစောသီရိ(မင်းပင်ကြီး)မင်းက တည်ခဲ့သည်ဟု မြောက်ဦးမြို့ ဘုရားသမိုင်း၌ တွေ့ရသည်။

ရံတည်ဓာတ်သည် ဦးခေါင်းကျပြီး ငပျိုးတောဓာတ်မှာ ခါးရိုးဖြစ်သည်။ ပေါင်ရိုးတော်မှာ အိုးထိန်းဓာတ်ဖြစ်၍ ညမ်းဓာတ် ညှပ်ရိုးကျသည် ဟူ၏။ အချို့လည်း ခြေသလုံးမြင်းခေါင်းရိုး ကျသည်ဆို၏။ ဤကား ထိုဒေသ၏ ယခုပြောဆိုပြုမူနေကြ၊ ယူနေကြသည့် ဓာတ်တော်အမည်နှင့် တည်နေရာတို့ပင် ဖြစ်လေ သည်။

**မှတ်တမ်းသမိုင်းနှင့် ဒေသန္တရသိသင့်ရန်**

ဗျာဒိတ်သမိုင်းလာအရ ရံတောင်ထိပ်၌ သရီရဓာတ်၊ရင် သားတော်ဓာတ်၊ ကျောသားတော်ဓာတ်၊ လမူးမြို့ငယ်၌ ဓာတ် တော်နှင့် ကြက်ကိုင်းဘုရား ရုပ်တုတော်အမည်များကို တွေ့ရမည် ဖြစ်သည်။ ယခုဒေသ၌ တည်ရှိလျက် ခေါ်ဝေါ်ပြုနေသည်အရ ရံတည်၊ ငပျိုးတော၊ အိုးထိန်း၊ ညမ်း(ငြမ်း)ဓာတ်၊ ကြက်ကိုင်း ဘုရားတို့ကို သိရှိနိုင်ကြ၏။

ရန်ကုန်မှ မဂ်လသုခတိုက်ဆရာတော် အရိယဝံသ၏ မဒီ စက်တော်ရာသမိုင်းတွင်လည်း ဤသို့တွေ့ရသေး၏။ ''လမ္ဘုနဒီ လမုချောင်း ရန္တေတောင်၌ ဦးဆက်ဓာတ်၊ တန့်တော်ပြင်၌ လက် လှုပ်ဓာတ်၊ ဆင်ကျုံးတောင်၌ ရင်ငူဓာတ် တည်ရှိသည်ဆို၏။ ပေါင်တော်ဓာတ် (ငြမ်းစေတီ)၊ ကျောသားဓာတ်၊ အိုးထိန်းဓာတ်

(အုတ်ပုံခေတ်စေတီ)တို့သည် လမ္ဘုချောင်းလက်ျာတောင်ကုန်း ငယ်တွင် တည်ရှိသည်ဆို၏။ လမ္ဘုမြို့၌ ကြက်ကိုင်းဘုရား တည်ရှိ သည်ဟု ပြ၏။

**ရာဇဝင်လင်္ကာပြဆိုချက်**

ဆရာကျော်မည်က မိမိရေးစပ်ခဲ့သော ရခိုင်ရာဇဝင်လင်္ကာ ၌ ခေတ်တော်လေးဆူကို ပြဆိုခဲ့သည်။ မြွေငန်း(သပ္ပ)တဇာစ် ဖြစ်ဖူးရာ ဂန္ဓပဗ္ဗတတောင်၌ ရင်အုံကျော်ခေတ် တည်သည်။

သမင်(မိဂ)တဇာစ်ဖြစ်ဖူးရာ သာရပဗ္ဗတတောင်၌ ပရုပ် တော်ခေတ် တည်သည်။

ခါင်ုက်(တိတ္တိ)ဖြစ်ခဲ့ဖူးရာ ဃာတပဗ္ဗတတောင်၌ ဦးဆက် တော်ခေတ် တည်သည်။ ချီမင်း(ပသဒါ)ဖြစ်ဖူးရာ မြို့တောင် (မြို့ဟောင်းတောင်)၌ ပေါင်တော်ခေတ် တည်သည်ဆို၏။

''ဘုန်းတူလူဘ၊ စိန္တေယျသည်၊ သကျမုနိ၊ မာရဇိလျှင်၊ ပူရိပုည၊ ဂေါတမလျှင်၊ ဗုဒ္ဓလူဆွေ၊ သမ္ဗုဒ္ဓေကား၊ လေးသချေ်၊ ကိန်း၊ ကပ်တစ်သိန်းတွင်၊ မတိမ်းမှန်မူ၊ မတိမ်းမှန်မူ၊ စစ်တွက် ပြုသော်၊ အနုဇာတ၊ ဖြစ်ကာလဝယ်၊ ဂန္ဓပဗ္ဗတော၊ တောင်ထိပ် ကြော၌၊ သပ္ပေါ်အစစ်၊ ငန်းမင်းဖြစ်၍၊ မွေနှစ်ခေတ်တော်၊ ရင်အုံ ကျော်တည်း၊ တွင်ခေါ်နာမ၊ အမည်ရသည်၊ သာရပဗ္ဗတ၊ ထိုတောင်မထက်၊ မိဂသမင်၊ ဖြစ်တုံကျင်၍၊ ရောင်ထင်ရွှန်းပေါ်၊ ပရုပ်တော်ဟု၊ ခေတ်တော်တွင်ထ၊ အမည်ရ၏၊ ဃာတပဗ္ဗတာ၊ ထိုတောင်သာ၌၊ တိတ္တိခါင်ုက်၊ ဖြစ်လေဆက်ကြောင့်၊ ဦးဆက် မြတ်စွာ၊ ခေတ်တော်သာတည်း၊ ပူရာနရ၊ မုဋ္ဌိစဟု၊ နာမထွန်း ပြောင်၊ မြို့တောင်ထောင့် (မြို့ဟောင်းတောင်)တွင်၊ မြေယောင့် သာယာ၊ ပသဒါဟု၊ ဆိုရာမှန်လှစ်၊ ချီမင်းဖြစ်၍၊ လျှပ်စစ်ရောင် ပေါ်၊ မြတ်ပေါင်တော်ဟု၊ လေးဖော် ခေတ်ရင်၊ အောင်မျိုး တင်သည်၊ အောက်ခွင်ထက်ရပ်၊ မြူးကွန့်တည်း။''

**ဂဏန်းကျမ်းလင်္ကာမှပြဆိုချက်**

ဆရာကျော်မည်၏ ဂဏန်းကျမ်းလင်္ကာနိဂုံး၌ တစ်နည်းပြ

သည့်ကား ရင်ငူတော်၊ ပါးတော်ရှင်၊ ဦးဆက်ရှင်၊ ပေါင်တော်မြတ် ဟူ၍ လေးဆူဆိုသည်။

အဖြစ်တော်မှာ ငန်း၊ သမင်၊ ခါ၊ ဂျီ ဟူ၍ လေးကြိမ်ပင် ထပ်တူပြ၏။ ရက္ခိုင်တောင်၌ ရင်ငူတော်ဟူ၍ ပြ၏။ ဃာတပဗ္ဗတကို အိုးတောင်သာဟု ပြန်ဆိုထားရှိပေ၏။ ယခင် ဂန္ဓပဗ္ဗတတောင်ကို ရက္ခိုင်တောင်ဟု ပြထားခြင်းသာ ထူး၏။ သာရပဗ္ဗတ၌ ပါးတော်ရှင်၊ မြို့ဟောင်းတောင်၌ ပေါင်တောင်ဓာတ် ကိန်းသတည်း။

''သုံးလူသကျ၊ ဂေါတမသည်၊ ရှေးကကျင်ရာ၊ ထိုရပ်မှာ၌၊ ခါမှာကားဇေ်၊ ဂျီတစ်ဖြစ်လျှင်၊ ငန်းစစ်တစ်ခါ၊ မိဂတာဟု၊ ရွှေဝါသမင်၊ လေးခါပင်တည်း၊ ချစ်ချင်ဓာတ်မြတ်၊ ကျန်းသည့်ရပ် ကား၊ မြထွဋ်နှစိမ်းရောင်၊ ရက္ခိုင်တောင်၌၊ ခြောက်ရောင်လျှံပေါ်၊ ရင်ငူတော်တည်း၊ ခွင်တော်သာရ၊ ပဗ္ဗတဟု၊ နာမတောင်တွင် ပါတော်ရှင်နှင့်၊ ရောင်ထင်ဝင်းဝါ၊ အိုးတောင်သာ၌၊ မြတ်စွာဓာတ်ရှင်၊ ဦးဆက်ရှင်ဟု၊ သုံးခွင်ညွှတ်ခ၊ ရိတုပ်ကွလျက်၊ တေဇထွန်းပြောင် မြို့ဟောင်းတောင်၌၊ ပေါင်တော်မွေဓာတ်၊ လေးဆူဓာတ်တို့၊ ကိန်းဝပ်ဖွေရာ၊ လုပ်လယ်တာနှင့်၊ တောင်ယာကိုင်းကျွန်း၊ ထိပ်ထိပ်မွမ်းမျှ၊ ရွှင်လန်းစိမ်းမြ၊ လိုလျှင်ရသည်၊ များလှဥယျာဥ်၊ သီးချိုချဥ်နှင့် ဟိရဥ္စရာ၊ ဘွဲ့သညာကိုး''

### လမူးချောင်းဝဲယာ ဓာတ်စဥ်နဲ့ပြခြင်း

ဆရာမောင်ပုံသည် မိမိ၏ပရမတ္တ မဟာဂမ္ဘီသာရကျမ်း ခေါ် သဂြိုဟ်ကိုးစောင်းလက်ာနိဂုံး၌ လောကသရဖူအစချီ၍ စပ်ဆိုခဲ့လေသည်။ ထိုတွင် လမူးချောင်း၏ လက်ဝဲ၌ရင်ငုံနှင့် ပါးရပ်တော်ဓာတ် တည်လတ်၍ လက်ျာ၌ ဦးဆက်နှင့်ပေါင်တော်ဓာတ် တည်လတ်သည် ဆို၏။

ထိုဓာတ်မွေ လေးဆူကား ရန်တိုင်တောင်၌ ရင်ငုံဓာတ် သာရတောင်၌ ပါးရပ်တော်ဓာတ်၊ အိုးထိန်းတောင်၌ ဦးဆက်ဓာတ်၊ ဉာဏ်ချောင်းတောင်၌ ပေါင်တော်ဓာတ် ဟူ၏။ အရပ်ရပ်ကလူများ ဖူးမြော်ဦးညွတ်ခဲ့ကြသည်သာမက၊ ပြဟ္မာနတ်တို့ပါ

မကြွင်း ဆုတောင်းမပြတ် လူဝတ်မစဲးခဲ့ကြဆို၏။ ကျေးငှက်တို့ လည်း ညွတ်စဖူးကုန် ကြသည်ဟု စပ်ဆိုထားခဲ့၏။

အဖြစ်တော်ဘဝကို ပြဆိုထားခြင်း မရှိချေ။ တောင်အမည် နှင့် ကိန်းဝပ်ရာ ဓာတ်တော်များကိုသာ ပြဆိုချက်ပြုခဲ့သည်။ ထို့ကြောင့် မည်သို့ဆိုစေ ယခုတိုင်တည်ရှိနေသော လမူးချောင်း ၏ သာသနာ့ဂုဏ်ရောင်ကိုကား သမိုင်းထွန်းပြောင်လျက်သာ တည်း။။

ဖော်ပြပါဒေသ၌ တွင်ခေါ်နေကြသည်များမှာလည်း ကာလ ကြာ၍ အမည်ရွေ့ပြောင်းနိုင်ပေရကား ထိုထိုရာဇဝင်၊ ဘုရား သမိုင်း၊ ဗျာဒိတ်ဝင်၊ စာဆိုမှတ်တမ်းများနှင့် ညှိနှိုင်းလျက် သိ သင့်ကြလိုသည်။ အစဉ်တည်တံ့ရန် ထိန်းသိမ်းနိုင်ကြဖို့လည်း လိုအပ်ကြောင်း တင်ပြရခြင်း ဖြစ်ပေသည်။

**ဓာတ်အစဉ်ပြလင်္ကာ**

''လောကသရဖူ၊ နတ်လူဦးဆောင်း၊ အလောင်းမြတ်လှ၊ သမ္ဗုဒ္ဓတို့၊ ရှေ့ကကိုယ်တော်၊ ပျော်ရာစင်စစ်၊ အမှန်ဖြစ်၍၊ သုံးတိုက်ဘုံသူ၊ နတ်လူဦးထား ဘုရားဖြစ်ခါ၊ သာသနာကို၊ စီရာမြင့်ပေ၊ တည်လေစေဟု၊ ဓာတ်မွေလေးဆူ၊ သုံးလူထိပ်ပန်း ဦးစွန်းလျှံပြောင် ရံတိုင်တောင်တွင်၊ ခြောက်ရောင်တော်လွှတ်၊ ရင်ငုံဓာတ်ကို၊ ကျိန်းဝပ်တစ်ဆူ၊ တည်တော်မူ၏၊ ထိုဘူမြင့်ခေါင်၊ သာရတောင်ဝယ်၊ ကျန်းဖွေတစ်ရပ်၊ ပါးရပ်ဓာတ်ကို၊ တည်မှတ် အမြဲ၊ လက်ဝဲ၌မူ၊ နှစ်ဆူမွေရှင်၊ လက်ျာတွင်လည်း၊ သာရှင် ပြိုးပြောင်၊ အိုးထိန်းတောင်၌ ထွန်းပြောင်လျှံလက်၊ ဖြိုးဖြိုးပြက် မျှ၊ ဦးဆက်ဓာတ်မြတ်၊ နေကျိန်းဝပ်၏၊ တစ်ရပ်ထွန်းပြောင်၊ ဉာဏ်ချောင်းတောင်၌၊ ပေါင်တော်ဓာတ်မြတ် ခြောက်ရောင်လွှတ် ၍၊ ကျိန်းဝပ်ပုထိုး၊ မောက်ဖြိုးဖြိုးလျှင်၊ ဟိုးဟိုးကျော်ညာ။'' (ဆရာမောင်ပုံ)

**အသျှင်ကြီး**
**တောင်ကုတ်မြို့နယ် ရိုးမလှိုင်း**
**မဂ္ဂဇင်း(၃)၊ ၂၀၀၀-ပြည့်နှစ် မတ်လမှ**

<u>**ကိုးကားချက်များ**</u>

ငမည်းရှေးထုံး ရခိုင်ရာဇဝင်သစ်။
မအီ စက်တော်ရာသမိုင်း။
ဗျာဒိတ်တော်လာသမိုင်း။
ဒေသန္တရမှတ်တမ်း(ဦးစက္ကိန္ဒ)

# ausmu½;&ci&mZ0i vumtus0;

ရခိုင်ရာဇဝင်များသည် စကားပြေဖြင့်လည်းကောင်း၊ လင်္ကာဖြင့်လည်းကောင်း၊ ဧချင်းဖြင့်လည်းကောင်း၊ ရေးဖွဲ့စပ်ဆို ရှိခဲ့ကြလေသည်။ ရခိုင်မင်း၏သမီးတော် ဧချင်းသည် ထင်ရှားသော ရာဇဝင်ဖွဲ့ ဧချင်းတစ်ခု ဖြစ်ချေ၏။ ဧချင်းအလိုက် ပုခွက်လွှဲရန် ရခိုင်မင်းတို့၏ဘုန်းတော်တို့ကို ဖွဲ့ဆိုခဲ့ခြင်း ဖြစ်လေ၏။

ရာဇဝင်လင်္ကာများတွင် လမူးချောင်း ဆရာကျော်မည် သည်၊ မဟာဝိဟိက ရာဇဝင်လင်္ကာကို ဖြည့်စွက်၍ နောက်ဆုံး အင်္ဂလိပ်အုပ်ချုပ်သည်အထိ ရေးစပ်ခဲ့လေ၏။

ရမ်းပြည့်ဦးစံတင်သည် ရခိုင်မြို့တည်ရာဇဝင်လင်္ကာကို ရေးစပ်ခဲ့လေ၏။ ဆရာမောင်သာအောင်ဆိုလျှင် မြောက်ဦးမင်းဆက် ရာဇဝင်လင်္ကာကို ရေးခဲ့သည်ဟု သိရ၏။ ရခိုင်ရှေးထုံး ရာဇဝင်တွင် ရခိုင်ရာဇဝင်လင်္ကာများကို တစ်မျိုးပြီးတစ်မျိုး ကိုးကားဖော်ပြခဲ့ကြောင်း တွေ့ရပေ၏။

ရခိုင်ရာဇဝင်လင်္ကာအတိုအထွာများ၊ တစ်ပိုင်းတစ်စများကို ကား တွေ့နေရ၊ လေ့လာရရှိနေသေး၏။ ကျောက်တော်မြို့ သိမ်ကျောင်းဆရာတော် (ပုံလွှန်)ထံမှလည်း ရာဇဝင်လင်္ကာအပိုဒ် ၅/၆–ပိုဒ်ကူးယူရရှိခဲ့ပါ၏။ ဒွါရဝတီကို ဝါသုဒေဝတို့ရရှိသည်မှ

မာရယူဥညေဝတီမြို့ တည်သည်ထိ ဖြစ်ချေ၏။ နောက်ဆက်တွဲ အဖြစ် ဖော်ပြပါအံ့။

(၃–၄–၉၄)နေ့ မကြာမီက ရခိုင်သမိုင်းကို လေ့လာရန် ဘွဲ့ယူစာတမ်းပြုရန် ရောက်လာသော (Jacques Leider Lvxe-mbourg) ထံမှလည်း မိတ္တူရိုက်ကူးယူလာသော ရခိုင်ရာဇဝင်လင်္ကာစာပိုဒ်အချို့ကို ထုတ်ပြ၍ ဖတ်ရှုကြည့်လိုက်ရပါ၏။

ရခိုင်မင်းတို့ အုပ်ချုပ်ပုံ၊ ထီးနန်းကျင့်ရိုးစရိုတို့ကိုလည်း ရေးစပ်ထားခဲ့ကြသော ရွှေဘုံနိဒါန်းကျမ်းလင်္ကာ၊ ရာဇပုံလင်္ကာ၊ ရာဇဝသတိလင်္ကာ၊ ရာဇပျို့၊ ရာဇနိတိပျို့၊ ရှေးထုံးလင်္ကာ၊ ပတ္တိဏာကကျင့်ထုံးလင်္ကာများတို့လည်း ရှိခဲ့ကြချေ၏။

ရခိုင်မင်းဟရိ (သီရိသုဓမ္မရာဇာ)ထိ၊ အတိုချုံး၍ ရေးစပ်ခဲ့သော ရခိုင်သာစွလေလင်္ကာလည်း လင်္ကာတစ်မျိုး ဖြစ်ပေ၏။ ယခုကျောက်ရိုးရာဇဝင်လင်္ကာအကျဉ်းကို တွေ့ရှိရရာ မြောက်ဦးခေတ်ဆုံးထိ အကျဉ်းချုပ်ရေးဖွဲ့ထားခြင်း ဖြစ်၏။ ကျောက်ရိုးရာဇဝင်တွင် အမတ်ကြီး ငလက်ရုံးရာဇဝင်ကို အခြေပြု၍ ရေးစပ်ခြင်း ဖြစ်ဟန်တူ၏။ ထို့ကြောင့် မူလရာဇဝင်ကို အမည်ပေးဖွဲ့လေခြင်းဟု ယူဆရပေ၏။ မူအတိုင်း ဖော်ပြလိုက်ရပေ၏။

rwcu/ / ဤကျောက်ရိုးရာဇဝင်လင်္ကာ မင်းစဉ်အကျဉ်းကို ရှစ်ကြောင်း၊ ပေငယ်တစ်ချပ်မှ ကူချပ်ထိ(၆)ချပ်ကို တွေ့ရ၍ အထက်ပါမူအတိုင်း ကူးယူထားခြင်း ဖြစ်ပါသည်။ ဤလင်္ကာနှင့် အတူ ကျောက်ရိုးရာဇဝင်လည်း တွဲဆက်ရှိရာနိဂုံးတွင် ၁၂၅၂–ခု တပို့တွဲလဆုတ် ၃–ရက်၌ သူ့မူရင်းအတိုင်း ရေးကူးပြီးသည် ဆို၏။ စာရေးကူးသူမှာ ရမ်းပြည့်ကျွန်း၊ ဟုမ်းကျွန်း၊ ရေကောင်း ချောင်းရွာ၊ ချက်မြှုပ်နေသူ တည်းဟု ပါရှိသည်။ ပေအငယ်ဆုံး ထိ၊ ခီချပ်တွင်းဆုံးသည်။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

၁။ ။ ငါးတောင်သာသနာတော်၊ ပေါ်ကြောင်းမျှော်၍၊ သင်္ကော

သိကြား၊ ကြည့်လတ်ငြားသော်၊ ကထားကရစ်၊ ဖြတ်လတ်တုံးဘိ၊ မစ္ဆိယက္ခ၊ နာမကျော်သဲ၊ ငဖမဲးနှင့်၊ ထူးကဲးတဖန်၊ မျက်ဆန်ပြူးတူး၊ ဘီလူးယက္ခ၊ နာမတွင်သျှိုင်၊ ငပြေတိုင်လျှင်၊ ကည်းကည်းကျောက်ဆစ်၊ ငမိုက်ဘီလူး၊ စွယ်ပြူးတူးနှင့်၊ ဘီလူးယက္ခ၊ နာမခေါ်တွင်၊ ထင်ရှားကျင်သား၊ ယင်းတွင်ဘီလူး၊ ငမြောက်ဦးနှင့်၊ ဘီလူးဝသဲး၊ ငမဲးယက္ခ၊ နေထတုံပြီး၊ ပကာတီးလျှင်၊ တသီးတခြား၊ ဘီလူးများလည်း၊ ခေါ်ငြားပြောင်ပြောင်၊ ဟာရိတောင်ဘီလူး၊ ရှူးရှူးမျက်စိ၊ ရှိဘိအတူ၊ ငပါးဘူနှင့်၊ အတူခေါ်သျှောင်၊ စံကားတောင်ဘီလူး၊ ပေါင်းစုံတုံမိ၊ ငါးထောင်စီ ချည်း၊ ဖျင်ပေးများစွာ ရစကာနှင့်။ ပြည်ရွာလှည့်ပတ်၊ ငတ်မွတ် သောခါ၊ ကိုယ့်ဝမ်းစာကို၊ ရှာ၍ထင်ရှား၊ ဖမ်း၍စားသော်၊ ထွားထွားညတ်ညတ်၊ ပြည်လုံးပျက်သော် ထက်ခွင်သိကြား ကြည့်လတ်ငြားသော်၊ ခေါ်တွင်နာမည်၊ ရခိုင်ပြည်တွင်၊ တည်သည်အစ မြို့ဓညတွင်၊ နေတထင်ရှား ဆတ်မသားဟု မာရယူအနွယ် ငါးဆယ်လေးဆတ်၊ ထောင်းထောင်းပျက်သော် မြို့သက်ကုန် တွေ့ကတွေ့လည်းကောင်း၊ ရပ်ဟောင်းဌာန မြို့ဓညတွင် ဖြစ်ထ တုံပြန်၊ ကံရာဇာနွယ် နှစ်ဆယ်စိစိ၊ ဘုန်းရှိပြည်တွင် နန်းထက် တွင်ဝယ်၊ နေကျင်မင်းဆက်၊ နန်းဆက်တုန်တွေ့ ယင်းပြည်ဌာန မြို့ဓညတွင်၊ ဖြစ်ထတုံပါ စန္ဒာသူရိယ၊ နာမတွင်ခေါ်၊ ဟိုးဟိုး ကျော်သည် ထင်ပေါ်ထွန်းလင်း၊ ပြည်သျှင်မင်းလည်း၊ ဝင်းဝင်း ပြောင်ပြောင်၊ နန်းရွှေတောင်တွင်၊ အခေါင်ထွန်ထား၊ မိဖုရားနှင့် ပျော်ပါးမောင်နှံ၊ မနောစံ၍၊ သလွန်ညောင်စောင်း မွေ့ရာကောင်း တွင်၊ လဲလျောင်းစက်တော် နေသရော်လျှင်၊ မြတ်ရှင်ဂေါတမ၊ ပွင့်ထတုံငြား၊ မင်းကြီးကြားသော်၊ ဦးဖျားလက်တင် ကြည်လင်မြတ်နိုး၊ ရှိလျှင်ခိုး၏။ ညှိုးညှိုးပါးပါး ထိုမင်းဖျားကား ထလတ်အခါ၊ မြတ်စွာဂေါတမ၊ သုံးလူဘကို မင်းလှဖူးချင် ဆွတ်ဆွတ်ကြင်၍၊ မိခင်မာတာ၊ သားကိုရှာသို့ မမြော်ရဘဲ ခန္ဓာကွဲလျက် မင်းရဲပြည်သျှင်၊ ကုန်မည်ထင်သည်၊ ပူပင်ဗျာပါ၊ မျက်စိရှာ၍၊ လာပါနိုင်းနိုင်း နေ့နေ့တိုင်းကို၊ မမြင်ရသေး၊ ရပ်ဝေးတောင်တာ၊ များစွာခရီး၊ သွားလေပြီးသော်၊ သားကြီးငရင်၊ အလျင်လတ် လတ်၊

ဝင်ပါလတ်ဟု ဆွတ်ဆွတ်ဖခင် မြင်ချင်တဲ့တဲ့၊ တသက်ကဲ့ သို့ မင်းရဲစန္ဒာ၊ သုံးလုချာကို ဖူးမြော်ချင်လှ၊ လွန်ရှတသည်၊ နန်းဝမျှော်ကြည့်ရှာသတည်း။

၂။ ။ မျှော်ရှုမျှော်ရှု၊ ကသိုင်းရှုလျက်၊ သုံးလုဖခင်၊ မြတ်ချစ်သျှင်ကို၊ မမြင်ရကား ဩော်သိကြားတို့၊ မင်းဖျားစန္ဒာ၊ နန်းဘုံသာက၊ ဖူးမြော်ချင်လှ၊ ထိုခဏဝယ်၊ သာဝတ္တိပြည်၊ နေသည်ကောင်းစွာ၊ အနာထပိဏ်၊ ကျော်ဟိန်လျှံပေါက်၊ သူဌေးဆောက်၍၊ လှျုံတောက်ရောင်ဝါ၊ ရွှေကျောင်သားက၊ မြတ်စွာဘုရား သိလေငြားသော် မင်းဖျားရာဇာ၊ စန္ဒာသူရိယ ငကိုတ၍၊ သွားရမည်ပင်၊ ရဲရဲထင်သည်၊ မြင်လျှင်ဉာဏ်တော် ဖော်၍ဘုရား၊ ပြည်သူအားကို၊ ပြောငြားတုံထ၊ ထိုခဏဝယ်၊ လူဘစောမောက်၊ ချက်ချင်းရောက်က၊ မှောက်ခုံပြတ်စတ်၊ အလျားဖျပ်၍၊ ဖတ်ဖတ်မောမိ၊ ထိုမင်းကြီးလည်း၊ မချိနှလုံး၊ မိုးနှယ်ဆုံးသို့၊ မပြုံးမရယ်၊ နေသည်မှောက်ခုံ၊ မလုံအသက်၊ ပြင်ထွက်ဘနန်း၊ လှထိပ်စွန်းကို၊ ပန်းနှယ်အသွင် ဦးထိပ်တင်လျက်၊ ကြည်လင်ပြုထွေ၊ သေငယ်သေသည်၊ သုံးမည်လူထွတ်၊ သုံးလူနတ်က၊ မင်းမြတ်တကာ၊ စန္ဒာသူရိယ၊ မြဲကစိတ်ကို၊ မငို၏မင်း၊ သံညင်းညင်းနှင့်၊ ဝင်းဝင်းပြောင်ပြောင်၊ နေထွက်ယောင်သို့၊ ဘုန်းခေါင်ရှင်တော်၊ မူလတ်သော်လျှင်၊ တကာတော်ရင်း၊ စန္ဒာမင်းလည်း၊ ရှင်ရင်းမြတ်စွာ၊ ကျွန်ပြည်ရွာကို၊ ဆယ်ဝါကျိန်းတော်၊ မူပါဘုရား၊ တောင်းပန်ငြားသော်၊ မင်းဖျားပြည်တွင်၊ ငါပင်အကယ်၊ နေရမည်ဟု၊ မိန့်ထွေသံတော်၊ ချလတ်သော်လျှင်၊ ဘုံဝါသျှင်လှ၊ နေထကောင်းမွန်၊ ဇေတဝန်၌၊ လေးတန်သစ္စာ အဘိဝါကို၊ မြတ်စွာလူဘ ကိုယ့်ဌာနသို့၊ ကြွမည်ကြံလတ်၊ ထိုမင်းမြတ်က၊ သတ်မှတ်ကြည်စင်၊ ကုန်မည်ထင်၏၊ ယင်းတွင်အသက်၊ ပြင်သို့ထွက်၏ ပြုက်ပြုက်မည်တွင်၊ ရှင်ရှင်လူးလဲ၊ မျက်ရည်ရွှဲနှင့်၊ မင်းရဲမင်းမြတ်၊ တောင်းပန်လတ်သော်၊ သိဒ္ဓတ်မင်းသား၊ သုံးလူဖျား၏၊ ကိုယ်စားညီတော်၊ ထားပါခဲ့မှ ကြွပါဘုရား၊ လျှောက်သည်ကြားသော်၊ ကိုးပါးရတနာ၊ သွန်းပါလေဘိ၊ ထိပ်မစိဘဲ၊ ရှိလတ်သောခါ၊ မြတ်စွာရှင်ချစ် ခုနစ်လက်ခွေ၊ ကိုယ်တော်ငွေ့ကို

ထည့်ပြီးတုံလိုက် စေ့သည်ဖြစ်၍၊ သျှင်ချစ်ဘုရား၊ ကိုယ်စားညီ တော်၊ မဟာမုနိ တရိမည်မှတ် သုံးလူနတ်ကို စိတ်မြတ်သဒ္ဓါ၊ စန္ဒာသူရိယ၊ ထိုမင်းလှက ထွန်းပဟိုးဟိုး၊ ဝက်သတိုးတောင်၊ အခေါင်ထိပ်ဖျား၊ ဆောက်ငြား ဝေဠုဝန်၊ နတ်ဗိမာန်သို့၊ လျှင် ထန်လွယ်ကူ၊ ကျောင်းမြတ်လှူ၍ အူအူသောင်းသောင်း၊ ပြည်သူ ပေါင်းနှင့်၊ မင်းကောင်းမင်းကျော်၊ သာခုခေါ်သည်၊ ခြောက်ဖော် နတ်တုံ စိုးတုံပိုင်ခြင်း၊ သိကြားမင်းလျှင်၊ ခပင်းနတ်ရွာ၊ ရှိငြား တစ်မူ၊ ထိုတူလည်းကောင်း၊ သောင်းသောင်းကြော်ကြော်၊ သာခု ခေါ်၏၊ မြတ်စွာလုဘာ၊ ထိုဌာနသို့၊ ကြွတော်မူပါ၊ တကာတော်ရင်း မြတ်ရှင်မင်းလည်း၊ မကင်းမည့်၊ ရက်မကျန်လျှင်၊ ကောင်းမွန် သင်္ကန်း၊ ခါးပန်းသင်းပိုင်၊ ခရိုင်ထီးကြီး၊ ဦးထုပ်ကြီးကို၊ မုနိ ကိုယ်စား၊ စောဘုရားအား၊ မင်းဖျားမင်းမြတ်၊ နေတိုင်းကပ်သည်၊ မင်းမြတ်မင်းလှ၊ ဘဝလူ့ပြည်၊ စုတေလေသော်၊ သားငယ်မြေး မြစ်၊ ဖြစ်တုံတထွေ၊ နှစ်ဆယ့်ငါးဆက်၊ စဉ်မပျက်သည့်၊ စန္ဒာ နွယ်ဆက် ပြတ်သတည်း။ ။

၃။ ။ စန္ဒာနွယ်ဆက်၊ ထောင်းထောင်းပျက်သော်၊ မြို့ချက် ကုန်ထွေ၊ တည်သည်ထိုခါ၊ ထိုပြည်ရွာဝယ်၊ နေပါတုံဘိ၊ ဝေသာ လီကို၊ တသီးတခြား၊ ကျောက်လှေဂါးတွင်၊ ကားကားသားသား၊ စန္ဒရားဟု၊ မင်းဖျားနွယ်ဆက်၊ မပျက်ပြောင်ပြောင် ဤလူ့ဘောင် ဝယ်၊ သားမောင်မြေးမြစ်၊ ဖြစ်သည်ကိုးဆယ်၊ အနွယ်ပျက်သော်၊ ဆက်တုံယင်းမြို့၊ တချို့တမူ၊ နာမပြည်လုံး၊ အဆုံးစန္ဒရား၊ ထင်ရှားယင်းတွင်၊ ငမင်းတုန်းကို၊ လက်ရုံးဆန့်ထောင်၊ ဘုန်း တော်ရောင်နှင့်၊ ရန်ဘောင်ပယ်ခွင်း၊ ပြောင်ပြောင်လင်းသည်၊ ထိုမင်းအနွယ်၊ ဖြစ်သည်သုံးဆက်၊ ဝရောင်းငှက်လည်း ဆက် လျက်ပုန်ကန်၊ သွေလှန်တုံလျက်၊ သုံးဆက်ဖြစ်ပြန်၊ မြို့မွန် ထောင်းထောင်း၊ ပျက်လေသျှောင်းသော်၊ တကြောင်းပုရိန်၊ ရိပ် ငြိမ်ကောင်းစွာ၊ မည်သာတွင်ထ၊ ကောလိယနွယ်၊ ဖြစ်သည် ငါးဆက်၊ ယင်းမြို့ထက်ပင်၊ ဆက်ပေနာမ၊ ဒသရာဇာ၊ စဉ်လာ သုံးဆက်၊ ပျက်လေတုံငြား၊ တခြားတည်ထောင်၊ ပြောင်ပြောင် ထိုခါ၊ ခြိတ်မှာထင်ရှား၊ မင်းဘုးန်စားနွယ်၊ နှစ်ဆယ်လေးဆက်၊

လောင်းကြက်မြို့မွန်၊ တဖန်မင်းလှ၊ နန်းကျကြီးငယ်၊ နှစ်ဆယ်
နှစ်ဆက်၊ လောင်းကြက်မြို့ကြီး၊ မင်းဓိီးအနွယ်၊ တဆယ်လေး
ဆက်၊ ထောင်းထောင်းပျက်သော်၊ ထက်ခွင်သိကြား၊ လာငြား
ပြောင်းရွှ၊ ရွှေမြောက်ဦးတွင်၊ ပေါင်းစုတုံပါ၊ စောမွန်အနွယ်၊
တစ်ဆယ့်လေးဆက်မြောက်ဦးထက်တွင်၊ ဆက်ပေယခု၊ စန္ဒာသု
အနွယ်၊ နေသည်ရှစ်ဆက်၊ မြောက်ဦးထက်တွင်၊ အပျက်အကျပ်၊
ဖြစ်လတ်တုံက၊ တစ်လတစ်ယောက်၊ မြှောက်သည် မှန်ချက်၊
မင်းဆက်ကုန်အောင်၊ ဤလူ့ဘောင်ဝယ်၊ နောက်နောင်အများ၊
အမျိုးသားတို့၊ သင်ကြားစေချင်၊ နိဒါန်းပြင်သည်။
ပြည်တွင်လူတို့ မှတ်ရာဖို့။ ။
၄။ ။ လူတို့တကာ၊ မှတ်စရာဟု၊ စဉ်လာနိဂုံး၊ မင်းစဉ်တုံး ၍
ပြုန်းပြုန်းဟင်းဟင်း၊ လင်းလင်းယခု၊ ရွှေမြောက်ဦးတွင်
ပြုန်းလေစင်စစ်၊ အနှစ်သုံးဆယ်၊ ကျိန်းခန်းဝယ်လည်း၊ ငြိမ်ဖွယ်
မမြင်၊ ပူပင်ဆင်းရဲ၊ ပြေးလေတောတောင်၊ ချောက်မြောင်တောင်
ကြား၊ ဟိရငြားသော်၊ ယောကျ်ားတစ်ယောက်၊ မြေကပေါက်သို့
ထွန်းတောက်ယခု၊ ရွှေမြောက်ဦးတွင်၊ ပေါင်းစုတည်ထောင်၊
ပြောင်ပြောင်ထွန်းပ သူရိယလျှင်၊ စိုးထနှစ်ဆယ်၊ ဆင့်ပေကိုယ်
ထီး၊ လွန်လေပြီးသော်၊ မင်းကြီးသူရိယ၊ နာမတွင်ငြား၊ ထိုသည်
သားကား၊ ထင်ရှားယင်းခါ၊ နရာဓိပတိ၊ ဘိသိက်မခံ၊ သားမွန်
တစ်နှစ်၊ နေသည်ဖြစ်က၊ နဝပဝရ၊ ဝိဇလနှင့် ထိုမှလေးယောက်
လွန်ပြီးနောက်မှ၊ စိုးထောက်မင်းစစ်၊ မတရာဇ်ဟု၊ ဘက်လှစ်
မမြင်၊ ပြည့်ရှင်အနိစ္စ၊ ခန္ဓာကြွသော် အဘယရာဇာ၊ စိုးပါနှစ်
ဆယ်၊ ဝမ်းဝယ်ရင်၌၊ မြင်သောသားကြီး၊ ထွန်းညီးယခု၊ သီရိ
သုအား၊ စသည်ညီတော်၊ မှည့်ခေါ်နာမ၊ ပရမနှင့် သားဘသုံး
ယောက်၊ လွန်ပြီးနောက်မှ၊ ဘုန်းတောက် မင်းလှ၊ အဘယရာ
ဇာ၊ စိုးပါကိုးနှစ်၊ ကိုးလဖြစ်သည် ပစ်တုံခန္ဓာ၊ ထိုခါကြွသွား
လွန်လေငြားသော်၊ ပုန်စားသောကြာ၊ စံလှာစည်းစိမ်၊ ရိပ်ငြိမ်
ချမ်းသာ၊ မြို့ရပ်ရွာကို၊ စိုးပါတုံထ၊ သုမနလျှင်၊ အနိစ္စမင်းမှန်၊
ပြုလေပြန်သော်၊ တစ်ဖန်ပိုးရွှေ၊ နေတုံနန်းထက်၊ အရက်လေး
ဆယ်၊ တွင်သည်နာမ၊ ဝိမလကို၊ တောင်ကအစုံ၊ ပုန်ကန်တုံ

လာ၊ နန်းဘုံသာတွင်၊ ထိုခါတစ်နှစ်၊ စံပြီးလုစ်မှ၊ အချစ်ယုဉ် တော်၊ မျောက်သားတော်နှင့်၊ ရာဇာသဒိဿ၊ ထိုမင်းလှကား၊ နန်းကလျှင်စွာ၊ သက်လတ်ပါ၍၊ ကိုယ့်ရွာကိုယ့်ပြည်၊ ဒက္ခိနေဟု၊ သာသည်ဌာန၊ ရမ္မဝတီ၊ ညီညီးပြောင်ရွှန်း၊ ရမ်းဗြဲကျွန်းတွင်၊ ငြိမ်ချမ်းပျော်စံ၊ သဘင်ခံလျှင်၊ ခံသည်အကြား၊ ပြည်သူများနှင့်၊ ပုဏ္ဏားရဟန်း၊ တီးတီးမွန်းမျှ၊ သိန်းသန်းဗိုလ်လူ၊ ပြည်လုံးသူတို့၊ အယူမနီ၊ ဓားပြွန်စီကို၊ အညီအညွတ်၊ မင်းပြုလတ်ဟု အထွတ် သံဒိုင်၊ မြို့ရခိုင်တွင်၊ မဏ္ဍိုင်ကြငှန်း၊ ပြည်ဦးစွန်းဟု၊ နန်းလည်း မတင်၊ မင်းပြုကျင်သည်၊ ခေါ်တွင်နာမ၊ မရစေ့စေ့၊ တစ်ဆယ့် ခြောက်ရက်၊ စံပျော်လျက်ပင်၊ ပြည်သျှင်သဒိဿ၊ တောင်ကတစ် ဖန်၊ ပြန်လတ်ပြန်၍၊ ပုန်ကန်သွေလုန်၊ မင်းပြုပြန်သည်၊ ကျော် တွန်တုံလိုက်၊ ဓမ္မရာဇ်ဟု၊ ခြောက်နှစ်အဝင်၊ ယင်းကပင်တည်း၊ ထက်ခွင်နတ်ပြည်၊ စုတေလေသော်၊ ယင်းပြည်ဌာန၊ ဒက္ခိဏ တွင်ငြား၊ တောင်စဉ်သားလျှင်၊ ကားကားယခု၊ မင်းပြုတုံပါ၊ မဟာသမ္မတ၊ နာမတွင်လှစ်၊ ထိုမင်းစစ်ကား၊ သုံးနှစ်စံပျော်၊ ဘုံနန်းပေါ်တွင်၊ နေပါကျင်လျက်၊ ထိုခါသက္ကရာဇ်၊ စင်စစ်များ မြောင်၊ တစ်ထောင်တစ်ရာ၊ စွန်းပါလေးဆယ်၊ ခြောက်ခုဝယ် တွင်၊ ပြုဗွေရှေ့ဘက်၊ နေထွက်ဘုရင်၊ ရွှေနန်းရှင်ကား၊ ရင်ခွင် ပိုက်ထား၊ သားကြီးအိမ်ရှေ့၊ မင်းကြီးနန်းလျာ၊ ဥပ္ပရာလျှင်၊ သားတော်သုံးပါး၊ ပြည်သူများနှင့်၊ လျှင်လျားမနေ၊ စစ်ထိုးချေဟု၊ နှုတ်ခြွေမြွက်ဟ၊ သံတော်ချသော်၊ ခဏချက်ချင်း၊ ဆင်မြင်းဗိုလ် ပါ၊ များစွာသူရဲ၊ ပေါင်းစည်းလုံးခြုံ၊ အားလုံးသူနှင့်၊ ဥဿုံခြံရံ စစ်ထိုးပြန်သော် လျှင်ထန်စိုးပိုင်၊ မြို့ရခိုင်ကို၊ ပိုင်လေတုံပါ၊ မဟာသမ္မတ၊ မင်းကိုရ၍၊ ဥပရာဇာ၊ သားတော်သုံးယောက်၊ ဝမ်းမြောက်ဝမ်းသာ၊ ကိုယ့်ပြည်ရွာသို့၊ လျှင်စွာယူဆောင်၊ ဖိုးခေါင် ကျော်ငြား၊ မင်းဖျားအထံ၊ ရောက်လေပြန်သော်၊ သားမွန်အိမ် ရှေ့၊ ဆက်လေပြီးသည်။ ။ ပြည်ကြီးရခိုင် ပျက်သတည်း။

**အသျှင်စက္ကိန္ဒ (ရခိုင်မြေ)**

# &ciri;qu Irkour;sm;

ရခိုင်ပြည်တွင် ဝါသုဒေဝအစ၊ သမ္မတမင်း အဆုံး မင်းဆက်ပေါင်း (၁၂)ဆက်၊ မင်းဦးရေပေါင်း (၂၆၀)ယောက်တို့တွင် ဘုန်းအင်အားကြီးမားသော မင်းတို့သည် ကစ္ဆပနဒီ လက်ဝဲလက်ယာတို့၌ (၉၉)မြို့စီ၊ မြို့ပေါင်း (၁၉၈)မြို့တို့ကို တည်ထောင်ပြုစုခဲ့ကြလေသည်။

ထို့ကြောင့် ရခိုင်မြို့တည်ခြင်း ရာဇဝင်လင်္ကာတွင် ''အသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝ မင်းကစ၍၊ ကစ္ဆပနဒီမြစ်ကို မှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ'' ဟူ၍ စပ်ဆိုခဲ့သည်။

| **မင်းဆက်အမည်** | **နန်းသက်နှစ်ပေါင်း** | **မင်းဦးရေ** |
|---|---|---|
| ဝါသုဒေဝ အစ | မသိ | မသိ |
| ၁။ ပြဟ္မဏရာဇာ အစ ပြဟ္မသိဒ္ဓိအဆုံးထိ | ၁၉၉၀–နှစ် | ၂၆–ယောက် |
| ၂။ မာရယုအနွယ်၅၄ဆက်၊ မျိုးခြားအမတ်ရဆက်ထိ | ၁၈၁၈–နှစ် | ၆၁–ယောက် |
| ၃။ ကမ္မရာဇာမင်းကြီးအစ သီရိရာဇာထိ | ၉၂၇–နှစ် | ၂၈–ယောက် |

| | | |
|---|---|---|
| ၄။ စန္ဒာသူရိယ အစ၊ | | |
| သူရိယကေတုထိ(သူရိယမင်းဆက်)၉၀၇–နှစ်၂၅ယောက် | | |
| ၅။ မဟာစန္ဒြမင်းအနွယ်၁၀ဆက်၊ | | |
| မျိုးခြားမင်း၂ဆက်ထိ | ၄၉၁–နှစ် | ၁၂–ယောက် |
| ၆။ ဓေတ္တသင်အနွယ်၁၁ဆက်၊ | | |
| မျိုးခြားမင်း၄ ဆက်ထိ | ၂၈၅–နှစ် | ၁၅–ယောက် |
| ၇။ လက်ျာမင်းနန် အစ၊ | | |
| ကောလိယမင်းအဆုံးထိ | ၂၀–နှစ် | ၆–ယောက် |
| ၈။ ဒသရာဇာအစ၊ | | |
| ငနှလုံးမင်းအဆုံးထိ | ၁၂၇–နှစ် | ၂၂–ယောက် |
| ၉။ အလောမာဖြူအစ၊ | | |
| သိင်္ခသူမင်း အဆုံးထိ | ၁၅၄–နှစ် | ၁၆–ယောက် |
| ၁၀။ မင်းစောမွန် အစ၊ | | |
| မင်းခေါင်ရာဇာအဆုံးထိ | ၁၂၇–နှစ် | ၁၂–ယောက် |
| ၁၁။ မင်းပါကြီးအစ၊ | ၁၀၇–နှစ် | ၉–ယောက် |
| မင်းစနေအဆုံးထိ | | |
| ၁၂။ ကုသလနရပတိ အစ၊ | | |
| သမ္မတမင်း အဆုံးထိ | ၁၂၇–နှစ် | ၂၈–ယောက် |
| **မင်းဆက်ပေါင်း=၁၂ဆက်** | **မင်းဦးပေါင်း=၂၆၀ယောက်။** | |

ဤမင်းများတို့သည် နှစ်ပေါင်း (၇၀၈၀)တိုင် ရခိုင်ပြည်၌ ထီးနန်းစိုးစံခဲ့ကြလေသည်။ ထိုမင်းတို့၏ ထီးနန်းစိုးစံခဲ့ကြသော မြို့တော်အမည်များနှင့် မင်းဆက်၊ မင်းအမည်များ၊ မြို့တော် အသက်များကို ဖော်ပြသွားပါမည်။

**မှတ်ချက်။** ။ ဝါသုဒေဝအစ သမ္မတမင်းအဆုံးထိ မင်းဆက် ပေါင်း ၁၉–ဆက်ဟု ရခိုင်ရာဇဝင်သစ်၌ လာသည်။ မာရယုမင်း မှ သမ္မတမင်းထိ နန်းစံနှစ်ပေါင်း (၅၀၉၀)ပြဆိုသည်။ ပြဟ္မသိဒ္ဓိ မင်းတိုင်အောင် (၁၉၉၀)နှစ်ပါ ပေါင်းလျှင် (၇၀၈၀)နှစ် ဖြစ်ချေ ရာသည်။

## ရခိုင်မြို့တည်မင်းနှင့် မြို့တော်အမည်များ

| မင်းအမည်–မြို့ | မြို့တည်သက္ကရာဇ် | ခရစ်နှစ် |
|---|---|---|
| ၁။ ဝရကုမ္မာမင်းသား<br>ဝေသာလီ (ခေတ်ဦး) | မသိ | မသိ |
| ၂။ သီရိကုမ္မာမင်းသား<br>ဒွါရာဝတီ | မသိ | မသိ |
| ၃။ ဗြဟ္မဏရာဇာ<br>ငွေးသင်းတောင် | ၄၀၀၅(အဥ္စန) | ဘီစီ–၅၃၁၆ |
| ၄။ ဗြဟ္မဏရာဇာ<br>ဒုတိယဝေသာလီ | ၄၀၀၅ | ဘီစီ–၅၃၁၆ |
| ၅။ မာရယု၊ဓညဝတီ<br>(ပထမ) | ၅၉၉၅ | ဘီစီ–၃၃၂၄ |
| ၆။ ပျော်လှစည်သူ<br>ကန်သုံးဆင့်(ပထမ) | ၇၈၁၁ | ဘီစီ–၁၅၀၈ |
| ၇။ မိဖုရားစောစစ်<br>နီလာပန်းတောင်း | ၇၈၁၂ | ဘီစီ–၁၅၀၇ |
| ၈။ ကံရာဇာကြီး<br>ကျောက်ပန်းတောင်း | ၇၈၁၃ | ဘီစီ–၁၅၀၆ |
| ၉။ ကံရာဇာကြီး၊သီရိဂုတ် | ၇၈၃၇(၄လ) | ဘီစီ–၁၄၈၂ |
| ၁၀။ ကံရာဇာကြီး<br>ဓညဝတီ(ဒုတိယ) | ၇၈၃၇ | ဘီစီ–၁၄၈၂ |
| ၁၁။ စန္ဒသူရိယ<br>ဓညဝတီ(တတိယ) | ၉၇(အဥ္စနဖြိုကြွင်း) | ဘီစီ–၅၇၉ |
| ၁၂။ မဟာစန္ဒြား<br>ကန်သုံးဆင့်(ဒုတိယ) | ၂၄၉ ၇–လ | အေဒီ–၃၂၇ |
| ၁၃။ မဟာစန္ဒြား<br>ဝေသာလီကျောက်လှေကား | ၂၄၉(ခဆပဥ္စကိန်း) ။ | ၃၂၇ |
| ၁၄။ ပဲဖြူ၊မြောက်ဦး(ပထမ) | ၁၃၈(ကောဇာ) | အေဒီ–၇၇၆ |
| ၁၅။ စန္ဒကူး<br>သပိတ်တောင်(ရွှေပန်းခိုင်) | ၁၅၅ | အေဒီ–၇၉၃ |

၁၆။ စောရွှေလူး(ငတုံး)
စမ္ပဝက်(ပဌမ)  ၁၅၆  အေဒီ–၇၉၄
၁၇။ ခေတ္တသင်၊ ပဥ္စာ(ပဌမ)  ၁၈၀  အေဒီ–၈၁၈
၁၈။ လက်ျာမင်းနန်
လောင်းကြက်(ပဌမ)  ၄၆၅  အေဒီ–၁၁၀၃
၁၉။ လက်ျာမင်းနန်
ပုရိန်(ပဌမ)  ၄၆၅  အေဒီ–၁၁၀၃
၂၀။ ဒသရာဇာ
ပုရိန်(ဒုတိယ)  ၄၈၅  အေဒီ–၁၁၂၃
၂၁။ မင်းဖုန်းစား၊ ခြိပ်  ၅၀၄  အေဒီ–၁၁၄၂
၂၂။ ခနရူပေါ်(ကိန္နရုပ်)
စမ္ပဝက်(ဒုတိယ)  ၅၁၆  အေဒီ–၁၁၅၄
၂၃။ မဥ္ဇူသင်(တိုင်းချစ်)
ပဥ္စာ(ဒု)နေရဥ္စရာ  ၅၂၅  အေဒီ–၁၁၆၃
၂၄။ အလောမာဖြူ
လောင်းကြက် (ဒုတိယ)  ၆၁၃  အေဒီ–၁၂၅၁
၂၅။ စောမွန်(နရမိတ်လှ)
မြောက်ဦး(ဒုတိယ)  ၇၉၂  အေဒီ–၁၄၃၀
၂၆။ မင်းပင်ကြီး
မြောက်ဦး(တတိယ)  ၈၉၃  အေဒီ–၁၅၃၁
၂၇။ မင်းလှရာဇာ
ကျောက်လှေကား(ဝေသာလီ)  ၈၈၂  အေဒီ–၁၅၂၀
(မြောက်ဦးမှနေ၍ ပြုစုခဲ့သည်။)

## <u>ဒွါရဝတီမြို့တော်</u>

မြို့တည်မင်း အတိအကျမသိချေ။ ဝါသုဒေဝစသော ဒသဘာတိက ညီနောင်တစ်ကျိပ်တို့ လုပ်ကြံခဲ့သဖြင့် ပျက်စီးခဲ့ရလေသည်။ မင်းဆက်၊ မြို့သက်မသိရ။ အချို့ရာဇဝင်တွင် ဥပကံသမင်း၏ သားတော်အလတ်ဖြစ်သူ သီရိကုမ္မာမင်းသားက တည်ခဲ့သည်ဟု ပြဆိုထားလေ၏။ အင်းစောက်ရာဇဝင်တွင် ကောရပ္ပ

မင်းဆက် မင်းစောတည်ခဲ့သည်ဆို၏။ ရှေးဦးဝေသာလီနှင့် ခေတ်ပြိုင်မြို့ ဖြစ်လေသည်။

## ပထမဝေသာလီမြို့တော် (ရှေးဦးဝေသာလီ)

အစောဆုံးမြို့တော်တည်ထောင်ခဲ့သူကို မသိရ၊ ဝေသာလီမင်း ပျက်စီး၍ သမီးတော် သုနန္ဒရီ ကျန်ရစ်ခဲ့သည်။ အချို့က ဥပကံသ၏ သားတော်အငယ် ဝရကုမ္မာမင်းသားက တည်ထောင်ခဲ့သည်ဟု ပြဆိုထားလေ၏။ မဟာပညာကျော်လျှောက်ထုံး နိဂုံး၌ မုရာဂ(ပုရာဂ)မင်း တည်ထောင်၍ (၁၆)ဆက် စိုးစံခဲ့သည် ဆို၏။ ဒွါရာဝတီမှ ထွက်လာကြသော ဝါသုဒေဝအနွယ် ဖြဟ္မဏရာဇာနှင့် အဠနဒေဝီတို့သည် ဆက်ခံခဲ့ကြလေသည်။ မင်းဆက် (၂၆)ဆက်၊ မြို့သက် (၁၉၉၀)နှစ်ကြာခဲ့လေသည်။ ဒွါရာဝတီမြို့နှင့် ခေတ်ပြိုင်ဖြစ်လေသည်။

## ရခိုင်ခေတ်ဦးဝေသာလီမင်းဆက်

**(ဖြဟ္မဏရာဇာမှ ဖြဟ္မသိဒ္ဓိမင်းထိ မင်းစဉ်ဇယား)**

| မင်းအမည် | နန်းသက် | ကုသ–အဠန သက္ကရာဇ် | ခရစ်ဘီစီ |
|---|---|---|---|
| ၁။ ဖြဟ္မဏရာဇာ | ၃၉ | ၄၀၀၅–၄၀၄၄ | ၅၃၁၆–၅၂၇၇ |
| ၂။ ဖြဟ္မသုန္ဒရ | ၇၅ | ၄၀၄၄–၄၁၁ ၉ | ၅၂၇၇–၅၂၀၂ |
| ၃။ ဖြဟ္မသီရိ | ၈၉ | ၄၁၁၉–၄၂၀၈ | ၅၂၀၂–၅၁၁၃ |
| ၄။ ဖြာဟ္မဏသာ၀ | ၇၂ | ၄၂၀၈–၄၂၈၀ | ၅၁၁၃–၅၀၄၁ |
| ၅။ ဖြဟ္မဏသာဂရ | ၁၀၄ | ၄၂၈၀–၄၃၈၄ | ၅၀၄၁–၄၉၃၇ |
| ၆။ ဖြဟ္မဏောတု | ၆၀ | ၄၃၈၁–၄၄၄၄ | ၄၉၃၇–၄၈၇၇ |
| ၇။ ဖြဟ္မအန | ၇၆ | ၄၄၄၄–၄၂၅၀ | ၄၈၇၇–၄၈၀၁ |
| ၈။ ဖြဟ္မပုရာ | ၆၅ | ၄၂၅၀–၄၅၈၅ | ၄၈၀၁–၄၇၃၆ |
| ၉။ ဖြဟ္မဝေသီ | ၅၆ | ၄၅၈၅–၄၆၄၁ | ၄၇၃၆–၄၆၈၀ |
| ၁၀။ ဖြဟ္မစကြာ | ၁၁၀ | ၄၆၄၁–၄၇၅၁ | ၄၆၈၀–၄၅၇၀ |
| ၁၁။ ဖြဟ္မဏမာယု | ၅၀ | ၄၇၅၁–၄၈၀၁ | ၄၅၇၀–၄၅၂၀ |
| ၁၂။ ဖြဟ္မနုပ | ၅၉ | ၄၈၀၁–၄၈၆၀ | ၄၅၂၀–၄၄၆၁ |

| | | | |
|---|---|---|---|
| ၁၃။ ပြဟ္မဒေဝ | ၉၈ | ၄၈၆၀–၄၉၅၈ | ၄၄၆၁–၄၃၆၃ |
| ၁၄။ ပြဟ္မဒေယု | ၆၅ | ၄၉၅၈–၅၀၂၃ | ၄၃၆၃–၄၂၉၈ |
| ၁၅။ ပြဟ္မဒေလ | ၇၀ | ၅၀၂၃–၅၀၉၃ | ၄၂၉၈–၄၂၂၈ |
| ၁၆။ ပြဟ္မာကြီး | ၁၀၉ | ၅၀၉၃–၅၂၀၂ | ၄၂၂၈–၄၁၁၉ |
| ၁၇။ ပြဟ္မရာဇာ | ၅၁ | ၅၂၀၂–၅၂၅၃ | ၄၁၁၉–၄၀၆၈ |
| ၁၈။ ပြဟ္မဝေရီ | ၅၉ | ၅၂၅၃–၅၃၁၂ | ၄၀၆၈–၄၀၀၉ |
| ၁၉။ ပြဟ္မဟိသန် | ၉၇ | ၅၃၁၂–၅၄၀၉ | ၄၀၀၉–၃၉၁၂ |
| ၂၀။ ပြဟ္မပုအုံ | ၁၀၅ | ၅၄၀၉–၅၅၁၄ | ၃၉၁၂–၃၈၀၇ |
| ၂၁။ ပြဟ္မဝိဘုံ | ၉၄ | ၅၅၁၄–၅၆၀၈ | ၃၈၀၇–၃၇၁၃ |
| ၂၂။ ပြဟ္မရာဇာ | ၉၆ | ၅၆၀၈–၅၇၀၄ | ၃၇၁၃–၃၆၁၇ |
| ၂၃။ ပြဟ္မအုံခေါင် | ၅၅ | ၅၇၀၄–၅၇၅၉ | ၃၆၁၇–၃၅၆၂ |
| ၂၄။ ပြဟ္မဒတ္တ | ၈၆ | ၅၇၅၉–၅၈၄၅ | ၃၅၆၂–၃၄၇၆ |
| ၂၅။ ပြဟ္မမင်းစော | ၇၉ | ၅၈၄၅–၅၉၂၄ | ၃၄၇၆–၃၃၉၇ |
| ၂၆။ ပြဟ္မသိဒ္ဓိ(ဒွတ်) | ၇၁ | ၅၉၂၄–၅၉၉၅ | ၃၃၉၇–၃၃၂၆ |

နန်းစံနှစ်ပေါင်း = ၁၉၉၀

## ငွေးသင်းတောင်မြို့တော်
## (မင်း ၆–ဆက်၊ မြို့သက် မသိ)

ပြဟ္မဏရာဇာသည် ပထမဝေသာလီမှ ပြောင်းလာပြီးတည် နေ လာခဲ့သည်။ အဥ္ဇနသက္ကရာဇ် (၄၀၀၅)ခုနှစ် ခရစ် မပေါ်မီ ဘီစီ (၅၃၁၆)ခုနှစ်က တည်ခဲ့လေသည်။ ပြဟ္မဏရာဇာ သား တော် ပြဟ္မသုန္ဒရမင်းသားသည် ဝေသာလီမင်း သမီးတော် သုနန္ဒရီနှင့် ထီးနန်းဆက်ခံသည်။ ရခိုင်ရာဇဝင်အလို မင်း(၆) ဆက် (အမည် မသိ)။ မြို့သက် (မသိ)ရှည်ခဲ့သည် ဆို၏။

## ဒုတိယဝေသာလီမြို့တော်
## (မင်း ၁၆–ဆက်၊ မြို့သက် မသိ)

ရခိုင်ရာဇဝင်အလို ပြဟ္မဏရာဇာ အနွယ် ၆–ဆက်နောက် သရဘန်မင်းမှစ၍ ပြဟ္မသိဒ္ဓိ တိုင်အောင် (၁၆)ဆက် (မင်းအမည် မသိ) မြို့သက်(မသိ) ရှည်ကြာခဲ့သည် ဆို၏။

ဤဝေသာလီ၌ (အဋ္ဌနသက္ကရာဇ် ၄၀၀၅–မှ ၅၉၉၅–ထိ)။ ဖြဟ္မဏာရာဇာမင်းမှစ၍ ဖြဟ္မသိဒ္ဓိမင်းထိ (၂၆)ဆက် (အချို့ ၂၉ဆက်)၊ နန်းစံနှစ်ပေါင်း (၁၉၉၀)ထိ ရှည်ကြာစွာ စိုးစံခဲ့ကြသည်ဆို၏။ မင်းစဉ်ဇယားကို ဖော်ပြခဲ့ပြီး ဖြစ်၏။ ဘီစီ–၅၃၁၆ မှ ၃၃၂၆–ထိ ဖြစ်လေသည်။

## <u>ပထမဓညဝတီမြို့တော်</u>

**(မင်း ၅၈ဆက်၊ မြို့သက် ၁၈၁၆ နှစ်)**

**နန်းသက်များနှင့် ခုနှစ်သက္ကရာဇ်များ**

| | မင်းအမည် / အဋ္ဌနသက္ကရာဇ် | ခရစ်မတိုင်မီ ဘီစီ | ဗုဒ္ဓမပွင့်မီ နှစ် |
|---|---|---|---|
| ၁။ | မာရယု | | |
| | ၅၉၉၅–၆၀၅၇ | ၃၃၂၄–၃၂၆၂ | ၁၇၃၉–၂၆၇၇ |
| ၂။ | မာရဇေတု | | |
| | ၆၀၅၇–၆၀၈၉ | ၃၂၆၂–၃၂၃၀ | ၂၆၇၇–၂၆၄၅ |
| ၃။ | မာရအုံ | | |
| | ၆၀၈၉–၆၁၄၂ | ၃၂၃၀–၃၁၇၇ | ၂၆၄၅–၂၅၉၂ |
| ၄။ | မာရရွယ် | | |
| | ၆၁၄၂–၆၁၉၀ | ၃၁၇၇–၃၁၂၉ | ၂၅၉၂–၂၅၄၄ |
| ၅။ | မာရတင် | | |
| | ၆၁၉၀–၆၂၄၅ | ၃၁၂၉–၃၀၇၄ | ၂၅၄၄–၂၄၈၉ |
| ၆။ | မာရဖိန် | | |
| | ၆၂၄၅–၆၂၇၈ | ၃၀၇၄–၃၀၄၁ | ၂၄၈၉–၂၄၅၆ |
| ၇။ | မာရကင် | | |
| | ၆၂၇၈–၆၃၀၀ | ၃၀၄၁–၃၀၁၉ | ၂၄၅၆–၂၄၃၄ |
| ၈။ | ဆေဘ်အို(မျိုးခြား) | | |
| | ၆၃၀၀–၆၃၂၁ | ၃၀၁၉–၂၉၉၈ | ၂၄၃၄–၂၄၁၃ |
| ၉။ | ဒေါလစန္ဒြား | | |
| | ၆၃၂၁–၆၃၆၁ | ၂၉၉၈–၂၉၅၈ | ၂၄၁၃–၂၃၇၃ |
| ၁၀။ | သောလစန္ဒြား | | |

| | | |
|---|---|---|
| ၆၃၆၁–၆၃၉၄ | ၂၉၅၈–၂၉၂၅ | ၂၃၇၃–၂၃၄၀ |
| ၁၁။ သူရိယစန္ဒြား | | |
| ၆၃၉၄–၆၄၃၁ | ၂၉၂၅–၂၈၈၈ | ၂၃၄၀–၂၃၀၃ |
| ၁၂။ ကာလစန္ဒြား | | |
| ၆၄၃၁–၆၄၇၁ | ၂၈၈၈–၂၈၄၈ | ၂၃၀၃–၂၂၆၃ |
| ၁၃။ ကဋ္ဌစန္ဒြား | | |
| ၆၄၇၁–၆၅၀၂ | ၂၈၄၈–၂၈၁၇ | ၂၂၆၃–၂၂၃၂ |
| ၁၄။ မဓုစန္ဒြား | | |
| ၆၅၀၂–၆၅၂၃ | ၂၈၁၇–၂၇၉၆ | ၂၂၃၂–၂၂၁၁ |
| ၁၅။ ဇေယျစန္ဒြား | | |
| ၆၅၂၃–၆၅၆၃ | ၂၇၉၆–၂၇၅၆ | ၂၂၁၁–၂၁၇၁ |
| ၁၆။ မောက္ခစန္ဒြား | | |
| ၆၅၆၃–၆၅၈၉ | ၂၇၅၆–၂၇၃၀ | ၂၁၇၁–၂၁၄၅ |
| ၁၇။ ဂုဏာစန္ဒြား | | |
| ၆၅၈၉–၆၆၀၁ | ၂၇၃၀–၂၇၁၈ | ၂၁၄၅–၂၁၃၃ |
| ၁၈။ မျိုးခြားအမတ် | | |
| ၁၉။ (၃)ဦး | (၃–လ၊၈ လ၊ ၃–ရက်) | |
| ၂၀။ (မြို) | | |
| ၂၁။ ကံရာဇာကြီး | | |
| ၆၆၀၂–၆၆၄၃ | ၂၇၁၇–၂၆၇၆ | ၂၁၃၂–၂၀၉၁ |
| ၂၂။ ကံရာဇာငယ် | | |
| ၆၆၄၃–၆၆၇၉ | ၂၆၇၆–၂၆၄၀ | ၂၀၉၁–၂၀၅၅ |
| ၂၃။ ဣန္ဒသူရိယ | | |
| ၆၆၇၉–၆၇၁၄ | ၂၆၄၀–၂၆၀၅ | ၂၀၅၅–၂၀၂၀ |
| ၂၄။ အသူရိန္ဒသူရိယ | | |
| ၆၇၁၄–၆၇၄၄ | ၂၆၀၅–၂၅၇၅ | ၂၀၂၀–၁၉၉၀ |
| ၂၅။ သာရမိတ္တ | | |
| ၆၇၄၄–၆၇၇၂ | ၂၅၇၅–၂၅၄၇ | ၁၉၉၀–၁၉၆၂ |
| ၂၆။ သူရိယ | | |
| ၆၇၇၂–၆၈၀၃ | ၂၅၄၇–၂၅၁၆ | ၁၉၆၂–၁၉၃၁ |

၂၇။ မင်းထီး
၆၈၀၃–၆၈၂၅ ၂၅၁၆–၂၄၉၄ ၁၉၃၁–၁၉၀၉
၂၈။ မင်းဗာ
၆၈၂၅–၆၈၄၇ ၂၄၉၄–၂၄၇၂ ၁၉၀၉–၁၈၈၇
၂၉။ စည်ဘောင်သူ
၆၈၄၇–၆၈၇၅ ၂၄၇၂–၂၄၄၄ ၁၈၈၇–၁၈၅၉
၃၀။ တံတိုင်းသင်း
၆၈၇၅–၆၉၀၆ ၂၄၄၄–၂၄၁၃ ၁၈၅၉–၁၈၂၈
၃၁။ ကျော်ခေါင်စည်
၆၉၀၆–၆၉၅၉ ၂၄၁၃–၂၃၆၀ ၁၈၂၈–၁၇၇၅
၃၂။ သူရိယစန္ဒမိတ်
၆၉၅၉–၆၉၈၀ ၂၃၆၀–၂၃၃၉ ၁၇၇၅–၁၇၅၄
၃၃။ အနန္ဒဘယ
၆၉၈၀–၇၀၁၀ ၂၃၃၉–၂၃၀၉ ၁၇၅၄–၁၇၂၄
၃၄။ လက်ယာစည်သူ
၇၀၁၀–၇၀၄၀ ၂၃၀၉–၂၂၇၉ ၁၇၂၄–၁၆၉၄
၃၅။ သီဟကုဍ္ဍိ
၇၀၄၀–၇၀၈၃ ၂၂၇၉–၂၂၃၆ ၁၆၉၄–၁၆၅၁
၃၆။ မင်းဘုန်းသန်
၇၀၈၃–၇၁၁၄ ၂၂၃၆–၂၂၀၅ ၁၆၅၁–၁၆၂၀
၃၇။ သက္ကမွေး
၇၁၁၄–၇၁၆၃ ၂၂၀၅–၂၁၅၆ ၁၆၂၀–၁၅၇၁
၃၈။ ဇေယျနန္ဒသူ
၇၁၆၃–၇၂၁၅ ၂၁၅၆–၂၁၀၄ ၁၅၇၁–၁၅၁၉
၃၉။ သက္ကသူ
၇၂၁၅–၇၂၆၁ ၂၁၀၄–၂၀၅၈ ၁၅၁၉–၁၄၇၃
၄၀။ လက္ခဏာ
၇၂၆၁–၇၂၉၈ ၂၀၅၈–၂၀၂၁ ၁၄၇၃–၁၄၃၆
၄၁။ ဂုဏာရာဇ်
၇၂၉၈–၇၃၄၀ ၂၀၂၁–၁၉၇၉ ၁၄၃၆–၁၃၉၄

၄၂။ သီဝရာဇ်

| | | |
|---|---|---|
| ၇၃၄၀–၇၃၈၁ | ၁၉၇၉–၁၉၃၈ | ၁၃၉၄–၁၃၅၃ |

၄၃။ မင်းလှမွေး

| | | |
|---|---|---|
| ၇၃၈၁–၇၄၀၂ | ၁၉၃၈–၁၉၁၇ | ၁၃၅၃–၁၃၃၂ |

၄၄။ ပူရိန္ဒ

| | | |
|---|---|---|
| ၇၄၀၂–၇၄၆၂ | ၁၉၁၇–၁၈၅၇ | ၁၃၃၂–၁၂၇၂ |

၄၅။ မင်းသိဒ္ဓိတ်

| | | |
|---|---|---|
| ၇၄၆၂–၇၄၈၄ | ၁၈၅၇–၁၈၃၅ | ၁၂၇၂–၁၂၅၀ |

၄၆။ မင်းလှကြီး

| | | |
|---|---|---|
| ၇၄၈၄–၇၅၃၁ | ၁၈၃၅–၁၇၈၈ | ၁၂၅၀–၁၂၀၃ |

၄၇။ ထွေးလုံးကြီး

| | | |
|---|---|---|
| ၇၅၃၁–၇၅၅၅ | ၁၇၈၈–၁၇၆၄ | ၁၂၀၃–၁၁၇၉ |

၄၈။ စည်ရာဇ်

| | | |
|---|---|---|
| ၇၅၅၅–၇၅၉၃ | ၁၇၆၄–၁၇၂၆ | ၁၁၇၉–၁၁၄၁ |

၄၉။ မျက်နှာဝန်း

| | | |
|---|---|---|
| ၇၅၉၃–၇၆၁၇ | ၁၇၂၆–၁၇၀၂ | ၁၁၄၁–၁၁၁၇ |

၅၀။ လက်ရုံးကြီး

| | | |
|---|---|---|
| ၇၆၁၇–၇၆၄၄ | ၁၇၀၂–၁၆၇၅ | ၁၁၁၇–၁၀၉၀ |

၅၁။ သီရိကမ္မသုန္ဒရ

| | | |
|---|---|---|
| ၇၆၄၄–၇၆၇၄ | ၁၆၇၅–၁၆၄၅ | ၁၀၉၀–၁၀၆၀ |

၅၂။ နန္ဒဂေါဘယ

| | | |
|---|---|---|
| ၇၆၇၄–၇၇၀၁ | ၁၆၄၅–၁၆၁၈ | ၁၀၆၀–၁၀၃၃ |

၅၃။ မင်းနန်းဖြူ

| | | |
|---|---|---|
| ၇၇၀၁–၇၇၂၁ | ၁၆၁၈–၁၅၉၈ | ၁၀၃၃–၁၀၁၃ |

၅၄။ မင်းနန်းလှ

| | | |
|---|---|---|
| ၇၇၂၁–၇၇၄၉ | ၁၅၉၈–၁၅၇၀ | ၁၀၁၃–၉၈၅ |

၅၅။ မင်းခေါက်ငယ်

| | | |
|---|---|---|
| ၇၇၄၉–၇၇၆၉ | ၁၅၇၀–၁၅၅၀ | ၉၈၅–၉၆၅ |

၅၆။ လောက်ခေါင်ရာဇာ

| | | |
|---|---|---|
| ၇၇၆၉–၇၇၈၄ | ၁၅၅၀–၁၅၃၅ | ၉၆၅–၉၅၀ |

၅၇။ မင်းသီဟ

| | | |
|---|---|---|
| ၇၇၈၄–၇၈၀၅ | ၁၅၃၅–၁၅၁၄ | ၉၅၀–၉၂၉ |

၅၈။ မင်းငယ်ပျော်လှစည်သူ

| | | |
|---|---|---|
| ၇၈၀၅–၇၈၁၁ | ၁၅၁၄–၁၅၀၈ | ၉၂၉–၉၂၃ |

ဘုရားဘိုးတော် အဥ္စနမင်း မဖြိုမီ သက္ကရာဇ်၊ (၈၆၄၅) အရောက်တွင် ဖြိုခဲ့လေသည်။ စိုးစံသောမင်း၏ နန်းသက်ကို သိလိုမူ (၆၀၅၇ မှ ၅၉၉၅ နုတ်=၆၂ နှစ်)၊ သက္ကရာဇ်ကို နုတ်ကြည့်၍ သိပါလေ။

## ပထမကန်သုံးဆင့်မြို့တော် (ကျွန်းသုံးဆင့်မြို့တော်)

**(မင်း ၄–ဆက်၊ မြို့သက် ၂–နှစ် ၄–လ)**

| မင်းအမည် | အဥ္စနသက္ကရာဇ် | ဘီ–စီခုနှစ် | ဗုဒ္ဓမပွင့်မီ နှစ် |
|---|---|---|---|
| ၁။ မင်းငယ်ပျော်လှစည်သူ | | | |
| | ၇၈၁၁–၇၈၁၂ | ၁၅၀၈–၁၅၈၇ | ၉၂၃–၉၂၂ |
| ၂။ မျိုးခြား | | | |
| ၃။ အမတ် | | | |
| | ၇၈၁၂–၇၈၁၃ | ၁၅၀၇–၁၅၀၆ | ၉၂၂–၉၂၁ |
| ၄။ (၃)ဦး | | (၈–လ ၂–လ၊ ၆–လ) | |

## နီလာပန်းတောင်မြို့တော်

**(မင်း ၁–ဆက်၊ မြို့သက် ၁–နှစ်)**

မင်းငယ်ပျော်လှစည်သူ၏ မိဖုရားစောစစ်သည် ၇၈၁၂မှ ၇၈၁၃–ခုနှစ်ထိ ၁–နှစ် စံနေခဲ့လေသည်။

## ကျောက်ပန်းတောင်းမြို့နယ်

**(မင်း ၁–ဆက်၊ မြို့သက် ၂၄–နှစ်)**

ကံရာဇာကြီးမင်းသည် ၇၈၁၃မှ ၇၈၃၇ထိ ၂၄–နှစ် လာရောက် စိုးစံခဲ့လေသည်။ ဗုဒ္ဓမပွင့်မီ ၉၂၁–မှ ၈၉၄ခုနှစ် ထိ။

ဘီစီ–၁၅၀၆–မှ ၁၄၈၂–ခုနှစ်ထိ။

## သီရိဂုတ်မြို့တော်

**(ကံရာဇာကြီးမင်း၊ မြို့သက် ၄–လ)**

ကံရာဇာကြီးမင်းသည် ကျောက်ပန်းတောင်းမြို့မှ ထွက်ခွာလာ၍ တည်နေခဲ့သည်။

## ဒုတိယဓညဝတီမြို့တော်

**(မင်း ၂၈–ဆက်၊ မြို့သက် ၉၀၃–နှစ်)**

| | **မင်းအမည်** **အဥ္စနသက္ကရာဇ်** | **ခရစ်မတိုင်မီ ဘီစီ** | **ဗုဒ္ဓမပွင့်မီ** နှစ် |
|---|---|---|---|
| ၁။ | ကံရာဇာကြီး | | |
| | ၇၈၃၇–၇၈၅၀ | ၁၄၈၂–၁၄၆၉ | ၈၉၇–၈၈၄ |
| ၂။ | သီလရာဇာ | | |
| | ၇၈၅၀–၇၈၉၁ | ၁၄၆၉–၁၄၂၈ | ၈၈၄–၈၄၃ |
| ၃။ | ဝါသုရ | | |
| | ၇၈၉၁–၇၉၂၂ | ၁၄၂၈–၁၃၉၇ | ၈၄၃–၈၁၂ |
| ၄။ | နန္ဒသူရိယ | | |
| | ၇၉၂၂–၇၉၆၂ | ၁၃၉၇–၁၃၅၇ | ၈၁၂–၇၇၂ |
| ၅။ | သူရိယနန္ဒ | | |
| | ၇၉၆၂–၇၉၉၄ | ၁၃၅၇–၁၃၂၅ | ၇၇၂–၇၄၀ |
| ၆။ | သူရနန္ဒ | | |
| | ၇၉၉၄–၈၀၁၇ | ၁၃၂၅–၁၃၀၂ | ၇၄၀–၇၁၇ |
| ၇။ | စန္ဒမာရု | | |
| | ၈၀၁၇–၈၀၄၉ | ၁၃၀၂–၁၂၇၀ | ၇၁၇–၆၈၅ |
| ၈။ | သီရိစန္ဒာ | | |
| | ၈၀၄၉–၈၀၈၉ | ၁၂၇၀–၁၂၃၀ | ၆၈၅–၆၄၅ |
| ၉။ | သီဟရာဇာ | | |
| | ၈၀၈၉–၈၁၃၅ | ၁၂၃၀–၁၁၈၄ | ၆၄၅–၅၉၉ |
| ၁၀။ | သီဟဟာနု | | |
| | ၈၁၃၅–၈၁၅၅ | ၁၁၈၄–၁၁၆၄ | ၅၉၉–၅၇၉ |
| ၁၁။ | ပယာတ | | |

| | | |
|---|---|---|
| ၈၁၅၅–၈၁၈၆ | ၁၁၆၄–၁၁၃၃ | ၅၇၉–၅၄၈ |
| ၁၂။ နီလဂုဏ် | | |
| ၈၁၈၆–၈၂၂၇ | ၁၁၃၃–၁၀၉၂ | ၅၄၈–၅၀၇ |
| ၁၃။ ရောဟဂုဏ် | | |
| ၈၂၂၇–၈၂၅၇ | ၁၀၉၂–၁၀၆၂ | ၅၀၇–၄၇၇ |
| ၁၄။ သီရိဂုဏ် | | |
| ၈၂၅၇–၈၂၈၁ | ၁၀၆၂–၁၀၃၈ | ၄၇၇–၄၅၃ |
| ၁၅။ သမန်စာ | | |
| ၈၂၈၁–၈၃၁၆ | ၁၀၃၈–၁၀၀၃ | ၄၅၃–၄၁၈ |
| ၁၆။ သူဏ္ဍဏကုမ္မာ | | |
| ၈၃၁၆–၈၃၃၆ | ၁၀၀၃–၉၈၃ | ၄၁၈–၃၉၈ |
| ၁၇။ သက်တင်ဖြူ | | |
| ၈၃၃၆–၈၃၇၆ | ၉၈၃–၉၄၃ | ၃၉၈–၃၅၈ |
| ၁၈။ သက်တင်ဦး | | |
| ၈၃၇၆–၈၄၁၈ | ၉၄၃–၉၀၁ | ၃၅၈–၃၁၆ |
| ၁၉။ စေတဝန် | | |
| ၈၄၁၈–၈၄၅၄ | ၉၀၁–၈၆၅ | ၃၁၆–၂၈၀ |
| ၂၀။ မုဋ္ဌိယ | | |
| ၈၄၅၄–၈၄၈၁ | ၈၆၅–၈၃၈ | ၂၈၀–၂၅၃ |
| ၂၁။ ကုမ္မာရဝိသုက | | |
| ၈၄၈၁–၈၅၅၈ | ၈၃၈–၇၆၁ | ၂၅၃–၁၇၆ |
| ၂၂။ ဝါသုမဏ္ဍလ | | |
| ၈၅၅၈–၈၅၉၂ | ၇၆၁–၇၂၇ | ၁၇၆–၁၄၂ |
| ၂၃။ ပူရိန္ဒ | | |
| ၈၅၉၂–၈၆၂၃ | ၇၂၇–၆၉၆ | ၁၄၂–၁၁၁ |
| ၂၄။ ရာလမာယု | | |
| ၈၆၂၃– * ၂ | ၆၉၆–၆၇၄ | ၁၁၁–၈၉ |
| ၂၅။ နာလမာယု | | |
| *၂– * ၃၃ | ၆၇၄–၆၄၃ | ၈၉–၅၈ |
| ၂၆။ ဝရတဂုဏ် | | |

| | | |
|---|---|---|
| * ၃၃–*၅၅ | ၆၄၃–၆၂၁ | ၅၈–၃၆ |
| ၂၇။ ဝိသုရာဇာ | | |
| *၅၅–*၆၇ | ၆၂၁–၆၀၉ | ၃၆–၂၄ |
| ၂၈။ သီရိရာဇာ | | |
| *၆၇–*၉၇ | ၆၀၉–၅၇၉ | ၂၄–၆ |

* အဥ္စနသက္ကရာဇ်ပြည့်သည်။ ရာလမာယုမင်း နန်းစံ ၂၂–နှစ်တွင် ၈၆၄၅–ပြည့်၍ ဖြိုသည်။ ၂မှစ၍ အဥ္စနဖြိုကြွင်း (၁၄၈ ကိန်းခန့်)ဟု ရေတွက်သတ်မှတ်လာသည်။ ဂေါတမဗုဒ္ဓအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ထိုဖြိုကြွင်း ၆၈ (ဘီစီ–၆၀၈)တွင် မွေးဖွားသည်။

## <u>တတိယ ဓညဝတီမြို့တော်</u>

**(မင်း ၂၅–ဆက်၊ မြို့သက် ၉၀၇–နှစ်)**

| မင်းအမည် အဥ္စနသက္ကရာဇ် | ခရစ်မတိုင်မီ ဘီစီ | ဗုဒ္ဓမပွင့်မီ နှစ် |
|---|---|---|
| ၁။ စန္ဒသူရိယ | | |
| * ၉၇ – *၂ | ၅၇၉–၅၂၇ | ၆–၂ |
| ၂။ သူရိယဓိပတိ | | |
| ၂–၄၉ | ၅၂၇–၄၈၀ | ၂–၄၉ |
| ၃။ သူရိယပတိပါတိ | | |
| ၄၉–၁၀၅ | ၄၈၀–၄၂၄ | ၄၉–၁၀၅ |
| ၄။ သူရိယရူပ | | |
| ၁၀၅–၁၅၀ | ၄၂၄–၃၇၉ | ၁၀၅–၁၅၀ |
| ၅။ သူရိယစန္ဒလ | | |
| ၁၅၀–၂၁၄ | ၃၇၉–၃၁၅ | ၁၅၀–၂၁၄ |
| ၆။ သူရိယစက္က | | |
| ၂၁၄–၂၅၈ | ၃၁၅–၂၇၁ | ၂၁၄–၂၅၈ |
| ၇။ သူရိယနာထ | | |
| ၂၅၈–၃၀၀ | ၂၇၁–၂၂၉ | ၂၅၈–၃၀၀ |
| ၈။ သူရိယဝံသ | | |

| | | |
|---|---|---|
| ၃၀၀–၃၄၀ | ၂၂၉–၁၈၉ | ၃၀၀–၃၄၀ |
| ၉။ သူရိယဗန္ဓ | | |
| ၃၄၀–၃၆၆ | ၁၈၉–၁၆၃ | ၃၄၀–၃၆၆ |
| ၁၀။ သူရိယကလျာဏ | | |
| ၃၆၆–၄၀၄ | ၁၆၃–၁၂၅ | ၃၆၆–၄၀၄ |
| ၁၁။ သူရိယမုခ | | |
| ၄၀၄–၄၃၄ | ၁၂၅–၉၅ | ၄၀၄–၄၃၄ |
| ၁၂။ သူရိယတေဇ | | |
| ၄၃၄–၄၈၄ | ၉၅–၄၅ | ၄၃၄–၄၈၄ |
| ၁၃။ သူရိယပုည | | |
| ၄၈၄–၅၁၉ | ၄၅–၈၀ | ၄၈၄–၅၁၉ |
| ၁၄။ သူရိယကုလ | | |
| ၅၁၉–၅၅၅ | ဘီစီ၁၀မှ ၂၆အေဒီ | ၅၁၉–၅၅၅ |
| ၁၅။ သူရိယပဘာ | | |
| ၅၅၅–*၂ | ၂၆–၈၀ | ၅၅၅–၆၀၉ |
| ၁၆။ သူရိယစိတြ | | |
| ၂–၃၈ | ၈၀–၁၁၆ | ၆၀၉–၆၄၅ |
| ၁၇။ သူရိယဇေဠ | | |
| ၃၈–၆၀ | ၁၁၆–၁၃၈ | ၆၄၅–၆၆၇ |
| ၁၈။ သူရိယဝိမလ | | |
| ၆၀–၇၈ | ၁၃၈–၁၅၆ | ၆၆၇–၆၈၅ |
| ၁၉။ သူရိယရေနု | | |
| ၇၈–၁၀၀ | ၁၅၆–၁၇၈ | ၆၈၅–၇၀၇ |
| ၂၀။ သူရိယကံသ | | |
| ၁၀၀–၁၁၆ | ၁၇၈–၁၉၄ | ၇၀၇–၇၂၃ |
| ၂၁။ သူရိယသကျ | | |
| ၁၁၆–၁၂၄ | ၁၉၄–၂၀၂ | ၇၂၃–၇၃၁ |
| ၂၂။ သူရိယသီရိ | | |
| ၁၂၄–၁၄၄ | ၂၀၂–၂၂၂ | ၇၃၁–၇၅၁ |
| ၂၃။ သူရိယသီရိ | | |

| | | |
|---|---|---|
| ၁၄၄–၁၆၃ | ၂၂၂–၂၄၁ | ၇၅၁–၇၇၀ |
| ၂၄။ သူရိယကုမ္မာ | | |
| ၁၆၃–၁၉၅ | ၂၄၁–၂၇၃ | ၇၇၀–၈၀၂ |
| ၂၅။ သူရိယကေတု | | |
| ၁၉၅–၁၄၉ | ၂၇၃–၃၂၇ | ၈၀၂–၈၅၆ |

* ၁၄၀ကိန်းခန့်ပြည့်၍ အဇာတသတ္တုမင်းနှင့် စန္ဒသူရိယမင်း ဖြိုးသည်။ အဥ္စနဖြိုကြွင်း ၁၀၃တွင် ဘုရားဖြစ်လျက် ၁၄၈ တွင် နိဗ္ဗာန်စံသည်။ ဤကစ၍ ဗုဒ္ဓသာသနာနှစ် (ပွင့်ပြီး)ဟု ရေတွက်လာသည်။ ၆၀၉ (န၀–ခ–ဆ–ကိန်း)အရောက်တွင် သူရိယစိတြမင်းလက်ထက်တွင် ဖြိုးသည်။ သူရိယစက္ကမင်းနှင့် သီရိဓမ္မသောကမင်း၊ သူရိယစိတြမင်းနှင့် ကနိသျှက(သက)မင်း ထီးနန်းပြိုင်ကျသည်။ * ၆၀၉ ပြည့်၍ သူရိယစိတြမင်း ဖြိုးသည်။

**ဤဇယားအလို**

ဗုဒ္ဓသည် ဘီစီ ၆၀၈တွင် ဖွား၍ ၅၇၃မှာ ဘုရားဖြစ်မည်။ ၅၂၈ တွင် နိဗ္ဗာန်စံလွန်မည်။ စန္ဒသူရိယ ၆၀၄တွင်ဖွား၍ ၅၇၉ တွင် နန်းတက်မည်။ ၅၂၇ တွင် နတ်ရွာစံမည်။ စန္ဒသူရိယမင်း နန်းစံ ၂၆–နှစ် (အသက် ၅၁–နှစ်)တွင် ဗုဒ္ဓသည် ရခိုင်သို့ ဘီစီ ၅၅၃ (ဝါတော် ၂၀ မြောက်)ကြွရောက်ရာ ကျသည်။

## <u>ဒုတိယ ကန်လုံဆင့်မြို့တော်</u>

**(မဟာစန္ဒြားမင်း တစ်ဆက်၊ မြို့သက် ၇–လ)**

တတိယဓညဝတီမြို့မှ ပြောင်းရွှေ့လာ၍ တည်နေခဲ့သည်။ ခ–ဆ–ပဥ္စသက္ကရာဇ်ကိန်းမပြည့်မီ ၂၄၉ ခုနှစ်၊ အေဒီ ၃၂၇ခုနှစ်တွင် ကျရောက်လေသည်။

## <u>ဝေသာလီကျောက်လှေကားမြို့တော်</u>

**(မင်း ၁၀ဆက်၊ မြို့သက် ၄၄၉ နှစ်)**

**အေဒီ ၃၂၇ မှ ၇၇၆ ထိ။**

| မင်းအမည် | ခရစ်မတိုင်မီ ဘီစီ | ဗုဒ္ဓမပွင့်မီ |
| --- | --- | --- |
| **အဠနသက္ကရာဇ်** | | နှစ် |
| ၁။ မဟာစန္ဒြား | | |
| ၂၄၉–၃၀၆ | ၃၂၇–၃၈၄ | ၈၅၆–၉၁၃ |
| ၂။ သူရိယစန္ဒြား | | |
| ၃၀၆–၃၅၅ | ၃၈၄–၄၃၃ | ၉၁၃–၉၆၂ |
| ၃။ မောလစန္ဒြား | | |
| ၃၅၅–၄၀၃ | ၄၃၃–၄၈၁ | ၉၆၂–၁၀၁၀ |
| ၄။ ပေါလစန္ဒြား | | |
| ၄၀၃–၄၄၉ | ၄၈၁–၅၂၇ | ၁၀၁၀–၁၀၅၆ |
| ၅။ ကာလစန္ဒြား | | |
| ၄၄၉–၄၉၈ | ၅၂၇–၅၇၆ | ၁၀၅၆–၁၁၀၅ |
| ၆။ ကုလစန္ဒြား | | |
| ၄၉၈–၅၁၇ | ၅၇၆–၅၉၅ | ၁၁၀၅–၁၁၂၄ |
| ၇။ သီရိစန္ဒြား | | |
| ၅၁၇–**၂၉ | ၅၉၅–၆၆၇ | ၁၁၂၄–၁၁၉၆ |
| ၈။ သိင်္ဂစန္ဒြား | | |
| **၂၉–၉၅ | ၆၆၇–၇၃၃ | ၁၁၉၆–၁၂၆၂ |
| ၉။ စူဠစန္ဒြား | | |
| ၉၅–၁၃၁ | ၇၃၃–၇၆၉ | ၁၂၆၂–၁၂၉၈ |
| ၁၀။ မြို့အမြတ်တူ(မျိုးခြား) | | |
| ၁၃၁–၁၃၈ | ၇၆၉–၇၇၆ | ၁၂၉၈–၁၃၀၅ |

ခ–ဆပဋ္ဌကိန်းရေပြည့်၍ သီရိစန္ဒြမင်းနှင့် ပုဂံပုပ္ပါးစောရဟန်းမင်းတို့ ဖြိုကြသည်။ ထိုက ကောဇာခုနှစ်ဟူ၍ ယခုထိရေတွက်လာသည်။ မြန်မာအလို ၁၄၈ ကိန်း၊ ဒေါ်ဒေါ်ရသ ၆၂၂ ကိန်း၊ ခ–ဆ–ပဋ္ဌကိန်း သုံးခုကို ပေါင်း၍ အာလမ္ဗိဋ္ဌ (၁၃၃၀)ကိန်းဟု အမည်ပေးထားသည်။

ရခိုင်က ၁၄၈+နဝခဆ+ခဆပဋ္ဌသုံးကိန်းပေါင်း၍ ၁၃၁၇ သာရရှိသဖြင့် ၁၃နှစ် လိုနေသေးသည်။ ထို့ကြောင့် မြန်မာမက

ရခိုင်ထက် ၁၃နှစ် ကြီးနေသည်။ ရခိုင်က ၁၃နှစ် ငယ်နေလျော့နေသည်။ ကွာနေသည်။ သို့ဖြစ်၍ ရခိုင်သာသနာအလိုကို သိလိုလျှင် ၆၀၉+၅၆၀=ကို ပေါင်း၍ရသော (ဓာတုဋ္ဌိကာကကိန်း) ၁၁၆၉နှင့် ရောက်ဆဲကောဇာကို ရောကသိနိုင်၏။

မြန်မာလို ၆၂+၅၆၀=(ဒွေအင္ဂနှင့်ကေကော)၁၁၈၂–တွင်ကောဇာရောက သာသနာနှစ်ကို သိရ၏။

**<u>ပထမမြောက်ဦးမြို့တော်</u>**

**(ပဲဖြူမင်းတစ်ဆက်၊ မြို့သက် ၁၇နှစ်)**

**အေဒီ–၇၇၆ မှ ၇၉၃ ထိ**

၁။ ပဲဖြူမင်း ၁၃၈–၁၅၅ အေဒီ ၇၇၆–၇၉၃
သာသနာ ၁၃၀၅–၁၃၂၂

သျှမ်းမင်းသိုခင်ဖွားကြီး မြောက်ဦးမြို့ကို လာတိုက်သဖြင့် ပဲဖြူမင်း သပိတ်တောင်သို့ ထွက်ပြေးလျက် မြို့တည်နေခြင်းဖြစ်သည်။ ထိုကြောင့် ရခိုင်တွင် မင်းမဲ့တစ်နှစ် (သို့မဟုတ်)ကြားတစ်နှစ် ပြတ်နေသည်ဟုလည်း သုံးနှုန်းပြုကြသည်။

ပဲဖြူမင်း ၁၅၅–၁၅၆ အေဒီ၇၉၃–၇၉၄
ဗုဒ္ဓသာသနာ ၁၃၂၂–၁၃၂၃

**<u>ပထမ စမ္ပဝက်မြို့တော်</u>**

**(မင်းတစ်ဆက်၊ မြို့သက် ၂၄–နှစ်)**

**အေဒီ ၇၉၄မှ ၈၁၈ ထိ**

ငမင်းငတုံး(စောရွှေလူး) ၁၅၆–၁၈၀ အေဒီ၇၉၄–၈၁၈
ဗုဒ္ဓသာသနာ ၁၃၂၃–၁၃၄၇

## ပထမ ပဥ္စာမြို့တော်

(မင်း၁၅–ဆက်၊ မြို့သက် ၂၈၅–နှစ်)

| မင်းအမည် ကောဇာသက္ကရာဇ် | ခရစ်နှစ် | ဗုဒ္ဓသာသနာတော်နှစ် |
|---|---|---|
| ၁။ ခေတ္တာသင် | | |
| ၁၈၀–၁၉၀ | ၈၁၈–၈၂၈ | ၁၃၄၇–၁၃၅၇ |
| ၂။ စန္ဒသင် | | |
| ၁၉၀–၂၀၅ | ၈၂၈–၈၄၃ | ၁၃၅၇–၁၃၇၂ |
| ၃။ မင်းယင်ဖြူ | | |
| ၂၀၅–၂၃၅ | ၈၄၃–၈၇၃ | ၁၃၇၂–၁၄၀၂ |
| ၄။ နာဂသူရိယ | | |
| ၂၃၅–၂၆၆ | ၈၇၃–၉၀၄ | ၁၄၀၂–၁၄၃၃ |
| ၅။ သူရိယရာဇာ | | |
| ၂၆၆–၂၉၈ | ၉၀၄–၉၃၆ | ၁၄၃၃–၁၄၆၅ |
| ၆။ ပုဏ္ဏကာက | | |
| ၂၉၈–၃၃၁ | ၉၃၆–၉၆၉ | ၁၄၆၅–၁၄၉၈ |
| ၇။ မင်းကြီးဖြူ | | |
| ၃၃၁–၃၄၆ | ၉၆၉–၉၈၄ | ၁၄၉၈–၁၅၁၃ |
| ၈။ စည်သဘင်(မျိုးခြား) | | |
| ၃၄၆–၃၄၈ | ၉၈၄–၉၈၆ | ၁၅၁၃–၁၅၁၅ |
| ၉။ မင်းနု | | |
| ၃၄၈–၃၇၆ | ၉၈၆–၁၀၁၄ | ၁၅၁၅–၁၅၄၃ |
| ၁၀။ မင်းလာတော် | | |
| ၃၇၆–၃၉၆ | ၁၀၁၄–၁၀၃၄ | ၁၅၄၃–၁၅၆၃ |
| ၁၁။ မင်းကုလား | | |
| ၃၉၆–၄၂၄ | ၁၀၃၄–၁၀၆၂ | ၁၅၆၃–၁၅၉၁ |
| ၁၂။ မင်းဘီလူး | | |
| ၄၂၄–၄၃၀ | ၁၀၆၂–၁၀၆၈ | ၁၅၉၁–၁၅၉၇ |
| ၁၃။ ဝရောင်းငှက်(သင်္ယာ) | | |
| ၄၃၀–၄၃၈ | ၁၀၆၈–၁၀၇၆ | ၁၅၉၇–၁၆၀၅ |

| | | |
|---|---|---|
| ၁၄။ မင်းဘုန်းသန် | | |
| ၄၃၈–၄၅၂ | ၁၀၇၆–၁၀၉၀ | ၁၆၀၅–၁၆၁၉ |
| ၁၅။ မင်းပတိ | | |
| ၄၅၂–၄၆၅ | ၁၀၉၀–၁၁၀၃ | ၁၆၁၉–၁၆၃၂ |

## (က) ပထမလောင်းကြက်မြို့တော်

**(လကျ်ာမင်းနန် တစ်ဆက်၊ မြို့သက် တစ်နှစ်မစေ့ခဲ့)**

**အေဒီ–၁၁၀၃**

| မင်းအမည် ကောဇာသက္ကရာဇ် | ခရစ်နှစ် | ဗုဒ္ဓသာသနာ တော်နှစ် |
|---|---|---|
| ၁။ လကျ်ာမင်းနန် | | |
| ၄၆၅–၄၇၁ | ၁၁၀၃–၁၁၀၉ | ၁၆၃၂–၁၆၃၈ |
| ၂။ မင်းသီဟ | | |
| ၄၇၁–၄၇၂ | ၁၁၀၉–၁၁၁၀ | ၁၆၃၈–၁၆၃၉ |
| ၃။ ရာဇာကြီး | | |
| ၄၇၂–၄၇၅ | ၁၁၁၀–၁၁၁၃ | ၁၆၃၉–၁၆၄၂ |
| ၄။ သကျဝင်ကြီး | | |
| ၄၇၅–၄၇၇ | ၁၁၁၃–၁၁၁၅ | ၁၆၄၂–၁၆၄၄ |
| ၅။ သကျဝင်ငယ် | | |
| ၄၇၇–၄၈၀ | ၁၁၁၅–၁၁၁၈ | ၁၆၄၄–၁၆၄၇ |
| ၆။ ကောလိယ | | |
| ၄၈၀–၄၈၅ | ၁၁၁၈–၁၁၂၃ | ၁၆၄၇–၁၆၅၂ |
| ၇။ ဒသရာဇာ | | |
| ၄၈၅–၅၀၁ | ၁၁၂၃–၁၁၃၉ | ၁၆၅၂–၁၆၆၈ |
| ၈။ အနန္တသီရိ | | |
| ၅၀၁–၅၀၄ | ၁၁၃၉–၁၁၄၂ | ၁၆၆၈–၁၆၇၁ |

**အထူး။** ။ ပုရိန်မြို့ကို မင်းနန်အစ ကောလိယမင်း အဆုံး (အေဒီ ၁၁၀၃–မှ ၁၁၂၃–ထိ)မြို့သက် အနှစ်(၂၀) ထိကို ပထမ ပုရိန်မြို့အဖြစ် လည်းကောင်း၊ ဒသ

ရာဇာအစ အနန္တသီရိမင်း အဆုံး (အေဒီ–၁၁၂၃မှ ၁၁၄၂–ထိ) မြို့သက်(၁၉) နှစ်ထိကို ဒုတိယပုရိန် မြို့အဖြစ် လည်းကောင်း ရခိုင်ရာဇဝင်သစ်တွင် ခွဲခြား၍ သတ်မှတ်ရေတွက် ထားလေသေး၏။

## ခြိုပ်မြို့တော်

**(မင်း ၃–ဆက်၊ မြို့သက် ၁၂–နှစ်)**

**အေဒီ–၁၁၄၂မှ ၁၁၅၄ထိ**

| မင်းအမည် ကောဇာသက္ကရာဇ် | ခရစ်နှစ် | ဗုဒ္ဓသာသနာ တော်နှစ် |
|---|---|---|
| ၁။ မင်းဖုန်းစား | | |
| ၅၀၄–၅၁၁ | ၁၁၄၂–၁၁၄၉ | ၁၆၇၁–၁၆၇၈ |
| ၂။ ပဥ္စကာလစက် | | |
| ၅၁၁–၅၁၃ | ၁၁၄၉–၁၁၅၁ | ၁၆၇၈–၁၆၈၀ |
| ၃။ ဓနရူပေါ(ကိန္နရုပ်မင်း) | | |
| ၅၁၃–၅၁၆ | ၁၁၅၁–၁၁၅၄ | ၁၆၈၀–၁၆၈၃ |

## ဒုတိယ စမွက်မြို့တော်

**(မင်း ၃–ဆက်၊ မြို့သက် ၁၉–နှစ်)**

**အေဒီ–၁၁၅၄မှ ၁၁၆၃ထိ**

| မင်းအမည် ကောဇာသက္ကရာဇ် | ခရစ်နှစ် | ဗုဒ္ဓသာသနာ တော်နှစ် |
|---|---|---|
| ၁။ ဓနရူပေါ | | |
| ၅၁၆–၅၅၂ | ၁၁၅၄–၁၁၆၀ | ၁၆၈၃–၁၆၈၉ |
| ၂။ စလကၤာဗိုလ်မင်း | | |
| ၅၂၂–၅၂၃ | ၁၁၆၀–၁၁၆၁ | ၁၆၈၉–၁၆၉၀ |
| ၃။ မဥ္ဇူသင်း (တိုင်းချစ်) | | |
| ၅၂၃–၅၂၅ | ၁၁၆၁–၂၂၆၃ | ၁၆၉၀–၁၆၉၂ |

## နေရဥ္စရာတောင်ငူမြို့တော်
**(မင်း ၁၇–ဆက်၊ မြို့သက် ၈၈–နှစ်)**
**အေဒီ–၁၁၆၃ မှ ၁၂၅၁ ထိ**

| မင်းအမည် ကောဇာသက္ကရာဇ် | ခရစ်နှစ် | ဗုဒ္ဓသာသနာတော်နှစ် |
|---|---|---|
| ၁။ မဥ္ဇူသင်း(တိုင်းချစ်) | | |
| ၅၂၅–၅၂၈ | ၁၁၆၃–၁၁၆၆ | ၁၆၉၂–၁၆၉၅ |
| ၂။ ငရမံ | | |
| ၅၂၈–၅၃၀ | ၁၁၆၆–၁၁၆၈ | ၁၆၉၅–၁၆၉၇ |
| ၃။ မင်းပုဂံ | | |
| ၅၃၀–၅၃၂ | ၁၁၆၈–၁၁၇၀ | ၁၆၉၇–၁၆၉၉ |
| ၄။ ငရက္ခိုင် | | |
| ၅၃၂–၅၃၅ | ၁၁၇၀–၁၁၇၃ | ၁၆၉၉–၁၇၀၂ |
| ၅။ မင်းကြုံ | | |
| ၅၃၅–၅၄၇ | ၁၁၇၃–၁၁၈၅ | ၁၇၀၂–၁၇၁၄ |
| ၆။ မင်းဆူ | | |
| ၅၄၇–၅၅၂ | ၁၁၈၅–၁၁၉၀ | ၁၇၁၄–၁၇၁၉ |
| ၇။ ရွှေသင် | | |
| ၅၅၂–၅၅၅ | ၁၁၉၀–၁၁၉၃ | ၁၇၁၉–၁၇၂၂ |
| ၈။ မင်းခေါင်ကြီး | | |
| ၅၅၅–၅၆၁ | ၁၁၉၃–၁၁၉၉ | ၁၇၂၂–၁၇၂၈ |
| ၉။ မင်းခေါင်ငယ် | | |
| ၅၆၁–၅၆၆ | ၁၁၉၉–၁၂၀၄ | ၁၇၂၈–၁၇၃၃ |
| ၁၀။ ကမ္ဘာလောင်ကြီး | | |
| ၅၆၆–၅၇၂ | ၁၂၀၄–၁၂၁၀ | ၁၇၃၃–၁၇၃၉ |
| ၁၁။ ကမ္ဘာလောင်ငယ် | | |
| ၅၇၂–၅၈၂ | ၁၂၁၀–၁၂၂၀ | ၁၇၃၉–၁၇၄၉ |
| ၁၂။ သကျဝင်ကြီး | | |
| ၅၈၂–၅၈၄ | ၁၂၂၀–၁၂၂၂ | ၁၇၄၉–၁၇၅၁ |
| ၁၃။ သကျဝင်ငယ် | | |

| | | |
|---|---|---|
| ၅၈၄–၅၉၄ | ၁၂၂၂–၁၂၃၂ | ၁၇၅၁–၁၇၆၁ |
| ၁၄။ သနပင်ဖြူ | | |
| ၅၉၄–၅၉၇ | ၁၂၃၂–၁၂၃၅ | ၁၇၆၁–၁၇၆၄ |
| ၁၅။ နယ်သိမ်း | | |
| ၅၉၇–၆၀၈ | ၁၂၃၅–၁၂၄၆ | ၁၇၆၄–၁၇၇၅ |
| ၁၆။ ငနှလုံး | | |
| ၆၀၈–၆၁၂ | ၁၂၄၆–၁၂၅၀ | ၁၇၇၅–၁၇၇၉ |
| ၁၇။ အလောမင်ဖြူ | | |
| ၆၁၂–၆၁၃ | ၁၂၅၀–၁၂၅၁ | ၁၇၇၉–၁၇၈၀ |

**အထူး။** ။ အချို့တွင် ဤမြို့တည်သည်ဟု မဆို၊ ခြိုပ်မြို့မှ ပြောင်းပြီးနောက် ဒုတိယပဉ္စာမြို့ကို မဥ္စူသင်းမင်းတည်လျက် ငနှလုံးမင်းထိ မြို့သက်နန်းသက် ရှည်ခဲ့သည်ဟု ဆို၏။

## (ခ) ဒုတိယ လောင်းကြက်မြို့တော်

**(မင်း ၁၇–ဆက်၊ မြို့သက် ၁၇၉–နှစ်)**

**အေဒီ–၁၂၅၁ မှ ၁၄၃၀ထိ**

| **မင်းအမည် ကောဇာသက္ကရာဇ်** | **ခရစ်ပေါ်ပြီးနှစ်** | **ဗုဒ္ဓသာသနာ တော်နှစ်** |
|---|---|---|
| ၁။ အလောမာဖြူ | | |
| ၆၁၃–၆၁၈ | ၁၂၅၁–၁၂၅၆ | ၁၇၈၀–၁၇၈၅ |
| ၂။ ရာဇာသူကြီး | | |
| ၆၁၈–၆၂၀ | ၁၂၅၆–၁၂၅၈ | ၁၇၈၅–၁၇၈၇ |
| ၃။ မင်းစောလူ | | |
| ၆၂၀–၆၂၃ | ၁၂၅၈–၁၂၆၁ | ၁၇၈၇–၁၇၉၀ |
| ၄။ ဥဇနာကြီး | | |
| ၆၂၃–၆၃၁ | ၁၂၆၁–၁၂၆၉ | ၁၇၉၀–၁၇၉၈ |
| ၅။ စောမွန်ကြီး | | |
| ၆၃၁–၆၃၅ | ၁၂၆၉–၁၂၇၃ | ၁၇၉၈–၁၈၀၂ |
| ၆။ နန်းကျကြီး | | |
| ၆၃၅–၆၃၉ | ၁၂၇၃–၁၂၇၇ | ၁၈၀၂–၁၈၀၆ |

| | | | |
|---|---|---|---|
| ၇။ | မင်းဘီလူး | | |
| | ၆၃၉–၆၄၃ | ၁၂၇၇–၁၂၈၁ | ၁၈၀၆–၁၈၁၀ |
| ၈။ | စည်သဘင်အမတ် | | |
| | ၆၄၃–၆၄၅ | ၁၂၈၁–၁၂၈၃ | ၁၈၁၀–၁၈၁၂ |
| ၉။ | မင်းထီး | | |
| | ၆၄၅–၇၅၁ | ၁၂၈၃–၁၃၈၉ | ၁၈၁၂–၁၉၁၈ |
| ၁၀။ | ဥဇနာငယ် | | |
| | ၇၅၁–၇၅၃ | ၁၃၈၉–၁၃၉၁ | ၁၉၁၈–၁၉၂၀ |
| ၁၁။ | သီဝရာဇ် | | |
| | ၇၅၃–၇၅၄ | ၁၃၉၁–၁၃၉၂ | ၁၉၂၀–၁၉၂၁ |
| ၁၂။ | နန်းကျငယ်သိဥ္စည်း | | |
| | ၇၅၄–၇၅၆ | ၁၃၉၂–၁၃၉၄ | ၁၉၂၁–၁၉၂၃ |
| ၁၃။ | + ရာဇသူ | | |
| | ၇၅၆–၇၅၈ | ၁၃၉၄–၁၃၉၆ | ၁၉၂၃–၁၉၂၅ |
| ၁၄။ | စည်သဘင်အမတ် | | |
| | ၇၅၈–၇၅၉ | ၁၃၉၆–၁၃၉၇ | ၁၉၂၅–၁၉၂၆ |
| ၁၅။ | မြင်စည်စားအမတ် | | |
| | ၇၅၉–(၅ လ) | ၁၃၉၇–(၅–လ) | ၁၉၂၆–(၅–လ) |
| ၁၆။ | + ရာဇသူ | | |
| | ၇၅၉–၇၆၃ | ၁၃၉၇–၁၄၀၁ | ၁၉၂၆–၁၉၃၀ |
| ၁၇။ | သိင်္ဂသူ | | |
| | ၇၆၃–၇၆၆ | ၁၄၀၁–၁၄၀၄ | ၁၉၃၀–၁၉၃၃ |
| ၁၈။ | *မင်းစောမွန်(ပ) | | |
| | ၇၆၆–၇၆၈ | ၁၄၀၄–၁၄၀၆ | ၁၉၃၃–၁၉၃၅ |
| | ပြူ–မွန် လက်အောက် | | |
| | ၇၆၈–၇၉၀ | ၁၄၀၆–၁၄၂၈ | ၁၉၃၅–၁၉၅၇ |
| ၁၉။ | *မင်းစောမွန်(ဒု) | | |
| | ၇၉၀–၇၉၂ | ၁၄၂၈–၁၄၃၀ | ၁၉၅၇–၁၉၅၉ |

## ဒုတိယမြောက်ဦးမြို့တော်

**(မင်း ၄၈–ဆက်၊ မြို့သက် ၃၅၄–နှစ်)**

**ကောဇာ–၇၉၂–မှ ၁၁၄၆**

**(အေဒီ–၁၄၃၈ မှ ၁၇၈၄ထိ)**

**မင်းအမည်** **ခရစ်ပေါ်ပြီးနှစ်** **ဗုဒ္ဓသာသနာ**
**ကောဇာသက္ကရာဇ်** **တော်နှစ်**

၁။ မင်းစောမွန် (နရမိတ်လှ)
(သျှူမယွန်)
၇၉၂–၇၉၅ ၁၄၃၀–၁၄၃၃ ၁၉၇၉–၁၉၆၂

၂။ မင်းခရီ (နရနု)
(အာလီခင်)
၇၉၅–၈၂၀ ၁၄၃၃–၁၄၅၈ ၁၉၆၂–၁၉၈၇

၃။ ဘစောဖြူ (ကာလမသျှာရ်)
၈၂၀–၈၄၃ ၁၄၅၈–၁၄၈၁ ၁၉၈၇–၂၀၁၀

၄။ ဒေါလျှာ(မောက်ခုသျှာ)
၈၄၃–၈၅၃ ၁၄၈၁–၁၄၉၁ ၂၀၁၀–၂၀၂၀

၅။ ဘစောညို
(မဟာသျှောက်သျှိသျှာရ်)
၈၅၃–၈၅၅ ၁၄၉၁–၁၄၉၃ ၂၀၂၀–၂၀၂၂

၆။ မင်းရန်အောင်
(နော်ဖံသျှာရ်)
၈၅၅–(၆–လ) ၁၄၉၃–(၆–လ) ၂၀၂၂–(၆–လ)

၇။ စလင်္ကာသူ(သိင်္ကသူ)
(စက်ခေါ်တော်သျှာရ်)
(ဒေါ်လာသျှာရ်)
၈၅၅–၈၆၂ ၁၄၉၃–၁၅၀၀ ၂၀၂၂–၂၀၂၉

၈။ မင်းရာဇာ (အာလီသျှာရ်)
၈၆၂–၈၈၄ ၁၅၀၀–၁၅၂၂ ၂၀၂၉–၂၀၅၁

၉။ ဂဇပတိ(သီရိသူ)
၈၈၄–၈၈၆ ၁၅၂၂–၁၅၂၄ ၂၀၅၁–၂၀၅၃

၁၀။ မင်းစောအို(စလက္ကာ)

၈၈၆–၈၈၇ ၁၅၂၄–၁၅၂၅ ၂၀၅၃–၂၀၅၄

၁၁။ သဇာတာ(အလာသျှင်ရှိ)

၈၈၇–၈၉၃ ၁၅၂၅–၁၅၃၁ ၂၀၅၄–၂၀၆၀

၁၂။ မင်းဗာကြီး

(စောက်ဘောက်သျှာ)

(ပေါ်ခေါ်သျှာ)

၈၉၃–၉၁၅ ၁၅၃၁–၁၅၃၃ ၂၀၆၀–၂၀၈၂

၁၃။ မင်းတိက္ခ(ဒီဃ)

၉၁၅–၉၁၈ ၁၅၃၃–၁၅၅၆ ၂၀၈၂–၂၀၈၅

၁၄။ မင်းစောလှ

၉၁၈–၉၂၆ ၁၅၅၆–၁၅၆၄ ၂၀၈၅–၂၀၉၃

၁၅။ စကြာဝတေး

၉၂၆–၉၃၃ ၁၅၆၄–၁၅၇၁ ၂၀၉၃–၂၁၀၀

၁၆။ မင်းဖလောင်း

(သျှောက်ကျိန္ဒာသျှာလ်)

(ဆောလိမ်သျှာ)

၉၃၃–၉၅၄ ၁၅၇၁–၁၅၉၃ ၂၁၀၀–၂၁၂၂

၁၇။ မင်းရာဇာကြီး

(သျှီလိန်သျှာ)(ဆောလိမ်သျှာ)

၉၅၅–၉၇၃ ၁၅၉၃–၁၆၁၂ ၂၁၂၂–၂၁၄၁

၁၈။ မင်းခမောင်း

(ဥသျှောင်သျှာလ်)

(ဟူဆိမ်သျှာလ်)

၉၇၃–၉၈၄ ၁၆၁၂–၁၆၂၂ ၂၁၄၁–၂၁၅၁

၁၉။ သီရိသုဓမ္မရာဇာ(မင်းဟာရီ)

၉၈၄–၁၀၀၀ ၁၆၂၂–၁၆၃၈ ၂၁၅၁–၂၁၆၇

၂၀။ မင်းစနေ

၁၀၀၀(၂၈ရက်) ၁၆၃၈(၂၈ရက်) ၂၁၆၇(၂၈ရက်)

၂၁။ နရပတိကြီး (ကုသလ)

| | | |
|---|---|---|
| ၁၀၀၀–၁၀၀၇ | ၁၆၃၈–၁၆၄၅ | ၂၁၆၇–၂၁၇၄ |

၂၂။ သတိုးမင်းတရား

| | | |
|---|---|---|
| ၁၀၀၇–၁၀၁၄ | ၁၆၄၅–၁၆၅၂ | ၂၁၇၄–၂၁၈၁ |

၂၃။ စန္ဒသုဓမ္မရာဇာ

| | | |
|---|---|---|
| ၁၀၁၄–၁၀၃၆ | ၁၆၅၂–၁၆၇၄ | ၂၁၈၁–၂၂၀၃ |

၂၄။ ဥဂ္ဂါဗလသုဓမ္မရာဇာ

| | | |
|---|---|---|
| ၁၀၃၆–၁၀၄၇ | ၁၆၇၄–၁၆၈၅ | ၂၂၀၃–၂၂၁၄ |

၂၅။ ဝရဓမ္မရာဇာ

| | | |
|---|---|---|
| ၁၀၄၇–၁၀၅၄ | ၁၆၈၅–၁၆၉၂ | ၂၂၁၄–၂၂၂၁ |

၂၆။ မဏိသုခဓမ္မရာဇာ

| | | |
|---|---|---|
| ၁၀၅၄–၁၀၅၆ | ၁၆၉၂–၁၆၉၄ | ၂၂၂၁–၂၂၂၃ |

၂၇။ စန္ဒသူရိယဓမ္မရာဇာ

| | | |
|---|---|---|
| ၁၀၅၆–၁၀၅၈ | ၁၆၉၄–၁၆၉၆ | ၂၂၂၃–၂၂၂၅ |

၂၈။ တုောံနော်ရထာ
(နော်ရထာစော)

| | | |
|---|---|---|
| ၁၀၅၈–၃၇ရက် | ၁၆၉၆–၃၇ရက် | ၂၂၂၅–၃၇ရက် |

၂၉။ မာရုပ္ပိယ

| | | |
|---|---|---|
| ၁၀၅၈–၁၀၅၉ | ၁၆၉၆–၁၆၉၇ | ၂၂၂၅–၂၂၂၆ |

၃၀။ ကာလမဏ္ဍပ်

| | | |
|---|---|---|
| ၁၀၅၉–၁၀၆၀ | ၁၆၉၇–၁၆၉၈ | ၂၂၂၆–၂၂၂၇ |

၃၁။ နရာဓိပတိ(ရွှေစော)

| | | |
|---|---|---|
| ၁၀၆၀–၁၀၆၂ | ၁၆၉၈–၁၇၀၀ | ၂၂၂၇–၂၂၂၉ |

၃၂။ စန္ဒဝိမလ

| | | |
|---|---|---|
| ၁၀၆၂–၁၀၆၈ | ၁၇၀၀–၁၇၀၆ | ၂၂၂၉–၂၂၃၅ |

၃၃။ စန္ဒသူရိယ(သတိုးလှ)

| | | |
|---|---|---|
| ၁၀၆၈–၁၀၇၂ | ၁၇၀၆–၁၇၁၀ | ၂၂၃၅–၂၂၃၉ |

၃၄။ စန္ဒဝိဇယ(တန္တပိုလ်)

| | | |
|---|---|---|
| ၁၀၇၂–၁၀၉၃ | ၁၇၁၀–၁၇၃၁ | ၂၂၃၉–၂၂၆၀ |

၃၅။ စန္ဒသူရိယ(သာမ)

| | | |
|---|---|---|
| ၁၀၉၃–၁၀၉၆ | ၁၇၃၁–၁၇၃၄ | ၂၂၆၀–၂၂၆၃ |

၃၆။ နရာဓိပတိ

| | | |
|---|---|---|
| ၁၀၉၆–၁၀၉၇ | ၁၇၃၄–၁၇၃၅ | ၂၂၆၃–၂၂၆၄ |

၃၇။ နရပဝရရာဇာ

| | | |
|---|---|---|
| ၁၀၉၇–၁၀၉၉ | ၁၇၃၅–၁၇၃၇ | ၂၂၆၄–၂၂၆၆ |

၃၈။ စန္ဒဝိဇလ

| | | |
|---|---|---|
| ၁၀၉၉–၈လ | ၁၇၃၇–၈လ | ၂၂၆၆–၈လ |

၃၉။ ကာလာသူရတန်
(ကတျာမင်း)

| | | |
|---|---|---|
| ၁၀၉၉–၃ရက် | ၁၇၃၇–၃ရက် | ၂၂၆၆–၃ရက် |

၄၀။ မဟာရာဇ်(မဒရာဇ်ရာဇာ)

| | | |
|---|---|---|
| ၁၀၉၉–၁၁၀၄ | ၁၇၃၇–၁၇၄၂ | ၂၂၆၆–၂၂၇၁ |

၄၁။ နရအဘယ

| | | |
|---|---|---|
| ၁၁၀၄–၁၁၂၃ | ၁၇၄၂–၁၇၆၁ | ၂၂၇၁–၂၂၉၀ |

၄၂။ သီရိသုဓမ္မ

| | | |
|---|---|---|
| ၁၁၂၃–၃လ | ၁၇၆၁–၃လ | ၂၂၉၀–၃လ |

၄၃။ စန္ဒပရမ

| | | |
|---|---|---|
| ၁၁၂၃–၁၁၂၆ | ၁၇၆၁–၁၇၆၄ | ၂၂၉၀–၂၂၉၃ |

၄၄။ အဘယမဟာရာဇာ

| | | |
|---|---|---|
| ၁၁၂၆–၁၁၃၅ | ၁၇၆၄–၁၇၇၃ | ၂၂၉၃–၂၃၀၂ |

၄၅။ စန္ဒသုမနရာဇာ

| | | |
|---|---|---|
| ၁၁၃၅–၁၁၃၉ | ၁၇၇၃–၁၇၇၇ | ၂၃၀၂–၂၃၀၆ |

၄၆။ စန္ဒဝိမလ

| | | |
|---|---|---|
| ၁၁၃၉–၄၀ရက် | ၁၇၇၇–၄၀ရက် | ၂၃၀၆–၄၀ရက် |

၄၇။ စန္ဒသဒိဿရာဇာ

| | | |
|---|---|---|
| ၁၁၃၉–၁၁၄၄ | ၁၇၇၇–၁၇၈၂ | ၂၃၀၆–၂၃၁၁ |

၄၈။ သမ္မတရာဇာ

| | | |
|---|---|---|
| ၁၁၄၄–၁၁၄၆ | ၁၇၈၂–၁၇၈၄ | ၂၃၁၁–၂၃၁၃ |

ရခိုင်ရာဇဝင်သစ်တွင် မင်းစောမွန်မှ မင်းခေါင်ရာဇဝင်ထိ ၁၂–ဆက်ကို ဒုတိယမြောက်ဦးဟု လည်းကောင်း၊ မင်းပင်ကြီးမှာ သမ္မတထိ ၃၇–ဆက်ကို တတိယမြောက်ဦးဟုလည်းကောင်း

ခွဲစိတ်ပိုင်းခြားထားသေးသည်။

**မြန်မာမင်း လက်အောက်ခံ**

**(မြို့ဝန် ၉-ဆက်၊ ၄ဝ-နှစ်)**

**အေဒီ-၁၇၈၄ မှ ၁၈၂၄ ထိ**

မြို့ဝန် ၉-ယောက်

၁၁၄၆-၁၁၈၆ ၁၇၉၄-၁၈၂၄ ၂၃၁၃-၂၃၅၃

**ကိုလိုနီ လက်အောက်ခံ**

**အေဒီ-၁၈၂၄ မှ ၁၉၄၈ထိ**

(၁၉၄၂-၄၅ထိ ဂျပန်ခေတ်)

အင်္ဂလိပ်မင်းကြီး ၁ဝ၇-ဆက်၊ ၁၂၁-နှစ်။

ဂျပန် ၃-နှစ်၊ (၁၂၄-နှစ်)

**လွတ်လပ်ရေးရ**

၁၃ဝ၉-ခု၊ ပြာသိုလပြည့်ကျော် (၉)ရက်၊ တနင်္ဂနွေနေ့၊ ၁၉၄၈-ခု ဇန်နဝါရီလ(၄)ရက်၊ နံနက် ၄နာရီ ၂ဝမိနစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရခေတ်သို့ ရောက်လေသည်။

***ဦးစက္ကိန္ဒ***

***၂ဝ-၁၂-၆၇ နေ့။***

# &ci tm&uEi tw*Sw

ရခိုင်သမိုင်းဦး မျိုးဆက်နှင့်ပတ်သက်၍ ရေးရာဇဝင်ကျမ်းများတွင်လည်း တစ်ကျမ်းတစ်မျိုး ကွဲလွဲရှိနေကြဘိသကဲ့သို့ ခေတ်သမိုင်းသုတေသီများ အနေဖြင့်လည်း အမျိုးမျိုးယူဆကွဲလွဲနေကြသည်ကား အထင်အရှားပင်တည်း။

ယင်းသို့ရခိုင်သမိုင်းဦးကာလမှာ နှစ်ပရိစ္ဆေဒအားဖြင့် ရာစုနှစ်များစွာရှိပြီးဖြစ်၍ တိကျသေချာရန် မလွယ်ကူခြင်း၊ သာမန်ခန့်မှန်း၍ ဆုံးဖြတ်ရန်မလွယ်ကူခြင်းကြောင့်လည်း ဖြစ်လေသည်။

ယင်းရခိုင်သမိုင်းဦးကာလကို မဆိုထားဘိ ရခိုင်ပြည်အား အင်္ဂလိပ်ဗြိတိသျှတို့အခေါ် အာရကံ(ARakan)နှင့် အတ်ဂျတ် (Akyab) ဟူသည့် ခေါ်ဝေါ်ခြင်းကိုပင် အမျိုးမျိုးအဖုံဖုံ ယူဆလာခဲ့ကြပါသည်။

အာရကံအခေါ် ယူဆချက်သဘောဖျပွတ်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

အကျဉ်းချုံး၍ ဖော်ပြပါအံ့။

(၁) ရခိုင်တွင် အင်ဒိုအရိယန်များ နေထိုင်ခဲ့သော ဒေသတစ်ခုဖြစ်၍ ယင်းမျိုးဆက် အင်ဒိုအရိယန်မှ အင်ဒိုရိယံ၊ ထိုမှတစ်စတစ်စ အာရကံဟု ခေါ်လာခြင်း ဖြစ်သည်ဟူ၏။

(၂) အိန္ဒိယနိုင်ငံ(ယခု ဘင်္ဂလားဒေ့ရှ်)တွင် နေထိုင်ဖူးကြသော ရဟန်းတော်အချို့နှင့် လူပုဂ္ဂိုလ်တချို့ထံမှ သိရှိရချက်အရ

ဆိုလျှင် အင်္ဂလိပ်တို့သည် ရခိုင်သို့စတင် ဝင်ရောက်ခဲ့စဉ်က စစ်တပ်တို့တွင် ပါရှိလာသော ဘင်္ဂလားနယ်သား ဘင်္ဂါလီတို့ ကို ရခိုင်ပြည်အကြောင်းကို မေးမြန်းခဲ့လေသည်။ ၎င်းတို့က စစ်တကောင်းနယ်မှာ စာရကင်(ဘင်္ဂလီစကားဖြင့် လေးပုံကို ခေါ်သည်) ရှိသည်။ ရခိုင်ဒေသမှာ အာရကင် (ဘင်္ဂလီစကား ဖြင့် နှစ်ပုံခွဲကို ခေါ်သည်)ရှိသည်။ ယင်းတို့၏ဒေသပမာဏ ရှိခြင်းစကားအရ အာရကင်ဟု တွင်လာရသည် ဆို၏။

(၃) တချို့အနေဖြင့် မှန်းဆပြောကြသည်မှာ အိန္ဒိယလူမျိုးတို့ စကားပြောရာတွင် (A) ''အေ'' ''အ''သံ တစ်လုံးစီပို၍ ပြောလေ့ရှိသည် ဆို၏။ ဥပမာ–အင်္ဂလိပ်စကားဖြင့် စာသင် ကျောင်း (စကူးလ်)ကို အေစကူး၊ အစကူးလ် ဟူ၍ လည်း ကောင်း၊ အထူးစပါရှယ်ဆိုသည်ကို အစပါယ်ရှယ်ဟု လည်း ကောင်း ပြောဆိုလေသည်။ ထိုကဲ့သို့ ''ရခိုင်'' ဟူသည်ကို အိန္ဒိယလေသံဖြင့် ရခိုင်အစား ''ရခန်'' ဟု ပြောဆိုနိုင်မည် ဖြစ်၍ ထို ''ရခန်'' တွင် အ–တစ်လုံး အ–သံပိုစွက်ပေးခြင်း ဖြင့် အရခန်ဟု ဆိုခြင်းကို အင်္ဂလိပ်တို့က အာရကံဟု ခေါ်ဆို မှု ဖြစ်လာနိုင်လေရာသည်ဟု ခန့်မှန်းခဲ့ကြလေသည်။

(၄) ဘင်္ဂါလီလူမျိုးအချို့က သူတို့လိုအပ်ဘက် ဆွဲဆောင်၍ အာ ရေဗျ ရာဇဝင်ဆရာကြီး အိဗ်ဗ်)နာဗတူတာ (Ibh Btuta) ဆိုသူက ရခိုင်ပြည်ကို အာရေဗျစကားဖြစ်သော စည်းကမ်း သေဝပ်ခြင်း အာရိကွင်ဆိုသော စကားအရ(Arcon)အာကန်မှ အာရကံဟု အဆင့်ဆင့်အသံပြောင်း ခေါ်လာခြင်း ဖြစ်သည် ဟု ဆို၏။

(၅) သမိုင်းသုတေသီတချို့က ခရစ်အေဒီ တစ်ရာစုခန့်မှစ၍ ရခိုင် ဒေသများ အကြောင်းကို ခေါ်မတိုင်းသားများ မှတ်တမ်းပါ ဂင်္ဂါမြစ်အလွန်ရှိ (ခရိုင်ဇီ=ရွှေမြေ)နှင့် အာရ်ဂျရေ=ငွေမြေ) ကျွန်းများရှိကြောင်း ဆိုသော ခရစ်အေဒီ ၁၅၉ခန့်က ရေးခဲ့ သည်ဟု ယူဆရှိကြသည်။ ထိုတွင် အာရ်ဂျရေဒေသမှ တရွေ့ရွေ့အာရ်ကံဟု အသံပြောင်းလာခြင်း ဖြစ်သည်ဟု ဆိုပါသည်။

(၆) ထပ်လောင်း၍ တင်ပြရမည်ဆိုလျှင် ဖော်ပြပါတော်လမီ ပထဝီကျမ်းသည် ဒေသများကို သုတေသနပြုရာ၌အကောင်းဆုံးဟု သုတေသီများက ဆိုကြသည်။

၁၉၅၀–ခုနှစ်က ဂရိသင်္ဘောတစ်စင်းမှ သင်္ဘောအရာရှိတစ်ဦးက စာအုပ်တစ်အုပ်ကို ဖတ်ပြခဲ့လေသည်။ ဂရိဘာသာဖြင့်ရေးသားသည့် ''ထူးဆန်းသော ရှေးခေတ်အတတ်ပညာများ'' အမ ည်ရှိ စာအုပ်ဖြစ်သည်။ ယင်းစာအုပ်မှ မှတ်စုအနည်းငယ်ကို ၎င်းက အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပေးခဲ့လေသည်။

မူရင်းမှတ်တမ်းရေးသူမှာ ခရစ်၁၆၂၉ခုနှစ်၊ မြောက်ဦးမြို့တွင် ရခိုင်သီရိဓမ္မရာဇာမင်းလက်ထက် ဆိပ်ကမ်းအုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သော ဂရိလူမျိုး (Elexzendro Defrir) အီလက်ဇန္ဒရို ဒီဖေယာ ဆိုသူဖြစ်သည်။ ထိုမှတ်တမ်းကို အခြေခံ၍ ဂရိစာပေရှင် (Dulux) ဒူးလက်ဆိုသူက ခရစ်၁၈၆၉–ခုနှစ်တွင် တစ်ဖန်စာအုပ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ကို တစ်ဖန် ၁၉၃၆ခုနှစ်က စာပေပညာရှင်တစ်ဦးက (၆)ကြိမ်မြောက် ပြန်လည်ရိုက်နှိပ်ခြင်း ဖြစ်သည်။

ထို(၆)ကြိမ်မြောက် ထုတ်ဝေသော စာအုပ်တွင် မူရင်းအီလက်ဇန္ဒရိုဒီဖေယာ မှတ်တမ်းတွင် ရခိုင်၌ အဂ္ဂိယလုပ်ငန်းကို ဖော်ပြထားသည်။ အဂ္ဂိနိ (Auetginee) အဂ္ဂိနိ (Annigt) ဟူ၍ ရေးထုံးပါရှိသည်။ ရခိုင်ကိုယ်တိုင်ဟူ၍ ခေါ်ထားသည်။ ထုတ်ဝေခဲ့သူ ဒူးလက်က ရခိုင်ကို ဗြိတိသျှတို့ ကိုလိုနီပြုခဲ့စဉ် ရခိုင်ကို အာရကံဟု ခေါ်ကြခြင်းမှာ ရှေးပထဝီကျမ်းများတွင် ယင်းဒေသကို အာဂီရ (Argira) ဟု ခေါ်တွင်ပြီး တိုင်းပြည်သားကို (Argirion) အာဂိရိယံဟု ခေါ်တွင်ခြင်းအရ အာရကံဟု ခေါ်ဆိုကြခြင်း ဖြစ်ပေလိမ့်မည်ဟု ရေးသားခဲ့လေသည်။ အာဂိရိယံနှင့် အာရကံမှာ အသံချင်းတူရိပ် ရှိပါသည်။

(၇) နောက်တစ်ခု စဉ်းစားစရာရှိသည်ကား ရခိုင်တွင် အိန္ဒိယ ဒေသအမည်များနှင့် ဆင်တူမှည့်ခေါ်ထားချက်များ တွေ့ရသည်။ အလ္လကပ္ပတိုင်း (စိမ်းလန်းစိုပြည်ရာဌာန) အမည်သည် ယခု အရကာပုရ်ဟူ၍ ခေါ်တွင်လျက် ရှိ၏။ ဗီဟာနယ်မြောက်ပိုင်း

ရှိ မဂဓပြည်တစ်ခုပင်တည်း၊ အလ္လကပ္ပပူရမှ အာရကပူရ်ဖြစ်လာသဖြင့် ထိုအာရကပူရ်မှလူများ ဝင်ရောက်လာမှုကြောင့် (စောလတိုင်းကို စူလစတနခေါ်သကဲ့သို့ ကုလားတန်မြစ်သည် စူလစတန်မှ ရွေ့ပြောင်းဝေါဟာရ ဖြစ်သည်ဟု ယူဆချက်အတိုင်း) အာရကပူရ်မှ အာရကန်အမည်ခံယူနိုင်စရာ ရှိလေသည်။

ယင်းအထက်ဖော်ပြပါ အင်ဒိုရိယံ၊ အာရကင် အာရကံ၊ အာရှင်၊ အာဂျရေ၊ အာဂိရိယံ၊ အာရကပူရ် ဆိုသော စကားသံများနှင့် အာရကံဟူသော လေသံမှ တူလိုရိပ်ရှိကြသော အသံများပင် ဖြစ်ပါသည်။

ထို့ပြင် စစ်တွေမြို့အား အတ်ဂျတ် (akyab)ဟု ခေါ်တွင်လာခဲ့ရခြင်းကိုလည်း စိစစ်ကြည့်ရာ ကြောင်းရပ်တစ်မျိုးမျိုး ဖြစ်နေသည်။

အင်္ဂလိပ်တို့သည် စစ်တွေမြို့ကို မတည်မီ ကြက်ကိုင်းတန်တွင် ရေ့ပြေးယာယီစစ်စခန်း ချထားခဲ့သည်။ ထိုစဉ် ၎င်းတို့ ဓလေ့အရ ပင်လယ်လေညင်းခံရန် စစ်တွေမြို့တည်မည့် ပင်လယ်ဆိပ်ကမ်းသို့ သွားလေ့ရှိကြသည်။ တစ်နေ့သ၌ မြို့တော်ဝန်ရော်ဘာဆန် (Robberson) သည် ကုလားကလေးတစ်ယောက်နှင့် ထွက်လာကြရာ လမ်းတွင် တွေ့ရှိသော ရွာကလေးတစ်ရွာအမည်ကို မေးမြန်းသည်တွင် ''အာဂျပ်ရွာ'' ဟု ဖြေကြားခဲ့သည်ဆို၏။

(၁) ဤသည်နှင့်ပတ်သက်၍ တချို့အနေဖြင့် ထိုကုန်းတွင် ဘုရားသခင်၏ အံတော်၊ ဓာတ်တော်တို့ ကိန်းဝပ်ရှိသည်။ ထို့ကြောင့် ထိုတောင်ကုန်းကို အံကျိန်းတော်ကုန်းဟု ခေါ်ဆို သဖြင့် ထိုကုန်းကို အစွဲပြုပြီး ထိုရွာကိုလည်း အံကျိန်းရွာဟု တွင်ခဲ့သည် ဆို၏။

(၂) တစ်ချိန်က ထိုနေရာတွင် အာဂျပ်မြို့ တည်ရှိခဲ့သဖြင့် အာဂျပ်ရွာဟူ၍ ခေါ်သည်ဟု တစ်မျိုးကြားသိရပါသည်။ရခိုင်မင်းသမီးအမည်များတွင် အာကျာ(အာကျပ်)မင်းသမီး ဟူ၍ အမည်ရှိကြောင်း ရခိုင်ရာဇဝင်၌ တွေ့ရသည်။ *စစ်တွေမြို့ ရွှေစေတီဆရာတော်၏ မဟာမုနိလင်္ကာနိဂုံးတွင် ''အာဂျတ်

တော်ဓာတ်၊ စွဲအမှတ်ဖြင့်၊ တွင်လတ်တစ်ပါး၊ လူမျိုးခြားတို့၊ ခေါ်ငြားများစွာ၊ ခုကမ္ဘာ၌၊ သညာအပ်ကျပ်၊ မြို့အရပ်'' ဟု တွေ့ရပါသည်။

ယခုထိုကုန်းကို အာကျိတ်တော်ကုန်းဟု ခေါ်ဆိုနေကြပြန်ပါသည်။ ရခိုင်ရာဇဝင်ကျမ်းများ၌ မင်းတည်မြို့များထဲတွင် လည်းကောင်း၊ ဂစ္ဆပနဒီ လက်ယာ(၉၉)မြို့၊ လက်ဝဲ(၉၉)မြို့တွင် လည်းကောင်း အာကျတ်မြို့ဟူ၍ မတွေ့ရှိပေ။

ဓာတ်တော် မွေတော်များ အံတော်ဓာတ်များ ကိန်းဝပ်တော်မူသည့် ကုန်းတော်ကို အစွဲပြုပြီး အံကျန်းရွာမှ တစ်ဆင့် အာကျပ်ဟု အသံပြောင်းသွားသည်ဟု ယူဆမိပါသည်။ သို့မဟုတ် အံကျိန်းကို အင်္ဂလိပ်မြို့ဝန်၏ နားတွင်နားကြားလွဲ၍သော် လည်းကောင်း၊ စကားသံပီသအောင် မပြောတတ်၍ လည်းကောင်း အတ်ကျတ် (Akyab) ဟုခေါ်တွင်ဟန် ရှိပါသည်။

စစ်တွေမြို့ဟု ခေါ်တွင်သည်မှာလည်း တချို့အနေဖြင့် ပြင်ပမှ စစ်တပ်တွေလာလျှင် ထိုကျွန်းမှ ကုန်းတပ်၊ ရေတပ်တွေ စုလျက် အင်းပေါက်ဝကဆီး၍ မနိုင် နိုင်အောင် တွယ်ချသည်ကို အစွဲပြုပြီး စစ်တွေဟူ၍ ခေါ်တွင်သည်ဆို၏။ တချို့အနေဖြင့် စစ်တပ်တွေ အမြဲတမ်းစတည်းချထားသဖြင့် စစ်တဲမှစစ်တည်၊ ထိုမှ စစ်တွေဟု ခေါ်လာသည်ဟု ဆိုပါသည်။

မဟာမုနိလင်္ကာတွင် ရွှေစေတီဆရာတော်ကြီး ဦးတေဇာရာမအသျှင်က ...''ဂုဏ်အင်မချို့၊ မြောက်ဦးမြို့ကို၊ သူတို့စွန့်ပယ်၊ မြစ်ပင်လယ်၏၊ ကမ်းခြေသာ၌၊ ဂစ္ဆပဟု၊ တွင်သနဒီ၊ အဝမှီလျက်၊ တဲမှီစခန်း၊ စစ်တဲကျွန်း၌၊ ခန်းခန်းကြီးကျယ်၊ မြို့ကြီးတည်၍၊ စစ်တွေတွင်ခေါ်၊ ယခုသော်ကား''ဟု တွေ့ရသဖြင့် ဤစစ်တဲကျွန်းဟူသော စကားစပ်ဆိုထားခဲ့ဟန် တူပါသည်။ ဦးတိက္ခိန္ဒြိယ၏ သမုပ္ပါဒနိရောဓကျမ်းနိဂုံး၌ သေနဗန္ဓနနာဂရ (စစ်သည်များ နှောင်ဖွဲ့ရာမြို့)ဟူ၍ စစ်တွေမြို့ကို ပါဠိဖြင့် သုံးထားခဲ့သည်။

ရခိုင်ရာဇဝင်အရပ်ရပ်ကို စိစစ်ရာတွင်–

၁။ အေဒီ ၁၂၄၄–၁၂၄၈ နေလုံးမင်းလက်ထက် (လောင်းကြက်

ခေတ်)ကုလားနှင့်သက်တို့ ဆိုးသွမ်းကြ၍ ပြည်စိုးကြီးဓမ္မဇေယျ နှင့် အမတ်ကြီးဆင်ကဲကြီးတို့ကို တိုက်ခိုက်စေရာ သက်နှင့် ကုလားတို့ အရေးနိမ့်၍ ကုလားမင်းသားကို ဖမ်းမိခဲ့သဖြင့် ဒဏ်ရာရခဲ့သည်များကို ဆေးဝါးကုသပေးပြီး စစ်တွေကျွန်း တွင် ပို့ထားသည်ဟူ၍ လည်းကောင်း။

၂။ သက္ကရာဇ် ၈၉၄၊ ခရစ် ၁၅၃၂၊ မင်းပင်ကြီးဘုရင်သည် မဂိုဘုရင် ဟူမယွန်အား တိုက်ခိုက်ရန် ချီတက်သော စစ် ကြောင်းများတွင် စစ်ကြောင်း(၂) မယူမြစ်ဝမှ ပင်လယ် ကြောင်းချီတက်ရာတွင် သိုင်းတပ်သူရဲ တစ်သောင်းကို စစ် တွေစားက ဗိုလ်ပြုသည်ဟူ၍ လည်းကောင်း။

၃။ သက္ကရာဇ်–၁၀၇၂၊ ခရစ်–၁၇၁၀၊ စန္ဒဝိဇယရာဇမင်း လက်ထက် သွေးသားမမှန်သော မဂိုသွေးပါ ကိုယ်ရံတော် တပ်သားများအား ရမ်းပြည့်နှင့် စစ်တွေကျွန်းသို့ လျှိုပို့ခဲ့ သည်ဟူ၍ လည်းကောင်း။

၄။ သက္ကရာဇ်–၁၁၃၅၊ ခရစ်အေဒီ–၁၇၇၄၊ အဘယမဟာရာဇာ မင်းလက်ထက် ဒါးပိုင်ကြီးသောက်ကြယ်သည် စစ်တွေကု လားတို့ကို ဆုပေးကာ များစွာသောရဲမက်အပေါင်းစု၍ ဦးရစ် တောင်တွင် တပ်ချလျက် သက္ကရာဇ်–၁၁၃၅၊ တပို့တွဲလဆန်း ၆–ရက်နေ့ မြောက်ဦးမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟူ၍ လည်းကောင်း။

၅။ သက္ကရာဇ်–၁၁၃၇၊ အေဒီ–၁၇၇၆၊ စန္ဒသုမနရာဇာမင်း လက်ထက် စစ်တွေကုလားတို့သည် သားမယားတို့ကို အနောက်ပင်းဝါ (Ramu) သို့ ပို့၍ မြောက်ဦးမြို့သို့ စုရုံးချီလာ သည်ဟူ၍ လည်းကောင်း။

၆။ သက္ကရာဇ်–၁၁၄၂၊ အေဒီ–၁၇၈၁၊ စန္ဒသတိဿရာဇာမင်း လက်ထက် တပို့တွဲလတွင် ငရွှေစာသည် ရွှေခွန်ဝန် သူရဲ တို့ကိုဆိုပေး၍ ကုလားသူရဲများနှင့် စစ်တွေအရပ်က သောင်း ကျန်းပြန်လေသည် ဟူ၍လည်းကောင်း တွေ့ရှိရချက်များ အရ–

ထိုစစ်တွေမြို့ မတည်မီကပင် စစ်တွေမြို့တည်သော ကျွန်း

ကို စစ်တွေကျွန်းဟု ခေါ်ပြီး ထိုကျွန်းတွင် မြို့တည်လာသဖြင့် စစ်တွေမြို့ဟု ခေါ်တွင်လာခြင်းပင် ဖြစ်ဟန်တူပါသည်။ မြန်မာ စွယ်စုံကျမ်း စတုတ္ထတွဲ စာမျက်နှာ–၁၆တွင် အာကျတ် (Akyab) မြို့ကို ခရစ်–၁၈၂၆ မှာ တည်ခဲ့သည်ဆို၏။

ဥုပ်–ဩ–ရှင်သည် စစ်တွေတည်ဟုဆိုရာ တွက်စစ်ခြင်း အားဖြင့် ကောဇာ ၁၈၈၆ခုနှစ် ဖြစ်နေသည်။ သို့နှင့် ခရစ်နှစ် အလိုအားဖြင့် လည်းကောင်း၊ ကောဇာသက္ကရာဇ်အရလည်း ကောင်း တူညီနေပါသည်။ ဒေးဝန်းကြီးအောင်ကျော်ရှိ၏ မြန်မာ ချီရတုတွင်ကား ကောဇာ ၁၁၈၇–ခုနှစ်၊ ခရစ် ၁၈၂၆–ခုနှစ်တွင် စစ်တွေမြို့တည်ရန် နေရာသတ်မှတ်ခဲ့သည်ဟု ဆိုပါ သည်။

ထို့ပြင် ဝါးကျောင်းဆရာတော် လူထွက်(ပဏ္ဍိတ်)ရေးသား သော ဥတေနလင်္ကာအဆုံးတွင် အင်္ဂလိပ်တို့သည် စစ်တွေမြို့ မတည်မီစပ်ကြား ယာယီအုပ်ချုပ်ရေးဌာန စစ်စခန်းများကို ကြက်ကိုင်းတန်အရပ်တွင် ထားရှိခဲ့သည်ဟု တွေ့ရပါသည်။ အင်္ဂလိပ်တို့သည် ၁၈၂၆–ခုနှစ် မကုန်မီပင် မြောက်ဦးမြို့မှ စစ်တွေမြို့သို့ ပြောင်းရွှေ့အုပ်ချုပ်ခဲ့ပြီး စစ်တွေမြို့ကို တည်ခဲ့ လေသည်။ ရော်ဘာဆင်မှ ဂျေကီဂျီဟာဘွီထိ ၆–ဆက် စစ်တ ကောင်းမှုနေ၍ ရခိုင်မြို့ဝန်အဖြစ် အုပ်ချုပ်ခဲ့ကြသည်။

ရခိုင်တွင် စဦးဆုံး မင်းကြီးအဖြစ် ဒိသျှိန်(Deshin) သည် စစ်တွေမြို့တွင် ခရစ် ၁၈၃၄–ခု၊ အောက်တိုဘာ ၃–ရက်၊ ကောဇာသက္ကရာဇ် ၁၁၉၆–ခု၊ သီတင်းကျွတ်လဆန်း ၁–ရက်နေ့ တွင် စတင်ပြီး ရုံးထိုင်ခဲ့လေသည်။ ဒိသျှိန်အား ''ဟာဘွီ'' သည် စစ်တွေသို့ သွားရောက်လွှဲအပ်သည် ဆိုချက်အရ မင်းကြီး ဒိသျှိန်သည် ရခိုင်တွင် ရုံးစထိုင်သော မင်းကြီးဟု ဆိုခြင်းဖြစ်ပါ သည်။

ဖော်ပြပါတို့ကို ထောက်ထား၍ လူမျိုးတစ်မျိုး၏ စကားသံ တစ်ခုကို တခြားလူမျိုးတို့ စကားဖြင့်ပြောဆိုရာတွင် လေသံ၊ လျှာသံ၊ အာသံ၊ လေယူလေသိမ်း၊ လေပြောင်းများအရ ထပ်တူ ရန် အလွန်ခဲယဉ်းခဲ့ပေသည်။ ရှေ့မှအသံပိုပြောခြင်းများ၊ လသံ ကိုရသံသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံသားတို့ ဆ–သံကို ရခိုင်

တို့က သ–သံတို့လည်းကောင်း၊ သံပြောင်ပြောဆိုခြင်းများကို လည်းကောင်း ထောက်ထားတွေးဆ ခန့်မှန်းနိုင်ကြပေသည်။ ရခိုင်၊ မြန်မာများတွင်လည်း မိမိတို့၏စကားရင်းများပင်လျှင် တစ်စတစ်စ သံပြောင်းသံလွဲဖြစ်တတ်ကြောင်းကို တွေ့နိုင်ပေ၏။

ဥပမာ–ဝါးတုတ်ကို–ဝဒုတ်၊ အညမ်မမှ–အေးမ၊ဆရာတော် ဆာတော်၊ ဟုတ်ပါရေဝါကို–ဟွရာ၊ စားခပါယာ–စားခပျာ– စားခဗျာ၊ သန္ဓေဆိုး–သန္တီဆိုး၊ သဃ်ာကို–သင်္ဂါဟူ၍ အသံရွေ့ လျား ပြောဆိုနေကြခြင်းများကို ထောက်ဆသိအပ်ပေသည်။

ကျွန်တော်ပြုစုရေးသားရှိသော ''ရက္ခိုင်အကြောင်း သိကောင်းစရာ'' အခန်းကြီး (၃) ရက္ခိုင်မျိုးဆက် အပိုဒ်ခွဲ(၂၃) မှ လည်းကောင်း၊ အခန်းကြီး(၄) ရက္ခိုင်မင်းဆက် အပိုဒ်ခွဲ(၂၃) မှ လည်းကောင်း ကော်နုတ်တင်ပြလိုက်ရခြင်း ဖြစ်ပါကြောင်း။

ဦးစက္ကိန္ဒ ကူညီရေးပေးခဲ့သည်။

***မောင်သင်***

***ရခိုင်မဂ္ဂဇင်း(၆)၊ စာ–၅၅၊***
***၁၉၈၀–ခု၊ ဖေဖော်ဝါရီလထုတ်မှ။***

# &ciri;vuxu
# taemub&irsm;

ရှေးခေတ် ရခိုင်နယ်သည် ဂင်္ဂါမြစ်အရှေ့ဘက်ထိ ပထဝီနယ်ပယ်တိုင်အောင် နယ်မြေကျယ်ဝန်းခဲ့လေ၏။ အရှေ့ အနောက်ဘင်္ဂါဒေသကို နယ်ပယ် ၁၂–ရပ် သတ်မှတ်၍ အုပ်ချုပ်မှုပြုခဲ့ကြ၏။ တိုင်း ၁၂–တိုင်းတွင် နာဂသုန္ဒတိုင်း၊ ကာ မရူပတိုင်း၊ မဟိသကတိုင်း၊ ပုညားကြီးတိုင်းတို့သည် အနောက် ပိုင်းနယ်မြေဒေသများပင် ဖြစ်ကြလေ၏။

ရခိုင်မင်းဗားကြီးရာဇသံတွင် ''အိန္ဒိယတိုင်း၊ အယုဇ္ဈာတိုင်း၊ ရက္ခပူရတိုင်းတို့ကို အစိုးရတော်မူသော အရှင်ရာဇဓိရာဇာ အမိန့်တော်ရှိသည်'' ဟူ၍ လည်းကောင်း၊ ရခိုင်သီရိသုဓမ္မရာဇာမင်း၏ ရာဇသံတွင် 'ပစ္ဆိမဒေသ အနောက်တစ်ရိုး ပြည်ကြီးများကို အစိုးရသော အယုဇ္ဈပူရတည်းဟူသော ရခိုင်ရွှေနန်းသခင်'' ဟူ၍လည်းကောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် အိန္ဒိယပြည်ကြီး၏ အရှေ့ဘက်နား တစ်ခုတိုင်အောင် ရခိုင်ပြည်၏ ပထဝီနယ်မြေ ကျယ်ပြန့်ခဲ့ပေသည်။

စန္ဒဝိဇယရာဇာ၏ စစ်အောင်အေးချင်း၌ ''အိန္ဒိယ၊ ဒေသတစ်တိုင်း၊ ယှဉ်နိုင်းတဝ၊ အယုဇ္ဈနှင့်၊ ရက္ခမဏ္ဍိုင်၊ စိုးပိုင်ကြ ငှန်း'' ဟူ၍ စပ်ဆိုထားလေ၏။ နှောင်းခေတ်ရခိုင်စာဆိုတော်

ဝါးကျော်ဆရာပဏ္ဍိတ်ကလည်း ''ရှည်မြင့်မူလ၊ ပဌမက၊ ရဌ သမိုင်း၊ ဤသည်တိုင်းကား၊ ကျယ်ဝိုင်းနယ်ဆက်၊ အနောက် ဘက်မှာ၊ မဇ္ဈိမာနှင့်၊ ဒါဂါမြစ်လျှောက်၊ မြောက်ကိုတောင်ညို၊ ကုန်းကိုထိခံ'' ဟူ၍ ဥတိန္နလင်္ကာနိဂုံးတွင် စပ်ဆိုထားခဲ့ပေသည်။

ထို့ကြောင့် ရခိုင်ပြည်၏ အနောက်ပိုင်းဒေသနယ်မြေသည် အနောက်ပြည်အဖြစ် သတ်မှတ်ခံခဲ့ရလေ၏။ ရခိုင်မင်း ပိုင်စိုးခဲ့ ရာ အနောက်ပြည် ဒေသအပိုင်းအခြား နယ်ပယ်ဖြစ်၍ အနောက် ပစ္ဆိမဒေသဟူ၍လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်ဟူ၍ လည်းကောင်း၊ ပစ္စာမင်းနေပြည်ဟူ၍ လည်းကောင်း ရခိုင်ရာဇ ဝင်၌ အသုံးအစွဲပြုခဲ့လေ၏။ မျိုးခြားဒီလီပဆာကုလား ပဌာန်း မင်းဆက်များတို့နှင့် သျှူလတန်ဘွဲ့ခံ ကုလားမင်းများ ဝင်ရောက် အုပ်ချုပ်သည့်အခါတွင် အနောက်ကုလားနေပြည်ဟူ၍ လည်း ကောင်း၊ ပဌာန်းမင်းနေပြည်ဟူ၍ လည်းကောင်း၊ အနောက်သူရ တန်ပြည် ဟူ၍လည်းကောင်း၊ အနောက်ပဆာပြည်ဟူ၍ လည်း ကောင်း ခေါ်ဆိုအသုံးပြုခဲ့ကြလေ၏။

အနောက်ပြည်ခေါ် အနောက်ဘက်တိုင်း ရခိုင်မင်း ပိုင်စိုး ခဲ့ရာနယ်မြေသည် ရခိုင်ရာဇဝင်တွင် အလွန်အရေးပါသောဒေသ ဖြစ်ခဲ့လေ၏။ ရခိုင်ပြည်နှင့် ပထဝီချင်းလည်း ဆက်စပ်နေသဖြင့် အလှမ်းဝေးသော်လည်း အုပ်ချုပ်မှုပြုရန်ကိုကား ချမှတ်ခဲ့ကြသည် သာ ဖြစ်လေ၏။

ရခိုင်မင်းတို့သည် အနောက်ပြည်ကို နယ်ပယ် ၁၂–ရပ်၊ ပုညု ၁၂–နယ် သတ်မှတ်ထားခဲ့ရာ၌ မောက်သူဇာနယ်မြေသည် အနောက်ပြည်၏ အနောက်ပိုင်းနယ်မြေအဆုံး ဂင်္ဂါမြစ်ရေရိုးခြား တွင် ရှိလေ၏။ ထိုမောက်သူဇာ၌ အနောက်ဘုရင် အနောက်ရပ် ပိုင်သခင်ကို ထားရှိလေ၏။ * ဒက္ကား၊ ဂန်ဘီလာ (ကုမ္မီလာ)၊ သီလက်၊ ပဋ္ဋိက္ကရား ဂင်္ဂါသာရ၊ တီလင်္ကာ၊ ဘာရီဆာလ်၊ ရောင် ပူရ် စစ်တကောင်း ကံသာ၊ ဂေါ်တော်ပလ္လင်နယ်ပယ်တို့၌ကား မြို့စားများကို ထားရှိခဲ့လေ၏။ မြို့စား ၁၂–ယောက်တွင် တစ် ယောက်ယောက်သည် ဘုရင်ခံအဖြစ် ဆောင်ရွက်ရခြင်း ဖြစ်လေ သည်။

မဂိုမင်း၊ စူလတန်မင်းတို့ကလည်း ဘင်္ဂလားဘုရင်၏ ပိုင်နက်အဖြစ် သတ်မှတ်လိုလား၍ ဘင်္ဂလား ၁၂–နယ်ဟု ခွဲခြားထားခဲ့လေ၏။ ဘင်္ဂလား၊ သြရိသ္သ၊ မိဒနိမ်ပူရ်စသော အနောက်ပိုင်းဒေသများသာမက ဘာကလာ(Bacala)၊ ဒက္ကာ (Deeca) စသော အရှေ့ပိုင်းဒေသကိုပါ နယ်လုကျူးကျော်လျက် သတ်မှတ်ပိုင်းခြားထားခဲ့ကြသေး၏။

ရခိုင်မင်းအဆက်ဆက်တို့သည် အနောက်ပြည်ကို အုပ်ချုပ်ခဲ့ရာ၌ မင်းနေပြည်တော်ရာဇဌာနီမှတစ်ဆင့်ထား၍ စီမံအုပ်ချုပ်ခဲ့ကြခြင်း ဖြစ်ပေ၏။ အုပ်ချုပ်ရန် သားတော်များကို အနောက်ဘုရင်ခန့်၍ လည်းကောင်း၊ မှူးကြီးမတ်ကြီးများကို မြို့စား၊ နယ်စား၊ ကျေးစားခန့်၍လည်းကောင်း လွှဲအပ်ထားခြင်းသာ ဖြစ်၏။ အနောက်ပြည်ကို အုပ်ချုပ်ခဲ့ကြသူများသည် ဘုရင်၏ သစ္စာတော်ခံ စိတ်ချယုံကြည်ကြသူများ ဖြစ်ကြရပေသည်။ ''စုံစေ့မြောက်မြား၊ မှူးမတ်အားလည်း၊ ရည်သွားသိအောင် ပြုပြီးမှ'' ဆိုသည့် ရာဇဝသတီကျင့်ထုံးနှင့်အညီ အမတ်အင်္ဂါရှစ်တန်နှင့် ညီသူများသာ ဖြစ်ကြရချေ၏။

အနောက်ပြည်ကို အုပ်ချုပ်ခဲ့ကြသော မြို့စား ၁၂ယောက်တို့တွင် မောက်သူဇမြို့စားသည်ဘုရင်ခံဖြစ်ခဲ့ရသည့်အလျောက် အရေးကြီးဆုံးပုဂ္ဂိုလ်လည်း ဖြစ်ချေသည်။ ရခိုင်မင်း၏ အာဏာလွှဲအပ်ထားခြင်း ခံကြရသော အနောက်ဘုရင် အပါအဝင် အနောက်ပြည်မြို့စားတို့သည် သက်ဦးစံပိုင်စနစ် စီရင်နိုင်ခွင့် ကား မရှိချေ။ ပြည်တွင်းဆူပူသောင်းကျန်းမှုတို့ကို ငြိမ်ဝပ်ပိပြား ရေးနှင့် တိုင်းခြားမှဝင်ရောက်ကျူးကျော်လာမည့် ဘေးအန္တရာယ်တို့အတွက် ခုခံတွန်းလှန်ရန်ပင် ဖြစ်၏။ သေးငယ်သော အမှုအခင်း အုပ်ချုပ်ရေးမှတစ်ပါး ကြီးလေးသောပြဿနာများကို ကား ရခိုင်မင်း၏ အမိန့်အရသာလျှင် စီရင်ဆောင်ရွက် ကြရ သည်။ ဘုရင်မင်းကိုယ်တိုင်လည်း အခါအားလျော်စွာ တိုင်းခန်းလှည့်လည်၍ သွားရောက်လေ့ရှိလေသည်။

အနောက်ပြည်ကို လက်နက်နိုင်ငံပြုလျက် အုပ်ချုပ်လာသည်ကား နှစ်သက် မနည်းခဲ့ပေ။ ရှည်လျားကာလ ကြာညောင်း

ခဲ့ပေပြီ။ ရခိုင်ရာဇဝင်ကို ပြန်ကြည့်မည်ဆိုက ခရစ်၄ရာစု အစ ပိုင်းလောက်ကပင် သူရိယမင်းဆက် အဆုံး သူရိယကေတုမင်း (ခရစ် ၃၀၀–၃၅၄)လက်ထက်ကပင် တွေ့ကြရမည် ဖြစ်၏။ ထိုမင်းလက်ထက်တွင် ဥတ္တမသီရိကျော်အမတ်မှာ သောင်းတီး ကျွန်းစားအဖြစ် ခန့်အပ်ခံခဲ့ရပေ၏။

ထိုကြောင့် အနောက်ပြည်၌ ရခိုင်မင်းများ အုပ်ချုပ်ရေး ကြာမြင့်ခဲ့ကြောင်းကို မောက်သူဇာမြို့၌ရှိနေသော မောင်တော် သိင်္ဂစန္ဒြား အိမ်ရှေ့မင်းသားထံ ပေးဆက်သော မျောက်သား တော်မင်းသမီး သုဝဏ္ဏဒေဝီ (စောပြည့်ညို)၏ရတုတွင် လည်း ကောင်း၊ စန္ဒဝိဇယမင်း၏ စစ်အောင်ဧချင်းတွင် လည်းကောင်း တွေ့နိုင်လေ၏။

စောပြည့်ညိုရတုတွင် ...

''တောင်ကျွန်းညို လောကဓာတ်၊ တိုင်းမဇ္ဈိမာ၊ ယင်းက ဖြာသည့်၊ ရာဇာမျိုးရိုးမြတ်၏၊ ဆက်မပြတ်သိမ်းယူစံ ဘီက အဆက်နွယ် မပျက်သည့်၊ ကနက်ဖြန့်ကာစံ၏၊ ရှစ်တန်ပလ္လင် ရိုး၊ ဘိုးကဆက်ခံ၊ ဘနန်းစံသည့်၊ နန်းရံတို့အမျိုးတည်း'' ဟူ၍ ဘီ၊ဘေး၊ဘိုး၊ဘ အဆက်မပြတ် သိမ်းမြန်းစိုးစံခဲ့ရာ နယ်မြေ အဖြစ် ဖော်ပြချက်ပြုခဲ့ပေ၏။

အနောက်ဘုရင်အဖြစ် သီရိစန္ဒြားမင်းသား၏သားတော် သိင်္ဂစန္ဒြားသည် လည်းကောင်း၊ မင်းဖလောင်း သားတော် အလတ် သတိုးမင်းစောသည် လည်းကောင်း၊ မင်းရာဇာကြီး၏ ညီတော်ရင်း သတိုးမင်းစောလှသည် လည်းကောင်း၊ မင်းရာဇာ ကြီး၏သားတော် မင်းဒီဃာ (မင်းတိက္ခာ)မင်းညိုသည် လည်း ကောင်း ခန့်အပ်ခြင်းခံခဲ့ကြရ၏။ အမတ်ကြီးထဲမှလည်း ဥတ္တမ ကျော်ခေါင်၊ ဖော်တသူ၊ ကဝိကျော်တို့သည် မောက်သူဇာမြို့စား ဖြစ်ခဲ့ကြလေ၏။

အမတ်ကြီးတို့အား ယင်းသို့စေလွှတ်ထားခဲ့ကြခြင်းမှာ''ခရိုင် တိုင်းတစ်ပါး စကားနှုတ်ဆက်၊ မေတ္တာယှက်အောင်၊ အမျက် မလွန်၊ ထုံးနည်းညွှန်လျက် မတ်မွန်စေလွှတ်ထားရှင့်'' ဟူသည့် ကျင့်ထုံးနှင့်အညီ ဖြစ်ကြရပေ၏။

ထိုမြို့စား ကျေးစားများသည် ဘုရင်မင်းကို အခွန်ဘဏ္ဍာများ ကောက်ခံပေးဆက်ခဲ့ကြရလေသည်။ တိုင်းပြည်တွင်း၌ စစ်ရေးစစ်ရာ အရေးကိစ္စ ကြုံလာလျှင် မိမိ၏တပ်သားတို့နှင့် လာရောက်အကူအညီ ပေးခဲ့ကြရသည်။ မြို့စားကြီးများသာမက အနောက်ဘုရင်ဖြစ်သူလည်း အရေးကိစ္စမကြီးလျှင် အမတ်ကြီး၊ စစ်သူကြီးများကို လွှဲအပ်ထားခဲ့ပြီး နိုင်ငံတော်သို့ ပြန်လာနိုင် သည်။ နိုင်ငံတော်၌ အရေးအခင်းတွင်ပါဝင်ထမ်းရွက် နေနိုင်လေ သည်။

သီရိစန္ဒြမင်းလက်ထက် အနောက်ပြည်ဒေသ အရေးကြီးသဖြင့် သားတော်အိမ်ရှေ့မင်း သိင်္ဂစန္ဒြားမင်းသားသည် မောက်သူဇာသို့ စေလွှတ်ခြင်း ခံရလေသည်။ ဘုရင်မင်း၏အမိန့်အရ သားတော်သည် မောက်သူဇာမှနေလျက် နောက်ခွင်ခရိုင်တစ်လွှားကို အပိုင်စားပြုကာ သုံးနှစ်မြောက်ခန့် ကိုယ်တိုင်အုပ်ထိန်းနေခဲ့လေသည်။ ထို့ကြောင့်ပင် ''နောက်ခွင် မောက်သူဇာ၊ ခရိုင်တစ်လွှား၊ အပိုင်စားသည်၊ စကားသုံးကြိမ်ကြာခဲ့'' ဟု မျောက်သားတော်က ရတုစာခွေတွင် ဖွဲ့ဆိုခဲ့သည်။

သုံးနှစ်ခန့်မြောက်ပြီး၍ ဒေသအခြေအနေမှာ ငြိမ်သက်သွားခဲ့လျှင်ပင် အမတ်ကြီး၊ စစ်သူကြီးတို့အား လွှဲအပ်ထားခဲ့လျက် နေပြည်တော်သို့ ပြန်လာလေသည်။ မောင်တော်မင်းသားပြန်လာရန်အကြောင်းနှင့် ထိုရတုစာခွေ၌ ဤသို့အထင်အရှား ဆိုထားချက်ရှိလေသည်။

''လျှောက်တင်ခါပန်း၊ ရာသီဆန်းလျှင်၊ နန်းမြင့်အောင် မြေ၊ ဆယ့်နှစ်ထွေရစ်သန်းမြူး၊ မောက်သူဇာသည်၊ ဒါဂါကမ်း ဦးမှ၊ ကျေးဇူးဂုဏ်ရှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာ သုံးခဲ့ပြန်မှ၊ ပြောင်ဆဒ္ဒါန်မာတင်ရှိ၊ ထွက်လျှင်မပြန်၊ မလုန်တို့မင်းမျိုးတည်း၊ ဆိုးကောင်းနှစ်ပါးတွင်၊ ရိပ်ခြည်အပြင်၊ သခင်သိရင်းပင်ဟု၊ ပညာရှင်ထိန်းအုပ်မှ၊ မြို့ပြကျေးရွာ၊ သာယာစည်ကားလှ၏၊ မင်းယောကျာ်း ဓမ္မတာ၊ ပညာမဲနက်၊ ဉာဏ်ကစက်သော်၊ ပြည်ထက် မထားရာတည်း။ ရှေးကျမ်းလာ ထုံးစာ ဟောင်း၊ ကျိုးကြောင်းသိပြန်၊ ဘွဲ့မှန်အမတ်ကောင်းကို၊ နောက် တစ်ကြောင်းကုလားရွာ၊ အပိုင်အပ်ပြီး စစ်သူကြီးဟု၊ စောထီး ထားခဲ့မှာ၏''။

မင်းဗားကြီးသားတော်များ ဖြစ်ကြသော အိမ်ရှေ့မင်းတိက္ခာနှင့် သံတွဲစား ဥပရာဇာတို့သည် ဘင်္ဂါ ၁၂–မြို့သို့ ဘရာဇာမင်းဗားကြီးနှင့်အတူ တပ်စီးပြု၍ လိုက်ပါခဲ့လေသည်။

မင်းဗားကြီးလက်ထက် တောင်ငူမင်းတရား ရွှေထီးသည် ရခိုင်ပြည်သို့ ချီရောက်စဉ်လည်း သားတော်မင်းဖလောင်း၊ သားတော် အိမ်ရှေ့မင်းတိက္ခာတို့သည် အနောက်ပြည်မှ ရဲမက်တပ်သားတို့နှင့် လာရောက်စောင့်ပေးခဲ့လေသည်။ ယင်းသို့ မိမိနိုင်ငံနယ်ပယ်များတွင် အရေးကြီးသည့်၌လည်း စစ်ရေးစစ်ရာအားဖြင့် ပင်လျှင် ရှေ့တန်းက ထမ်းရွက်ဆောင်ပို့ပေးခဲ့ကြရလေသည်။

ထို့ပြင် ခန့်အပ်ချက်အရလည်း ဘရာဇာမိန့်တော်အင် ဦးထိပ်ပန်ရွက်ဆင်၍ အရေးအရာကျရောက်သည့်တို့၌ ကိုယ်တိုင် စီမံခဲ့ရသည်များလည်း ရှိလေသည်။ မင်းဖလောင်း သားတော်အကြီး အိမ်ရှေ့မင်းသားသည် ဘရာဇာခန့်အပ်သည့်အတိုင်း အနောက်ပြည်ဒေသတို့၌ ရွာကြီးရွာငယ်တို့ကို မပြိုမကွဲစေဘဲ ရွာစားချထားတော် မူလေသည်။ သာသနာတော်ကိုလည်း ထွန်းလင်းအောင် ပြုစုပေးခဲ့ရကြောင်း တွေ့နိုင်သည်။

မင်းညီမင်းသားဖြစ်သည်ဟူ၍လည်း ပြည်သူအား သတ်ဖြတ်ခြင်း၊ ဩဇာအာဏာ အလွဲသုံးစားပြုလျက် မသင့်သော အပြစ်ပေးခြင်း အမှုတို့ကို မပြုနိုင်ပေ။ ယင်းသို့ သတ်ဖြတ်ခဲ့ခြင်းကြောင့်လည်း သားတော်အလတ် သံထောင်စား ငစုံကို ခမည်းတော်မင်းဖလောင်းသည် စားကျေးဥစ္စာ ကျေးကျွန်တို့ကို သိမ်းပိုက်လေလျက် ဝမ်းဝရုံနှင့် မြို့တို့နေရာ မရွှိတ်ချောင်းညာ ဝေလာတောင်သို့ ပို့ထားခြင်းခံရလေသည်။

မင်းဗားကြီးသား သံတွဲစား ဥပရာဇာလည်း စစ်တကောင်း၌ နေခဲ့ရစဉ် သက်မင်းကို အမျက်တော်ဝင်၍ သက်အမတ်လေးယောက်တို့ကို အပြစ်ပေးခဲ့လေသဖြင့် ဘရာဇာမင်းက ဤအပြုအမူမှာ လူမိုက်တို့ အလေ့အထသာဖြစ်သည်။ မယဉ်ကျေးသော အမှုသာဖြစ်သည်ဟု ဆိုကာ လွှတ်ပေးစေခဲ့ရလေသည်။ သားတော်ကိုလည်း ပညာရှိတို့ထုံး နည်းခံလေဟု အမိန့်ပေး၍ အမတ်ကြီးတို့ထံ အပ်နှံလိုက်လေသည်။

ယင်းသို့ အလွဲသုံးစားပြုမှုခြင်းသည် ခမည်းတော်အာဏာကို ပြိုင်လျက် အာဏာပိုင်အစိုးရ ပြုသည်။ မှူးမတ်ပြည်သူ တို့ကို မခန့်မလေး ဆိုးသွမ်းသည်ဟု မဟာပညာကျော် လျှောက် ထုံးပြုခဲ့သည်။ ပြည်သူတို့ ဇီဝိတိန္ဒြေကိုကား ပြည်ရှင်မင်းမှ တစ်ပါး မည်သူမှ မပိုင်ချေ ဟုလည်း ဆိုသည်။ ရှေးထုံးရှိလျက် မတည်ဘဲ ထုံးစံများကို ဖျက်၍ကျင့်က ဤသို့အပြစ် ထိုက်ခဲ့ရပေသည်။

## jcm;em;yeueawmverrsm;

အနောက်ဘုရင်များသည် မင်း၏အမိန့်ကို ပန်ဆင်၍ အနောက်ပြည်အရပ်ရပ်တွင် ကောင်းစွာတာဝန်ထမ်းဆောင်ပေးခဲ့ သည်များ ရှိခဲ့သည်ကား မှန်၏။ ယင်းသို့ အားထားရာဖြစ်ခဲ့သည့် အတူ မင်းအားဆန့်ကျင်ရန် ကြံစည်ချက်ပြုခဲ့သည်များလည်း ရှိလေသည်။ ၎င်းမှာ မင်းကိုခြားနားပုန်ကန်တော်လှန်ရန် ပြုမူ သော အကြံအစည်တို့ပင်တည်း။

ထိုကြံစည်ချက်မှာ ၎င်းတို့သက်သက်ချည်းလည်း ရှိသည်။ အနောက်ဘင်္ဂါကုလား၊ သက်၊ မြို၊ မြို ချင်း စသော အနောက် ဒေသရှိလူများနှင့်ပူးပေါင်းကြံစည်ချက်များကိုလည်း တွေ့ရသည်။ ၎င်းပြင် နယ်ချဲ့လိုကြ၍ ဥရောပစသော အနောက်နိုင်ငံများမှ ဝင်ရောက်လာကြသူများ၏ ပယောဂလည်း ပါသင့်သလောက် ပါလေသည်ဟု ယူဆရာလေသည်။ သို့သော် အင်အားကြီးသော မင်းများလက်ထက်တွင်ကား အောင်မြင်နိုင်ဖို့ရာ လွန်စွာခဲယဉ်း ခဲ့လေသည်။

အောင်မြင်သောအချက်လည်း ရှိသလောက်ရှိခဲ့သည်ကို တွေ့ရသည်။ ဤသို့အောင်မြင်ချက်မှာ ၎င်းတို့၏ဘဝရပ်တည် ချက်အတွက် ရုန်းကန်ခြင်းများလည်း ဖြစ်ခဲ့ရသည်။ ထို့ပြင် ဘုရင်မင်း၏နေပြည်တော်တွင် ဗလောင်ဆန်ခဲ့သဖြင့် ထိုမှ အလုံး အရင်းနှင့်အနောက်ပြည်သို့ ခိုကိုးဝင်ရောက်လာကြသူများ အင်

အားစုများကို လက်ကိုင်ရရှိသောကြောင့်လည်း ဖြစ်ပေသည်။ ဤသို့ကြံစည်ချက်အရပ်ရပ် ဖြစ်ပေါ်လာမှုအကြောင်းဒြပ်တို့ကို သိသင့်လှပေသည်။

မင်းရာဇာကြီးညီတော်ရင်း သတိုးမင်းစောလှသည် အနောက်ဘုရင်အဖြစ် ခန့်အပ်ထားခြင်းခံရပြီး စစ်တကောင်းစား ပြုနေရစဉ် နှစ်နှစ်ခန့်သာ တိုင်သေးသည် ဘင်္ဂါကုလား၊ သက်မင်း၊ မြို၊ လင်းကဲတို့နှင့် ပူးပေါင်း၍ သောင်းကျန်းလေသဖြင့် မင်းကိုယ်တိုင် ချီတက်တိုက်ခိုက်ရလေသည်။ သို့သော် ညီတော်သည် စစ်မပြိုင်ဝံ့ဘဲ ကျိုးနွံစွာ မင်းထံ ဝင်ရောက်လာလေသည်။ ထိုသို့ ပုန်ကန်ခြင်းကြောင့် ညီတော်အား စားကျေးနှင့် အုပ်ချုပ်ရေးပါ နုတ်သိမ်းလိုက်လေသည်။ ၎င်း၏စားကျေးနေရာတွင် အမတ်ကြီး မဟာပညာကျော်အား လည်းကောင်း၊ အုပ်ချုပ်ရေးကိုမူ သားတော်ဒီဃ(တိက္ခ)ကို လည်းကောင်း လွှဲအပ်နှင်းလေသည်။

မင်းရာဇာကြီး၏သားတော် အနောက်ဘုရင်မင်းညိုသည်လည်း သောင်းတီးကျွန်းကို စားကျေးရနေသော ဘရင်ဂျီတို့နှင့် ညီညာ၍ သောင်းကျန်းလေသည်။ ထိုသတင်းကိုရလျှင် ဘုရင်မင်းသည် သားတော်ဥပရာဇာကို စေလွှတ်၍ချီစေခဲ့လေသည်။ သို့သော် မင်းညိုသည် အမာနက်အနာပေါက်၍ လွန်နှင့်ခဲ့ပြီလေ၏။ မင်းညိုမိဖုရား အနောက်မိဖုရားကား ဦးရုံတော် စစ်တကောင်းစား မာန်ကြီးမိုးပေါက်ထံ ဝင်၍ ခံနှင့်လေသည်။ ဥပရာဇာ ချီသွားစဉ် စစ်တကောင်းစားလည်း အလိုလိုပင် ခန္ဓာပြောင်းသွားလေသည်။ ထို့ကြောင့် စစ်တကောင်းမြို့ကိုလည်း မင်းရာဇာ၏ သားတော်အလတ် စကြဝတေးကို စားကျေးလွှဲအပ်လိုက်ရတော့သည်။

နရပတိမင်းလက်ထက် မင်းသား၊ မင်းမြေး၊ မင်းဆွေ၊ မင်းမျိုး၊ မှူးမတ်ပညာရှိတို့ကို ညှင်းဆဲသတ်ဖြတ်လေသဖြင့် သာကီဝင်မင်းဆက် မပျက်စေရန်ဆို၍ ရခိုင်မင်းနေပြည်တော်မှ အများအပြားပင် အနောက်ပြည် ကံသာရီကြည်မြို့သို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြလေသည်။ ထိုတွင် သီရိသုဓမ္မရာဇာ (မင်းဟရီ)

၏သားတော် ကံသာမြို့စား ငတုံးခင်ထံ ခိုဝင်ကြပြီးလျှင် နရပတိမင်းနှင့် ခြားနား၍ နေခဲ့ကြလေသည်။

ငင်းကံသာမင်းဆက်သည် သီရိသုဓမ္မရာဇာ၏မြေး လုအောင်ထိလည်းကောင်း စန္ဒသုမနရာဇာမင်းလက်ထက်လည်း မှူးမတ်တို့ကံသာမြို့သို့ သွားရောက်ခိုလှုံခဲ့ကြရသည်ကိုလည်း ဧည့ဝတီရာဇဝင်သစ်၌ တွေ့ရှိရပေသည်။ ထို့ကြောင့် မင်းဟရိ (အေဒီ–၁၆၂၂–၁၆၃၈)မှ စန္ဒသုမနရာဇာ (အေဒီ–၁၇၇၃–၁၇၇၇)လက်ထက်ထိ လည်းကောင်း ရခိုင်သမ္မတမင်းဆက်ပြတ်သည်တိုင်အောင် အေဒီ–၁၇၈၄ ထိဆိုလျှင် နှစ်ပေါင်း ၁၄၀–ကျော် ကံသာမြို့တွင် ရခိုင်လူမျိုးများ၊ ရခိုင်မင်းဆက်များ စုရုံးရှိနေခဲ့ကြသည်ဟု သိရာ၏။

ယခုထိဆိုလျှင် နှစ်ပေါင်း ၃၅၀–ကျော် မြောက်လေပြီဖြစ်၏။ ကောဇာ ၁၀၇၃–ခုနှစ်တွင် စန္ဒဝိဇယမင်းသည် ပင်းဝါ(ရာမု)မြို့မှ စစ်တပ်ချ၍ ကံသာမြို့ရှိ ရှေးမင်းဆွေ၊ မင်းမျိုး၊ အမတ်ကြီးတို့ သားမြေးတို့အား ခေါ်စေခဲ့သေးသည်။ သီရိသုဓမ္မရာဇာမြေး ကံသာမြို့စားလုအောင်မှာ ရခိုင်သို့ ရောက်ခဲ့ပြီး နောက် ကံသာသို့ပြန်သွားခဲ့လေ၏။

နရပတိမင်း၏သား သတိုးဓမ္မရာဇာမင်း လွန်ပြီးနောက် ငင်းမင်း၏သားတော် စန္ဒသုဓမ္မရာဇာလက်ထက်တွင် စစ်တကောင်းစားပေးထားသောညီတော်သည် ကောဇာ ၁၀၃၂–ခုနှစ် မင်းအား ပုန်စားလာသဖြင့် ဝင်းတော်ထဲမှနေ၍ စစ်ခံတော်မူရာ လက်နက်ထိမှန်၍ ညီတော်စစ်တကောင်းစား သေဆုံးခဲ့ရလေသည်။

ကောဇာ ၁၁၁၅–ခုနှစ်တွင် စန္ဒဝိဇလရာဇာမင်း၏သား တော်သာမသည် အနောက်ပြည်ကုလားမင်းထံ စစ်ပန်၍ နရဘယရာဇာမင်းကို တိုက်ရန် သူရဲများနှင့် ချီလာခဲ့သည်။ သို့သော် ဒါဂါမြို့သို့အရောက်တွင် မင်းသားသာမ သေဆုံးလေ သဖြင့် ကုလားစစ်သည်တို့လည်း ပြန်သွားခဲ့ကြရလေသည်။

ထိုဖြစ်ရပ်တို့တွင် ကံသာမြို့၌ ခြားနားခဲ့ကြရခြင်းမှာ မလွှဲမရှောင်သာဘဲ တိမ်းရှောင်ခိုဝင်နေခဲ့ကြရခြင်း သဘောသာ ဖြစ်

သည်။ ကောဇာသက္ကရာဇ် တစ်ထောင်ကျော်ပြီး နောက်ပိုင်းတို့ ကား ကြမ္မာဆိုးသော ရခိုင်ပြည်မင်းခေတ်သို့ ရွေးရှုနေချေပြီ ဖြစ်၏။

ထို့ကြောင့် အနောက်ပြည် လုံခြုံရေးကား မတွေးဝံ့စရာသာ ရှိခဲ့လေသည်။ ကုလားများလည်း အနောက်ပြည်မှနေလျက် ရခိုင် ပြည်ထိ နှောင့်ယှက်လာသည်။ နေပြည်တော်၌ ခိုဝင်ရှိနေသော သျှာသျှဇာကုလားမင်းသားတို့ကပင် ပုန်ကန်သောင်းကျန်း ပြန်သေးသည်။ အာဏာလုလိုကြသော မင်းဆွေမင်းမျိုး၊ မှူးမတ် ကိုယ်ရံတို့ကလည်း ကုလားကိုပူးပေါင်းခြင်း၊ အကူအညီခေါ်ခြင်း တို့ကို ပြုခဲ့သဖြင့်လည်း ပို၍ရှုပ်ထွေးဖွယ်ရာ ဖြစ်ခဲ့ရသည်။

ရခိုင်အုပ်ချုပ်မှုသည် ၁၇ရာစုခန့်ကပင် ဘင်္ဂလားနယ်၌ အားနည်းခဲ့ပြီးရာကား မူဆလင်မင်းများ အင်အားကြီးထွားလာခဲ့ ရသည်။ ၁၃ရာစုဆန်းစ၌ ဘင်္ဂလားသို့မူဆလင်များ စစ်ရေးကျူး ကျော်မှုကို စတင်ခဲ့ကြသည်ဆို၏။ သို့သော် ခရစ် ၁၄၃၀–ခုနှစ်ထိ ရခိုင်ပြည်ကို စူလတန်မင်းများ အမှုမထားနိုင်ကြသေး ပါ။ ခရစ် ၁၄၅၉–မှ ၁၆၆၆ ထိ မင်းခရီ၊ ဘစောဖြူစသော မြောက်ဦးမင်းများ နှစ်ပေါင်းတစ်ရာကျော် စိုးမိုးနိုင်ခဲ့ကြသေး၏။ ခရစ် ၁၅၇၆ခု နောက်ပိုင်းလောက်အရောက်တွင်မှ မဂိုအင်ပါယာ နယ်သို့ ရောက်လာခဲ့ရလေ၏။ ထို့ကြောင့် စစ်တကောင်းကို ခရစ် ၁၆၆၆– ခုနှစ်တွင် ဘင်္ဂလားဘုရင်ခံသိမ်းပိုက်လေ၍ အနောက်ပြည်ကို ရခိုင်မင်းအုပ်ချုပ်ရေးသည် တစ်စတစ်စ လက်လွတ်ရုပ်သိမ်း သွား ခဲ့ရလေသတည်း။

**ကျမ်းကိုးများ**

ဓညဝတီ အရေးတော်ပုံကျမ်း (သံတွဲ–ကဝိသာရဆရာတော်)
ရခိုင်ဓညဝတီရာဇဝင်သစ် (ပဲခူး–မင်းကျောင်းဆရာတော်)
မင်းရာဇာကြီး စာတမ်း (အမျိုးသားစာကြည့်တိုက်)
ရခိုင်ရာဇဝင်သစ်ကျမ်း (ရမ်းပြည့်တောင်ကျောင်း)
ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်)
A history of Chittagong. Vol-1
(DR QANUNGO M.A.Ph-D) ၁၉၈၈–ခုနှစ်။

# &civrsK; typ0irsm;

ရခိုင်တွင် စဦးလူမျိုးအတည်တကျ မသတ်မှတ်နိုင်သေး ချေ။ အိန္ဒိယပြည်၏ အရှေ့မြောက်ပိုင်းဒေသများနှင့် ရခိုင်ဒေသ သည် ဆက်စပ်ရှိနေသည်။ ထိုဒေသသို့ အခြားမျိုးနွယ်များ ဝင်ရောက်ခြင်းမရှိသေးမီ သြစတြေလွိုက် အနွယ်ဝင်များ ရှိနေခဲ့ကြသည်ဟု သုတေသီအချို့က ယူဆကြသည်။ ထိုမျိုးနွယ် ကား ယခုလူတို့က ဘီလူးဟု ခေါ်ဆိုကြသူများ ဖြစ်ကြသည် ဆို၏။ ၎င်းဘီလူးဟု ဆိုအပ်သော သြစတြစ်လူမျိုးများသည် မြောက်ဘက်မဏိပူရနယ်မှ ရခိုင်ကမ်းမြောင်ဒေသထိ ရွှေ့ပြောင်း သွားလာနေထိုင်ခဲ့ကြသည်။ ၎င်းတို့သည် တစ်စတစ်စ ဒေသခံ လူမျိုးများ ဖြစ်လာကြကာ ရက္ခသျှဟူ၍ ခေါ်တွင်လာကြောင်း ယူဆကြသည်။ ထို့ကြောင့် ရခိုင်ဒေသတွင် ဒေသခံပင်ရင်းလူမျိုး အဖြစ် ရက္ခသျှများကိုပင် သတ်မှတ်မှု စတင်ရမည်ဖြစ်၏။

ရက္ခသျှတို့ဆိုလျှင် ရခိုင်ပင်လယ် ကမ်းရိုးတမ်းတစ် လျှောက် နေထိုင်လေ့ရှိသော လူအနည်းအကျဉ်းကို ပယ်လျက် စ–ဦးဆုံး အိန္ဒိယဒေသများမှ ဝင်လာသူများ ဖြစ်လာခဲ့ရသည်။ ၎င်းတို့သည် ရခိုင်ဒေသတွင် ယဉ်ကျေးမှုအခြေခံအုတ်ခုံတည်၍ ရခိုင်သမိုင်းများကို စတင်ခဲ့ကြသူများဟု ဆိုရမည်ဖြစ်သည်။ ရခိုင်ပြည် ကမ်းရိုးတန်းတစ်လျှောက်နှင့် ဒေသအနှံ့အပြားတို့ တွင် ရက္ခသျှတို့သည် နေထိုင်ခဲ့ကြသည်ဟု မှတ်တမ်းအရ သိရ သည်။

ခရစ်အေဒီ–၁၅၀က ရေးသော တော်လမီပထဝီကျမ်းတွင် ရခိုင်ဒေသကို ခရိုင်ဇီ (Chryze) နှင့် အာရ်ဂျရေ (Argyre) ခေါ် ရွှေမြေငွေမြေများဟု ခေါ်ကြသည်။ ထိုခေါမတိုင်းသား မှတ်တမ်း အရ ခရစ် အေဒီ–တစ်ရာစုထိ လူမည်းများ(ရက္ခသျှများ)ရခိုင် ကမ်းမြောင်ဒေသတို့တွင် ရှိနေကြသေးသည် ဆို၏။ ရခိုင်ရာဇဝင် နှိုင်းယှဉ်ကြည့်လျှင် ဓညဝတီနောင်းခေတ်ထိ တည်ရှိနေသည်ဟု သိသာနိုင်လေသည်။

ရက္ခသျှနှင့် ရက္ခိုက်ဆိုသော စကားသည် အချိန်ကာလ ရွေ့လျားခြင်းဖြင့် လည်းကောင်း၊ သံပြောင်း–သံလွှဲနိုင်ခြင်းဖြင့် လည်းကောင်း အခေါ်တူ အသုံးတူ ဖြစ်နိုင်ချေသည်။ ထိုသို့ဆို လျှင် ရက္ခိုက်အမည်သည် ကျောက်နောင်းခေတ်လူသား၏ အမည်တစ်ခု ဖြစ်နိုင်ရာကား ဘီလူးစင်စစ် မဟုတ်ချေ။ လူအ မည် ဘီလူးသာ ယူဆနိုင်စရာရှိ၍ ရက္ခသျှကို ရှေးက ရက္ခိုက် ဟု အသံပြောင်းခေါ်လာနိုင်သည်။ သို့မဟုတ် အသားမည်း၍ ဘီးလူးနှင့်အတုပြုတင်စား သတ်မှတ်ခဲ့ခြင်း ဖြစ်ရာသည်။ ထို့ ကြောင့် ရက္ခိုက်ဟူသောအမည်မှာ ဘီလူးစင်စစ် မဟုတ်ဘဲ လူအမည် ဖြစ်ရာသည်။ သို့မဟုတ် ရက္ခသျှနွယ်ဝင်များကို ရက္ခိုက်ခေါ်လာရာမှ ဘီလူးဟု တင်စားမည်တွင်လာခဲ့ရခြင်းဟု ယူဆကြရခြင်း ဖြစ်လေသည်။

မာရယုသည် လူသားစားဘီလူးကိုတွန်းလှန်၍ ဓညဝတီ နိုင်ငံကို တည်ထောင်ခဲ့သည်။ ဘီလူးကို တွန်းလှန်အောင်နိုင်ရာ နိုင်ငံဖြစ်၍ ရက္ခိုက် (ရက္ခိုင်)ပြည်၊ လူမျိုးကို ရက္ခိုင်ဟု တွင်လာ ရသည်ဟု ရခိုင်ရာဇဝင်တို့က မှတ်တမ်းတင်ခဲ့ကြသည်။ ခေတ် သမိုင်းသုတေသီများက ရှေးလွန်ခဲ့သော ဘီစီ–ငါးထောင်ကျော် ကပင် ရက္ခသျှတို့ ရခိုင်၌နေထိုင်ရှိပြီး ဆို၏။ သို့သော် တခြား လူအဖွဲ့အစည်းနှင့် ဆက်သွယ်မှုမရှိဘဲ သီးခြားနေထိုင်ခဲ့ကြသဖြင့် ခေတ်ယဉ်ကျေးမှု အဆင့်အတန်း၊ အသိအလိမ္မာ၊ အတတ်ပညာ နိမ့်ကျနိုင်ရာကား ရိုင်းစိုင်းကြမ်းကြုတ်သော လူတန်းစားတစ်ရပ် ကဲ့သို့ ရှိခဲ့ရမည်ဟု ယူဆကြ၏။

နောင်းခေတ်တွင် တစ်ရေတစ်မြေတည်း ဆက်စပ်ရှိသော

အိန္ဒိယနိုင်ငံမှ ခေတ်ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူ့အဖွဲ့အစည်းတို့ ဝင်ရောက်လာခဲ့ကြရာမှ သူတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများ ဆက်သွယ်ရောယှက်ခဲ့ကြလေရာသည် ဆို၏။ ထို့ကြောင့် ထိုအိန္ဒိယဒေသမှဝင်ရောက်ခဲ့ကြသော အာရယန်၊ မွန်ဂိုလွိုက်တို့၏ ယဉ်ကျေးမှုနှင့် ရောနှောမှု မကင်းနိုင်ခဲ့လေ။ ခီရာဋ္ဌကို သကျ(သာကီဝင်)ဟုလည်း သမိုင်းသုတေသီများက သတ်မှတ်ခဲ့ကြလေသည်။

အထက်ဖော်ပြပါတို့ကို ထောက်ထားလျက် ရခိုင်ပင်မဒေသလူမျိုးများကို အခြေခံထားကာ ရက္ခိုက်၊ ရက္ခိုင်၊ ရခိုင်ဟူသော ဝေါဟာရမှာ ရခိုင်ဒေသသမိုင်းကို မှတ်တမ်းတင်သည့်အချိန်ကပင်ဟု ဆိုနိုင်လေသည်။ မာဂဓတိုင်းမှ ဝင်လာသူများဖြစ်၍ မာက်၊ မောက်၊ မက်ဂ (Mug, Muga, Maghs) ဟူ၍လည်း ဘင်္ဂလားနယ်သားများက ခေါ်လာခဲ့ကြသေး၏။

ရက္ခိုင်အမည်ကား အာရိယန်တို့နှင့် ရောနှောခဲ့သော်လည်း မတိမ်ကောခဲ့ချေ။ ထိုပြင့်နှောင်းအုပ်စုများသည် ရှိရင်းရခိုင်တို့ ရိုးရာယဉ်ကျေးမှုကို မလွှမ်းမိုးနိုင်ခဲ့ဘဲ လက်ခံကျင့်သုံးခြင်းသာ ပြုခဲ့ကြလေသည်ဟုလည်း ယူဆကြသူများ ရှိလေ၏။ ရက္ခိုင်အုပ်စုသည် ကစ္ဆပနဒီမြစ်ညှာတွင် အခြေစိုက်ပြီး ရပ်စုရွာစု စသောလူနေမှု အဆောက်အဦးပြု၍ နေခဲ့ကြသည်။ ထိုက ပို ရခိုင်၊ မြို့ရခိုင်၊ သက်ရခိုင်ဟူ၍ အုပ်စုသုံးစု ကွဲလာကြသည် ဆို၏။ ထို့ကြောင့် မိသားစုအုပ်စုဖွဲ့၍ နေတတ်လာကြခြင်းဖြင့် လူမျိုးဆက်ပြန့်ပွားလာခဲ့ပုံ၊ တိုးတက်ခဲ့ရပုံတို့ ဖြစ်လာခဲ့ရလေ သည်။ အာရိယန်မှ အာရကန်၊ အာရက္ခ၊ ရက္ခ၊ ရဃ(သက္ကဋ ဘာသာ)မှ ရခိုင်အမည် ဖြစ်လာသည်လည်း ဟူ၏။

သကျသည် ရက္ခ၊ ရက္ခိုင်နှင့် ခေါ်ဆိုမှုသဘော တူလေသည်။ အင်ဒိုမွန်ဂိုလွိုက် (ခီရာဋ္ဌ)များကို သကျဟု သတ်မှတ်ခဲ့ကြသည်။ ဟိမဝန္တာတောင်ခြေတစ်လျှောက် အခြေစိုက်နေလာခဲ့ကြသူများ ဖြစ်ချေသည်။ သကျဆွေမျိုးစုနယ်မြေဟု မြို့ပြပြည်နယ်များ တည်ထောင်ရှိခဲ့ကြသည်။ ကပိလဝတ္ထု၊ ဒေဝဒဟ၊ ကောလိယ သုံးပြည်မှာ သာကီဝင်တို့၏ မြို့ပြများတည်း။ သက်

လူမျိုးလည်း သကျသာကီနွယ်ဝင် ဆို၏။ ရခိုင်မာရယု ဖခင် အဇ္ဈုနလည်း သာကီဝင်နွယ်မှ ရသေ့ပြုလာခဲ့သူဖြစ်သည်ဟု ယူဆခဲ့ကြ၏။ ထို့ကြောင့် သာကီဝင်နွယ်များမှာ ဆွေမျိုးသားချင်း အုပ်စုတစ်စု ရပ်စုပြည်ထောင်ဖွဲ့၍ သီးခြားနေလာခဲ့သူများအဖြစ် ထင်ရှားလေသည်။

အာရိယန်တို့ ရောက်လာချိန်က သာကီဝင်(ဆပ်ကျ)တို့မှာ ဂင်္ဂါမြစ်ဝှမ်းတလျှောက်၊ ဗြဟ္မပုတြမြစ်ဝှမ်းတစ်လျှောက်နှင့် အိန္ဒိယပြည်မြောက်ပိုင်းထိ အနှံ့အပြား နေထိုင်ရှိလေပြီး ဆို၏။ ခေတ်သုတေသီတို့က ကိရာဋ္ဌ အင်ဒိုမွန်ဂိုလွိုက်ဟူ၍ သတ်မှတ်ခဲ့ကြသည်။ ပါကစ္စတန်ဗုဒ္ဓသာသနာစာအုပ်တွင် ဗရူဝါ(မရမာ ကြီး)၊ သက်၊ ရခိုင်၊ ဒိုင်းနက်တို့မှာ တစ်မျိုးတည်းဖြစ်ပြီး ဆပ်ကျ မျိုးနွယ်စုဝင်များဟု ပြဆိုထား၏။

# &cirsK;E , prsm;

သာဂရမင်းတို့ တည်ခဲ့ကြသော ရက္ခပူရတိုင်းပြည်ဟူသော အမည်ကိုစွဲ၍ ရခိုင်ပြည်၊ ရခိုင်လူမျိုးဟူ၍ ဖြစ်လာရင်း ဆို၏။ ရခိုင်လူမျိုးတို့၏ နေရာဌာန ရိုကြိုင်တော၊ ရိုကြိုင်ချောင်းကိုစွဲ၍လည်း ရိုကြိုင်သားဟု ခေါ်လာ၏။ ထိုမှရခိုင်သားဖြစ်လာရခြင်းဟုလည်း ဆိုကြ၏။ အချို့သမိုင်းကမူ သောဠသ(၁၆)ပြည်တို့တွင် ရခိုင်သည် ရမ္မာပူရအမည်ရ၍ သမုတ္တိဒေဝမင်းမှစ၍ စိုးစံလျက် ရခိုင်အမျိုး ဖြစ်ထွန်းခဲ့ရသတည်း။

မာရယုသည် ရက္ခိုက်ဘီလူးတို့ကိုအောင်ရာမြေဖြစ်၍ ရက္ခိုင်ဟု တွင်လာခြင်း၊ နာဂိန္ဒရသေ့က ရက္ခ(အမျိုးသီလစောင့်သူ)ဟူ၍ အမည်ခေါ်တွင်ခဲ့ခြင်း၊ ဖော်ပြပါ ရက္ခသျှမှ ရက္ခိုက်၊ ရခိုင်ဖြစ်လာခြင်း စသည်အမည် ဖြစ်ရပ်တို့ကို သိသာခဲ့ရပြီး ဖြစ်၏။

ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် မြစ်ညာတွင် လုပ်ကိုင်စားလာခဲ့ကြသည်။ ထို့ကြောင့် ဒေသနယ်ပယ်ကိုစွဲ၍ အညာသားဟုလည်း ခေါ်တွင်ခံလာရသည် ဆို၏။ ချောင်းဖျားတွင် လုပ်ကိုင်စားသောက်နေခဲ့ကြသဖြင့် ချောင်းသားလည်း အမည်ရလေ၏။ မြစ်ရိုးတစ်လျှောက်နေလာကြ၍ မ–ရိုး(နောင်–မြို)ဟူ၍ အမည်ရလာ၏။ တောရကိုင်ကို ခုတ်ထွင်နေလာခဲ့ရ၍ ရကိုင်သားလည်း မည်သတည်း။

ရာဇဝင်လင်္ကာက ရမ်းပြဲသားတို့ကို ကမ်းယံတွင်ကြောင်း

ဖြင့် ''နားစာနှင့်၊ ကံသာအရင်း၊ ရှိတုံလျင်းဟု၊ ဆိုခြင်းအသံ၊ ခံဝန်ဟန် ကြောင့်၊ ကမ်းရံတွင်ငြား၊ ရက္ခိုင်သားတို့'' ဟု စပ်ဆို ခဲ့လေသည်။ အလ္လကပ္ပကား–စိမ်းလန်းစိုပြည်အရပ်ဌာန ဟူ၍ အဓိပ္ပာယ်ရှိလေ သည်။ အလ္လကပ္ပတိုင်းသည် မဂဓပြည် တစ်ခုဖြစ်ရာ ဗီဟာနယ် မြောက်ပိုင်းတွင် ကျရောက်ရှိနေ၏။

ရခိုင်တွင် လူ့အဖွဲ့အစည်းများပြု၍ ဖွဲ့စည်းနေထိုင်ခဲ့ကြရာ ထောင်တည်ချရာတွင် ပါဝင်နေခဲ့ကြသော ထောင်စုသားများ၊ အမှုထမ်း၊ အရာထမ်းအဖြစ် လုပ်ကိုင်နေကြရသော အစို့အစု အသင်းအပင်းဝင်များ၊ အလာခေါ်နိုင်ငံခြားသားများ၊ အသည်နှင့် အလာမှ ဖြစ်ပေါ်လာသော ကုလားများ၊ ကပြားများ၊ လူတန်းစား ခွဲခြားခံရသူများ စသည်တို့ရှိကြသည်။

ထောင်စုသားများမှာ တိုက်နယ်အလိုက်၊ ဒေသအလိုက်၊ လူမျိုးအစုအလိုက် မြို့ရွာဒေသ တည်ထောင်ပေးခဲ့ခြင်း ဖြစ် သည်။ ထိုတွင် သက်လူမျိုးကို သက်ပြည်ထောင်၊ မြုံလူမျိုးကို မြုံပြည်ထောင်၊ ရုံပြည်ထောင်ဟူ၍ အမည်ပေးခဲ့သည်။ ပြည် ထောင်ချင်း ဝင်အဖြစ် အုပ်ချုပ်သူများ ခန့်၍ထားပေးခဲ့သည်။ သက်မင်း၊မြုံမင်း၊ ရုံမင်းဟူ၍ တောင်တန်းနယ်ကို လူနေဌာန ချမှတ်ပေးထားခြင်း ရှိလေသည်။ ထိုတောင်တို့၌ဆိုလျှင် ဗိုလ်မင်း၊ တပ်မင်းတို့ကို အကြီးအကဲထားခဲ့သည်။ ရခိုင် သမိုင်းတွင် ရိုကြိုင်ထောင်၊ ကံသာထောင်ကိုပင် ရိုကြိုင်ပြည်၊ ကံသာပြည် ဟူ၍ သုံးနှုန်းပြုခဲ့သည်။ ယခု ဗိုလ်မင်းထောင်ဟု ခေါ်တွင်နေ သော်လည်း ကံသာ–ရိုကြိုင်ထောင်ကား မြို့စားထားရှိ အုပ်ချုပ် ခဲ့ရာ ဖြစ်သည်။

ဒိုင်းနက်၊ မြို့၊ ခမွီး၊ တရွှိန်း၊ ကမံတို့ကား လက်နက်ကိုင် အမှုထမ်းများ ၊ မြင်းသည်တော်များ၊ ရခိုင်မင်း၏ အမှုထမ်းအင် အားစုများသာ ဖြစ်ကြ၏။ ထို့ကြောင့် လေးလက်နက် အလုပ် အကိုင်၊ ကျောက်ဖျာ၊ မ–ရိုး စသောနေရာတို့ကို စွဲ၍ အမည်တွင် လာခဲ့ရခြင်းသာ ဖြစ်ချေ၏။ စင်စစ်မှာ ရခိုင်မျိုးနွယ်စုဝင် မျိုးကွဲ ဆက်ပွားတို့သာ ဖြစ်သတည်း။

အသည်သားမှာ ရခိုင်ပြည်ရင်းသား ဖြစ်ကြ၏။ မင်း၏အမှု

ထမ်း အစို့အစဥ် မပါချေ။ မင်းပိုင်နက်မြေတွင် အုပ်ချုပ်ခံလာရသူ အဖြစ် တည်ရှိ၏။ အမှုထမ်းမဟုတ်သူ အသည်သားအပြင် အလာ (ကလာသား)၊ ကပ္ပါးသားလည်း ရှိသေး၏။ ''ဝင်နေ'' ဟူ၍လည်း တစ်မျိုးထည့်၍ လေးမျိုးခွဲပြကြ၏။ ဝင်နေနှင့်ကပ္ပါးမှာ အတူသာဖြစ်၍ ခွဲခြားရန် မလိုချေ။ ကပ္ပါးနှင့်ဝင်နေမှာ တိုင်းတစ်ပါးမှ အခွင့်မဲ့ (ကျူးကျော်)ဝင်နေသူများ ဖြစ်ကြ၏။ ပြည်ပသား ဟုပင် သတ်မှတ်ရ၏။ သို့သော် ကာလကြာ၍ အမှုထမ်းသတ်မှတ်ခံရလျှင်ကား အစို့သား၊ အသည်သားစသည် ဖြစ်ခဲ့ရတော့၏။ တိုင်းရင်းသားတို့နှင့်ကား တစ်တန်းတည်း မနေရ၊ အသည်ထောင်၊ အသည်ရွာဟူ၍ ခွဲခြားသတ်မှတ်ပေးထားခံခဲ့ရ၏။ လူမျိုးမရောရန် ကာကွယ်ထားခြင်း သဘောဖြစ်သည်။ ပြည်မ အသည်သားနှင့်ကား ကွဲလေသည်။

ပြည်ပကပ္ပါးနှင့် ပြည်ပအသည်သားတို့ စပ်သူများကို အလာ (ကလာ)ဟူ၍ ခေါ်လေသည်။ ကပ္ပါးဟူ၍ သိမှတ်တိုင် လေသည်။ ကလာ(အလာ)ကိုကား မယုံကြည်ရသောသူဟူ၍ လည်း သတ်မှတ်ခဲ့ကြလေသည်။ ထိုအလာမှတစ်ဆင့် အသည် သားသို့ တရွေ့ရွေ့ပြောင်းလာနိုင်၏။ သို့သော်ကပ္ပါးမှာမူ အလာမှ တစ်ဆင့် တက်နေရလေ၏။ ဘုရင်သည် လူတန်းစား ဖွဲ့စည်း ခြင်း၊ အသင်း သတ်မှတ်ခြင်းများကို ပြုနိုင်သည်။ ထို့ကြောင့် မင်း၏အမိန့်အာဏာအရ အသည်သားထိ ဖြစ်လာရသော်လည်း ပြည်ပ–ပြည်မ အသည်နှစ်မျိုးကား ခွဲခြားလေသည်သာတည်း။

အသည်သားတို့သည် ရပ်ရွာ ကြီးကြပ်ရာတွင် ပါဝင်ရသည်။ အသည်လူကြီး၊ အသည်ဝန်ရာထူးရရှိကြသည်။ အသည်ထောင်စားဟူ၍ စားကျေးခံယူခဲ့ကြရသည်။ အလာတို့ကို အကြီးအမှူးခံရ သူသည် ကလန်အမည်တွင်သည်။ ကလန်ကား– ရွာသူကြီး၊ အရပ်လူကြီးပင်တည်း။ အသည်သားကား တာဝန်မနည်းပါ။ ''မြောက်ဥမြို့နှင့် ရခိုင်အာဏာမပျက်ရာ'' ဟု တာဝန်ရှိလေသည်။ အဘိသိက်ခံပွဲ၌ တာဝန်ယူခဲ့ရသည်ကို ဒသရာဇာမင်း အဘိသိက် အစီရင်တွင် တွေ့နိုင်၏။

ဘုရင်ခေတ်တွင် အရေးသားဆုံးများမှာ မင်း၊ မိဖုရား၊ မင်းညီ၊

မင်းသား၊ မင်းသမီး၊ မင်းဆွေ မင်းမျိုးတို့ ဖြစ်ကြ၏။ အဆင့်အတန်းလိုက် မှူးကြီးမတ်ရာ၊ သူဌေးသူကြွယ်၊ ယာသူကြီး၊ တောင်သူကြီး၊ လယ်သူကြီး ပြည်တွင်းအသည်သား များတို့ ဖြစ်ကြ၏။ လုံခြုံရေးအတွက် ကာလသား(ကလေ့ွ)တပ်ကို ဖွဲ့စည်းထားခဲ့၏။ ကုလားပျိုတပ်အမည်ဖြင့် ချောင်းတိုင်း၊ ကျွန်းတိုင်း ရှိခဲ့၏။ ၎င်းတို့တပ်ချရာကို ကုလားချောင်း၊ ကုလားကာဟူ၍ အမည်တွင်ရှိ၏။ ကျွန်းပေါင်း (၄၄)ကျွန်း၌ ချထားခဲ့သည်။ လက်ဝဲ–လက်ယာ အသင်းဖွဲ့ထားရှိသည်။ မင်းကျွန်ခေါ် အိမ်ထောင်ကျပြီးသူများက စစ်ချီတက်ရာ၌ ဘေးကပ်လိုက်ပါရသည်။ အသည်သားမှာ ကိုယ်ရံတော်အသင်း တွင် ပါဝင်သေး၏။

အစို့အစုအသင်းဖွဲ့စည်းခြင်းကို (ပုရိန်ခေတ် ခရစ်–၁၁၂၃–၁၁၃၉) ဒသရာဇာမင်းလက်ထက် ဖွဲ့စည်းခဲ့သည် ဆို၏။ နေ့လုံးမင်း (ခရစ်–၁၂၄၆–၁၂၅၀)လက်ထက်က ကုလားစစ်သုံ့ပန်းများကို ဖွဲ့စည်းပေးခဲ့ဖူး၏။ အမှုထမ်းများတွင် ဘာသာရေး၌ အမှုထမ်းချ ထားခံရသူများလည်း ရှိလေ၏။ ဥပမာ–ဘုရားစေတီ၊ ကျောင်း၊ ကန်၌ ဖြစ်၏။ အစောင့်နေ၊ ဆွမ်းတင်၊ စည်တီး၊ မျက်နှာသုတ်၊ တံခွန်ဆွဲ၊ တံမြက်ခတ်၊ ကျီးနှင့်စာခြောက်တာဝန်လုပ်ရ၏။

သံဃိကမှသင်္ဃိ၊ ထိုမှ သင်္ချိဟူ၍ သတ်မှတ်ခဲ့ရသော ဘုရားကျွန်၊ ကျောင်းကျွန် ဖြစ်ခဲ့ကြရ၏။ စားမြေများ၊ နေမြေ များ ချပေးထား၏။ ဝတ္တကမြေများကို စီမံလုပ်ကိုင်ခဲ့ကြရ၏။ ကျောက်စာတို့တွင် များစွာတွေ့ရတတ်၏။ မဟာမုနိတွင် လှူဒါန်းခဲ့သော သင်္ချိများတွင် ဟဲရုံ၊ မြို၊ ကလေး၊ ပုဂံ၊ ပုသိန်လူမျိုးများပါရှိကြောင်း ရခိုင်မင်းသမီး ဧချင်း၌ စပ်ဆိုထားခဲ့၏။ ဗုဒ္ဓဂယာကျောက်စာတွင် သူငယ်တော်များပါလှူရာ၌ပါ၏။

အစုအစို့ဝင်တို့တွင် ပြူကမ်းယံ၊ မွန်၊ ကုလားလည်း ပါရှိ၏။ အစို့အမည်များလည်းရှိ၍ အမှုထမ်းဌာန မည်မျှရှိမည်ကို သိနိုင်၏။ ဒိုင်းဝင်းကာ၊ ဆင်စာမြင်းစာ၊ ဟရာ၊ မင်းတရားကျွန် လယ်လုပ် (လမိုင်း)၊ စီရီ၊ ယဉ်သည်၊ စော်တလီ၊ ဆပ်ကျာ၊ ဒုံး၊ ဟာရီ ပရဝါ၊ လက်သမား၊ ပန်းထိမ်၊ ပန်းဖဲ့၊ လွှတိုက်၊ ဓရိ၊ ပန်းစင်၊

မောလိပ်၊ ဒရကာ၊ တုရင်္ဂါ၊ ကမံ၊ ဟယား၊ သင်္ချိ၊ ပ္ပဏား၊ စကြော၊ ကိုယ်ရံတော်အသင်း၊ သင်အောင်မ အသင်း၊ လေးကျော့ အစု စသည်တို့ ဖြစ်ကြသည်။ ထောင်၊အစု၊ အသင်းတို့ကား ဖွဲ့စည်းပုံချင်း တူကြသည်။ အခြင်းအရာသာ ကွဲ၏။ ကိုယ်ရံ၊ အစို့၊ အသင်းတို့ကား အခွန်မပေးရချေ။ စား ကျေးပေးရသူအား စားကျေးပေးခံရမည်သာတည်း။

## လူမျိုးအမည် ဖြစ်လာရခြင်းများ

ဒိုင်းသည်တော် အမှုထမ်းဘဝမှ ဒိုင်းနက်(ဒိုင်းနင်း)ဟူ၍ အမည် ဖြစ်လာသည်။ ဒုံးနှင့်ဟာရိ ရောစပ်သူကို စဉ်းဒါးတွင်၏။ ကခြေသည်များကို စကြောစုဖွဲ့လေသည်။ ထို့ကြောင့် စကောကခြိ ဟူ၍ တွဲစပ်၍ သုံးသည်။ လေးကမံအမှုထမ်းရသူကို ကမံတွင် လာသည်။ ထောင်ဖြည့်ရာ၌ ထောင်အမည်ကိုစွဲ၍ မ–ရိုးသား၊ ဖလံသား၊ ဖရင်းသား–ရေကြည်သား၊ ကျောက်ဖျာ၊ ဝန္ဒယ်၊ သဗက်၊ ဒလက်သား၊ ကောက်ကတန်သား၊ လေးမြို့သား၊ ပြားသား၊ မရမာသား၊ ချောင်းသား(ချောင်းအမည်အလိုက်)၊ ရမ်းဗြဲ သား၊ မာန်အောင်သား၊ မလိုင်(မွန်)သား၊ တောင်စဉ်သား၊ ကျွန်း စဉ်သား စသည် ခေါ်တွင်လာခဲ့ကြရသည်။ အမှန်မှာ လူမျိုးမဟုတ်ချေ။ ဒေသကိုစွဲ၍၊ လုပ်ငန်းကိုစွဲ၍ ၊ ထောင် အမည်နာမကိုစွဲ၍ ဖြစ်လာရခြင်းတည်း။

ထောင်သင်းအမည်တို့တွင် တိုင်းခြားသား အမည်များ လည်း ပါရှိကြ၏။ ဒေဝန်းဌာန၊ ဒါရကာ၊ မော်လိပ်၊ ကမံစသည် အမည် များ ဖြစ်၏။ အင်္ဂလိပ်လက်ထက်အရောက်တွင် ကပ္ပတင်၊ နာဖ်၊ သရဇင်၊ ဖွဲဒါ၊ ပျာတာ ဒက်တင်၊ သော်ဒလီ စသည်တို့ကို အမှု ထမ်းအမည်ခေါ်လာကြသည်။ ရေခပ်သူ (ပါဏီဝလာ)၊ ဒရဝန် (အစောင့်)၊ မာစီ (အလုပ်ခေါင်းဆောင်)၊ နာယာ(ပိုက်သည်)စသည် အခေါ်ဖြစ်လာခဲ့ရ၏။ တွဲစပ်၍ လေးကမန်၊ လံတောင်း၊ ပျဉ်တောက်တား၊ ကိတ်မုန့်၊ မြေဇကား အခမနာ၊ သံမယ်န၊ ဗာဇူအင်္ကျီ စသည် ဝေါဟာရတို့ကို သုံးလာ ခဲ့ကြ၏။

မြို့သား၊ ကျွန်းသားဟူ၍ပင် အသုံးဖြစ်ပေါ်လာသေးသည်။

ဖော်ပြပါ ထောင်အသင်း၊ အစု၊ ဒေသခွဲ၊ အမှုထမ်း အမည် မွေးစားဝေါဟာရတို့ကိုစွဲ၍ ရခိုင်တွင် လူမျိုးစုဆက်များ ဖြစ်လာရသည်။ လူမျိုးတစ်မျိုးအဖြစ် မှတ်ယူရမလောက် စိတ်ဓာတ်ပေါက် လာသည်။ ထို့ပြင် ဒေသရေမြေ၊ ကျွန်းကမ်း ဆက်သွယ်ရေး အလှမ်းဝေးခဲ့ရခြင်းလည်း တစ်ခုပါလေသည်။ သို့နောက် နယ်ချဲ့တို့၏ သွေးခွဲမှု၊ လူတန်းစားခွဲမှုတို့ကလည်း တရားခံမကင်းကြချေ။

ဥပမာ–ဟာရိ၊ သင်္ချိ၊ ဟယား၊ ဒုံး၊ စဏ္ဍာလတို့ဆိုလျှင် ရှန်းကြမ်းညစ်နွမ်း အောက်တန်းကျအမှုထမ်းများ ဖြစ်သည် ဆိုကာ လူတန်းစားခွဲခြားထားတတ် ကြသည်။ ၎င်းတို့ကလည်း မိမိကိုယ်ကို လူရာမဝင်ဟု ထင်မှတ်လာခဲ့ကြသည်။ အမှန်မှာ ဇာတ်(ပင်မ)အားဖြင့် ဤသို့ အမည်ရလာသည် မဟုတ်၊ လုပ်ငန်း အရ သတ်မှတ်ခေါ်ဝေါ်မှုအဖြစ် ခံလာခြင်းသာဟု မထင်ကြချေ။ ရခိုင်မင်းတို့က အသည်သား၊ ပြင်ထောင်သား အဖြစ် နုတ်ယူရွေး ဖယ်နိုင်ခဲ့ကြသည်ကို ထောက်၍ ယခုလွတ်မြောက်ရေး ဖြစ် လောက်ပေပြီ။

အိန္ဒိယပြဟ္မဏဝါဒတွင် ပြဟ္မဏ၊ ခတ္တိယ၊ ဝေသိယ၊ သုဒ္ဒ ဟူ၍ လေးမျိုးခွဲထားသည်။ ပညာတတ်၊ လယ်ပိုင်ရှင်၊ ကုန်သည်၊ ဆင်းရဲသား ဖြစ်၏။ ဆင်းရဲသားကား အောက်တန်း ကျသည်။ ၎င်း အလုပ်မှန်သမျှ အလုပ်ကြမ်းဖြစ်၍ စဏ္ဍာလမည် သည်။ ရခိုင်က အကြမ်းလုပ်နိုင်သည်ကို ဒွန်းခံနိုင်သည်ဟု အသုံးစွဲပြုလေသည်။ ပဒေသရာဇ်ခေတ် ထိုအစွဲအလမ်းများ ကြောင့် ယခုထိ ထိုလူတန်းစားတို့မှာ လူရာဝင်မခံရသေးချေ။

ထို့ပြင် ထောင်သား၊ အသင်း အစို့သား မျိုးနွယ်ဆက်များ အခေါ်အဝေါ်ရှိနေကြသေးရာကား ထိုလူတန်းစား မပျက်နိုင် သေး။ ထို့ကြောင့် ဤလူမျိုးစုနွယ်အဆက် အစဉ်အလာကို ဖယ်ရှားနိုင်ရန် လိုအပ်၏။ မဖယ်ရှားနိုင်ကလည်း လူတန်းစား ခွဲခြားမှုမပြုနိုင်ရန် ချစ်ကြည်မှု၊ ပေါင်းသင်းမှု ဖြစ်နိုင်ကြရန် ကြိုးစားဖို့လိုအပ်၏။ ဥပဒေအရ လုပ်ဆောင်သင့်ကလည်း လုပ်ဆောင်ပေးရန် ဥပဒေ ပြဋ္ဌာန်းခြင်း၊ အရေးယူခြင်းများ ပြုသင့်ကြ၏။

ရခိုင်သားကြီးစာပေ

## သိသင့်ရန်

ရခိုင်ထောင်၊ အသင်းအစုဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရခိုင်ထောင်တည်၊ မြို့တည်၊ ရွာတည်ခြင်း စာတမ်းကိုလည်းကောင်း၊ အစို့အသင်းဖွဲ့စည်းခြင်း စာတမ်းကိုလည်းကောင်း ပြုစုထားရှိပြီး ဖြစ်ရာ နောင်အခွင့်အခါသင့်က ဖော်ထုတ်နိုင်ပါလိမ့်မည်။ ယခုလည်း အမြွက်မျှလိုရင်း တင်ပြထားပြီး ဖြစ်ပါ၏။ မင်းစဉ်ထောင်ခွဲစကားရှုပါ။

ထိုထောင်၊ အသင်းအစုမှ အဖွဲ့အစည်းဝင်၊ လုပ်ငန်းဌာန အမည်စွဲဝင် စသည်တို့မှ လူမျိုးအနွယ်အမည်သည် တစ်သီးတခြားသာ တည်လာရခြင်း ဖြစ်သည်။ ရခိုင်လူမျိုးတစ်မျိုး တည်းမှ ခက်လက် သားပေါက်များသာ မှတ်ယူကြရန် ဖြစ်သည်။ အဆက်အနွယ် မကင်းကြသူများလည်း သမိုင်းဆက်ကို သိရှိစေသင့်သည်အတိုင်း အသင်းအစု ထောင်ဖွဲ့စည်းရင်းမှ ရခိုင်လူ မျိုးစု၊ အုပ်စုငယ်(ဂွတ္တ) မူကွဲဝင် အဆက်အနွယ်များကို ယှဉ်စပ် လေ့လာသိရှိနိုင်ကြပါရန် ဤသို့ဇယားချ၍ တင်ပြလိုက်ရပါကြောင်း။

(က) ၁။ အသည်၊ ၂။အလာ၊ ၃။ ကလာ၊ ၄။သင်္ချိ မျိုးဟူ၍ (၄)မျိုး။ အသည်မျိုးတွင် (တောဖျား၊ ချောင်းသား၊ ရမ်းပြဲဟူ၍ ကွဲလာသည်။)

(ခ ) ၁။ တန်းမင်းသား၊ ၂။ဗိုလ်မင်းသား၊ ၃။မုန်းတိုင်းသား၊ ၄။ ကြောစီးသား၊ ၅။ရှီဘော်သား၊ ၆။မြဲအောင်သား၊ ၇။ အာတောင်းသား။

(ဂ ) ချောင်းသား ၁၄–မျိုး။ ။(ဖရင်းသား)ဖျားသား၊ ပျားရည်၊ တရွှိန်း၊ ဝနွယ်၊ ကျောက်ဖျာ၊ လောင်းကတုတ်၊ သဗက်သား၊ မရွှိတ်၊ အောင်ကျော်၊ ကောက်ကတန်း၊ ပြားသား၊ မ–ရိုးသား၊ မလဲသား(မလိုင်း)၊ လေးမြို့သား။

(ဃ) ရမ်းပြဲသား ၉–မျိုး။ ။ ကျောက်ဖြူ၊ တောင်စဉ် (ပလဲ–ပရဲသား)၊ ဂန့်ဂေါ်၊ အဝပြင်၊ တံတိုင်း၊ လေးတောင်၊ ကျောက်ချောင်း၊ ဟုမ်းချောင်း၊ မာန်အောင်။

(င ) ရမ်းပြဲငယ်မျိုးကား။ ။ ရမ်းပြဲငယ်မျိုး၊ သင်ပန်းကိုင်မျိုး၊

တန့်မျိုး၊ ရမ်းပေါက်မျိုး၊ ဆိပ်စမျိုး၊ ရဗဒင်မျိုး စသည်။

(စ ) အနွယ်ဂွတ္တလိုက်၍ (ဘေး–ဘိုး–ဘအစဉ်) ဟာရီဖြူ အမျိုး၊ မောင်ဖြူဘဂူသျှီ၊ ထွန်းတင်ဘဂူသျှီ၊ ကာလာဘီ ဘဂူသျှီ၊ ကျောက်ဂူသျှင်မမျိုး၊ ရဲကျော်သူမျိုး စသည်။

(ဆ) လုပ်ငန်းရာထူး ဂုဏ်သိရ်ကိုလိုက်၍– သော်တလိမျိုး၊ ကျွန်း အုပ်မျိုး၊ ပြုစုကောင်းမျိုး၊ စစ်ကဲ မင်းကြီး၊ မြို့ဝန် အရေးပိုင် နယ်ပိုင်ဌာန ရွာသူကြီး၊ လက်သမားမျိုး စသည်။ ။

***(မှတ်ချက်)*** *ဗုဒ္ဓသည် သကျဝံသ ဂေါတမအနွယ် (ဂွတ္တ) ဖြစ်သည်။*

**အသျှင်ကြီး**

၂–၁၂–၉၄

# &ci
# axmiwn? Nrkwn? &mwnjci;

တိုင်းပြည်တစ်ပြည်တွင် အုပ်ချုပ်စီမံမှုသည် ရှိရစမြဲဖြစ်သည်။ အုပ်ချုပ်စီမံကွပ်ကဲမှု မရှိလျှင် အစစအရာရာ မသေမချာဖြစ်ရပေမည်။ ထို့ကြောင့် တိုင်းပြည်အုပ်ချုပ်စီမံခဲ့ကြရသော ရခိုင်မင်း အဆက်ဆက်တို့သည်လည်း ထိုခေတ်ထိုကာလ၏ လူနေမှု၊ လုပ်ကိုင်စားသောက်မှု၊ သက်သာချောင်ချိမှု၊ သာယာစည်ပင်ပြန့်ပွားမှုကို ဖန်တီးခဲ့ကြရသည်။ လူ့ဘဝသည် သာယာမှုကိုလည်း လူတိုင်း တောင်းဆိုလာစမြဲလည်း ဖြစ်သည်။သို့ရာတွင် လူနေမှု၊ လုပ်ကိုင်စားသောက်မှုသည် စီးပွားရေး တိုးတက်မှု၏ အဓိကသော့ ချက်ပင် ဖြစ်သည်။

လုပ်ငန်းမရှိဘဲ လူနေမှုကျပ်တည်းစွာ တိုးပွားစည်ပင်နေခြင်းဖြင့် လူ့ဘဝဖူလုံမှုရှိမည် မဟုတ်၊ မည်သို့မှ သာယာနိုင်စရာရှိ မည် မဟုတ်ချေ။ ထို့ကြောင့် လူ့ဘဝဆောင်တာ တာဝန်ခန့်ခွဲမှု၊ သက်သာချောင်ချိမှု၊ စားသောက်လုပ်ငန်းဆောင်တာ ပြည့်ဝဖူလုံစေမှုကို တိုင်းပြည်အုပ်ချုပ် စီမံသူတိုင်းသည် ကွပ်ကဲသတ်မှတ် ဆောင်ရွက်ပေးနိုင်စွမ်း ရှိရမည် ဖြစ်သည်။

ရခိုင်မင်းများလက်ထက် ထိုကိစ္စတို့၌ ထောင်ဖွဲ့၊ ရာဖွဲ့ လုပ်ငန်းများ၊ ပြည်ထောင်ဖွဲ့စည်း အုပ်ချုပ်စေခြင်းများတို့ ပြုလုပ်

ပေးခဲ့ရ သည်။ အုပ်ချုပ်ရေးဆိုင်ရာတို့၌ စနစ်တကျ တာဝန်ခန့်ခွဲ ချမှတ်ပေး ထားခဲ့ရသည်။ ပြည်ထောင်ငယ်များတွင် ဗိုလ်မင်း၊ တပ်မင်း တစ်ပါးစီ ခန့်ခွဲတာဝန်ပေးထားခဲ့ရသည်။ ပြည်ထောင် ငယ်များတွင် ဗိုလ်မင်း၊ တပ်မင်း တစ်ပါးစီခန့်ခွဲ တာဝန်ပေးခဲ့ လေသည်။ ရွာထောင်အလိုက် ကလူတတ်တစ်ယောက်စီခန့် ထားခဲ့လေသည်။ ယင်းသို့ ဘုရင်ခေတ် လူနေမှုမျှတညီမျှခြင်း၊ လုပ်ကိုင်စားသောက်မှု ဖူလုံခြင်းအတွက် ယခုခေတ် တိုင်း၊ခရိုင် ဒေသနယ်ပယ်တို့ ခွဲခြားလျက် ခန့်ခွဲစီမံထားခြင်း သဘောမျိုး ကဲ့သို့ အုပ်ချုပ်ရေး ပြုခဲ့ခြင်း သဘောဖြစ်သည်။

ရခိုင်မင်းများလက်ထက် သက်ဦးဆံပိုင်စနစ်ကား လုံး၀ ကင်း လွတ်သည်ဟု မဆိုသာသော်လည်း အမတ်အကြီးအကဲ၊ ပညာရှိများ၏ အကြံဉာဏ်များအရလည်း ဘုရင်မင်းသည် လိုက်နာခဲ့ရသည့် အချက်များစွာ ရှိသည်။ ထို့ကြောင့် ထိုအမတ် ကြီးများ၏ အကြံဉာဏ်ပဋိဘာန်အရ ဘုရင်မင်းသည် မဖယ်လွှဲ ဘဲ လိုက်နာ ဆောင်ရွက်ရခြင်းတို့ဖြင့်လည်း အုပ်ချုပ်ရမှု အသင့် အတင့် ပြေပြစ် စနစ်ကျခဲ့မှု ရှိသင့်သလောက် ရှိခဲ့သည်။

ဇာတိဝံသမော်ကွန်းလာ ဟဇရားကြီး၊ ပြည်စိုးကြီး၊ ဆင်ဝန် ကြီး၊ ကိုယ်ရံကြီးတို့မှာ မင်း၏အတိုင်ပင်ခံ အမတ်ကြီးများပင် ဖြစ်ပေသည်။ ၎င်းအမတ်ကြီး (၄)ဦးအပြင် တရားသွေးစသော အမတ်များက တရားစီရင်ရေးကအစ စည်းမျဉ်းဥပဒေကို ချမှတ် နိုင်ခဲ့လေသည်။ ရွှေမျိုးဓမ္မသတ်၊ အဋ္ဌစက္ကာလီသကျင့် ဝတ်စ သော တရားဥပဒေကျင့်ဝတ်ထုံးနည်းများအရ ထိုဓမ္မသတ် ကျင့် ထုံးဥပဒေသကို အခြေခံ၍ အုပ်ချုပ်မှု၊ တရားစီရင်မှုတို့ဖြင့် ပွဲကိုင် ဦးတည် ခရီးသွားခဲ့လေသဖြင့် သက်ဦးဆံပိုင်စနစ်သည် မသိ မသာဥပဒေ၏ ခြေဖဝါးအောက်သို့သာ ရောက်သွားခဲ့ရလေ သည်။

ထို့ကြောင့် အမတ်ကြီးတို့သည်သာလျှင် ပြည်ထဲရေး၊ ပြည်ပ ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ စစ်ရေး၊ ထူထောင်ရေး၊ နေရာ ချထားရေး၊ လုပ်ကိုင်စားသောက်ရေး၊ အစရှိသည့် ဌာနဆိုင်ရာ အုပ်ချုပ်စီမံကွပ်ကဲမှုကို ခန့်ခွဲလုပ်ကိုင်ခဲ့ရလေသည်။ မြို့စား၊ ရွာစား၊ ကျွန်းအုပ်၊ ချောင်းအုပ် အစရှိသော အုပ်ချုပ်ရေးအဆင့်ဆင့်ကို

လည်း ချမှတ်စီစဉ်ရှိလာခဲ့လေသည်။ ထိုမြို့စား၊ ချောင်းစား စသည်တို့မှာ ညီလာခံဝင်၍ အုပ်ချုပ်ရေးကို ချမှတ်ရသူများ အပါအဝင်လည်း ဖြစ်ကြရသည်။

ရခိုင်မင်းခေတ်တွင် ရခိုင်ပြည်မနှင့် အနောက်တိုင်ခွင် တို့ဖြင့် ခွဲခြားသတ်မှတ်မှုရှိသည်။ ပြည်မကို ဘုရင်မင်းက မြို့စား၊ ချောင်းစား၊ တောင်စား၊ ထောင်စားတို့ဖြင့် အုပ်ချုပ်စေခဲ့သည်။ အနောက်တိုင်းခွင်ကိုကား ပြည်ထောင်ငယ် (သက်ထောင်၊ ဗိုလ်မင်းထောင်၊ ဖလံထောင်၊ မြုံထောင် စသည်)တို့ ဖွဲ့စည်း ပေး၍ လူမျိုးအလိုက် ဗိုလ်မင်း၊ တပ်မင်း ခန့်အပ်ခံရသူတို့က ဦးစီးအုပ်ချုပ်စေလေသည်။ ထို့ပြင် ကျန်သောနယ်ပယ်များကို ဘဂိ ၁၂–နယ်ခွဲခြား၍ ရခိုင်မင်း၏ သားတော်၊ ညီတော်၊ ဆွေတော်၊ မျိုးတော်ထဲမှ တစ်ဦးဦးက အနောက်ဘုရင်၊ အနောက်ပိုင်သခင်၊ နောက်ရပ်ပိုင်သခင်၊ အနောက်ပြည်စားအဖြစ်ဖြင့် ဒါဂါ၊ မောက်သူဇာ၊ ရောင်ဖြူစသော မြို့ကြီးများ၌နေ၍ အုပ်ချုပ်ပေးခဲ့ရလေသည်။

အနောက်ဘုရင်သည် ပြည်ထောင်ငယ်မင်းများနှင့် အမြဲ လက်တွဲလျက် စစ်ရေးအကူအညီပေးခြင်း၊ ငြိမ်ဝပ်ပိပြားမှုရှိစေခြင်း စသည်အရပ်ရပ်ကို လိမ္မာပါးနပ်စွာ စီရင်ခဲ့ရလေသည်။ အနောက် ဘုရင်လက်အောက်တွင်လည်း ဘဂိ(၁၂)မြို့ ဒေသအရပ်တွင် မြို့စား (၁၂)ဦးလည်း ခန့်အပ်ထားရှိသေးသည်။ ထိုသို့ စီမံအုပ်ချုပ်မှုတွင် ထောင်တည်မော်ကွန်းသည် မှတ်တမ်းပင်ဖြစ်သည်။

ကျွန်းကမ်းမြို့ရွာ တည်ထောင်ပေးခြင်း သမိုင်းနှင့်ပတ်သက်သည့် မှတ်တမ်းကို ကျွန်းတည်၊ မြို့တည် သမိုင်းမော်ကွန်းဟူ၍ တွင်သည်။ ပြည်ထောင်၊ ရွာထောင် ဖွဲ့စည်းတည်ချပေးခဲ့ခြင်း မှတ်တမ်းကိုကား ထောင်တည်မော်ကွန်းဟူ၍ တွင်သည်။ ရခိုင်၌ ထောင်တည်ဖွဲ့ရာ ထောင်ပေါင်း(၆၄)ထောင် ရှိသည်ဟူ၏။ အများအားဖြင့် အနောက်ပြည်၊ ကစ္ဆပနဒီ၊ အဥ္စနနဒီ၊ မလ္လာယုနဒီစသော မြစ်များ၏ လက်ဝဲလက်ယာ တောင်တန်း တောင်ခွင်များတွင် လူနေမှု လုပ်ကိုင်နေရာချထားခြင်း တိုင်းပြည် နှင့်လူမျိုးစားဝတ်နေမှုကို ဒေသအလိုက် ဖြန့်ဖြူးဝေငှမျှတစေရန် စီမံပေးခြင်း၊

အနည်းအများ အကျဉ်းအကျပ်မရှိစေဘဲ လူနှင့် လုပ်ငန်း စီးပွားကိုက်ညီစေရန် ဖန်တီးခြင်းလုပ်ငန်းသည် ထောင် တည် စီမံကိန်းပင် ဖြစ်ပေသည်။

ရှေးက တည်ချပေးခဲ့ရာ ထောင်များမှာ ယခုအခါ အမည် နာမမျှသာ ရှိသင့်သလောက်ရှိသေးသော်လည်း ထောင်တိုင်းတွင် ကား လူနေမှု မရှိချေပြီ။ ရမ်းပြည်၊ မန်အောင် စသောဒေသတို့၌ သံထောင်၊ ကြက်ရိုးထောင်၊ ကမားထောင်၊ ပြင်ကောက်ထောင် စသည်ဖြင့် ယခုထိ ထောင်ဟူသည့် ဒေသနယ်ပယ် အမည်နာမ ကို တိုက်နယ်၊ ကျေးရွာသူကြီး အုပ်စုအမည်သို့ လွှဲပြောင်းလျက် ခေတ်နှင့်အမီ အသုံးပြုနေတုန်းပင် ဖြစ်သည်။ ဤသို့ အသုံးပြု ခြင်းသည် ရှေးခေတ်အုပ်ချုပ်မှု ဒေသနယ်ပယ် အခေါ်အဝေါ်များ ကိုလည်း မပျောက်မပျက်စေဘဲ ယခုခေတ် အုပ်ချုပ်ရေးနှင့်လည်း မဆန့်ကျင်ဘဲ ခေတ်မီပြုပြင် အသုံးချခြင်း ဖြစ်သည်ဟု ဆိုနိုင် သည်။ ယခု ထောင်တည်ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ပေ၊ မော်ကွန်း စသည့် ရှေးမှတ်တမ်းမှတ်ရာမှ စုစည်းရှာဖွေ မှီငြမ်းပြု၍ ထောင် တည်မော်ကွန်းကို ဖော်ပြလိုပါသေးသည်။

'ထောင်' ဆိုသည့်စကားမှာ ပြည်ထောင်၊ မြို့ထောင်၊ ရွာထောင် ဆိုသည်က တစ်မျိုး။ ထောင်ပြု၊ ရာပြုဆိုသည်က တစ်မျိုး၊ ထောင်တည်၊ မြို့တည်၊ ရွာတည် ဆိုသည်က တစ်မျိုး ဖြင့် အမျိုး မျိုးရှိရာ မြို့ရွာများ တည်ထောင်ပြုစုခဲ့သည်ကိုပင် ဤနေရာ၌ ထောင်တည်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

## ပထမတည်ထောင်ခြင်း

ဤကဲ့သို့ ကမ္ဘာပေါ်တွင် လူမျိုးအသီးသီး၌လည်း မိမိတို့၏ မြို့ရွာတည်ထောင်ပုံတို့ကို ကျမ်းဂန်စာပေတို့တွင် အများကြီး တွေ့ ရှိနိုင်ကြပေလိမ့်မည်။ ထိုသို့ တည်ထောင်ခဲ့ကြသည်တို့တွင် ကျွန်ုပ်တို့ ရခိုင်လူမျိုးများမှာလည်း သောဠသ(၁၆)တိုင်း အပါ အဝင်ဖြစ်သော သမုတ္တိဒေဝမင်းသည် ရမ္မပူရပြည်ကြီးကို ပထမ ဦးစွာကပင် တည်ထောင်ခဲ့လေသည်။ ယင်းကပင် ဒွါရဝတီ၊ ဓညဝတီ၊ ဝေသာလီ အစရှိသည့် ပြည်ကြီးများ တည်ထောင်

စိုက်ချခြင်းများ ဆက်ကာဆက်ကာ ဖြစ်လာခဲ့ရပေသည်။

ထိုသို့လျှင် ရာဇဝင်အစဉ်အဆက်အတိုင်း မင်းဆက်ပေါင်းများစွာ ဆင်းသက်လာပြီး နောက်မှ ပုရိန်မြို့တော်ကို အစိုးရတော်မူသော မင်းကောလိယ၏သားတော် ဒသရာဇာမင်းလက်ထက် အရောက်တွင် မဟာမြတ်မုနိရုပ်ရှင်တော်ကြီး၏ ဗုဒ္ဓဝတ်အလို့ငှာ ရှေးဘေးလောင်းတော် စူဠတဥ္ဆန္ဒာမင်း၏ အမတ်ကြီးဖြစ်သော ဓမ္မဇေယျ တည်ထောင်ခဲ့သော သောတိသုပူရထောင် (တိပူရ–တြိပူရ)။ ထို့နောက် အမတ်ကြီး၏ သားတော်ကြီး မဏိဒတ္တတည်ထောင်ခဲ့သော မဏိပူရထောင် (မဏိပူရ)။ ထိုအမတ်ကြီး၏ သားတော်အငယ် အသင်္ခတည်ထောင်ခဲ့သော အာသံထောင် (အာသံပူ)။ တပ်ဗိုလ်မင်းကြီး တည်ထောင်ခဲ့သော ဗိုလ်မင်းထောင်။ ဆင်ပြောင်ငါးစီးအားနှင့် ပြည့်စုံသည့်အမတ်တစ်ဦး တည်ထောင်ခဲ့သော ဗလုံထောင် (ယခုဗလံထောင်)။ သကျအနွယ်ဝင်များ တည်ထောင်ခဲ့သော သက်ထောင်။ စန္ဒာဒေဝီ မိဖုရားကြီး၏ ပြစ်တင်ခြင်းကို ခံရသဖြင့် ဝမ်းထဲမြို့ (သိုသိပ်၍) လျက် ထားရှိခဲ့ကြသော သူများတို့ တည်ထောင်ခဲ့ကြ သည့် မြို့ထောင်။ (အချို့ရာဇဝင်တွင် စန္ဒာဒေဝီ မိဖုရားက ပြည်ထဲတွင် မဝင်စေရဘဲ နှင်ထုတ်ခြင်းခံရသူများသည် ကစ္ဆပနဒီမြစ်ဖျားမြို့သောတောတို့၌ ရပ်ရွာတည်ထောင်ခဲ့ကြလေသည် ဟူ၏) အစရှိသဖြင့် ထောင်အပေါင်းတို့ကို ဗုဒ္ဓဝတ်ကြွေး ချထား တော်မူခဲ့လေသည်။

၁။ သောတိသုပူရထောင်၊ ၂။ မဏိပူရထောင်၊ ၃။ အာသံထောင်၊ ၄။ ဗိုလ်မင်းထောင်၊ ၅။ ဗလံထောင်၊ ၆။သက်ထောင်၊ ၇။ မြို့ထောင် ဤခုနစ်ပြည်ထောင်ကြီးတို့မှာ ပထမထောင်တည်မော်ကွန်းဝင်တို့ပင် ဖြစ်သည်။

ယင်းသို့ ထောင်အသီးသီး ထင်ရှားရှိခဲ့သည့် ထောင်ဟုခေါ်ခြင်းခံခဲ့ရသည့် ထောင်များသည် အိမ်ထောင်စု တစ်ထောင်ထက်မနည်းသော လူများနှင့် ဦးစွာတည်ထောင်ခဲ့ရသည့် အဖြစ် ကြောင့် ထောင်ဟူ၍ နာမည်မော်ကွန်းတင်လာခြင်း ဖြစ်လေ သည်။ ထိုအခါမှစ၍ ရခိုင်ပြည်တွင် ပြည်ထောင်ကြီး ခုနစ်ပြည် ထောင်

ဖြစ်ထွန်း လာခဲ့ရပေသည်။ ထိုထောင်တို့တွင် ယခုထိ ရခိုင်လူမျိုး အများအပြား ရှိနေပေသေးသည်။ ဤသို့တည် ထောင်ဖြစ်လာခြင်းကြောင့် မင်းအဆက်ဆက်၊ မြို့အဆက်ဆက် ဆင်းသက်လာခဲ့ရသဖြင့် ပထမတည်ထောင် မော်ကွန်းတင်မှုပင် ဖြစ်လေသည်။

## ဒုတိယတည်ထောင်ခြင်း

ဒုတိယထောင်တည် မော်ကွန်းမှာဆိုလျှင် မင်းရာဇာကြီး၏ သားတော် မင်းခမောင်းသည် မယ်တော်နှင့်တကွ ဆွေတော်မျိုး တော်အပေါင်းတို့ကိုပါ ခမည်းတော်၏ အမျက်တော်ကိုကြောက်၍ ဘေးလောင်းတော်တို့ ထူထောင်ခဲ့သော ထောင်ကြီး ခုနစ်ထောင် ကို ပြုစုချဲ့ထွင်ပြီးလျှင် ထိန်းအုပ်တော်မူခဲ့ရလေသည်။

ယင်းနောက် မင်းရာဇာကြီးသည် အရှေ့ဟံသာဝတီပြည်ကို တိုက်ချီတော်မူစဉ်က ပဲခူးမင်းသမီးကို ရခဲ့သဖြင့် များစွာသော အခြွေအရံဖြစ်သည့် မင်းသမီး၏လူများကို ရခိုင်ပြည်အရှေ့ဘက်၊ အနောက်ဘက်တို့တွင် ထားရှိပေးခဲ့ရလေသည်။ ၎င်းတို့အသီးသီး ထွက်ပြေးကြသော်လည်း မင်းသမီးက သိနှင့်တော်မူသောကြောင့် မိမိ၏လူများကို ပြန်လည်စုစည်းသိမ်းဆည်းပေးတော်မူပါဟု လျှောက်ထားမှု ပြုလေသည်။ ထို့ကြောင့် မင်းရာဇာကြီးက ကျန်ရှိ သောလူများကို စုဆောင်းလေသည်။

ထို့ပြင် ဘေးလောင်းတော်တို့ တည်ထားခဲ့သည့် ထောင် ကြီး ခုနစ်ထောင်က လူပိုများကိုလည်း နုတ်ယူပြီးနောက် မူလနေ ရာမှာပင် တစ်ဖန် ပြန်လည်တိုးချဲ့ပြီးလျှင် ထောင်(၁၂)ထောင်ကို တည်ထောင်ပေးထားခြင်း ပြုခဲ့ရလေသည်။ ထိုထောင် (၁၂) ထောင် တည်သည့်မော်ကွန်းတင်နေ့မှာ သက္ကရာဇ် ၉၇၄–ခု၊ တော်သလင်း လဆန်း ၁၃–ရက်၊ ဗုဒ္ဓဟူးနေ့မှာပင် ဖြစ်သည်ဟူ ၏။

ထိုထောင်တို့ကား အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၁။ မရိုးထောင် | ၇။ ရိပစွေထောင် |
| ၂။ ဖလံထောင် | ၈။ကုန်စွေထောင်(ကွမ်းရွဲ) |

၃။ ရေကြည်ထောင် ၉။ ကျောက်ဖျာထောင်
၄။ ပျာရေထောင် ၁၀။ ဝါးနွယ်ထောင်
၅။ မြောင်းထောင် ၁၁။ တလက်ထောင်
၆။ ကျောက်မသာထောင် ၁၂။ နန်းထက်ထောင် (သဗက်)

ဖော်ပြပါထောင်တို့ကို အုပ်ချုပ်ဖို့ရန် ဗိုလ်မင်း၊ တပ်မင်း၊ စစ်ကဲ၊ နာခံ၊ အရာထူး၊ အရာခံတို့ဖြင့် ခန့်ခွဲအုပ်စိုးတော်မူခဲ့ရပေသည်။

ဤသို့ခန့်ခွဲသောထောင်တို့တွင် နေထိုင်ရသည့်လူများကို ထောင်သား၊ မြို့မှာနေရသူများကို မြို့သား၊ ချောင်းမှာ နေကြသူများကို ချောင်းသားအစရှိသဖြင့် အရပ်ဒေသဌာနကို အစွဲပြုပြီး လျှင် နာမည်တွင်ခြင်း ဖြစ်လာရလေသည်။ ယင်းသို့အရပ်ဒေသနှင့် အမည်ကို ခွဲရာတွင်–

၁။ သျှင်ချောင်း
၂။ ပန်းသရီချောင်း
၃။ ရေပေါ်ချောင်း
၄။ စည်ကျီချောင်း
၅။ မြို့သစ်ချောင်း

ဟူ၍ အမည်ဘွဲ့ချီလျက် ဆတ်တံဆိပ်ကြေးမော်ကွန်း လက်မှတ်စာချွန်နှင့် အပ်နှင်းခြင်း ခံရလေသည်။ ထိုမော်ကွန်းတင် တံဆိပ်ခန့်အပ်ပေးသည်မှာ သက္ကရာဇ် ၉၇၄–ခု၊ တော်သလင်းလ ဆန်း ၁၅–ရက် သောကြာနေ့ ဖြစ်လေသည်။ ဤသည်မှာ ဒုတိယထောင်တည်ဖြည့်ခန်းမော်ကွန်းတင်ပင် ဖြစ်လေသည်။

## တတိယထောင်တည်ခြင်း

တတိယထောင်တည်ခြင်းမှာ လူများပြွတ်သိပ်လာ၍ ထောင်သစ်များ တိုးချဲ့ဖြစ်လာရခြင်းတည်း။ ရက္ခပူရတိုင်း နိုင်ငံတွင် လူများစွာ ပြွတ်သိပ်စည်ကားလွန်းခဲ့လေရာ အိမ်ထောင်စုလူများကို ရွေးနုတ်လျက် ဘုရင်မင်း၏ အမိန့်အရ သက္ကရာဇ် ၉၇၅–ခု၊ ကဆုန်လဆန်း ၁–ရက်နေ့မှာ အောက်ပါ ထောင်သစ်

(၈)ခုကို တည်ထားခဲ့ရလေသည်။

၁။ တလက်ထောင်သစ်

၂။ လော်ဟိန်းထောင်

၃။ ရတ်သာထောင်

၄။ တန်းဆောက်ထောင်

၅။ မိန်ထောင် (ဖလံ)

၆။ တန်းဆိပ်ထောင်

၇။ မရိုးထောင် (မလိုင်း)

၈။ ပလက်ထောင်

## စတုတ္ထထောင်တည်ခြင်း

စတုတ္ထမြောက် ထောင်တည်ခြင်းကား– စန္ဒဝိဇယမင်း လက်ထက်ပင် ဖြစ်သည်။ ထိုမင်းလက်ထက် ချောင်းရိုး၊ တောင်ရိုးမှာ နေထိုင်ရှိခဲ့ကြသော လူအပေါင်းတို့သည် ပွတ်သိပ်ကျပ်တည်း စည်ကားခဲ့လေသဖြင့် များရာထူးထဲရာတို့မှ အိမ်ထောင်စုတို့ကို ထပ်မံထုတ်နုတ်လျက် အမတ်တော် ဇေယျာသူရိကျော်ထင်က တည်ချပေးခြင်း ပြုခဲ့ရသည်။ ထိုထောင်များကို သက္ကရာဇ် ၁၀၇၃–ခု၊ တန်ခူးလဆန်း ၃–ရက်၊ တနင်္လာနေ့ တည်ထားခဲ့သည်ဟူ၏။ ထောင်အမည်များမှာ အောက်ပါအတိုင်း လေးထောင်တည်ခဲ့လေသည်။

၁။ သက်ပြည်ကျထောင်

၂။ ကောက်ကတန်းထောင်

၃။ လေးမျိုးသာထောင် (လောင်းကတုတ်)

၄။ ဥယျာဉ်သာထောင် (နန်းတက်ဝယိုင်သာ)

## ပဥ္စမထောင်တည်ခြင်း

သက္ကရာဇ် ၁၀၈၆–ခု၊ ဒုတိယတန်ခူးလဆန်း (၁)ရက်၊ သောကြာနေ့တွင် ပဥ္စမမြောက်ထောင်များကို တည်ထားခဲ့ရသည်။ တည်ခဲ့ရပုံမှာ စန္ဒဝိဇယမင်းသည် အထက်တည်ရှိသော မြောင်းထောင်နှင့် နန်းထက်ထောင် ဤနှစ်ထောင်တို့တွင် လူစည်ကားပွတ်သိပ် လာသဖြင့် အိမ်ထောင်စုများကို ထုတ်နုတ်

လေသည်။ ထို့ပြင် တခြားထောင်များမှလည်း အနည်းအပါး ထုတ်နုတ်လျက် အောက်ပါထောင်များကို တည်ထား၍ ထောင်တည်ပေးခဲ့လေသည်။ သို့သော် ထောင်တည်များပြားလာသဖြင့် ရာပြုထောင်များသာဖြစ်ခဲ့ရသည် ဟူ၏။

၁။ ဒက်ဆွဲထောင်
၂။ တောင်ရွာထောင်
၃။ ပန်းသရီထောင်
၄။ သဇင်ဖြူထောင်
၅။ ပုလဲဖြူထောင်
၆။ အောင်ကျော်ဖြူထောင်
၇။ ပွဲတိုင်ထောင် (ကွမ်တိုင်)
၈။ ပီရွက်ထောင်
၉။ ပြားသားထောင်
၁၀။ မရမာသားထောင် (မရဖာသား)
၁၁။ စည်ကျီထောင် (စိုင်ကျီ)
၁၂။ လောင်ကဒူးထောင် (လောင်းကတုတ်)
၁၃။ မြို့သစ်ထောင်
၁၄။ သဘက်ထောင်
၁၅။ တန်းဆိပ်ထောင်
၁၆။ မွန်ထောင်
၁၇။ ပန်းစီရီထောင်

ဖော်ပြပါ ၁၇–ထောင်တို့ကို ခန့်ခွဲစီမံအုပ်ချုပ်ရေးအတွက် ဗိုလ်မင်း၊ တပ်မင်း၊ စစ်ကဲရာထူးများ ပေးအပ်ခြင်း ခံရသူများအား ခန့်အပ်အုပ်ချုပ်စေလေသည်။ ၎င်းဗိုလ်မင်း၊ တပ်မင်း၊ စစ်ကဲတို့ သည် သျှင်ချောင်းအတွင်း –

၁။ ပန်းသရီထောင်
၂။ စည်ကျီထောင်
၃။ မရမာသားထောင် (ရေပေါ်)
၄။ မြို့သစ်ထောင်
၅။ သျှင်ချောင်းထောင်တို့ကို အုပ်ချုပ်ရန်ဆတ်

တံဆိပ်ခတ်နှိပ်လျက် ဆတ်မော်ကွန်းကို ပေးအပ်ခြင်း ခံရသည်။ ယင်းသို့မော်ကွန်းရရှိသူများသာ ထောင်ပိုင်းမင်းဖြစ်ရရိုး ရှိလေသည်။ ဆတ်တံဆိပ်ဆိုသည်မှာ ဣန္ဒမာယု (ဆတ်မ)မည်သော ဆတ်မမှ မာရယုမင်းသားကို မွေးဖွားပြီးနောက် မာရယုသည် ရက္ခိုက်ဘီလူးတို့ကို တွန်းလှန်၍ ရခိုင်ဝေသာလီ၌ ထီးနန်းကို ဆက်ခံခြင်းပြုလေသည်။ ရခိုင်ပြည်ဟူသော အမည်ကို ထင်ရှားစေသည့် မာရယုမင်းကား ဆတ်မဖြစ်သော ဣန္ဒမာယုမယ်တော်၏ သားပင်ဖြစ်ကြောင်းကို သမိုင်းတွင်ရစ်စေရန် ရခိုင်မင်းလက်ထက်တွင် ကြားဖူးရသော ဆတ်တံဆိပ်ကို မော်ကွန်းတံဆိပ်၊ အမျိုးသားတံဆိပ်အဖြစ် အသုံးပြုလာခြင်း ဖြစ်ခဲ့ရသတည်း။ ။ ယင်းကြောင့် ထမရာဘွဲ့တွင်–

''ဆတ်ခတ်မော်ကွန်း၊ ရဲစွမ်းတစ်သွယ်၊ သျှမ်းတိုင်းဆီကို၊ ကမ်းလတ်တေကား၊ စောထွီးလှစွာ၊ မိကုမ္မာကို၊ ခတ်ခလေ့လေ'' ဟူ၍ လည်းကောင်း။

မြန်မာချီရတုတွင်လည်း –

''သူကြီးရာခန့်အပ်ပါသည်၊ ယင်းမှာ ဆတ်ခတ်ပြီးလျှင်'' ''ဖွဲ့ဒါကြီးသည်၊ လျှင်ဆော့ရွှီးတုံပါလျက်၊ ပရဝါနာဆတ်ကြီးခတ်၊ ငါးရွက်စာကို၊ ထိုခါချက်ချင်းအပ်က''ဟူ၍ လည်းကောင်း၊ ''ရာဇဘိသိက်၊ ဆတ်တံဆိပ်ဖြင့်၊ ဖြူရိပ်ဆောင်းကာ'' (ဝါး ကျောင်းရာဇလင်္ကာ)ဟူ၍ လည်းကောင်း ရခိုင်စာပေဖွဲ့နွဲ့စပ်ဆိုမှု ပြုလာခဲ့ကြလေသည်။

၎င်းအပြင် တစ်ထောင်စီတွင် ကလူတတ် တစ်ယောက်စီ ခန့်ထားခြင်း ခံခဲ့ရသေးသည်။ ကလူတတ်ဆိုသည် ယခုရခိုင်တို့ အသုံးပြုနေသည့် ကာလုံတတ်၊ ကာနုံတတ် ဆိုသည့် ဝေါဟာရ အသုံးအနှုန်းတူ ပရိယာယ်စကားပင် ဖြစ်သည်။ စကားလိမ်မာ တတ်သိကျွမ်းကျင်သူကိုပင် ခေါ်ဆိုခြင်း ဖြစ်သည်။ ရခိုင်ပြည်ကို အင်္ဂလိပ်ပိုင်စတွင် ခက်ခဲသောစကားများကို ပြောဖို့အရေးဆိုလာသောအခါ ကာလုံတတ်များကို ရှာဖွေခဲ့ရလေသည်။

ထိုအခါ ရခိုင်ပြည်တွင် ကာလုံတတ်ဟူ၍ ထင်ရှားသူကို မတွေ့ရသဖြင့် အခက်ကြုံရလေသည်။ သို့နှင့် ကာလုံတတ်ကို

လိုက်လံရှာဖွေစေရာ အနောက်ပြည် ပင်းဝါ(ရာမူး)မှ ကာလုံတတ် ခေါ်ကထွယ်ဖရာ ခေါ်ဆိုကြသည့် ကျော်ဇောရှီကို ခေါ်ယူခြင်း ပြုခဲ့ရသည်။ ၎င်းအား ဆုလာဒ်ပေးလျက် စကားအရာရေးရာ တိုင်ပင်မှုများကို ပြောဆိုစေခဲ့သည်။ ၎င်းပြင် သူအားမပြန် စေ တော့ဘဲ နေရာထိုင်ခင်းချပေးလျက် နေထိုင်ခဲ့လေသော နေရာကို ကာလုံတန်းရွာဟု ယခုထိ စစ်တွေမြို့တွင် ရပ်ရွာအမည်တစ်ခု အထင်အရှား တွင်ရှိနေသေး၏။

ယခုထိလည်း စကားကောင်း၊ စကားတတ်လွန်းသူကို ''ကာလုံ တတ်သျှေ'' ဟု ပြောလေ့ပြောထလည်း ရှိကြပေသေး သည်။

ဤသို့ ရခိုင်မင်းများတို့သည် ထောင်ပေါင်းများစွာတို့ကို စည်း လုံးဖွဲ့စည်းပြီးလျှင် အုပ်ချုပ်စေခဲ့ခြင်း ပြုခဲ့ကြရသည်။ တစ်နှစ်လျှင် တစ်ကြိမ်ကျစီလည်း ထောင်တိုင်အား စိစစ်ခြင်း ပြုလေသည်။ ထောင်ပိုင်မင်းအဖြစ် ခန့်အပ်ခြင်းခံရသူ အမှု ထမ်းများအား မော်ကွန်းကို ပြသစေလေသည်။ မော်ကွန်းမပြနိုင် သော တပ်မင်း၊ ဗိုလ်မင်းတို့အား ထောင်ပိုင်ရာထူးမှ နုတ်ပစ်ခြင်း ခံရလေသည်။

ထောင်သားများဖြစ်ကြသော ပြည်သူများအား ပထမနှစ် တွင် ထောင်သားအဖြစ် အမှတ်အသားဟူ၍ မထားရှိခဲ့ချေ။ ကာလကြာသောအခါတွင် တစ်ထောင်က လူများတစ်ထောင်သို့ ရွှေ့ပြောင်းနေ ထိုင်ခဲ့ခြင်း၊ ကူးလူးဆက်သွယ်ခြင်း စသည်ရော နှောလာမှုများ ဖြစ်လာသောအခါ လက်ဝဲလက်ျာကိုလိုက်၍ ထောင်သားများကိုလည်း ခွဲခြားသိသာစေရန် လက်ဝဲထောင်သား ကို ပေါင်တွင် ဥဒေါင်းရုပ် ရေးထိုးပေးထားလေသည်။ လက်ျာ ထောင်သားကိုမူ ပေါင်တွင် ခြင်္သေ့ရုပ် ထိုးထားခြင်း ပြုခဲ့လေ သည်။ ဤသို့ခွဲခြားမှတ်သားမှုကို သက္ကရာဇ် ၁၀၀၃–ခုတွင်မှ ဇေယျာသူရကျော်ထင် အမတ်ကိုယ်တိုင် စိစစ်လျက် ခွဲခြားပြုခဲ့ ရခြင်း ဖြစ်သည်ဟူ၏။

ရှေးယခင်ကဆိုလျှင် သက္ကရာဇ် ၉၇၄–ခုမှာ တစ်ကြိမ်၊ ၁၀၇၃–ခု စန္ဒဝိဇယမင်းလက်ထက် အမတ်ကြီးစန္ဒဗလ၏ အမတ် ငယ် ဇေယျာသူရိကျော်ထင် စစ်ဆေးသည်က တစ်ကြိမ်၊ သက္ကရာဇ်

၁၀၈၄–ခု တစ်ပေါင်းလဆန်း တစ်ရက်၊ အင်္ဂါနေ့တွင် စန္ဒဝိဇယ မင်းကိုယ်တိုင် စစ်ဆေးသည်က တစ်ကြိမ်၊ ယင်းသို့ အကြိမ်ကြိမ် တို့၌လည်း စိစစ်ရွေးချယ်သတ်မှတ်ပြီးလျှင် ရွှေပေလွှာတွင် ရာဇပုံ လုပ်၍ အပ်ထားခြင်း ပြုခဲ့သေးသည်။ ယင်းသို့ မင်းအဆက်ဆက် တို့ တိုင်းပြည်အုပ်ချုပ်ရေးမှာ ပြည်ရွာစိစစ်၍ ထောင်ပြည့်မင်းများ ပြုခဲ့ရသည်ချည်းပင်တည်း။

မင်းမတည့် ပြည်မအေးစသည် ဆူပူမငြိမ်သက်မှုတို့ များခဲ့ပြီး ထောင်များ၊ မြို့ရွာများ စည်းကြပ်လုံခြုံဖွဲ့မှု မရှိသောအခါဆိုလျှင် သာ ရောထွေးယှက်တင်ခြင်းများတို့ ကြုံခဲ့ရသည်။ ထိုအခါ ဇာတ် ဘာသာမရွေး ရှုပ်ထွေးရောယှက်လျက် တစ်ရွာတစ်ပြည်သား အမျိုးအမည် အစဉ်အဆက် ခွဲခြားမသိသာတော့ဘဲ ဖြစ်ခဲ့ရတတ် သည်။ ရခိုင်ရာဇဝင်မှာ စန္ဒဝိဇယမင်းမတိုင်မီ ဝရဓမ္မရာဇာမင်းမှစ၍ စန္ဒသူရိယ (သာမ)ရာဇတိုင်အောင် မင်း (၉)ဆက်တိုင် အာဏာ စက်မတည်၊ ထီးနန်းမပိုင်စံနိုင်ခဲ့ခြင်းကြောင့် ကိုယ်တော်ရံလေး သောင်းနှစ်ထောင်တို့သည် ပြည့်ရှင်မင်းကို ကြိုးဆွဲချင်သလို ဆွဲလျက် ရုပ်သေးဘုရင်အဖြစ် ခြယ်လှယ်ခြင်း အပြုခံခဲ့ရလေ သည်။ နန်းတင်နန်းချ ပြုလုပ်ကြလျက် တိုင်းပြည်မငြိမ်သက်၊ မင်းမတည်မြဲ ဖြစ်စေခဲ့လေသည်။

ထို့နောက် စန္ဒဝိဇယမင်းလက်ထက် အရောက်တွင်မှ တည် ငြိမ်ထိန်းသိမ်းနိုင်ခဲ့သဖြင့် နန်းတွင်းနန်းပြင် ရောနှောယှက်တင် လာခဲ့ကြရခြင်းကို စစ်ကြောမေးမြန်း စိစစ်ပြုနိုင် လေသည်။ ထိုသို့ စစ်ဆေးလျက် ဇာတ်ဘာသာအလိုက် မြို့ရွာ တည်ထောင် ပေးခြင်းများ၊ တစ်ရွာတစ်ပြည်သား အမျိုးအမည် အစဉ်အဆက် ကို မသိသူတို့အား ''ရွှေမကုန် ပြင်ထောင်''ဟု အစုအသင်းဖွဲ့ စည်းပေးထားခြင်း ပြုခဲ့ရလေသည်။ ထောင်တည်၊ မြို့တည်၊ ရွာတည်ခြင်းကား ဘုရင်ခေတ်သာမက ယခုအစိုးရအဆက်ဆက် တို့ ပြုနေရ သည့် စီမံမှု၊ အုပ်ချုပ်မှု တစ်ရပ်လည်း ဖြစ်သည်။ ရခိုင်မင်းခေတ်လည်း ဖော်ပြပါလုပ်ရပ်များ ရှိခဲ့ကြောင်း သိသာ နိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်သတည်း။

**နတ်မြစ်–ညိုဖုံမောင်ကျော်ရှိ**

# ewjrpvr;alumi;

*''မဟာတမ္ပိ၊ ဂုဏ်အတိနှင့်၊ သီရိလက်ျာ၊ မဟီညာ၍၊ ဒီပါသောင်းရပ် အလောင်းမြတ်တို့၊ စံအပ်နေရာ၊ မဟာရဋ္ဌ ဝိဟီံသဟု၊ ညေသုံးမည်၊ ရခိုင်ပြည်မှ၊ ဒေသအနောက်၊ ပင်လယ် ပေါက်တွင် မြစ်ကောက်အတက်၊ ကွေ့ထွက်ဝင်ရာ ဝဲလက်ျာကို၊ သညာ ဆန်းကြယ်၊ အနောက်ပြည်ဟု မှတ်သွယ်တွင်ရိုး၊ ရှေး ခေါ်မျိုးက၊ တန်ခိုးထန်လှ ၊ နတ်ရှင်မကို၊ စွဲထမှတ်ယူ၊ နတ်မြစ် ဟူ၍၊ ရှေးသူအများ၊ သမုတ်ထားသည်''။*

*(နတ်မြစ် နခေါင်းချောင်း–ဆရာတော်ကြီး)*

## **နယ်ခြားမြစ်**

ရခိုင်ပြည်၏ အနောက်ဘက်အရပ်သည် နတ်မြစ်ဖြင့် ပိုင်းခြား လျက်ရှိသည်။ ထိုနတ်မြစ်သည် ဘင်္ဂလားပင်လယ် အော်မှ ကွေ့ဝင်လာသော ပင်လယ်ပေါက်တည်း။ ထိုပင်လယ် ပေါက်မှ မြစ်လက်တက်သည် မြောက်သို့စီးဝင်ကာ 'အူချာ' ခေါ်သော ခေါင်းတုံး အရပ်၌ မြစ်ဖျားခံသွားလေသည်။ နတ်မြစ် ၏ အစပြုရာဌာနဖြစ်၍ အူချာဟုလည်းကောင်း၊ မြစ်ဖျားဆုံရာ အရပ်ဖြစ်၍လည်း ခေါင်းတုံး ဟူ၍လည်းကောင်း ခေါ်တွင်ပြုခဲ့ကြ သည်။

နတ်မြစ်ကား စစ်တကောင်းတောင်တန်းမှ ဆက်သွယ်လာ

သော ဘင်္ဂလားပင်လယ်ကမ်းရိုးတန်းရှိ နတ်တောင်တန်း၊ တောင်ညိုတောင်တန်းကိုလည်းကောင်း၊ မယူတောင်တန်းကိုလည်းကောင်း အမှီပြု၍ ထိုတောင်တန်းနှစ်သွယ်ကြား စီးဆင်းလျက် ဘင်္ဂလားပင်လယ်အော်သို့ ဆက်သွယ်သွားလေသည်။ ထို့ကြောင့် ထိုမြစ်၏ အရှေ့ပိုင်းဆိုလျှင် ရခိုင်ပြည်၊ ယခု မောင်တော မြို့နယ်မြေဖြစ်၏။ အနောက်ဘက်ပိုင်းမှ စစ်တကောင်းနယ်ပယ်ထဲ ပါဝင်ပေ၏။ ဤမြစ်ကားဆိုလျှင် ရခိုင်ပြည်နှင့် စစ်တကောင်း နယ်ကို ပိုင်းခြားထားသော နယ်ခြားပင် ဖြစ်ချေ၏။

ရခိုင်စာဆိုတော် ဝါးကျောင်းဆရာ ပဏ္ဍိတ်၏ ရခိုင်ပိုင်နက်နယ်ပယ်ကို ပြဆိုရာတွင်လည်း ''အနောက်ဘက်ကိုသွယ်လျက်ပတ်ရစ်၊ ငါတ်မြစ်ခြားမူ၊ မောင်းဂွတ်ဟူ၏'' ဟူ၍လည်းကောင်း ''နောက်ဖက်ကုလား ငါတ်မြစ်ခြား၍ ပိုင်ကားမပျက် ခုတိုင်ဆက်၍'' ဟူ၍လည်းကောင်း စပ်ဆိုခဲ့ပေသည်။

## နတ်မြစ်လော၊ ငန်းမြစ်လော

ကမ္ဘာ့ပထဝီအရ ဤနတ်မြစ်ဝဲယာသည် အိန္ဒိယကျွန်းဆွယ်၏ အရှေ့ခြမ်းတွင် တည်ရှိပေသည်။ စစ်တကောင်း၊ မတောင်တန်းမှ ဘင်္ဂလားပင်လယ်ကမ်းရိုးငုံသို့ တံတိုင်းအလား စီးဆင်းနေသော နတ်တောင်တန်းကို အမှီပြု၍ နတ်မြစ်ဟု ခေါ်တွင်ခြင်းဖြစ်လာ ခဲ့ရလေသည်။ ၁၉၅၆–ခုနှစ်၊ ထုတ်ဝေခဲ့ပြီးသော ''နတ်မြစ်မဟာ ထေရုပ္ပတ္တိ အကျဉ်းချုပ်'' စာအုပ်၌လည်း ထိုသဘောအတိုင်း ပြဆိုထားလေသည်။ နတ်တောင်ခေါ်ရခြင်းမှာဆိုလျှင် ထိုတောင်တန်း၌ အသောကမင်း၏ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားရာတွင် အပါအဝင်ဖြစ်သော ရွှေမုဋ္ဌောစေတီသုံးဆူ (ငန်းတော်၊ ကိန္နရာ၊ ပသွင်ဓာတ်)ရှိရာ၌ နတ်ရတာ တင်ခြင်းအမှု ကိုပြုလျက် နတ်တို့သည် အစဉ်မပြတ်စောင့်ရှောက် နေခဲ့ကြသည်။ ထိုနတ်တို့ စေတီကိုစောင့်ရှောက်နေခဲ့ရာဌာန၊ ဝါ–နတ်စောင့် စေတီတည်ရှိရာတောင်ဖြစ်၍ နတ်တောင်ဟု ခေါ်ဝေါ်မှု ပြုခဲ့ကြသည် ဆို၏။

ငန်းချောင်း၊ ငန်းတော်ဓာတ် တည်ရှိလတ်၍ လည်းကောင်း

ဘုရားလောင်း မြွေငန်းတစ်ဇာတ်ဖြစ်ခဲ့ရာ ဒေသကိုစွဲ၍ 'ငန်းမြစ်' ဟုလည်းကောင်း ခေါ်ကြသေးသည်။ အချို့ကား မြွေငန်းများ ဖြတ်သန်းကူးသွားရာ ဖြစ်၍ 'ငန်းကူးမြစ်'ဟူ၏။ ကာလကြာ၍ ငန်းမြစ်မှ ရွေ့လျောကာ 'ငါတဲမြစ်၊ ငတ်မြစ်၊ နတ်မြစ်' ဟု ဖြစ်လာခဲ့ရသည် ဆို၏။ ထိုမြစ် ဝဲယာနှစ်ဖက်ကမ်းကို နတ်မြစ် ကမ်းဟူ၍ပင် တပေါင်းတည်း ခေါ်ရိုးပြုခဲ့ကြပေသည်။ သို့သော် အုပ်ချုပ်သော မင်းများ၏ လက်အောက်ခံနယ်ပယ်အလိုက် ပိုင်နက်ဒေသကွဲပြားခြင်းသာ ရှိခဲ့ပေသည်။ ရခိုင်မင်းခေတ်တွင် ရခိုင်ပိုင်နက်ထဲ ကျရောက်ခဲ့သည်။ မဟာမေဒင်မင်း အင်္ဂလိပ် မင်းစသောခေတ်တွင်ဆိုလျှင် ၎င်းတို့ပိုင်နက် နယ်မြေဖြစ်ခဲ့ရ လေသည်။

**နတ်မြစ်ချက်ချာဌာန**

နတ်မြစ်မှာ မြစ်ဝသည် တစ်မိုင်ခန့်ကျယ်ပြန့်ပြီး မြစ်ဖျားသို့ တဖြည်းဖြည်း ကျဉ်းမြောင်းသွားလေသည်။ မြစ်ဝမှ မြစ်ဖျားတိုင် အောင် ၃၅–မိုင်အထိ ရှည်လျားပေသည်။ မြစ်ဖျားအုချာမှ ရဲဖူး၊ ဂေါ်တော်ပလ္လင်၊ မရုက်ချောင်း၊ ပန်းသရီချောင်း၊ ဂေါ်ဇောင်းညာ တင်၊ ပင်းဝါ၊ (ရာမူးတိုင်အောင် ဤမြစ်ဖျားသည် ဆက်သွယ် ပေါက်ရောက်လေသည် ဆို၏။ မြစ်ဖျားပိုင်းတွင် ကုန်းမြင့်၊ ခင်စိုင်း၊ လှို့မြောင်၊ ချောင်းမြောင်းများဖြင့် ဆက်စပ်လျက် နယ်မြေကျယ် လျားပေ၏။ မြစ်ဝတွင် အုန်းကျွန်း (Jinjira ရှင်မဖြူ Shin Puri) ၊ရှင်မညိုကျွန်း Shin Ma Nyo) များ ဖြစ်ထွန်းရှိလေသည်။ နတ်မြစ်၏ ဝဲယာကမ်းခြေတစ်လျှောက်၌လည်း နတ်တောင် ကျွန်း၊ ဗျက်မကျွန်း ရောက်ချောင်းကျွန်း (ချင်းပုံနေခဲ့သည်) ကျီးကျွန်းစသည့် ကျွန်းများ ဖြစ်ပေါ်လျက်ရှိလေသည်။ ထိုကျွန်း များတွင် ဗျက်မကျွန်းနှင့် ကျီးကျွန်းတို့သည် ရခိုင်နယ်ပယ်ထဲ ပါဝင်ပြီး ကျန်ကျွန်းများမှာ စစ်တကောင်းနယ်ပယ်တွင် ကျ ရောက်သွားခဲ့လေသည်။ နတ်မြစ် လကျာ်ကမ်းတွင် မောင်တော မြို့သည် လည်းကောင်း၊ လက်ဝဲကမ်းတွင် တယူချောင်း (Ta k naf) သည်လည်းကောင်း အုပ်ချုပ်ရေး အချက်အချာဌာန ဖြစ်ရှိ

လေသည်။

ဤနတ်မြစ်သည် ရခိုင်မင်းလက်ထက် အရေးကြီးရာ အဓိက ရဌာနဖြစ်ခဲ့ရ၍ အုပ်ချုပ်ရေးများဖြင့် ချုပ်မှုပြုခဲ့ကြောင်း တွေ့ရှိရသည်။ ရခိုင်ပြည်မှ ကျော်ဖြတ်ရာ ခရီးစဉ်အရ မယူတောင်ကျော် လမ်းဝ (ကျောက်တော်မြို့) သည် လည်းကောင်း၊ ယခုကြိုနဲချောင်း (အောင်ဆိပ်ပြင်မြို့)သည် လည်းကောင်း၊ ဦးဒေါင်ပြင်တွင် (ကြက်သရေကြီးမြို့) သည် လည်းကောင်း၊ သလူးချောင်း တောင်ရင်းတွင် (စစ်တလင်းအောင်မြေမြို့) သည် လည်းကောင်း၊ သမိုးတောင်တွင် (ဆီမီးတောက်မြို့)သည် လည်းကောင်း၊ ဝံတောင်တွင် (ရေချမ်းဝတီမြို့)သည် လည်းကောင်း၊ ဂေါ်တော်ပလ္လင်တွင် (သုဓ္ဓဏဝတီမြို့)သည် လည်းကောင်း အုပ်ချုပ်ရေး မြို့စားများ ချုပ်ရာဌာန ဖြစ်ခဲ့လေသည်။ ထို့ပြင် စစ်ဘက်အုပ်ချုပ်ရေးများ တပ်တာစခန်းချုပ်ရာ ဌာနများလည်း ရှိပေသေးသည်။ ရခိုင်နေ ပြည်တော်မှ မယူမြစ်ကြောင်းချီ၍ မယူတောင်ကို ကျော်ဖြတ်၍ ကြည်းကြောင်းခရီးဖြင့် လည်းကောင်း၊ မယူမြစ်ဝမှထွက်၍ ကျောက်ပန်းတူကိုလှည့်လျက် ဘင်္ဂလားပင်လယ်အော် နတ်မြစ်ကမ်းရိုးတန်း ရေကြောင်း ခရီးဖြင့် လည်းကောင်း၊ နတ်မြစ်ကို ကျော်ဖြတ်၍ အလယ်သံ ကျော်စသော စခန်းတို့မှ လည်းကောင်း၊ ဒိုင်းစွဲ ပန်းစွဲ တောင် ကြားကျော်လမ်း၊ ဝေလာတောင်ကျော်လမ်းတို့မှ လည်းကောင်း သွားရောက်အုပ်ချုပ်မှု၊ ဆက်သွယ်ကူးလူးမှုတို့ကို ပြုခဲ့ကြရပေသည်သာတည်း။ ယခုဗန္ဓုလလမ်းဟု ခေါ်တွင်နေခြင်းမှာလည်း ရှေးရခိုင်မင်းတို့ အနောက်ပြည်သို့ ဆက်သွယ်ရာ လမ်းကြောင်းသာ ဖြစ်ပေသည်။ ကုလားလူမျိုးတို့ကား (ကာနာ ရာဇာ–ရာယုတာ) မျက်ကန်းမင်းလမ်းဟု ခေါ်လေသည်။

ရခိုင်ဘုရင် စန္ဒဝိဇယတုံးညိုမင်းကို မျက်စိတစ်ဖက်ကန်း၍ မျက်ကန်းမင်းဟု ခေါ်ခြင်း ဖြစ်လေသည်။ အင်္ဂလိပ်လက်ထက်တွင်ကား (အာရကန်ရိုးဒ်)'ရခိုင်လမ်းမ'ဟု တွင်ခဲ့ရာ ယခုထိ စစ်တကောင်းမြို့အရောက် ထိုလမ်းမရိုးအခေါ်သည် မပျက်တည် ရှိနေပေ၏။

## နတ်မြစ် ရေရိုးကြောင်းခရီးလမ်း

ဤနတ်မြစ်တစ်လျှောက် ပေါက်ရောက်ဆက်သွယ် သွားလာရာ ရေလမ်းကြောင်းခရီးကိုလည်း ရှေးလူကြီးများ ပြော ဖူး၍ မှတ်သားရမိပေသည်။ ရခိုင်မင်းတို့သည် အနောက်ပြည်သို့ စစ်ချီတက်၊ တိုင်းခန်းလှည့်ပတ်သောအခါ ဤနတ်မြစ်ရိုးကို ဆန်လျှောက်ကာ ပလောင် (ပလ္လင်) မာဂျောအင်းမှဖြတ်၍ မရှက် ချောင်းသို့ဝင်ရ ထိုမှပင်းဝါ (Ramu) ချောင်းကို စုန်ဆင်း သွားလေသည်။ ထိုနောက် ပင်းဝါချောင်းရှိ ဖလောင်းချိပ်မြို့ (Cox's Bazaar) မှထွက်၍ မဟာစိုးမြစ် (Bas Khali River) ကို ဖြတ်လျက် ထိုကမ်းယောင်အတိုင်းပင် စစ်တကောင်း၊ ဒါဂါ၊ မောက်သူဇာ၊ ရောင်ဖြူစသည့် ဘင်္ဂါတစ်ဆယ့်နှစ်မြို့တို့ကို ခရီးစဉ်ရေလမ်းပြု ခဲ့သည် ဆို၏။ ဖလောင်းချိပ်မြို့မှ ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းကို လျှောက်၍ ကြည်းကြောင်း၊ ရေကြောင်းဖြင့် ကယုချောင်းသို့ မိုင်(၆၅)ခန့် ခရီးရှိပေသည်။

နတ်မြစ်အုန်းကျွန်းအရောက်ဆိုလျှင် ကယုချောင်းမှ ၁၅မိုင် ဝေးကွာပေသေး၏။ ဖော်ပြပါ မာဂျောအင်းမှာ တိမ်ကော သွားခဲ့ပြီဖြစ်ရကား ရေလမ်းမပေါက်တော့လှချေ။ ထိုအင်းကား ရွှံ့နှစ် ညွန်မြေ (ဗိတ်ကျွံမြေ)ဖြစ်လျက် ကျွံနစ်သော မြေရေတို့ ဖြစ်ရှိနေ ပေသည်။ အချိန်မရွေး စပါးစိုက်ပျိုးခြင်း ပြုလုပ်နိုင်ရကား တစ်နှစ်လျှင် သုံးကြိမ်ထိ စပါးသီးထွက်ခင်းမြေ ဖြစ်နေဘိ၏။ ထို့ကြောင့် သုံးသီး စားအင်းအဖြစ် ယခုအထိ အထင်အရှား ရှိနေပေသေး၏။

## နတ်မြစ်ကူးတို့ လူမပို့ဘဲ ရောက်လတ္တံ့

နတ်မြစ်သည် ယခင်ယခုပါ သွားလာကူးသန်းဆက်သွယ် ရေး ပြုရာဌာန အချက်အချာတစ်ရပ်လည်း ဖြစ်ပေသည်။ လူနေ ဝင်ရောက်မှု နေထိုင်လုပ်ကိုင် စားသောက်မှုများမှာလည်း ဤ လမ်းကြောင်းသည် သမိုင်းအတွက် အရေးပါဝင်နိုင်ပေ၏။ ခရစ် အကြို သမိုင်းခေတ်ဦးက နစ်မြုပ်ပျက်စီးခဲ့ရသော လောင်း လှေပျက် အစအနများကို တူးဖော်တွေ့ရှိကြရသည် ဆို၏။ ထို

ခေတ်တို့ကပင်စ၍ ယခုထိ လောင်းလှေကူးတို့များ မပြတ်သွား လာရှိနေကြပေ၏။ အင်္ဂလိပ်အုပ်စိုးစအချိန်တွင် ရခိုင်သို့ ဆက် သွယ်ရန် ကုန်းလမ်း ဟူ၍ စနစ်တကျမရှိသေးခင် ရေလမ်းကူးတို့ ပို့ဆောင်ရေး၊ ပင်လယ်ရေကြောင်း သွားလာရေးကိုပင် အားကိုးခဲ့ ရပေသည်။

ရခိုင်စာဆိုတော်ကင်းဆရာသည် ရမ်းပြည့်မြို့မှ စစ်တွေသို့ ရေကြောင်းခရီးဖြင့် ရောက်ရှိလာစဉ် စစ်တွေမြို့ ဆိပ်ကမ်းသို့ ကုန်ရောင်းကုန်ဝယ် ရောက်ရှိနေကြသူများကို မြင်ရ၍ ထိုထို ဌာနမှ ရေကြောင်းဖြင့် ရောင်းဝယ်ခဲ့ကြသူများ၏ ကုန်ပစ္စည်း တို့ကိုပါ စပ်ဆိုခဲ့ရာ၌ 'တသီးစုက္ကရာ၊ ပင်းဝါ၊ ဖလောင်းချစ်၊ မလစ်ဟာလတင်း၊ မကြွင်းကုန်သည်၊ အထည်အလိပ်၊ ပုံနှိပ်ပုဝါ၊ မဟာသရဖက်၊ ကုလားတက် ရောင်ဖြူ၊ ဆေးဝါးယူ၍၊ ရောင်းသူ တကြောင်း၊ ကွမ်းသီးလောင်းနှင့်၊ စစ်တကောင်း ဒါဂါး ဘင်္ဂလား က၊ စပါးနှင့် ဆန်၊ သင်္ဘောခံ၍' ဟူ၍ ရွက်သင်္ဘောကြီးများလည်း ပါရှိကြောင်း တွေ့နိုင်ပေ၏။

အင်္ဂလိပ်အုပ်ချုပ်စတွင်လည်း နတ်မြစ်တစ်လျှောက်ကို လောင်းလှေဖြင့်သာ ပို့ဆောင်နိုင်ခဲ့လေသည်။ ထို့ကြောင့် အူချာ–မောင်တောသွား ကူးတို့လောင်းလှေများကို ငှားစားခွင့်ပြုထားခဲ့ရ သည်။ ထိုလှေများမှာ လှော်ခတ်သားပင် မပါမထားရှိဘဲ စီးလိုသူ ခရီးသွားများကပင် လှော်ခတ်စီးနင်းခဲ့ကြရသည် ဆို၏။ ကူးတို့ ဆိပ်ရောက်လျှင် လှေကိုဆိုက်ကပ်ချည်နှောင်ထားခဲ့ပြီး ပြန်လိုသူ များက တစ်ဖန် အလားတူ တက်စီးလှော်ခတ်ယူသွားခြင်းဖြင့် လှေခအငှားခပေး၍ သွားလာခဲ့ကြရသည်။ ကူးတို့စခန်းမှာ မောင် တောဆိပ်နှင့် အူချာဆိပ်တွင် ထားရှိသည်။ ကူးတို့ခကိုလည်း ထိုဆိပ်တွင်ပင် လှေငှားစားသူများက ကောက်ခံယူထားလိုက်ကြ သည်ဆို၏။ ထို့ကြောင့် ''နတ်မြစ်ကူးတို့ လူမပို့ဘဲ ရောက်လတ္တံ'' ဟူသော တဘောင်သံနှင့်အညီ ကူးတို့ပို့သမားမရှိဘဲ သွားရောက် ခဲ့ကြရသည် ဟူ၏။

## ကူးတို့မီးသင်္ဘော

ထို့နောက် အင်္ဂလိပ်တို့သည် ငင်းလူပို့ရန် မလိုသော လောင်းလှေကူးတို့ကို လူပို့ရသော မီးသင်္ဘောအစားထိုး၍ ခုတ်မောင်းသွား လာပေးခဲ့လေသည်။ ခရီးစဉ်မှာ မောင်တောမှ ကယုချောင်းသို့ ဆိုက်ကပ်၍ ထိုမှကန်းကျင်ချောင်းသို့ ပြန်ကူးလျက် ထိုမှမင်္ဂလာ ကြီးချောင်းဝတွင် ရပ်နားလေသည်။ ထိုက ပြန်ကူးလျက် နီလား တွင်ကပ်ပြီး ထပ်မံကူးကာ ကျွန်းပေါက်တွင် ဆိုက်ကပ်လေသည်။ ထိုကကူးကာ ဝါးခွယ်ချောင်း၊ ထို့နောက် ခေါင်းတုံးတွင် ခရီးအဆုံး သတ်လေတော့သည်။ ခေါင်းတုံး ကလည်း ထို့အတူ မောင်တောထိ စခန်းရပ်၍ ခေါက်ပြန်သွား လာပေးခဲ့လေသည်။ ထိုသင်္ဘောမှ ၁၉၄၂ခုနှစ်တွင် ဂျပန်အတက် အင်္ဂလိပ်တို့စစ်အဆုတ်တွင် မောင်တောချောင်း၌ မြှုပ်ပစ်ခြင်း ဖြင့် ပျက်စီးဆုံးရှုံးသွားခဲ့ရသည်။

## ပင်လယ်ပတ်သင်္ဘော

ထို့နောက် အင်္ဂလိပ်လက်ထက်တွင် စစ်တကောင်း၊ ဖလောင်းချိပ်စသည့် ပင်လယ်ကမ်းရိုးတန်းသွား သင်္ဘောကြီး သည် နတ်မြစ်ဝမှလှည့်ဝင်၍ ကယုချောင်း နီလားတို့၌ ဆိုက်ကပ်ပေးခဲ့လေသည်။ စစ်တွေမှ မောင်တောသို့လည်း ပင်လယ် ကမ်းရိုးတန်းသွား နှစ်ထပ်မီးသင်္ဘောသည် နတ်မြစ်မှဝင်၍ ဆိုက်ကပ်ပေးခဲ့သည်။ ထိုသင်္ဘောတို့ကား ကုမ္ပဏီသင်္ဘောများ ဖြစ်ကြပြီး နွေရာသီထိသာ ထားပေးခဲ့ခြင်း ပြုလေသည်။ စစ်တကောင်း သင်္ဘောမှာ ပါကစ္စတန် အစိုးရလက်ထက်ထိ သက်တမ်းရှည်ခဲ့ပေ၏။ မောင်တောစစ်တွေသင်္ဘောမှာ ကောဇာ ၁၃၁၅–ခုနှစ်လောက်ကပင် ရပ်ဆိုင်းသွားခဲ့ရလေသည်။ အကြောင်းမှာ မြစ်ရိုးတိမ်ကောလာခဲ့ရခြင်း၊ တွင်းကြောင်း ကားလမ်းခရီး၊ ရေကြောင်းခရီးများ ရှိလာခြင်းတို့ကြောင့် ဖြစ်ပေ သည်။

## တွင်းကြောင်းလမ်းခရီး

နတ်မြစ်အရှေ့ဘက်တွင် ဘူးသီးတောင်ထိ မယူတောင်ကို

ဖောက်လုပ်ဖြတ်ကျော်ခဲ့ကြသော တောင်ကျော်လမ်းများ ရှိလေသည်။ မောင်တောဘူးသီးတောင်လမ်းကား အတွင်ကျယ်ဆုံး လမ်းဖြစ်ပေသည်။ ရှေးက ခြေလျင်ကုန်းကြောင်း မြေလမ်း မျှသာ ပေါက်ခဲ့ပေသည်။ ထို့နောက် တောင်ခေါင်းကြီး၊ တောင်ခေါင်းငယ်တို့ကို ဂူလိုဏ်ထွင်းဖောက်၍ မီးရထားလမ်း ပြုလုပ်ခဲ့လေသည်။ မောင်တောချောင်းကိုလည်း သံတံတား အခိုင်အမာထိုးပေးခဲ့လေသည်။ ထို့ကြောင့် ဘူးသီးတောင်ထိ ကန်းကျင်ချောင်းမှ မောင်တောချောင်းတံတားကို ဖြတ်ကျော်လျက် မီးရထားခရီး ပေါက်ခဲ့လေသည်။ သို့သော် ခရစ် ၁၉၂၆–ခု၊ မေလ (ကောဇာ ၁၂၈၈–ခုနှစ်) လေမုန်တိုင်းကြောင့် မီးသင်္ဘောထိအက်၍ လုံးဝပြိုပျက်သွား ခဲ့ရလေသည်။

တံတားပျက်စီးခံရခြင်းကြောင့် မီးရထားခရီးမှာလည်း တစ်ပါတည်း ရပ်စဲသွားခဲ့ရပြန်လေသည်။ ထို့နောက်တွင်ကား ကားလမ်း အစားဝင်လာပြီး ယခုထိ ဘူးသီးတောင်မှ မောင်တောမြို့ထိ ၁၆– မိုင်ခရီးကို မော်တော်ကားဖြင့် သွားလာခဲ့ရတော့၏။ ဘူးသီးတောင်မြို့မှ ရသေ့တောင်၊ စစ်တွေတို့သို့ မယူမြစ် ကြောင်း သင်္ဘော ရေယာဉ်ရှိနေပေသည်။

## **နတ်မြစ်ရေရိုးတလျှောက် သွားလာရေး**

နတ်မြစ်ရေရိုးတစ်လျှောက် သွားလာနေကြသော လောင်းလှေသမ္ဗာန်များအပြင် မော်တော်ရေယဉ်များလည်း ရှိခဲ့ကြသည်။ အနောက်ဘက်ကမ်းနားယောင် ခုတ်မောင်းခဲ့ကြသော ရေယာဉ်များကား အူချာမှဆက်၍ ကယုချောင်းထိ ကားလမ်းပေါက်အပြီးတွင် လုံးဝရပ်ဆိုင်းခဲ့ရလေပြီ။ ကယုချောင်းက ရခိုင်အမျိုးသား ကျော်မြဦးသော်တလီသည် စပ်တင်လှေကြီးဖြင့် ကူးတို့ပို့ဆောင်ရေးမှ စက်တပ်ရေယာဉ်ထိ ထူထောင်ခဲ့ပေသည်။

ထို့နောက် ငွေရှင်ကုလားများ ဆက်လက်ထူထောင်ကာ ကားလမ်းပေါက်ပြီးနောက် ကူးတို့ပို့ဆောင်မှု ပြတ်သွားခဲ့ရပေသည်။ ရှေးက ကယုချောင်း၊ ခေါင်းတုံး ဈေးသွားသမ္ဗာန် လောင်းလှေများ၊ သီးသန့်အငှားလှေများဖြင့် ခရီးသွားခဲ့ကြရ သည်။

ယခုအခါ ရေကြောင်းသွားလာရေး မရှိသလောက် ဆိတ်သုဉ်းသွားခဲ့ရသော်လည်း နတ်မြစ်အရှေ့ဘက် ကမ်းယောင် ခရီးသွားလာရေးအတွက်တွင် အားထားနေရတုန်းပင် ရှိနေပေသေးသည်။

## နတ်မြစ်အရှေ့ကမ်းယောင်လမ်းပန်း

နတ်မြစ်အရှေ့ကမ်းယောင်တွင် အစိုးရသဘော်ခရီး ခုတ်မောင်းပေးခဲ့သော်လည်း ရေတိမ်ကောမှုကြောင့် လည်းကောင်း၊ သောင်ထွန်းမှုကြောင့် လည်းကောင်း မရှည်ကြာခဲ့ပေ။ ထိုနေရာတွင် ပုဂ္ဂလိကရေယာဉ်မော်တော်များ အစားဝင်ရောက်ခဲ့ ကြသော်လည်း အပျက်အစီးများခြင်းတို့ကြောင့် ခရီးမဖြောင့်ဖြူးလှတော့ချေ။ ရှေးယခင် လှေသမ္ဗာန်ဖြင့် သွားလာမှုပြုခဲ့ကြသော်လည်း ယခုအခါ ဓားပြလုယက်မှုအန္တရာယ်ကို စိုးရိမ်ရ၍ မသွားမလာဝံ့ ဖြစ်နေကြပေသည်။ ပြည်ထဲသို့ပေါက်ရောက်ဆက်သွယ်နိုင်သော မယူတောင်ခြေရင်း တစ်လျှောက်ရှိ ကားလမ်းမှာလည်း စစ်အတွင်းက ပျက်စီးသွားခဲ့ရလေပြီ။ ထိုလမ်းကို ပြုပြင်ပေးရလျှင် အူချာခေါင်း တုံးမှ စစ်တကောင်းထိ နယ်ခြားနှင့် ဆက်သွယ်နိုင်ပေသည်။ ထိုကမ်းခြေတစ်လျှောက်လည်း သွားလာမှု လွယ်ကူနိုင်ပေသည်။ ယခု မြို့နယ်ပါတီမှ ဦးဆောင် မှုဖြင့် လူသွားမြေလမ်းများကို တစ်ရွာ မှတစ်ရွာသို့ ဆက်သွယ်သွားလာရန် လူအင်အားဖြင့် ဖောက်လုပ်နေပြီ ဖြစ်လေသည်။ အလျားမိုင်တစ်ရာခန့် ရှည်လျားသော နတ်မြစ်အရှေ့ ကမ်းယောင်ရှိ (မောင်တောမြို့နယ်)သွားလာရေးအတွက် အလယ်သံကျော်မှ အငူမော်ထိ ကားလမ်းဖောက်လုပ်ရန်လည်း ပါတီကောင်စီတို့မှ တင်ပြထားရှိပြီဟု သိရ၏။ (ယခုလမ်းကြမ်းပြီးစီးသလောက် ကားများသွားလာနေကြလေပြီ)။

## လမ်းပန်းအရေးကြီးနေပြီ

နတ်မြစ်အရှေ့ကမ်းယောင်သည် သာမညလူနေဌာနကား မဟုတ်ပေ။ ရခိုင်တစ်ပြည်လုံးတွင် လူဦးရေ အများဆုံး၊ လူနေအထူထပ်ဆုံး ဌာနပေတည်း။ ယခုထိုဒေသရှိ လူဦးရေမှာ နှစ်

သိန်းနှစ်သောင်းကျော် တိုင်ခဲ့လေပြီ။ ရခိုင်တစ်ပြည် လုံးတွင် ကာ အင်္ဂလိပ်ပိုင်စ ၁၈၃၅–ခုနှစ်တွင် ၂၁၁၅၃၆ (နှစ်သိန်းကျော်) သာ ရှိခဲ့ရာ ထိုခုနှစ်လူဦးရေထက် များနေပေပြီ။ ဤကမ်းယောင် ရှိ လူဦးရေမှာ စစ်တွေတစ်ခရိုင်လုံး၏ လူဦးရေအများဆုံး ဖြစ်နေ၏။

ဤမျှသော လူနေထုလူစုတို့၏ သွားလာလုပ်ကိုင် ဆက်သွယ်ရေးသည် မည်မျှအရေးကြီးမည်၊ မည်မျှလိုအပ်မည် ဆိုသည်ကို အထူးတွေးနေရန် မရှိချေပြီ။ ဒေသနယ်မြေ တိုးတက်ဖွံ့ဖြိုးရေး၊ စီးပွားရေး၊ သွားလာလွယ်ကူရေးစသည်တို့မှာ လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးလှပေ၏။ အစိုးရ စပါးအဝယ်တော်ဌာနများကိုပင် မောင်တောသို့အချိန်မီ ပို့ဆောင် မပေးနိုင်၍ ဂိုထောင်မိုး ကာလျက် ထားပေးခဲ့ရပေ၏။ နွေရာသီတွင် လှိုင်းလေပြင်းထန်မှု ဘေးဒဏ်ကို ခံပေးကြရသဖြင့် မြစ်ကြောင်းသွားလာရေးခရီး လှေသမ္ဗာန်များအဖို့ အထူးစိုးရိမ်ကြီးစွာ ဖြစ်ရပေ၏။ ထို့ကြောင့် နတ်မြစ်ကြောင်း လမ်းခရီးဖြူး ဖြောင့်သာယာ မှန်ကန်ရေးသည် ယနေ့ အလိုလားဆုံးကာလ ဖြစ်နေပေပြီ။ နယ်ခြားမှ ပြည်မသို့ သွားလာလွယ်ကူရေး လမ်းခရီးလည်း အရေးကြီးသည့်အလျောက် လူထုသွားလာ ဆက်သွယ်မှု လွယ်ကူနိုင်ရေးကို ဦးတည်အားပေးသင့်ပြီ ဖြစ်ကြောင်း တင်ပြ လိုက်ရပေသတည်း။

*(ယခု နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက် ရှိနေလေပြီ ဖြစ်၏)။*

**နတ်မြစ်–စန်းအောင်**

*ရခိုင်ပြည်နယ်စာစောင်*

*အမှတ်(၅)၊ ၁၉၇၇–ခု၊ ဇူလိုင်လ။*

# vrusi0w "row

*''အမှန်ကိုသိဆိုတတ်မှ ပညာဓမ္မသတ်ဖြစ်သည်၊*
*စာဓမ္မသတ်မှာ၊ သညာအက္ခရာမျှသာ၊*
*အမှားများ၍၊ အမှန်နည်းသည်''*

*(မဟာပညာကျော် ဖြတ်ထုံးမှ)*

## <u>လူမျိုးဆက် ပြန့်ပွားမှုနှေးကွေးခြင်း</u>

လူ့သမိုင်းအစပြုသော သမိုင်းဦးအချိန်တွင် လူတိုင်းအသိစိတ်သည် တိုးတက်မှု မရှိသေး၊ မျိုးဆက်ပြန့်ပွားမှု အခြေခံဖြစ်သော အိမ်ထောင်မှုစနစ်သည် အခြေမကျ။ ယခုအခါကဲ့သို့ တစ်လင်တစ်မယားစနစ်သည် ခွဲခြားသတ်မှတ်ချက် မထား ရှိကြ။ ထို့ကြောင့် ကျွမ်းဝင်သင့်မြတ်ပေါင်းသင်း ဆက်ဆံကြရာမှ ဓမ္မတာအလျောက် မွေးဖွားခဲ့ကြသည်။ ချစ်ခင်စိတ်ဖြင့် ကျွေးမွေးစောင့်ရှောက်မှု ရှိခဲ့ကြသည်ကား မှန်၏။

သို့သော် ယင်းသားသမီး မကြီးရင့်သေးမီ ထင်သလိုဆက်ဆံမှုများ ရှိခဲ့ပြန်ရာကား နောက်ထပ် သန္ဓေဖြစ်လာရ၊ မွေးဖွားဖြစ်ပွား ပြန်ရတော့သည်။ ထိုအခါ မိခင်မှာ ပထမကလေးကိုတွယ်တာ ခင်မင်ရမှန်း အသိစိတ်မရှိသကဲ့သို့ ပစ်ပယ်မှုဖြစ်ကာ နောက်ရရှိသော သားသမီးအပေါ်တွင်သာ ခင်မင်တွယ်တာမှု၊ နို့တိုက်ကျွေးမှု စသည် ပြုခဲ့ရတော့သည်။

သို့နှင့် မူလကလေးမှာ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ဖြစ်သလို နေခဲ့ရသည်။ မိမိကိုယ်တိုင် အစာရေစာ ရှာမစားတတ်သည့် အရွယ်ဆိုက အစာမဲ့ရသည်။ ကြက်မငယ်၏ သားပစ် သမီးပစ် ဓမ္မတာနှင့်မခြား ကစဉ့်ကရဲ ရှိခဲ့လေရသည်။

အစာမစားရသဖြင့် လည်းကောင်း၊ ရောဂါဘယများ ကြောင့် လည်းကောင်း၊ တခြားသားရဲစသော ဘေးရန်များကြောင့် လည်းကောင်း သေကြေပျက်စီးမှုများခဲ့ကြသည်။ မဖြစ်စ လောက်သာ ဆယ်စုံပေါက်ကြား (ပေါက်ကျပ်)အသက်ရှင်ခဲ့ရ ကား လူမျိုးဆက်ပြန့်ပွားမှု အလွန်နှေးကွေးခဲ့ရလေသည်။

## လူနေမှုပြန့်ပွားလာခြင်း

ယင်းသို့ နေခဲ့ကြရာမှ တစ်စတစ်စ အသိအမြင် တိုးတက် လာရ၊ အတွေ့အကြုံများလာကြရသောအခါ တစ်လင်တစ် မယားစနစ်ကို အခြေချမိကြသည်။ ကိုယ့်လင်၊ ကိုယ့်မယား၊ ကိုယ့်သားသမီးတို့နှင့် မိသားစုအုပ်စုဖွဲ့၍ နေတတ်မှု ပြုလာ ကြသည်။ ရန်သူများကိုလည်း မိသားစု စုပေါင်းခုခံကာကွယ် တွန်းလှန်တိုက် ခိုက်မှု ရှိလာခဲ့ကြသည်။ ထို့ကြောင့် လွယ်လွယ်နှင့် ရန်သူ၏အစာ မဖြစ်ရဘဲ လူမျိုးဆက်တို့သည် ရှေ့ကထက်တိုး တက်ပြန့်ပွားနိုင်ခဲ့လေသည်။

ယင်းမှတစ်ဆင့် အသိဉာဏ်တိုးတက်လာသဖြင့် ရှက်ရ၊ ကြောက်ရ (ဟီရိ၊ ဩတ္တပ္ပ)စိတ်များ ဖြစ်လာကြသည်။ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို အဖုံးအကွယ်ပြုလုပ်ကြသည်။ ရာသီဥတုဖိစီး မှုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ခဲ့ကြသည်။ ထို့ကြောင့် တစ်စ တစ်စ အသိဉာဏ်ရင့်သန်လာသဖြင့် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေလာတတ်ကြသည်။ ရေကြည်ရာ မြက်နုရာ အရပ် တို့ကို ရွေးချယ်ကျက်စားနိုင်ခဲ့ကြသည်။ ယင်းနှင့်တစ်စတစ်စ အရှေ့ အနောက် အရပ်ဒေသများမှ အာရှတိုက်၊ ဇမ္ဗူမြစ်ဝှမ်းသို့ စုရုံး ရောက်ခဲ့ကြသည်ဆို၏။

သို့သော်လည်း အလုံးအရင်းနှင့် ရောက်ခဲ့ကြသည်ကား မဟုတ်။ အချို့မှာ အင်အားကြီးမားသော လူရိုင်းအုပ်စု၏ စစ်

မက်ဘေးကြောင့် လည်းကောင်း၊ အချို့မှာ ပူလွန်း အေးလွန်း ခြင်းတည်းဟူသော ရာသီဥတုဖိစီးမှုဒဏ်ကြောင့် လည်းကောင်း အခက်ကြုံခဲ့ရသည်။ ယင်းသို့ အန္တရာယ်အမျိုးမျိုးကို ကျော်လွှန်ပြီးလျှင် ရောက်ရှိလာကြသူများ ဖြစ်ကြသည်။

လူသည် အုပ်စုနှင့်နေတတ်သူများပီပီ ရောက်ရာအရပ်တွင် မိသားစုအုပ်စုဖွဲ့၍ နေထိုင်မှု စတင်ခဲ့ရလေသည်။ နီးစပ်ရာ မိသားစုအုပ်စုအချင်းချင်း ပူးပေါင်းလျက် တစ်ဖန်အုပ်စုကြီးများ ဖွဲ့စည်း နေထိုင်ခဲ့ကြလေသည်။

## လူမျိုးနွယ်များအဖြစ် ခံယူမှု

ယင်းကုလားမြစ်ဝှမ်းဒေသတွင် ပထမရောက်ရှိသော အုပ်စုနှင့် နောက်ရောက်လာကြသူများမှာ အုပ်စုချင်းခွဲမရအောင် ပူးပေါင်းရောယှက် သွားခဲ့ကြလေသည်။ ယင်းဒေသမှ အုပ်စုများသည် အရှေ့တစ်ခွင်သို့ ပျံ့နှံ့သွားခဲ့လေသည်။ ယင်းဒေသမှ အုပ်စုများ ခွဲမရသောအခါ ယဉ်ကျေးမှုစရိုက်တူ အုပ်စုများကို ခွဲခြားခဲ့ကြလေသည်။ အပြစ်ကင်းစင်သော အုပ်စု(ပြဟ္မာမျိုး)၊ အကျင့်သိက္ခာရှိသော အုပ်စု (မွန်လူမျိုး)၊ အန္တရာယ်ဘေးကင်းသော အုပ်စု (ခမာလူမျိုး)၊ အမျိုးအနွယ်စောင့်လေ့ရှိသော အုပ်စု ရက္ခသျှ+ရခိုင်) ဟူ၍ အမျိုးမျိုး ခံယူလာခဲ့ကြသည်။

အနေကျသူများ နေရာသို့ အသိမဲ့သော လူရိုင်းများလည်း ရောက်လာတတ်လေ့ရှိသည်။ ၎င်းတို့၏ ရှက်၊ကြောက်မဲ့ နေထိုင်စားသောက်မှု လူမှုဆက်ဆံမှုစသော အပြုအမူများဆိုလျှင် ယဉ်ကျေးမှုရှိကြသော မျိုးနွယ်တို့အဖို့ မသတီစရာ၊ အမြင်မတော်စရာ ဖြစ်လာခဲ့ရသည်။ ယင်းတို့လည်း အဆက်မပြတ် ဝင်လာလေ့ ရှိသောအခါ ထင်သလို ပြုကျင့်နှောင့်ယှက်မှု၊ လူနေစရာနေရာ ထိုင်ကွက်များ ကျဉ်းမြောင်းမှုတို့ကို ခံလာရသည်။ ထို့ကြောင့် လူ့ယဉ်ကျေးမှုရှိသော အုပ်စုများသည် မိမိတို့နီးစပ်ရာ စရိုက်တူ အုပ်စုအလိုက် တစ်စတစ်စ ပြောင်းရွှေ့ရှောင်ခွာမှု ဖြစ်လာခဲ့ရလေသည်။

## ကစ္ဆပနဒီ အနေတကျရှိခဲ့သူများ

ငင်းတို့သည် တစ်ခုသောမြစ်ညာသို့ ရောက်ကြသည်။ ကစ္ဆပနဒီမြစ်ညာပင်ဖြစ်ရာ ရခိုင်လူမျိုးစုက အခြေတကျ နေခဲ့ကြသည်။ တခြားသောအုပ်စုတို့ကား ခရီးဆက်ခဲ့ကြ သော်လည်း ၎င်းတို့နှင့် ရောနှောလိုက်ပါ မသွားခဲ့ကြချေ။ အခြေချ ရပ်တန့်နေခဲ့ကြသဖြင့် ကာလကြာသောအခါ ထိုရခိုင်အုပ်စုတွင် အုပ်စုကွဲများ ဖြစ်လာခဲ့ကြလေသည်။

၁။ မိုလ်ရခိုင်၊ ၂။ မြို့ရခိုင်၊ ၃။သက်ရခိုင် ဟူ၍ အုပ်စုကွဲ အမည်တွင်ခဲ့ကြသည်။

အခြေတည်ချမှုကာလ ကြာသောအခါ တစ်စတစ်စ လူဦးရေ ပွားများခဲ့ရလေသည်။ လုပ်ကိုင်စားသောက်ရန်၊ နေရာထိုင်ကွက်ရရှိရန် ကျဉ်းမြောင်းလာရပြန်သည်။ ထို့ကြောင့် တချို့ သောအုပ်စုမှာ အစားအစာရလွယ်ရာ၊ နေထိုင်စရာ ချောင်ချိ ရာ၊ ရာသီဥတု သင့်လျော်ရာ၊ သာယာဝပြောစွာသော ဒေသဌာနများကို ရှာကြံ သွားခဲ့ကြသည်။

အောက်အရပ်ဒေသသို့တိုင် တရွေ့ရွေ့ပြောင်းသွားနေထိုင်ခဲ့ကြသည်။ အချို့အုပ်စုများမှာ ထိုဒေသမှ မပြောင်းရက်မခွာလိုချေ။ နယ်မြေကို စုံမက်ခင်မင်တွယ်တာ ချစ်မြတ်နိုးခြင်းဖြင့် ကျန်ရစ်ခဲ့ကြသည်။ ၎င်းတို့ကား ယခုရခိုင်လူမျိုးနွယ်များ ဖြစ်လာကြသူတို့တည်း။

## ထီးနန်းမြို့ပြ အရှည်တည်လာ

ရခိုင်ရာဇဝင်မှတ်တမ်းတွင် မဇ္ဈိမဒေသ မဂ္ဂဓရာဇ်တိုင်း၊ မဂ္ဂဒေဝမင်း၏ မြေးတော်သာဂရမင်းသည် ကစ္ဆာနဒီ လက်ဝဲ ဘက်ကမ်းချိုင့်ဝှမ်းအရပ်တွင် ပြည်တည်ထောင်၍ ရက္ခပူရတိုင်း၊ ဥတ္တရမဓုမြို့ဟု သမုတ်ခဲ့သည်။ ထိုမှ တစ်စတစ်စ ရခိုင်သမိုင်း ရှည်လာသည်။ မာရယုမင်းလက်ထက်တွင် ဓညဝတီနိုင်ငံတော်ကို ဝေသာလီ(ရှေးဦး)မြို့မှ ဘီစီ–၃၃၄၆တွင် ရွှေ့ပြောင်းတည်ချခဲ့သည်။ ဝေသာလီတွင် ဖြဟ္မဏရာဇာမှစ၍ ဖြဟ္မသိဒ္ဓိထိ မင်း ၂၆–ဆက် (ကုသမင်း ခရစ်၄၀၀၅–မှ ၅၉၉၅–ထိ) (ဘီစီ–၅၃၁၆မှ

၃၃၂၆–ထိ) အနှစ်–၁၉၉၀ ရှည်ကြာခဲ့သည်။ ဤ မင်းဆက်တို့ကား သမိုင်းတင်မင်းများ ဖြစ်သတည်း။''[၁]

## လူ့ယဉ်ကျေးမှုနှင့်ကျင့်ဝတ်

တိုင်းပြည်နှင့်လူမျိုး၊ မင်းနှင့်ပြည်သူ ကြည်ဖြူစွာ နေထိုင်လာခဲ့ကြသောအခါ ရာဇနီတိကျမ်းများပေါ်လာ၍ မင်းကျင့်ဝတ်များအတိုင်း အုပ်ချုပ်သူက လိုက်နာလာခဲ့ရသည်။ ရာဇာဝသတီနီဒါန်း ကျမ်းလာအတိုင်း မင်းကျင့်ဝတ်များ၊ မင်းကျင့်သိက္ခာများ၊ အနေအထိုင်၊ အပြုအမူ၊ တရားစီရင်မှု၊ အခွန်ကောက်ခံမှု၊ မှူးမတ်ပြည်သူလူထုကို ချီးမြှောက်မှုတို့ကို လိုက်နာခဲ့ရသည်။ ပါရာကျမ်းထွက် ဓလေ့စရိုက်များကို ရှိသေခဲ့ရသည်။ လောကသာရပျို့စသော ဆုံးမမှုသြဝါဒတို့ကို နာခံခဲ့ကြရသည်။

နိုင်ငံရပ်ခြားနှင့် ဆက်ဆံရသော ရာဇသံပတိကျမ်း၊ အုပ်ချုပ်ပုံ၊ ထီးနန်းဓလေ့ဆိုင်ရာ အသေးစိတ်ပြသော ရွှေဘုံ နီဒါန်းကျမ်း၊ ဘာသာစာပေဆိုင်ရာကျမ်းများစွာတို့ကလည်း ပဲ့ကိုင်ကြပ်မတ်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်မင်းနှင့် ပြည်သူတို့သည် တာဝန်ကိုယ်စီ ထမ်းဆောင်ခြင်းဖြင့် အချင်းချင်း ရိုသေမှု လိုက်နာမှုရှိခဲ့ကြရလေသည်။

အုပ်ချုပ်မှု၊ လိုက်နာမှု၊ ထိန်းသိမ်းမှုချည်းဖြင့် လူ့ယဉ်ကျေးမှု၊ ငြိမ်ဝပ်မှု လုံလောက်ပြီကား မဟုတ်ချေ။ လူမှုဓလေ့များ စသည်တို့ကိုလည်း လက်ခံရှိလာခဲ့သည်။ သမက်တက်ရာတွင် ခဲပေါက်လေ့၊ ရွာဝင်ခ၊ တစ်ရွာမှတစ်ရွာကို ဝင်ဖြတ်သွားလာ၍ သမက် မတက်ရ၊ အသုဘတွင် လင်သေဆုံးက မိန်းမများ တခြားအိမ် မဝင်ရ၊ လူကောင်မြှုပ်နှံရာ တွင်းကို ဦးစွာတွင်းရာချတူးပေးရသူအား ရှောင်ကြဉ်ရခြင်း စသည်များ၊ မီးဖွားနှင့်ဆိုင်ရာ၊ ထိမ်းမြား လက်ထပ်မှုနှင့်ဆိုင်ရာ ဓလေ့များလည်း ရှိကြလေ၏။

---

၁ ဦးချစ်ထွန်း၊ ထွန်းရွှေခိုင်
ဦးစက္ကိန္ဒ(မေဃဝတီမဂ္ဂဇင်း)
ရခိုင်(ပါတီဌာနချုပ်)

မွေးဖွားသည်မှ သေသည်အထိ လိုက်နာပြုကျင့်သော ဓလေ့ထုံးစံများ၊ အယူအဆများကား မရှောင်ရှား မပယ်သာ နိုင်ကြပါ။ ဆန့်ကျင်၍ကျင့်လျှင် လူမှုရေးပဋိပက္ခဖြစ်ကာ အချင်း ချင်းကွဲပြားမှု၊ ပေါင်းသင်းဆက်ဆံမှု ထိခိုက်တတ်ရာကား သူရဲ ကောင်းမဆန်နိုင်ကြချေ။

တစ်ရပ်တစ်ရွာသို့ ရောင်းဝယ်ရန် လှေလောင်းနှင့် သွား လာကြရသည့်တိုင် ရွက်ဖွင့်တိုက်လာလျှင် ပကတိအတိုင်း ရွက် ဖွင့်၍ ထိုရွာမှ ထွက်ပြန်ရသည်။ သို့မဟုတ် ရွာတော်ချောင်းဝကို မဝင်မီကပင် ရွက်ဖြုတ်ချ၍ အလိုက်သိစွာ လှော်ခတ်ဝင်ရရိုး ပြုရမည်သာတည်း။

## ကျင့်ဝတ်မှ ဓမ္မသတ်

လူမှုဓလေ့ထုံးစံအပေါ် အခြေခံ၍ ယင်းသို့လူမှုကျင့်ဝတ် တရားကို ချမှတ်လာခဲ့ရသည်။ လူမှုကျင့်ဝတ်ကို လူမျိုးတိုင်း လိုက်နာခဲ့ရသည်။ လောကမှမလွတ်ကင်းသူ ဟူသမျှ လောက ဝတ်က မပယ်နိုင်၊ ပတ်ဝန်းကျင်ကို မဆန့်ကျင် မလွန်ဆန်နိုင် သော အကျပ်အတည်း အဆီးအတား စည်းကမ်းခံရသည်။ ထိုကျင့်ဝတ်များသည် လောကသမုတ္တိခေါ် လောကပညတ်ချက် ဖြစ်လာသည်။ လူသားတို့ အသိဉာဏ်၊ အဆင်ခြင်၊ အယူအဆ၊ အတွေးအခေါ်မှ မြစ်ဖျားခံလာသည်။ လူသားတို့ ကျင့်ထုံးပညတ် ချက်အထိ အခြေတကျ ရှည်လာသည်။

ယင်းပညတ်ချက်သည် နောင်တွင် လောကသားတို့အများ လိုက်နာရ၍ လူမှုတရားကျင့်ဝတ်ခေါ် ဓမ္မသတ်ဟု မည်တွင်လာ သည်။ ဝါ–တရားဥပဒေဟု အမည်ရလာသည်။ ထိုလူမှုကျင့်ဝတ် ဓမ္မသတ်များကိုလည်း ကမ္ဘာအရပ်ရပ်က ဥပဒေပညာရှင်များ သည် ဥပဒေကဲ့သို့ ကျင့်သုံးလိုက်နာစေခဲ့ခြင်းဖြင့် လူမှုဓလေ့ယဉ် ကျေးမှုကို ထိန်းသိမ်းလာနိုင်ခဲ့ပေသည်။

## ရခိုင်ဓမ္မသတ်ကျမ်းများ

ဓမ္မသံဟိတ၊ သမတိ(ပါဠိ) ဟူသော ဝေါဟာရမှ ဓမ္မသတ် ဟူ၍ အမည်ဖြစ်လာသည်။ တစ်နည်း ဓမ္မသတ္တမှလည်း ဓမ္မ သတ်

ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် ဂါမဏိစန္ဒဇာတ် ဋီကာ၌ သတ္တန္တိဓမ္မသတ္တံဟု တိကနိပါတ်၌ ဖွင့်ဆိုထားလေသည်။ ဓမ္မ သတ်ဟူသည် လူမှုတရားဥပဒေနှင့် ပတ်သက်သောကျမ်း ဖြစ် ချေ၏။

ရခိုင်လူမှုဓလေ့ ဓမ္မသတ်များဆိုလျှင် ကမ္ဘာဦးက မနု အမတ်ကြီး၏ ဓမ္မသတ်ကို အခြေပြုလာသော ဓမ္မသတ်များမှ စတင်ခဲ့ သည်ဆို၏။ မနုဓမ္မသတ်သည် ရှေးကျသော ဓမ္မသတ် ဖြစ်ပြီး အိန္ဒိယမှ ဝင်လာသည်။ အိန္ဒိယစာပေမှတစ်ဆင့် ဘာသာ ပြန်ဆို ထားခြင်း ဖြစ်သည်။ အလားတူ မနုပင်လယ်၊ ဓမ္မဝိလာ သဓမ္မသတ်၊ ဓမ္မသတ္တသင်္ခေပကျမ်းစသည်တို့သည် အိန္ဒိယမှ အခြေခံသော ရှေးမူများကတစ်ဆင့် ရယူခြင်း ဖြစ်သည်။ ဒေသ ဌာနအလျောက် ဖြည့်စွက်ပြုပြင်ချက်လည်း ရှိခဲ့ကြသည်။

ရခိုင်စာပေစာရင်းတွင် ဓမ္မသတ်ကျမ်းအမည်များကို တွေ့ရ သေးသည်။ ဓမ္မသတ်ကွန်ချာ၊ ဓမ္မသတ်ကြက်ရိုး၊ ဓမ္မသတ်မနု၊ ဓမ္မသတ်ကြူတိုင် ကျမ်းများဖြစ်သည်။ [၂]

ရခိုင်ကျမ်းနက် ဓမ္မသတ် (အမျိုးသားပြတိုက်၊ ပုရပိုက်မူ၊ နံပါတ် ၂၈၅)မှာ အလွန်အရေးပါသည်။ အမွေခွဲဝေပုံနှင့် ပတ်သက်သော ကျမ်းဖြစ်သည် ဆို၏။ [၃]

တရားတဘောင် အရေး၌ ရာဇပုံ၊ မှာတမ်း၊ ပြည်ကြီးစာ၊ ရှေးလူဟောင်းတို့စာ၊ ဖြတ်ထုံးစသည်တို့သည်လည်း ဓမ္မသတ် များ နည်းတူ အရေးပါခဲ့ကြသည်။ [၄]

ရခိုင်နန်းတွင်းသုံး ဓမ္မသတ်တို့တွင် ရာဇဝံသကျမ်း၊ ရာဇ မတ္တဏ်ကျမ်း၊ ရာဇနီတိကျမ်းများလည်း ပါဝင်လေသည်။[၅]

---

၂ ရွှေမင်း
၃ အောင်ကျော်ဇော
၄ ဦးစက္ကိန္ဒ (ရှေ့နေမဂ္ဂဇင်း)
၅–၆ ရခိုင် (ပါတီဌာနချုပ်)
၇ ပြည်နယ်ဖြစ်စဉ်သမိုင်း(ပထမတွဲ)

## ရွှေမျဉ်း ဓမ္မသတ်

မြောက်ဦးခေတ်အလယ်တွင် ရွှေမျဉ်းဓမ္မသတ်အမည်ဖြင့် ဓမ္မသတ်တစ်ဆူ ပေါ်လာသည်။ ရခိုင်ဘုရင်မင်းဗား (မင်းပင်) လက်ထက် ဤဓမ္မသတ်ကို ရေးဆွဲခဲ့ရသည်။ ရခိုင်အုပ်ချုပ်ရေး အတွက် အသစ်ရေးဆွဲပြုစုခြင်း ဖြစ်သည်။ သို့သော်လည်း မနုဓမ္မသတ်ကို မှီးသည်ဆို၏။

မင်းဗားဘုရင်က ဆရာမြဝါ(သျှင်ငယ်)ကို တာဝန်ပေးချက် အရ စီစဉ်ပေးခဲ့လေသည်။ အမျိုးလေးပါးတို့ သဘောတူနိုင် အောင် တင်ပြအကြံပြုခြင်းဖြင့် အတည်ပြုယူခဲ့ရလေသည်။ ဤဓမ္မသတ်ကို စီစဉ်ရာတွင် အရှင်အဂ္ဂမုနိ (တောင်ညိုတိုက်) ဆရာတော်လည်း အကြီးအမှူးပါဝင်ဆောင်ရွက် ခဲ့ရလေသည် ဆို၏။ [၆၇]

ဤဓမ္မသတ်နှင့်ပတ်သက်၍ တိုင်းပြည်ကို အုပ်ချုပ်ပုံစနစ်၊ အခွန်ကောက်ခံခြင်း၊ နိုင်ငံရပ်ခြားနှင့် ကုန်သွယ်ရောင်းဝယ် ဖောက် ကားမှု၊ ပြည်သူတို့ အခန်းကဏ္ဍ တာဝန်ဆောင်ရွက်မှု၊ ဘဏ္ဍာသုံးရပ် သတ်မှတ်ထားခြင်း၊ ပြည်သူ့ဘဏ္ဍာမှ အရင်းအနှီး ချေးငှားနိုင်ပုံများနှင့် ဆပ်ချေရန်များ၊ သာသနာ့ဘဏ္ဍာကို မည်သို့ ကောက်ယူ သုံးစွဲခဲ့ကြပုံများကအစ ပါဝင်လေသည်။

ဤဓမ္မသတ်သည် ရခိုင်အမျိုးလေးပါး ကျင့်ဝတ်တရား အပြင် တိုင်းပြည်အတွက် စီမံကိန်းသစ် တစ်ရပ်လည်း အသွင် ဆောင်သည်။ ဘုရင်က နောက်ဆုံးတွင် ဤဓမ္မသတ်ကို ထိန်း သိမ်းစောင့် ရှောက်လိုက်နာကြရန် အမိန့်ချမှတ်ပေးခဲ့လေသည်။

## မီးလောင်စွဲမှု ဖြတ်ထုံး

မဟာပညာကျော်စသော အမတ်ကြီးများ၏ တရားစီရင်ထုံး ပုံကို ဖြတ်ထုံးဟု ခေါ်သည်။ မဟာပညာကျော်သည် အစဉ်အလာ ဓမ္မသတ်ကို အခိုင်ထား၍ စီရင်သည်လည်းရှိသည်။ မျက်မှောက် အခြေကိုမှီ၍ ဉာဏ်အမြင် ခြယ်လှယ်လျက် ပြုပြင်ဆုံးဖြတ် ချက်များလည်း ပြုခဲ့လေသည်။ တရားလိုတရားခံတို့ ကျေနပ်နှစ် သိမ့်မှုကို ဖြစ်စေနိုင်ခဲ့သည်။ ဘုရင်မင်းတို့၏ အလိုဆန္ဒအရ တရားစီရင်မှုတွင် ငွေကြေးမကုန်မကျစေရ၊ ဉာဏ်ပူဇော်ခအဖြစ်

သာ စားစေပြီး အမှုကို အပြီးသတ် ဆုံးဖြတ်ပေးခဲ့ရလေသည်။ ပြည်ရှင်မင်း၏ တရားဆုများကိုလည်း ချီးမြှင့်ခံခဲ့ရပေသေးသည်။

ဤမဟာပညာကျော်၏ ပြုပြင်စီရင်ဆုံးဖြတ်ထုံးတစ်ခုကို သိနိုင်၏။ ရှေးအခါက နေအိမ်နှင့်တကွ ရပ်ကွက်နေအိမ်များကို မီးစွဲလောင်လျက် မီးစလောင်သော နေအိမ်ရှင်အား မီးပုံထဲသို့ ပစ်ချထည့်လေ့ရှိသည် ဆို၏။ ထိုစီရင်မှုသည် မသင့်လျော်၊ မဖြစ်သင့်သော ဖြတ်ထုံးဟု ယူဆခံခဲ့ရလေသည်။

ထိုအမှုကို ဆုံးဖြတ်ရန် ဖြစ်လာရခြင်းမှာ ဤသို့တည်း။

အခါတစ်ပါး မုဆိုးမတစ်ဦးအိမ်မှ မီးစွဲလောင်မှု ဖြစ်ခဲ့ရလေသည်။ ထိုအကြောင်းကို ဘုရင်မင်းအားတင်လျှောက်လေသော် ဘုရင်က မဟာပညာကျော်သို့ လွှဲအပ်လေသည်။ အမတ်ကြီးက မုဆိုးမကို ခေါ်ယူစစ်ဆေးလေသည်။ မုဆိုးမသည် လင် ယောကျာ်း မရှိ၍ မုန့်ရောင်းသက်မွေးရသည် ဆို၏။ ကလေးကို အိမ်တွင်ထားခဲ့ပြီး မုန့်ရောင်းနေစဉ် ကလေးများ၏ပေါ့ဆမှု ကြောင့် မီးလောင်မှု ဖြစ်ခဲ့ရသည်။ နေအိမ်နှင့် ကလေးများ၏ပေါ့ဆမှုကြောင့် မီးလောင်မှု ဖြစ်ခဲ့ရသည်။ နေအိမ်နှင့်တကွ ရပ်ကွက်လူနေအိမ်များပါ ကူးစက်လောင်ကျွမ်းသွားခဲ့ရသည်။

အမတ်ကြီးက စဉ်းစား၍ ''ဤမုဆိုးမတွင် အားကိုးအား ထားစရာ မရှိ၊ မွေးမိ၊ မွေးဖ၊ မောင်နှမ၊ လင်သားဟူ၍လည်း အရင်းအချာ မရှိ၊ ယင်းကြောင့် မီးစွဲလောင်မှု ဖြစ်ရလေသည်။ သို့ရာတွင် ဤမိန်းမအဖို့အားကိုးရန်မှာ ဘုရင်မင်းသာရှိသည်။ ဘုရင်သည် ပြည်သူပြည်သားတို့၏ အရှင်သခင်အဖြစ် ကျမ်း ကျိန်ထားသည်။ မိမိသားသမီးနည်းတူ စောင့်ရှောက်သင့်လျက် ဤမိန်းမကို အရေးစိုက်မှု မဲ့သည်။ ထို့ကြောင့် သမုတ္တိဖခင်ဖြစ် သော ဘုရင်သည်ပင် တာဝန်မကင်းလှချေ။ ဘုရင်၌ တာဝန်ရှိ၍ လျော်စေရမည်ဟု စီရင်ဆုံးဖြတ်အမိန့်ချမှတ် ခဲ့လေသည်။ ဘုရင်ကလည်း တရားစောင့်သည့်အလျောက် ဆုံးဖြတ်ချက် တရားစီရင်မှုအတိုင်း လိုက်နာခဲ့လေသည်။

## ရွှေမျဉ်းဓမ္မသတ် ဖြစ်ပေါ်လာရခြင်း

နောင်အစဉ် ဤသို့သာပေးလျော်မှု ပြုနေရလျှင် မဖြစ် နိုင်ပြီ ပြည်သူများ၊ ဆွေမျိုးသားချင်းများ၊ ရိုင်းပင်းကူညီရမည့် ကျင့်ထုံးကို ချမှတ်စေခဲ့ရလေသည်။ ထိုကျင့်ထုံးကို ရခိုင်ကျင့်ထုံး တစ်ရာ့သုံးဟူ၍ ဥပဒေသ မည်ခဲ့လေသည်။

ရွှေမျဉ်းဓမ္မသတ်ကား ရှောင်ကြဉ်စေခြင်းဖြင့် လိုက်နာကျင့်ကြံမှု တရားသဘော၊ လိမ္မာယဉ်ကျေးမှု ပြုပြင်ထိန်းကျောင်းခြင်းသဘောများအဖြစ် ခံရ၍ ရေးဆွဲထားခြင်း ဖြစ်သဖြင့် ဓမ္မသတ်ထက် ကျင့်ဝတ်ဟူသော အမည်က ပို၍သင့်လျော်လေသည်။ အဋ္ဌစတ္တာလီသ (၄၈–ပါး)ကျင့်ဝတ်တို့မှာ ကိုယ်ကျင့်ပြုပြင်ခြင်းနည်း လမ်းတရားများ ဖြစ်လေသည်။

မြောက်ဦးမြို့ ဦးသာထွန်းအောင်၏ ရခိုင်မဟာရာဇဝင်တော်ကြီးတွင် အကျယ်ရှုနိုင်၏။ ထိုရာဇဝင်တော်ကြီးမှာ မူလကမင်းဗားလက်ထက် ဝိမလအမတ်ကြီးက ရေးသားခဲ့သည် ဆို၏။ ကောဇာ ၁၂၈၈–ခုနှစ်၊ ပြာသိုလတွင် စစ်တွေမြို့ ဝံသာနုသတင်းစာတိုက်တွင် ပြန်လည်ရိုက်နှိပ်ခဲ့လေသည်။ ဤဓမ္မသတ်မှာ မဟာပညာကျော်၏ ဖော်ပြပါ ဖြတ်ထုံးမှ အကြောင်းခံသည်ဆို၏။

## ဖော်ထုတ်သင့်လှသည်

စာပေတွင် တွေ့ရသော ဖော်ပြပါ အစဉ်အလာ ဓမ္မသတ်များကား ယနေ့ရှားပါးခဲ့လေပြီ။ အမွေခံဓမ္မသတ်စသည်ဖြင့် ရှေးက အသုံးပြုခဲ့သော ဓမ္မသတ်ကျမ်းများကိုပင် အစုံအလင် မတွေ့ရပြီ။ တစ်ပိုင်းတစ်စသာ တွေ့ရတော့၏။ ဒေသအလိုက် လက်ခံကျင့်သုံးလျက်ရှိသော ဓလေ့ကျင့်ဝတ်များလည်း ရှိကြပေသေး၏။

ထိုထိုလူမျိုးတို့၏ ဓလေ့ကျင့်ဝတ်ထုံးဓမ္မသတ်များကို လေ့လာရှာမှီးစုစည်းထိန်းသိမ်းခြင်းဖြင့် လည်းကောင်း၊ ဥပဒေအဖြစ်သို့ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းဖြင့် လည်းကောင်း၊ ထိုလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့များ မပျောက်မပျက်ဘဲ တည်တံ့နိုင်မည်ပင် ဖြစ်လေသည်။

ဓမ္မသတ်များကား လူမှုကျင့်ဝတ် ပြဋ္ဌာန်းချက်တစ်ရပ်ပင် ဖြစ်ရာ ခေတ်နှင့်လျော်စွာ အသုံးချနိုင်က ချသင့်ရမည်သာ ဖြစ်၏။ ပြုပြင်ဖြည့်စွက်ခြင်းဖြင့် အသုံးပြုရမည်ဆိုက ပြုနိုင်ပေ ရာ၏။ ဓမ္မသတ်နှင့်အတူ တရားဥပဒေဆိုင်ရာ မျုးမတ်ကျင့်ဝတ်၊ တရားစီရင်ထုံး ဥပဒေသ၊ တရားရုံးဆိုင်ရာ ကျင့်သုံးမှုနည်းစနစ်တို့လည်း ရှိခဲ့ကြမည်သာ ဖြစ်၏။

မိမိတို့ရရှိထားသော ကျမ်းသစ္စာ ကျိန်ဆိုမှုဆိုင်ရာ ကျိန်စာတိုင်စာသားများဆိုလျှင် တရားမှန်ထွက်ဆိုရန်၊ ယုံကြည်စေရန် ကျင့်ဆောင်လိုက်နာစေမှုလည်း ဖြစ်သည်။ ဘာသာရေးအရ အလွန်လေးနက်သော ကျိန်ဆိုမှု၊ သစ္စာရေတိုက်မှု၊ ကတိဝန်ခံစေမှုပေတည်း။

ဇာတ်နိပါတ်တော်တို့၌လည်း ယုံကြည်စေမှု၌ ကျိန်စာဆိုခြင်းများကို သက်သေအဖြစ် တွေ့ရ၏။ ဘုရားလောင်း သုတသောမမင်းသည် ပေါရိသာရမင်း၏ လက်ရဖမ်းမိခံထားရသည်၌ ခေတ္တပြန်ခွင့်ပြုပါရန် တောင်းပန်ရာတွင် မလာမည်စိုးရိမ်မှု၊စိတ်မချရမှု မဖြစ်စေရန်နှင့် ယုံကြည်မှုဖြစ်စေရန်အတွက် သန်လျက်ကိုင်၍ ကျိန်ဆိုကတိဝန်ခံချက် ပြုလေသည်ကို တွေ့ရှိနိုင်ပေ၏။ ကျောက်စာတို့၌ လည်းကောင်း၊ ရာဇဝင်သိက်သွန်းလောင်းရာ၌လည်းကောင်း ကျိန်ဆိုချက်များစွာ ပါရှိကြ၏။

ထို့ကြောင့် ဓမ္မသတ်ကျမ်းများ၊ ဓမ္မသတ်သဘော သက်ရောက်သော ကျင့်ဝတ်များကို လိုက်နာချက်များ၊ ဓလေ့ထုံးစံများကို ယဉ်ကျေးမှု အထောက်အကူဖြစ်စေရန် ရှာမှီးဖော်ထုတ်ထိန်းသိမ်းသင့်လှပေသည်။ ဥပဒေအဖြစ်သို့ သတ်မှတ်ပြဋ္ဌာန်းပေးသင့်လှသည်။ သို့မှသာလျှင် လူမျိုးဆိုင်ရာ ယဉ်ကျေးမှုဓလေ့များ မပျောက်မပျက် တည်ရှိလာနိုင်မည် ဖြစ်ပေသတည်း။

**နတ်မြစ်စန်းအောင်**

**ကိုးကားချက်များ**


၁။ ရခိုင်ရာဇဝင်လင်္ကာများ (ဝါးကျောင်း၊ ကျော်မည်၊ ဦးစံတင်)

၂။ ရခိုင်ရာဇဝင် (ဦးသာထွန်းအောင်၊ ဦးပဏ္ဍိတ၊ ဦးစန္ဒမာလာ)

၃။ ရခိုင်ရာဇဝင် အကျဉ်းချုပ် (လမ်းအရေးပိုင်ဟောင်း ဦးချန်ထွန်း ၁၉၆၀)
၄။ မဟာပညာကျော်လျှောက်ထုံး (ဟံသာဝတီရိုက်၊ ၁၉၆၄၊ ဒီဇင်ဘာ၊ စာ–၂၄)
၅။ တိတ္ထုံပါရာကျမ်း (ပေမူ)
၆။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ရခိုင်) (လမ်းစဉ်ပါတီဌာနချုပ်၊ စာ–၁၄၁၊ ၄၂၊၁၄၈၊၁၄၉)
၇။ ရှေးရခိုင်အမွေတရားဥပဒေ (အောင်ကျော်ဇော) (ရခိုင်တန်ဆောင် မဂ္ဂဇင်း၊ အမှတ်–၁၅၊ ၁၉၇၇–၇၈၊ စာ–၃၁၊၃၂၊၃၈)
၈။ ခေတ်ဦး ရခိုင်သမိုင်း အတွေးအမြင် (အသျှင်စက္ကိန္ဒ) (မေဃဝတီ မဂ္ဂဇင်း၊ ၁၉၇၉၊ ဒီဇင်ဘာ၊ စာ–၆၆)
၉။ ရခိုင်ဘာသာစကား (ရွှေမင်း)၊ (ရခိုင်မဂ္ဂဇင်း၊ အမှတ်–၇၊ ၁၉၈၃၊ ဇန်နဝါရီလ၊ စာ–၃၅)
၁၀။ ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်) (၁၉၈၅–ခု၊ ဖေဖော်ဝါရီလ၊ စာ–၂၄)
၁၁။ ရခိုင်မင်းများလက်ထက် တရာစီရင်ရေး (ဦးစက္ကိန္ဒ) (စစ်တွေရှေ့နေမဂ္ဂဇင်း ရွှေရတုအထိမ်းအမှတ်၊ ခု၊ စာ–၈၈၊၉၃)
၁၂။ ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း (ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ) မိတ္တူပွား (ပထမတွဲ–သမိုင်းကဏ္ဍ၊ စာ–၈၁၊ ပဥ္စမတွဲ– ယဉ်ကျေးမှုကဏ္ဍ၊ စာ–၁၉၂)
၁၃။ နှစ်(၄၀)မြောက် ပြည်ထောင်စုနေ့ ရခိုင်ယဉ်ကျေးမှု ပြခန်းမှတ်တမ်း။

# &a[mi;&ciuAsmrsm;

. . . သည်တို့ကို ကျိန်းသီ အင်းသီ၊ အကာသီ ဆိုတိုင်းမြေး စီဟု ရှေ့ပိုင်းမှအကြောင်းအရာတစ်ခုကို ရေးသားထားသည်။ ၎င်းအကြောင်းအရာကို ညွှန်ကြားထားသည့်အတိုင်းလုပ်က မည်သို့ အကျိုးအပြစ်။ မလုပ်က အကျိုးအပြစ်များကို ရှိဟောင်းရခိုင်ကဗျာ ဖွဲ့နည်းများစွာမှ ဖွဲ့စပ်ပုံ နည်းတစ်ခုဖြင့် ဖွဲ့စပ်သီကုံးထားသည်ကို တွေ့ရသည်။ မူရင်းအရေးအသား သတ်ပုံအတိုင်း မပြုမပြင်ဘဲ ဖော်ပြလိုက်ပါသည်။

မမြေးဧေ*ကား၊ မြို့ကြီးရောင်ဝါ၊ မဟီရာ။
ရုံစစ်တင်လင်၊ ရုံမကင်လေ၊ ဟီလတ်မေ။
ကြက်ဧေဆံခြေ၊ ရာဇ်သကေညှိုဝ် ဖြစ်လီမေ။
မြေအအူ၎*၊ ထွက်လီမေ။
ပြေသွိ * ခေလေ၊ အံလီမေ။
ပုပ္ပနိမိတ်၊ များစွာမြင်လီမေ။
ပြေကြီအလိုဝ်၊ ပြိုဝ်လီမေ။
အရတ်သားချင်း၊ ရုံတင်အလိုဝ်၊ ပြုကြလီမေ။
ရုံပြုကြမျ၊ အရတ်သာ၏။
တဉ် *ကာရွာပြေ၊ ၃*–လီမေ။
တဉ်ကာပူ၏။
ရွာသုံအမွိန်ကျွပ်လီမေ။

အမွှိန်ကွန်ကား၊ မင်းမြတ်အလိုဝ်၊ မှိုင်လိမေ။
မချွတ်မှတ်စလိမုံ၊ အထုပ်အပျက်စိ၏။
မအူမှျင်လည် မပြတ်စိ၏။
မအူကျောက်ထက်၊ တန္တက်အနိ၊ မနှက်စိ၏။
မအူပါးရိုင်၊ မကျိုဝ်စိ၏။
မအူမျက်စိ၊ မကန်းစိ၏။
အနော်ကြက်ဥတင်၊ မဆွဲစိ၏။
ဥခြိုဝ်ချွန်စော်က်၊ မယော်ံစိ၏။
အငေတေကား၊ ခမွေဥခေါင်၊ မပြုစိ၏။
အရှေ့လျှာဖျား၊ မရှေ့စိ၏။
ကလူအမြိန်သန်စိ၊ ကလူအတောင်ဘွန်စိ။
သန်လင်ကလုမသျှင်လေ တန်စိ။
ကလူလကြ္ခိ မနောစီ၏။
ကလူလကြ္ခိ၊ မွန်ရီမသျှော်ံစီ၏။
ကလူဇ*ထက်၊ဘြုား*ကူကျောင်၊တန်ဆောင်စာတီ၊မဝေစိ၏။
တေစိငေ*ကား၊ ကလူမသန် မလင်။
ကလူအမြိန် သန်စိ။
ကလူအတောင် ဘွန်စိ။
သနလင်မှ၊ ကလူသျှင်၊ အထွတ်တိုင်အမ်ည်။
အထွတ်မြင်ခေါင် ကြံ့တတ်စီ။
မအူဗင်က သန်စီ။
မအူသျှင့်ကား တတ်စီ။
မအူပင်ကား၊ ဖိုဝ်ဖိုဝ်ဘွားဘွား။
မအူသခင်၊ မင်အောင်စင်သည်၊ ထွပ်ခေါင်ဖျား။
တတ်မေဆိုဝ်စရာ၊
မတတ်ကော၊ မဖြစ်စား
သုတ်သင့်တတ်သော် မြတ်မေ၊
မသုတ်မသင် မပြုပြင်ဧ၊ လွတ်မေ၊
အသံသဲစိ၊ အတွင်မြေစိ၊
စကားခြီလက်၊ မလွံစီ၏။

မစောင်စေငေ လွတ်မေ။
လက္ကိုင်မြေစိ၊
မင်ခေါင်အထွတ် တိုင်မေ။
မချွတ်ခါတိုင်ကား၊ မလွတ်စိ၏။
*တဉ်ကားအသက် တွင့်တွင်ခြေ။
တဉ်ကားလတ်၊ မပျက်စိ၏။
တဉ်ခြေအဆုံမ်၊ သင်အောင်ကြံတတ်စီ။
မကြံတတ်သော်၊ ချွတ်မေ။
ကြံတတ်ကောား၊ အထွတ်တိုင်၏။
သျှစ်ဆိုင်ရပ်ရွာ၊ သျှစ်မျက်နှာကာ၊
*တကာလူပိုလ်၊ မင်းစောလောင်ကိုဝ်
ရိုဝ်ညွတ်ဝတ္တ*၊ ရှိခိုးများအမ့်၊
ပဥ္စသီအမြေ၊ စွေသဉ်မင်ခေါင်၊မြေလှုစီ။
မမြေကောား၊ ဘရိုဝ်ဘရဲ၊ ကွဲလိမေတဉ်။
ဤအကြောင်းကား၊ မင်းကေရာဇ်လျှင် အရင်းတဉ်။ ။
ကလူကျောက်ထက်၊ တန္ဒက်အနီ၊ မနှက်စိ၏။
သလွတ်သာလဉ္စ၊ မများစိ၏။
သလွတ်စကား၊ အမွတ်များလဉ်၊ မနားစိ၏။
ရွာသဲခြီလဉ်၊ မပေါက်စိ၏။
*လွှံ ၃–လွှံလဉ် မြေစိ၊
မအူပင်လေ၊ ကြွက်မယက်စိ၏။
ဒဉ်ကျိုကံလဉ်၊ ရီမယိုစိ၏။
နတ်ကြီတန္ဒာ၊ မပြုတ်စိ၏။
ဘုဗူဒေါင်လဉ်၊ မလတ်စိ၏။
ဘုရားနှင့် နတ် ၈–ရတ်ကို သန်လင့်စီ။
မဟာမုနိနှင့်၊ ဘိုးခေါင်ဆီမီး မသီစီ၏။
ရွှေတောင်ထောင့်လဉ် မပြုတ်စီကေ့။
စံကားတောင်လဉ် မပြုတ်စီ၏။
ခြင်သို့တောင်လဉ မပြုတ်စီ၏။
ပြုတ်သည်ဟိက၊ မင်းများအဆက်၊ ပြုတ်လတ္တံ၊

မြိုဝ်၊ တံခါး၊ ကျုံမ်၊ ပစ္စင်၊ ဆယ်၊ လင်ပဲ၊ သည့်တိုဝ့်
အလုံ၊ အတောင်၊ မယုတ်စိ၏။
တင်းထိန်အရိုးမပြတ်စီ၏။
မြို့ရက္ခိုင်သည်၊ သျှစ်ဆိုင်ရဲသူ၊
မပြုလာနိုင်၊ ကျန်းခိုင်စိုးရ၊
မကြောင်းကြသည်၊ စိုဝ်ရဒ္ဒတ္တာ၊
တောင်လို့မအောင်၊ မစိုင်မဟိတဉ်။ ။
လုပ်စိုင်ကျော်စိုင် မပြတ်စိ၏။ ။
တေထောင်သည်မြိုဝ်တိုဝ် ပျက်ပြိုပြတ်ဆတ်သဉ်ဟိခေ*၊
ရွာသူအမွိန်း *ကျွတ်လတ္တန်။
ဝတ်မွတ်သျှားပါးများမေ။ အသားချင်းချင်း စားကြမေ။
စားချင်သော် မစားရ၍ လူသူပြောထွေ၊ တပြင်လွေလျှင်
များလိမေ။

သဉ်အကြောင်ကိုဝ်၊ စောလောင်မင်ခေါင်၊ ဘုံရောင်ထွတ်
ဖျား၊ ပဥ္စသီနှင့်၊ မညီမကင်း၊ စွဲသုံပြင်မူ အကြင်ချန်သာ၊ လူ
တကာသဉ်၊ ချန်သာခ* သိန်း၊ ငြိန်လိမေ။ ။

နတ္တကာလဉ်၊ ဆက်စွာမပြတ်၊ ရိုဝ်ညွတ်ဘုမြင်၊ တုံသဉ်
အမြေ၊ ရက်ခ* ပေကာ၊ မင်ရေကျော်ဟိုဝ် မင်ရိုဝ်အစစ်၊ ဒွမ္မရာဇ်
လျှင်၊ ဖြစ်လတ်မေလေ မချွတ်ရာ။ ။

ဘုရားနှင့်နတ် ၈–ရတ်ကို သန်လင့်စီ။
မဟာမုနိနှင့်၊ ဘိုးခေါင်ဆီမီး မသီစီ၏။
ရွှေတောင်ထောင့်လဉ် မပြတ်စီကေ့။
စံကားတောင်လဉ် မပြတ်စီ၏။
ခြင်သို့တောင်လဉ် မပြတ်စီ၏။
ပြတ်သည်ဟိက၊ မင်းများအဆက်၊ ပြတ်လတ္တုံ၊
မြိုဝ်၊ တံခါး၊ ကျုံမ်၊ ပစ္စင်၊ ဆယ်၊ လင်ပဲ၊ သည့်တိုဝ့်အလုံ၊
အတောင်၊ မယုတ်စိ၏။ တင်းထိန်အရိုးမပြတ်စီ၏။
မြို့ရက္ခိုင်သည်၊ သျှစ်ဆိုင်ရဲသူ၊
မပြုလာနိုင်၊ ကျန်းခိုင်စိုးရ၊
မကြောင်းကြသည်၊ စိုဝ်ရဒ္ဒတ္တာ၊

တောင်လို့မအောင်၊ မစိုင်မဟိတည်။ ။
လုပ်စိုင်ကျော်စိုင် မပြတ်စိ၏။ ။
တေထောင်သည်မြိုဝ်တိုဝ် ပျက်ပြိုပြတ်ဆတ်သည်ဟိငေ*၊
ရှာသူအမွိန်း* ကျွတ်လတ္တန်။
ငတ်မွတ်သျှားပါးများမေ။ အသားချင်းချင်း စားကြမေ။
စားချင်သော် မစားရ၍ လူသူပြောထွေ၊ တပြင်လေ့လျှင်များလိမေ။

သဉ်အကြောင်ကိုဝ်၊ စောလောင်မင်ခေါင်၊ ဘုံရောင် ထွတ်ဖျားပဥ္စသီနှင့်၊ မညီမကင်း၊ စွဲသုံပြင်မူ အကြင်ချန်သာ၊ လူတကာသဉ်၊ ချန်သာခ* သိန်၊ ငြိန်လိမေ။ ။

နတ္တကာလည်၊ ဆက်စွာမပြတ်၊ ရိုဝ်ညွတ်ဘုမြင်၊ တုံသဉ်အမြေ၊ ရက်ခ*ပေကာ၊ မင်ရေကျော်ဟိုဝ် မင်ရိုဝ်အစစ်၊ ဒွမ္မရာဇ်လျှင်၊ ဖြစ်လတ်မေလေ မချွတ်ရာ။ ။

စဉ်လာမင်ရိုဝ်၊ ၂၇–ဆက်၊ မပျက်မြိုင်တော၊ မြိုဝ်စိုင်ရေ့စွာ၊ လွတ်ဖြာလတ်ငြား၊ ထိုဝ်မင်များလေ၊ ၅၅ဆက်၊ မြောက်လျှင်မင်ရိုင်၊ စဂံတမြိုဝ်တည်။ ။

သလွတ်သား ၉*၊ စကားအိန်သွံ၊ မပြုံစိ၏။
ရှာကောင်ခြီလက်၊ မကြံစိ၏။
ရှာသူနသို မချွန်စိ၏။
တိုင်ဆွေနွေ၊ ရှာသုကြီ၊ နှမ်သိခြိလက်၊ မချမ်စိ၏။
အလိုနေ*စိ၊ အကျင့်သဲ*စိ။
အော် *မိအကြုံ၊ မြေလုစိ။
စကားအိန်သွံ၊ မပြုံလိုဝ်။
တိုဝ်ရေ့မပြတ်၊ ကြံမေတတ်ငေ၊ မပြတ်အထွတ်ရော်က်မေ။
ရံသူခသိန်ပျော်*မေ။
ဤအကြောင်ကာ၊ မင်းစောလောင်လျှင်၊အရင်တည်။ ။

**ခက်ဆစ်**

*ငေ = သော်
*၄= လည်း

*သို့ခေ= သွေးခဲ
တဉ်= တိုင်း
၃= သုံး
*လကြို= လက်ခြီ(လက်–ခြေ)
*သျှော်=သျှောက်
*ဇု=ကို
*ဘြား=ဘုရား
*တဉ်ကား=တိုင်းကား (တိုင်းနိုင်ငံ)
*တကာ=အများ (အများတကာ၊ သူများတကာ)
*ဝတ္တ=ဝပ်တွား
*လွံ=လမ်း (လွံ၊ ဇင်းခါ၊ လမ်း၊ ကြောင်း၊ ကြောင်းတော်)
အမွိန်း= အမွေး
*ခသိန်= ခပ်သိမ်း (အများ)
*ခပေ= ခပေး(အများ)
*နေစိ=နည်းစီ။
*သဲစိ=များစီ။
*အော်=အောက်။
*ပျော်=ပျောက်။

''သက္ကရာဇ် ၁၂၀၀၊ တန်ဆောင်မုန်းလဆန်း ၁၄–ရက်၊ အင်္ဂါနိနိပိုင်တွင်. . မြော်ဉမြို့ဝ် တံန်ဆိတ်ခပ်စာကူပြီး ပြေစုံ၏ . . . မင်းစိုင်ဆီသာမြထွန်းစာ။''ဟု ပါရှိသော ပီစာစောင်တွင် ပါသော မြောက်ဦးနှင့် တစ်နိုင်ငံလုံးစီမံချက် အညွှန်းကဗျာကို မပြုမပြင်ဘဲ မူရင်းအတိုင်း (က)မှ (ကံ)ထိ ထုတ်နုတ်တင်ပြထားသည်။

**ခက်ဆစ်**

မင်စိုင်= မင်းစဉ် (နန်းတွင်းသမားတော်) ဘုရင်မင်းအစဉ် အဆက် အသုံးပြုခဲ့သော ဆေးသမား။

ဆီး= ဆေး (ဆေးပညာရှင်)

သာ=သမား(ဆရာ)

**ပြေကြီးသျှင်**

# av;Nrkopqe; uAsmye;

လေးမြို့ခေတ်၏ ကဗျာနှင့်စာပေ ရေစီးကြောင်းမှာ ရှေးခေတ်ရခိုင်ပြည်နယ်၏ စာပေရေစီးကြောင်းမှ အစဉ်အတိုင်း ဆင်းသက်လာခဲ့ခြင်း ဖြစ်လေသည်။ သုတေသီတို့က ရခိုင်စကားနှင့် စာပေတို့ကို ဆွေးနွေးတင်ပြကြလျှင် အရိုးအမွှန်အခြေခံ အကြောင်းတရားတို့ကို လိုက်ကြည့်သင့်သည်။ ထိုအကြောင်းတရားမှာ နိယာမသဘောတစ်ခုဖြစ်သည်ဟု သုံးသပ်မိသည်။

ထိုနိယာမတရားက ''အက္ခရာတစ်မျိုးသည် ဘာသာ စကားဝေါဟာရများစွာကို ဖန်တီးနိုင်၏။ ထို့ကြောင့် ရခိုင် ဝေါဟာရစစ်စစ်တစ်ခုခုကို အခိုင်အမာတွေ့ရှိခဲ့လျှင် ထိုခေတ် တွင်ရခိုင်စကားနှင့်ရခိုင်စာ ရှိနေပြီဟု သတ်မှတ်ချက်ပင် ဖြစ် ပါသည်။ ယင်းနိယာမ ရှေးရှေးသမိုင်း၊ ကျောက်စာ၊ ဒင်္ဂါးတို့မှ ရခိုင်ဝေါဟာရစစ်စစ်ကို လိုက်ရှာသောအခါ ပထမဓညဝတီ ခေတ် မင်းဆက်တွင် မင်းအမည်နှင့် မိဖုရားအမည်တို့ကို ကောင်း စွာတွေ့ရှိခဲ့လေသည်။

ဥပမာ–ဂုဏစန္ဒြားသား၊

ကံရာဇာကြီးမင်း–မိဖုရားစောမာလာ။

ကံရာဇာငယ်မင်း–မိဖုရားစောကြွယ် စသည် စသည်ဖြင့် မင်းနှစ်ဆယ့်နှစ်ပါးနှင့် မိဖုရားသုံးဆယ့်သုံးပါးတို့ကို တွေ့ရှိရပေသည်။ တိကျရှည်လျားသောစကားတို့ကို အဆင့်ဆင့်မှတ်တမ်းစာ ပေပုရပိုက်တို့ရှိမှ မှတ်သားနိုင်ကြမည်ဖြစ်ရာ

အထက်ပါစကားတို့ကို စာပေပုရပိုက်တို့ဖြင့် အဆက်ဆက် မှတ်သားလာ၍သာ ယနေ့ထိရှိကြောင်း ယူဆပေသည်။ ထိုမှ အထက်ခေတ်အဆက်ဆက်နှင့် နောက်နောက်ခေတ်တို့ကို သုံးသပ်ရာ၌လည်း အထက်ပါနည်းမှာ မှားယွင်းနိုင်ရန် အကြောင်း မရှိဟု ယူဆမိလေသည်။

ဗုဒ္ဓပွင့်တော်မူသောခေတ်ကို အာဂုံဆောင်သောခေတ်ဟု သာမညသုံးသပ်ရန် ရှိသော်လည်း ဝေဒစသော စာပေများစွာ ရှိကြောင်းနှင့် ကုမ္ဘဃောသကဝတ္ထုနှင့် ပက္ကုသာတိမင်းတို့ အကြောင်းအရာများတွင် စာလွှာကို ပေ၊ရွှေတို့ဖြင့် ရေးသားပို့လွှတ်ကြောင်းကို တွေ့ရှိရာ စာပေအက္ခရာရေးသားခြင်း ကောင်းမွန်စွာ ရှိနေပြီ။ ဗုဒ္ဓလက်ထက် ရဟန်းအချင်းချင်း ကျောကုန်းတွင် စာရေးပြီး ဂုက်သော ကစားနည်းများလည်း ရှိနေကြသည်။

အက္ခရာပဘေဒဆိုသည်မှာ ခေတ်အဆက်ဆက် အက္ခရာ အမျိုးမျိုးကို ပြဆိုကျမ်းဟု အဓိပ္ပာယ်ရသည်။ ဘုရားသမိုင်းကျမ်း၊ သမ္ဘဒါနကျမ်းတို့ကို ခေတ်အဆက်ဆက် မှတ်သားလာ၍ ယနေ့ထိ တည်ရှိသည်ဟု ယူဆသည်။ ဘုရားသမိုင်းကျမ်း၊ ဂုတဗောဓကျမ်း၊ ကဝိဗန္ဓကျမ်းတို့မှာ အစပထမက ပါဠိတော် သက်သက်ဖြင့် ရှိရမည်ဟု ခန့်မှန်းသည့်အတိုင်း ကဝိဗန္ဓပါသျှ အမည်ဖြင့် ပါဠိသက်သက် ရှေ့ဆုံးထား၍ ရေးသော ပုရပိုက်မူကို တွေ့ရှိထားသည်။

ကဝိဗန္ဓ (ကဝိဂန္ဓ၊ ကဝိကဏ္ဍ)ကျမ်းမှာ ၁။ သုဓမ္မာဒေဝီ၏ ဝေသာလီခေတ် ကဝိဗန္ဓကျမ်း (ဗန္ဓကို ဂန္ဓ၊ ကဏ္ဍဟု ရေးကူးရာတို့၌ မှားယွင်းလာကြောင်း တွေ့ရှိရသည်။) ၂။ ရခိုင်သျှင်သီလဝံသ ဆရာတော်၏ လေးမြို့ခေတ်နောက်ဆုံးရေး ကဝိဗန္ဓပါသျှကျမ်း။ ၃။ မြောက်ဦးခေတ် အသည်ဝန်ပညာရှိအမတ်ရေး ကဝိဗန္ဓပါသျှ ကျမ်းဟူ၍ မသိမသာကွဲပြားသော စာမူသုံးမျိုး (ပေမူ၂–ခု၊ ပုရပိုက် မူ ၁–ခု)ကို အစအဆုံး တွေ့ရှိရပါပြီ။

ထိုကျမ်းတို့၏ နိဂုံးကို သုံးသပ်ဆုံးဖြတ်ရာ၌–

၁။ အမှတ်ဝေသာလီခေတ်မူကို (ကောဇာ ၁၂၆၉–ခု၊ရေးကူး ခုနစ်ကြောင်းရေ၊ ပီမူအရ)

''ကြားပိန့်နာလေ့ . . . . ။ ။ လူဘောင်တိုက်လုံး ကျော်လိမ့်လော'' ဟူသော လင်္ကာဖြင့် ခွဲခြား၍ ဆုံးဖြတ်ချက်ချခဲ့သည်။

၂။ အမှတ် လေးမြို့ကခေတ်အဆုံးမှုကို လင်္ကာအသစ်ရေးသားချက်များနှင့်တကွ ''ကဝိဗန္ဓပါသျှုကျမ်းကို ဆိုပိန့်မှတ်သား'' ဟူသော စာပိုဒ်ဖြင့် လည်းကောင်း။ လင်္ကာတတ်ချင်၊ . . . . . .၊ ဆိုသင့်တုံစွာ၊ ပညာကျော်လှ၊ သီလဝံသော်၊ ထေရ်မြတ်ကျော်သည်။ ။ ထင်ပေါ်မော်ကွန်းမှာခဲ့သော်ဝ်။'' ဟူသောနိဂုံးလင်္ကာဖြင့်လည်းကောင်း ဆုံးဖြတ်ခဲ့ရသည်။

၃။ အမှတ်ကို အကျဉ်းသုံးသပ် ဆုံးဖြတ်ရလျှင် ''လင်္ကာတတ်ချင် . . . . . .။ ။ ထင်ပေါ်မော်ကွန်း၊ မှာခဲ့သောဝ်''ဟူသော လင်္ကာကို နှစ်ကြိမ်နှစ်ခါ တွေ့ရပြီးနောက် အခြားလင်္ကာတို့ကိုလည်း ပေါင်းစပ်၍ပြခြင်း၊ အခါခါပြဆိုခြင်း ရှိခဲ့သည်။

သီးခြားရေးသော နောက်ဆုံးလင်္ကာလေးပိုဒ်တို့တွင် ''အဂ္ဂမဟာ၊ သေနာပတိ၊ ပြည်ကြီးမျက်မှန်၊ အသည်ဝန်ဟု၊ တံခွန်ညာကြေ၊ ကျော်နှံ့မွေသည်၊ ပဒေသရာဇာ၊ မတ်မဟာလျှင်''ဟူသော စာပိုဒ်အရ သီလဝံသအသျှင်ထက် နောက်ကျခြင်းကြောင့်ပင် မြောက်ဦးခေတ်ပညာရှိ အမတ်တစ်ဦးရေးဟု ဆုံးဖြတ်ရပေသည်။

ဤသို့ဖြင့် ရခိုင်ဝေါဟာရနှင့် ရခိုင်ပြည်သို့ ရောက်သော အခါ ဘုရားဟောခဲ့သော တရားဒေသနာ၊ ကျောက်စာ၊ ဒဂိုးအများအပြင် သင်္ဂါယနာမော်ကွန်းစာ၊ အထက်ပါ ကဝိဗန္ဓခေါ် ကဗျာဆန်းကျမ်း၏ ဖြတ်သန်းသွားလာမှု၊ ပြန့်ပွားမှုရေစီးကြောင်းသည်ပင် လေးမြို့ခေတ်ကဗျာတို့၏ အစမူလ ရေသောက်မြစ်ဖြစ်ရပါလေပြီ။

## <u>ရခိုင်ကဗျာ</u>

ကဗျာ (ကဝိ+ဘဝ်ဝ=ကဗျာ)ဆိုသည်မှာ ကဝိမည်ခေါ် ပညာကျော်တို့ ဖွဲ့ဆိုရေးသားသမျှကို ကဗျာဟု ခေါ်နိုင်သည်။ ပညာသုတ ပြည့်စုံ၍ ဆိုသူတိုင်း နှစ်သက်အောင် ရေးသားနိုင်သူကို ကဝိ(ပညာရှိ)ဟု ခေါ်ရသည်။ သက္ကဋဖြင့် လုံးရေးသတ်

မှတ်ဖွဲ့ဆိုလျှင် သက္ကဋကဗျာဖြစ်၍၊ မာဂဓဖြင့် ဖွဲ့ဆိုလျှင် မာဂဓကဗျာ ဖြစ်ပါသည်။ ရခိုင်စကားစသည်ဖြင့် ဖွဲ့ဆိုရေးသားကြလျှင် ရခိုင်ကဗျာ၊ ရခိုင်အရွှေ့၊ ရခိုင်တေးခြင်း စသည်တို့ ဖြစ်ကြသည်။

စန္ဒသူရိယဘုရင်၏ဥဏှာလုံမွှီးရှင်တော်ရှိခိုးမှာ သက္ကဋကဗျာကို လက်တန်းစပ်ဆို၍ ရှိခိုးခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်အတွက် ဆုတောင်းခြင်း မပါရှိခြင်းမှာ ဗုဒ္ဓသာဝက မဖြစ်သေး၍ဟု ယူဆနိုင်သည်။ ''မဟာရာဇာ လောင်းဗုဒ္ဓါ'' စသော မာဂဓနှင့် ရခိုင်စကား ရောနှောသောကဗျာမှာ ''ရက္ခိတေရက္ခဓညာ''ကို ထောက်ဆ၍ ဓညဝတီခေတ် ပွဲဦးထွက်စ (ပွဲဦးနင်းမ) ကကွက် တစ်ခုဟု ယူဆနိုင်လေသည်။ မင်းပွဲတွင် အသုံးတော်ခံ ကကွက် ကဗျာ ဖြစ်နိုင်ပေသည်။

ထိုမှဆက်၍ ပုံ့နှံ့ဆင်းသက်ရာမှ ရခိုင်ပညာရှိတို့၏ လက်ရာ၊ ဓုတဗောဓး-နိဿယ(လင်္ကာဖြင့် ရသစာပေဖြစ်အောင် အနက်ပေးခြင်းကို ဆိုလိုသည်။) အမတ်ကြီးပညာမေဓာ ရေးသင်္ဂါယနာ မော်ကွန်းစာ၊ သူဌေးဏာဒေဝီ၏ သိန်ကန်မိန်တွင် အစချီရတု၊ ကဝိဗန္ဓကျမ်းလင်္ကာများ အမတ်ကြီး ဓမ္မဇေယျရေး စိုင်းဒရားဘွဲ့ လေ့တော်သံ၊ အဂ္ဂသာရအသျှင်မြတ်၏ လောကသာရပျို့၊ အသျှင်သီလဝံသ ဆရာတော်၏ ကဝိဗန္ဓပါသျှကျမ်းလာ လင်္ကာသစ်များ။ မြောက်ဦးခေတ် အသည်ဝန်(အတွင်းဝန်) ပညာရှိအမတ်ရေး ကဝိဗန္ဓပါသျှ ကျမ်းလင်္ကာသစ်များ စသည် စသည်ဖြင့် ဆက်ကာဆက်ကာ ပွင့်ပေါ်လာခဲ့ပေသည်။

## ဝုတ္တောဒယကျမ်းဖြင့် အားဖြည့်ခဲ့ပုံ

လေးမြို့ခေတ်တွင် မင်းကြီးမင်းရင်ဖြူက ဇေဒသမသင်္ဂါယနာတင်ပြီးနောက် ပုရိန်ခေတ် ဒသရာဇာမင်းလက်ထက် (၁၁၂၃-၁၁၃၉) အေဒီတွင် အတုလဝိဇယဂဏာပါမောက္ခနှင့် သံဃာ ၂၆-ပါးတို့ကို သီဟိုဠ်ကျွန်းသို့ သာသနာပြု စေလွှတ်ခဲ့သည်။ ထိုနောက် နေရဥ္စရာတောင်ငူခေတ်တွင် ငရမန်မင်း (၁၁၆၆-၁၁၆၈) အေဒီက ရခိုင်ပြည်မှ ဥတ္တရဓမ္မ သင်္ဃာဓိပတိနှင့်

သံဃာတော် ၃၆–ပါးတို့ကို သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ခဲ့ပြန်သည်။ သာသနာပြု ကြွရာလမ်းမှာ အနောက်ဘင်္ဂါနယ်ရှိ တာမလိတ္တိ (တာမြပတ္တန) ကူးတို့ဆိပ်မြို့မှ တစ်ဆင့်သွားနိုင်ကြောင်း ဆရာဦးအောင်သာဦးက ပြဆိုပါသည်။

သီဟိုဠ်ကျွန်းရှိ တာမ္ဗပဏ္ဏိမြို့မှာ အိန္ဒိယသို့ကူးရာ ဆိပ်ကမ်းမြို့ဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည့်နေ့ သီဟဗာဟု မင်းသားတို့ ဖောင်မှတတ်ခဲ့ရာ သမိုင်းနှင့်သာ သက်ဆိုင်ပါသည်။ အသောကကျောက်စာ၌လာရှိသော တမ္ဗပဏ္ဏိမြို့ကိုလည်း ဆန်းစစ်ကြည့်ရန်လိုအပ်ပါသေးသည်။

ယင်းငရမန်မင်းလက်ထက်တွင် ရခိုင်ပြည်မှ သံဃာများနှင့် ပထမပရက္ကမဗာဟုမင်းလက်ထက် (၁၁၅၃–၁၁၈၆)အေဒီ သံဃာတော်များမှာ သီဟိုဠ်တစ်ကျွန်းလုံးရှိ အဘယဂီရိဝါသီဂိုဏ်းနေ ဝေတုလ္လဝါဒစသော အယူမှားရဟန်းတို့ကို အဝတ်ဖြူဝတ်စေပြီး တစ်ကျွန်းလုံးရှိ သံဃာများကို မဟာဝိဟာရဝါသီဂိုဏ်း တစ်ခုတည်းဖြစ်အောင် ပြုလုပ်ခဲ့ကြလေသည်။

ထို့နောက်တွင် သီဟိုဠ်ကျွန်း သာသနာတော်မှာ ပြန်လည်ထွန်းလင်းလာပြီး ဝုတ္တောဒယဆန်းကျမ်း၊ အလင်္ကာကျမ်း စသည်နှင့် သာရတ္ထဒီပနီကာကျမ်းစသည်တို့ကို စတင်ရေးသားကြသည်။ ထို့ကြောင့် လောင်းကြက်ခေတ်တွင် ဝုတ္တောဒယဆန်းကျမ်းမှာ ရခိုင်ပြည်သို့ရောက် ရှိနိုင်ပါသည်။

လောကသာရပျို့နှင့် ရခိုင်သီလဝံသဆရာတော်ရေး ကဝိဗန္ဓပါသျှကျမ်းတွင် ဝုတ္တောဒယဟူသော အမည်ကို မတွေ့ရသော်လည်း ''အဂ္ဂမဟာ၊ သေနာပတိ၊ အသည်ဝန်၊ ပဒေသရာဇာ၊မတ်မဟာ'' ရေးသားသော ကဝိဗန္ဓပါသျှကျမ်းတွင်ကား ဝုတ္တောဒယဟူသော အမည်ကို တိုက်ရိုက်သုံးနှုန်းချက်များ ပါရှိပေသည်။

ကေဗျာဘံကျမ်းကို ဆန်းကျမ်း၊ အလင်္ကာကျမ်းဖြင့် ရောယှက်သော ကဗျာကျမ်းဟု အကျယ်ဖွင့်ဆိုခဲ့ကြသည်။ ထိုတွင် သာရတ္ထဒီပနီကာ၌ ကဝိဗန္ဓကျမ်းကဲ့သို့ ''ကြိယာအထူးအပြားကို အထူးကြံ စည်သောကျမ်း''ဟု ပြဆိုရာ အဋ္ဌကထာကို ဗုဒ္ဓဃော

သဆရာက ရေးသားသော ထိုခေတ်တွင် သီဟိုဠ်ကျွန်းသို့ ကဝိဗန္ဓကျမ်း မရောက်သေး။ သာရတ္ထဋီကာ မရေးမီရောက်ရှိသည်ဟု ယူဆပါသည်။

ဤသို့လျှင် ဆန်းကဗျာ အလင်္ကာစာပေတို့မှာ အိန္ဒိယမှ ရခိုင်သို့၊ အိန္ဒိယမှသီဟိုဠ်သို့၊ ရခိုင်မှသီဟိုဠ်သို့၊ သီဟိုဠ်မှရခိုင်သို့၊ နောက်ဆုံး သီဟိုဠ်မှ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သို့ ပျံ့နှံ့ဆက်သွယ်ကာ ရောက်ရှိနိုင်လေသည်။

## <u>မင်းထီးလက်ထက် လောကသာရပျို့</u>

ရခိုင်မင်းထီးဘုရင် လက်ထက်တွင် စစ်ပြုလာသောနိုင်ငံတို့ကို ပြန်လည်တိုက်ခိုက်ရာမှ အရှေ့ဘက်(ပျူ)တို့ကို စစ်အောင်၍ သက်မင်းမိဖုရား၊ သားသမီး၊ မောင်းမများနှင့် အိမ်ထောင်စု တစ်သောင်းကို သိမ်းယူခဲ့၍ နေရာချထားကာ သူကောင်းပြုခဲ့သည်။ သက်မင်းသမီးတို့က မြသိန်းတန်မြဇီဝ၊ မြခွာညို ဟူသော စေတီသုံးဆူတို့ကို တည်ထားခဲ့ကြလေသည်။ ယခုတိုင် ရခိုင်ပြည်နယ်၌ ရှိသေးသည်။

သက်မင်းသားသုံးပါးတို့က မင်းထီးဘုရင်၏ဆရာ ရခိုင်သူမြတ်ထံတွင် ပညာသင်ခဲ့ပြီး ဆရာဖြစ်သော ရခိုင်သူမြတ်က ပြန်နိုင်း၍ မိမိရပ်ထံ ပြန်ကြသည်။ မင်းထီးဆရာကလည်းကောင်းစားလျှင် ငါ့ကိုမမေ့ကြရန် မှာကြားလိုက်သည်။ သက်မင်းသားတို့သည် အင်းဝမြို့၌ ကြီးစွာစော့ကဲမှာ မင်းဖြစ်လာလေသော် ဆရာတော်ကို သတိရ၍ ပင့်ခေါ်ထားကြလေသည်။ ဆရာတော်ကို ကန်တော်အနီး၌ ကျောင်းဆောက်၍ ကိုးကွယ်ခဲ့လေသဖြင့် ကန်တော်မင်း ကျောင်းဆရာတော်ဟု ထင်ရှားခဲ့လေသည်။

ထိုခေတ်တွင် ကဝိဗန္ဓကျမ်းကို အခြေခံ၍ရေးသော လောကသာရပျို့နှင့်အတူ ကဗျာကျမ်းများပါ ရောက်ရှိနိုင်လေသည်။ ၁၁၄၄–ခုနှစ်တွင်မူ ပိဋကတ်တိုက် ၄၈–တိုက်တို့မှ ပိဋကတ်တော်များကို ချန်လှပ်၍ ဗဟုသုတစာပေ ၅၇–ကျမ်း ရောက်ရှိကြောင်း သိရသည်။ သုတေသီတို့က ထိုထိုစာဟောင်းပေဟောင်းတို့ကို ထုတ်ဖော်မပြနိုင်ခဲ့လျှင် အနာဂါတ်တွင် ပျောက်

ပျက်သွားပေလိမ့်မည်။

## ကဝိဗန္ဓပါသျှုကျမ်း

ရခိုင်ရှင်မဟာသီလဝံသ ဆရာတော်လည်း လေးမြို့ခေတ် (လောင်းကြက်ခေတ်နောက်ဆုံး)တွင် နရနုအလီခင်မင်းသားကို ကဝိဗန္ဓပါသျှုကျမ်းကို သင်ကြားပေးခဲ့လေသည်။ ထို့ကြောင့် ကဝိဗန္ဓကျမ်းမှ လောကသာရပျို့နှင့်အတူ ကဝိဗန္ဓပါသျှုမည်သော ကျမ်းလည်း လေးမြို့ခေတ်တွင် ပွင့်ထွန်းသော ကဗျာပန်းခိုင်ပင် ဖြစ်လေသည်။

## လေ့လာရန်လင်္ကာ

စာရေးသူသည် ကဝိဗန္ဓကျမ်းကို လေ့လာသည့်မှာ အကြိမ်ကြိမ် ရှိခဲ့လေပြီ။ နောက်ဆုံးအကြိမ်တွင် အောက်ပါလင်္ကာကို ကိုယ်တိုင်ရေးသားကာ ဆောင်ထားလိုက်မှ အခက်အခဲမှန်သမျှကို လွယ်ကူစွာ ကျော်လွှားနိုင်ခဲ့ပါသည်။ ကျမ်းစာ အနှံ့အပြား၊ စာမျက်နှာ များစွာတို့မှ ထုတ်နုတ်၍ ရေးသားသောကြောင့် လင်္ကာတစ်ပိုဒ်ဖြင့် ခရီးရောက်နိုင်ခြင်း ဖြစ်ပါသည်။ ကျွမ်းကျင်လိုက ဆောင်ထား နိုင်ကြပါစေဟု တိုက်တွန်းလိုက်ရပါ၏။

''အက္ခရာသုံးလုံး၊ တစ်ဂိုဏ်းကုံးလော့၊ နှစ်လုံး တစ်မူ၊ ဂ–လာတူပွား၊ လေးပါးဖြစ်လေ၊ ကြိယာပယ်၏၊ စဆုံးလယ်မှာ၊ ဟိရာပယ်လော့၊ လေးလုံး သုံးနှစ်၊ နောက်ဆုံးပစ်၏၊ ကြိယာ နတ္တိအစသီလော့၊ ပယ်ဘိ စဆုံး၊ ထိုငါးလုံးတည်း။ ခြောက်ကုံး နှစ်ဂိုဏ်း၊ ခုနစ်ဌာဏ၊ အစ အဆုံး၊ နှစ်လုံးပယ်ဖြတ်၊ ထပ်ထပ် ဖန်ဖန်၊ ဆိုပြန် လဲလဲ၊ ပါမြဲပါနေ၊ စဆုံး လယ်မှာ၊ ထပ်ရာရာကို၊ ဆုံးသာချန်လှပ်၊ ပယ်ဖြတ်မြဲမြဲ၊ ဂိုဏ်းဖွဲ့နည်းသည်။ ။ စွဲမြဲကျနဂရုတည်း'' ။

**ဦးစက္ကိန္ဒ**
၂၇–၅–၂၀၀၀

# awmye;z omjci;rsm;

ရာသီလိုက် ပန်းမျိုးစုံပွင့်လန်းခြင်းသည် တောတောင် ကောင်း၍ အလှကို သဘာဝခြယ်သထားခြင်းပင် ဖြစ်သည်။ ပန်းစုံထုံသင်း ကြိုင်လှိုင်ခြင်းသည် တော၏ကျက်သရေကို ပို၍ ဆောင်စေသည်။

ပန်းသည် လူသားတိုင်း နှစ်ခြိုက်သော အနံ့အသက်ဖြစ် သည်။ မိန်းမများဆိုလျှင် အသက်သွေးတမျှ ကြိုက်နှစ်သက်မှု ရှိကြသည်။ မဖွံ့မတိုင်းသား ယောက်ျားများပင် ပန်းကို တယု တယ မြတ်နိုးပန်သလေ့ ရှိခဲ့ကြသည်။ ပန်းခြယ်သပါသော အသုံး အဆောင် အဝတ်အစား အရာဝတ္ထုများကိုပင်လျှင် တန်ဖိုးထား လေ့ ရှိကြသည်။

ပန်းသည် တောတောင်မြိုင်စခန်းတို့တွင် ပေါက်ရောက် ပွင့်လန်းသော အရာဖြစ်ချေသည်။ ထို့ကြောင့် တောတောင်စခန်း ဆိုလျှင် ပန်းဗိမာန်၊ ပန်းဥယျာဉ် တစ်ဖြစ်ရှိလှသည်။ တောတောင် စခန်း၌ ပန်းပွင့်လန်းခြင်းများ၊ သစ်သီးအမျိုးမျိုး၊ ငှက်သာရကာ ပေါင်းစုံ၊ ရေစမ်းတသွင်သွင် စီးကျသံများ၊ တိရစ္ဆာန် တောသတ္တ ဝါများဖြင့် ဖြစ်ထွန်းကျက်စားရာ ဖြစ်လေသည်။

ထိုတောတောင်စခန်းဖွဲ့ကို အသေးစိတ်ခွဲခြား၍ ရေးဖွဲ့စရာ များလှသည်။ ဤ၌တောပန်းများဖြင့် ပွင့်လန်းနေသော တော တောင်စခန်း၏ အလှကို ထင်ဟပ်စေရန် ပန်းဖွဲ့ကို ရွေးချယ်

တင်ပြရခြင်း ဖြစ်ပေသည်။

## ပန်းဖွဲ့များ

ပန်းဖွဲ့ကို ရခိုင်သာခြင်းစာဆိုများသည် မလွတ်တမ်းဖွဲ့ဆိုခဲ့ကြလေသည်။ ဆရာဦးအောင်ထွန်း၏ တောတောင်ချီးမွမ်းခန်းတွင်လည်း ရေးစပ်ထားခဲ့သည်။ ဆရာထွန်းဆိုလျှင် သာခြင်းတိုင်းလိုလို ပန်းဖွဲ့များကို ဖွဲ့ဆိုရန် လက်မလွတ်ခဲ့ချေ။

ဝေဿန္တရာသာခြင်း၊ ဓမ္မဝိဇယသာခြင်း၊ ကော်ကာနုသာခြင်း မျောက်နှင့်လူသား မယားလုသာခြင်း ဥဒိန္နသာခြင်း၊ ပန်းရွှေမြိုင်၊ နန်းကေခိုင်သာခြင်း၊ ပဒုမ္မဒေဝီသာခြင်း စသော သာခြင်းစုံစွာတို့ ၌ ဆရာ၏လက်ရာ ပန်းဖွဲ့ခြယ်သခဲ့လေသမျှကို တွေ့နိုင်သည်။

အများအားဖြင့် ဆင်တူပန်းဖွဲ့များသာဖြစ်၍ သုံးပိုဒ်ခန့်ကို မြည်းစမ်းကြည့်နိုင်ရန် ရွေးနုတ်တင်ပြလိုက်ရသည်။ ရခိုင်တို့ ဂုဏ်တင်မြတ်နိုးခြင်းပြုခဲ့သော သဇင်ပန်းဖွဲ့ကိုကား တစ်သီး တခြား တင်ပြခဲ့ဖူးလေပြီ။ ယခုတင်ပြထားသော ပန်းဖွဲ့ဖြင့် ထိုဆရာတို့၏ ပန်းဖွဲ့လက်ရာများကို အကဲစမ်းနိုင်ပါသည်။ မြည်း စမ်းအရသာ ခံနိုင်ကြပါစေဟုလည်း ဆန္ဒပြုရသည်။

## ၁။ ပန်းမန်တကာ

ဆောင်းလမယေလေလွန်ကော၊ ဂိမာန်ပြောင်းကူး၊ လွမ်းဖုံးထွေကေ နွေဥတုဟု၊ ရတုမျှညီ၊ သူ့ရာသီဖြင့်၊ မြေဆီရသာ၊ ဩဇာလည်းထွန်း၊ အချမ်းလည်းကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲလာ၊အခါလည်းကောင်း၊ လတပေါင်းဝယ်၊ ရွက်ဟောင်းကြွေလွန်၊ ရွက်နုပြန်လိုက်၊ ပန်းမန်တကာ၊ လူ့ပမာသို့၊ ချိန်ခါကိုတန့်၊ စုံမြိုင်ခြေမှာ ပွင့်မည့်ငုံလို့၊ ကံ့ကော်စံကား၊ ချရား၊ သရဖီ၊ နှင်းဆီသော်က၊ ဒေါနစံပယ်၊ အသွယ်သွယ်လေး ဒဝယ်ထူးဆန်း၊ ပန်းညွန့် ပန်းနွယ်၊ နှာမောင်းသွယ်လို့၊ အားဝယ်ယူယူ၊ ပြိုင်တူတမျှ၊ ဖူးလှပွင့်မုံ၊ ပန်းမျိုးစုံတို့ ရဂုံမြိုင်ခြေ၊ ကျက်သရေဖြင့် ၊ ဝေဝေဆာဆာ၊ ခိုင်ညှာညွတ်ဆင့်၊ ခက်ချင်းတင်ကော၊ ပင်ချင်းဆိုင်းဗျာ၊ ပြိုင်းပြိုင်းပွင့်လို့၊ လှတင့်လှခေါင်၊ မြိုင်တောတောင်ကို၊

ပွင့်ရောင်လွှမ်းဖုံး၊ ရှုမဆုံးအောင် ပိတုန်းလိပ်ပြာ၊ လူးလာမပြတ်၊ ရက်ကန်းရှည်ယောင်၊ ပန်းရည်ခပ်လို့၊ ထူးမြတ်ကြည်လင်၊ မြင်ရသူတို့၊ စိတ်မူလန်းကော၊ ပန်းသစ်ပင်လေ။ ။

*ဆရာ–ဦးအောင်ထွန်း*
*ဂုတ္တိလနှင့်မုသိက သာခြင်းသစ်မှ*

## ၂။ ပန်းမျိုးတကာ

သာမောဖွယ်လေ၊ နေခြည်မသန်း၊ ရိပ်မြိုင်မြိုင်နှင့်၊ ဂနိုင်လမ်းမှာ၊ ခိုင်ပန်းအစုံ၊ ရန့်ထုံကော၊ အငုံတစ်ဆင့်၊ အပွင့်တစ်ထပ်၊ လမ်းမြိုင်ခွင်တွင်၊ ပန်းပင်တိုင်းမှာ၊ ကိုင်းခက်ညွတ်လို့၊ ဇလပ်ရွှေဝါ၊ တတ္တရာကော၊ရင့်မာကြက်ရုံး၊ နန်းတော်သူဆင်၊ ပန်းတော်ဝင်ကော၊ သဇင်ကုံးနှင့်၊ ဂမုန်းသရဖီ၊ ရိုးတန်းနီကော၊ ကတ္တရီမြစ်ကိုင်း၊ စံပယ်မိုးစွယ်၊ အသွယ်သွယ်ကော၊ ဒဝေမှိုင်းတို့ ပင်တိုင်းစုံစီ၊ ဆယ့်နှစ်လီမှာ၊ ရာသီမလွတ်၊ ပွင့်ဟောင်းလွန်သော်၊ ငုံတန်ရင့်ကော၊ ပွင့်သစ်ထပ်လို့၊ နုနယ်လှပ၊ ရှုမဝအောင်၊ ဆောင်းလခါမီ မြောက်လေ ပြန်နှင့်၊ ဟေမန္တဟု၊ လရာသီမှာ၊ မှိုင်းရီညိုမြ၊ စီးစိုစိုလေ၊ ယိုကာကျလို့၊ ပုပ္ပဂန္ဓ၊ ပန်းဝတ်ဆံမှာ၊ ဆွတ်ပျံ့သုံးစား၊ ပွင့်ဝတ်လယ်မှာ၊ နှင်းရည်သုံးကော၊ ပိတုန်းပျားတို့၊ နားတုံပျံတုံ၊ မြူးပျော်လှုံကော၊ ရဂုံတစ်ရိုး၊ နေရောင်ဝါလေ၊ ခါးမထိုးဘဲ၊ ပန်းမျိုးတကာ၊ ပွင့်ခြင်း ရာကို၊ ဓမ္မဝိဇယ လောင်းကျော်ထင်မှာ၊ မြင်ပြန်ရက၊ ထမလားချင်၊ ကမ္မဋ္ဌာန်းနှင့်၊ ရဟန်းပျင်ပျာ၊ နေချင်သည့်စိတ်၊ လမ်းဂနိုင်လေ၊ ပန်းမြိုင်ရိပ်မှာ၊ စိတ်တော်ပျော်မြူး၊ သဘောရွှင်ရွှင်၊ မနောတွင်လေ၊ ဘဝင်နူးလို့၊ ညွန့်ဖူးပွင့်ခိုင်၊ ပန်းပဥ္စူကို၊ လေယူသွေးလို့၊ မွှေးပျံ့လှိုင်ရေ။ ။

*တန်းခိုးဆရာထွန်း*
*ဓမ္မဝိဇယ သာခြင်းမှ*

## ၃။ မြိုင်တန်းရဂုံခိုင်ပန်းစုံ

သွားကြလေကော၊မြူခြေမှိုင်းမှိုင်း၊ ပြိုင်းရရိုင်းနှင့်၊ ဆိုင်းဆိုင်းမို့မို့၊ တညို့ညို့ကော၊ တချို့သစ်ပင်၊ ညွန့်ဖူးဆင်ကော၊ ရွက်ကျင်

ပြန်စ၊ နွေရာသီလေ၊ ဂိမှာန်ပြောင်းကော၊ တပေါင်းလမှာ၊ ဆောင်းလကုန်ခန်း၊ နွေရာသီကို၊ မီကာလှမ်းလို့၊ မြိုင်တန်းရဂုံ၊ ခိုင်ပန်း စုံကော၊ အငုံတစ်ဆင့်၊ အပွင့်တစ်ထပ်၊ ရင့်ရော်ကာဖြင့်၊ ကြွေကာ ကျွတ်ကော၊ ပွင့်ချပ်ဝတ်ဆံ၊ တချို့လွန်ကော၊ ငုံတန်ကြီး ရင့်၊ တချို့ ပွင့်လို့၊ ပွင့်ချပ်ဝတ်ဆံ၊ တချို့လွန်ကော၊ ငုံတန်ကြီးရင့်၊ တချို့ပွင့်လို့၊ ပင်မြင့်ပင်စောက်၊ ပင်အောက်ပင်ရင်း၊ ပန်းမွှေ့ရာ ကို၊ ကြဲကာခင်းသို့၊ အင်ကြင်းရန့်၊ သင့်းပျံ့ကံ့ကော်၊ မာလာသရ ဖီ၊ ဖူးပွင့်ခိုင်ကော၊ ကြိုင်ကာသင်းကော၊ ခိုင်နှင်းဆီနှင့် နာရီဒဝေ၊ အငွေယွေကော၊ စံပယ်စံကား ချရားရင်ကပ်၊ ပင်ခက်လံတွင်၊ ပွင့်ပြန်လည်ကော၊ ဖက်ဆွတ်မိုးစွယ်၊ နှင်းဝေဝေနှင့်၊ သင်းခွေ ကြက်ရုံး၊ ဂမုန်းနော်ဇာ၊ တောရဂုံတွင်၊ ပွင့်ပုံဆန်းကော၊ ပန်း တကာတို့၊ ဂန္ဓာလှိုင်အေး၊ သဇင်ခိုင်တို့၊ ကြိုင်ကြိုင်မွှေးလို့၊ ရွှေသွေးမြရည်၊ လေပြေယူသိမ်း၊ မှုန်မာလာတို့၊ ရိုးညှာယိမ်းကော၊ ညှာစိမ်းရွှေတူ၊ သစ်ခွကြီးကော၊ ကြောင်မြီးတူနှင့်၊ ငွေတူပွင့်ချပ်၊ ဆယ့်နှစ်လီလေ၊ ရာသီတိုင်းမှာ၊ ကိုင်းခက်ညွတ်လို့၊ ဝနဗ္ဗဂုမ္ဗော ရဂုံမြေတွင်၊ ရှုလေတိုင်းပင်၊ လွမ်းမှုဆင်ရေ။ ။

*ဆရာထွန်း၏ ကော်ကာနုသာခြင်းမှ။*

## <u>၄။ ရဂုံတွင်းကြိုင်သင်း ပန်းမျိုးစုံ</u>

မောင်မေတူပင်၊ ထိုနေရာက၊ ပြည်ရွာနန်းကို၊ လှမ်းလေ ကျင်ကော၊ မြိုင်ခွင်တေလာ၊ ဟေမဝါတွင်၊ ဝေဆာခက်လက်၊ တကြော်ကြော်နှင့်၊ ပင်ပေါ်ထက်က၊ ကျေးငှက်မြူးတွန်၊ မြောက် ဟောဝန်က၊ လေပျံ့ဆော်သွင်း၊ မှိုင်းမှုန်မှုန်နှင့် ရဂုံတွင်းမှာ၊ ဆီးနှင်း ဝေလျှံ၊ သီတကဲ့သို့၊ အအေးလွန်သော်၊ ဟေမန်သမယ၊ မကာရ ဟု၊ ဆောင်းလရာသီ၊ အခါမှီ၍၊ မှိုင်းရီပျပျ၊ ဝေါဟာဆိုကော၊ ပြာသိုလ၌၊ မြမြဝေဝေ၊ ဖြောက်ဖြောက်မြည်အောင်၊ မြောက် လေညင်းညင်း၊ နေရောင်ခြည်ကို၊ မှောင်ကွယ်ကင်းလို့၊ မြိုင်မင်း ရဂုံ၊ ကြိုင်သင်းထုံလို့၊ ကင်းငုံကြွေလိုက်၊ ရွက်ဟောင်းကြွေ၍၊ ရွက်ငယ်လောင်းကော၊ ညှာညောင်းခိုက်နှင့်၊ ပုရစ်တောင်ဖြန့်၊ ဖူးအညွန့်က၊ ရန့်ကြိုင်ဖုံ၊ ဂန္ဓာရုံနှင့် ရဂုံမြိုင်အောက်၊ မောင်နှင့်

မယ်တို့၊ ခြေကျင်လှမ်းကော၊ လမ်းတစ်လျှောက်မှာ၊ ပိတောက်ရွှေဝါ၊ ထပ်တစ်ရာနှင့် ခတ္တာအင်ကြင်း၊ ဆိပ်ဖလူးဝေလိုင်၊ စံပယ်ခိုင်လေ၊ ကြိုင်ကြိုင်သင်းလို့၊ နှင်းဖြူနှင်းနီ၊ ပန်းနှင်း ဆီတို့ရာသီမလပ်၊ အဝါအနီပြာရီရီနှင့်၊ ညှာစီထပ်လို့၊ ပွင့်ချပ်ပွင့်လွှာ၊ ဆတ်သဝါနှင့်၊ ရင့်မာပုန်းညက်၊ ချရားကံ့ကော်၊ စံကားဝါလေ၊ ပင်ပေါ်ထက်မှာ၊ ဖက်ဆွတ်သရဖီ၊ ခိုင်ရွှေဖီနှင့်၊ ကတ္တရီမြစ် ကိုင်း၊ နော်ဇာမိုးစွေ၊ လက်တံရှည်ကာ၊ ဒဝယ်မှိုင်းက၊ တတိုင်းလည်းအေး၊ နမ်းတိုင်းမွှေးကော၊ မြတ်လေးစွယ်တော်၊ အဝေယာနှင့်၊ အာသာဝတီ၊ ပွင့်ဝီဝီကော၊ နွယ်နီကြိုင် ရွှမ်း၊ ကတ္တရူကော၊ မဥ္ဇူပန်းနှင့်၊ ခေါင်ရန်းနီတျာ၊ ဇီဇဝါကော၊ ကတ္တီပါ ကြက်ရုံး၊ အေးရန့်လှိုင်၊ မွှေးပျံ့ကြိုင်ကော၊ ခိုင်ဂမုန်းနှင့်၊ နန်းသုံးတော် ဝင်၊ ဂေါ်သဇင်က၊ မဟာလေ့ကား၊ ငွေဒေါနနှင့်၊ သော်ကကြိုင် ရွှမ်း၊ မကာရဆို၊ လပြာသိုမှ၊ ခွာညိုပန်းတို့ အေးရန့်မှုန်၊ မွှေးပျံ့ ထုံကော၊ အငုံတစ်ဆင့်၊ တမုံရင့်လို့၊ အပွင့်တစ်ထပ်၊ များလူရှင်တို့၊ မြင်မဆုံးအောင်၊ ပင်လုံးကျွတ်လျှင်၊ ပွင့်ချပ်ပွင့်တံ၊ ပန်းဝတ်ဆံကို၊ ခပ်ပြန့်သုံးစား၊ ပိတုန်းပျားတို့ နားတုံ့ပျံတုံ၊ ပန်းဝတ်မှုန်ကို၊ အာရုံခံစား၊ တွေ့မြင်သူကော၊ ရှင်လူများလည်း၊ နှာဖျား အေးလှိုင်၊ တကြိုင်ကြိုင်နှင့်၊ ဂနိုင်ကျက်သရေ၊ ပန်းမြိုင်လယ်ကို၊ မောင်မယ်နှစ်ယောက်၊ ငရွှေကျော်ကော၊ အဖော်နောက်နှင့်၊ ရောက်လေသောအခါ၊ ဝဲယာလှည့်လို့၊ ကြည့်လေပါကော၊ မွှေ့လျော်စလောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ပင်အောက်ပင်ရင်း၊ ပန်းမွေ့ရာကို၊ ကြဲကာခင်းသို့၊ ထုံသင်းအေးကြည်၊ ပန်းမျိုးစုံလေ၊ ရဂုံလမ်းလျှင်၊ လွှမ်းစဖွယ်လေ။ ။

*တန်ခိုး ဆရာထွန်း၏*
*ပန်းရွှေမြိုင်နှင့်နန်းကေခိုင် သာခြင်းမှ*

**နတ်မြစ်မာဃ**

# "n0wacw
# pmayynm&irsm;

ဓညဝတီခေတ်သည် ရခိုင်ပြည်၏ စာပေအရေးအသား အစပျိုးသောကာလ ဖြစ်ချေသည်။ ထိုခေတ်တွင် စာပေ၊ ပုရပိုက်စာများကား မထင်ရှားခဲ့လေ။ အထူးသဖြင့် ကျောက်တွင် ရေးထိုးခဲ့သော ကျောက်စာသာလျှင် တွေ့ရပေသည်။ သို့သော် ထီးနန်းတို့၌ ဘုရင်အားလျှောက်ထားသော လျှောက်ထုံးများ၊ မင်း၏အမိန့်တော် ပြန်တမ်းများ စသည်ကား ရှိနိုင်မည် ဖြစ်သည်။ ခေတ်ကာလ ရှည်ကြာသည့်အလျောက် စာပေ၊ပုရပိုက် ကျောက်စာတို့၌ မတွေ့ ရခြင်းသာ ဖြစ်ချေသည်။ ကြိုးကြားကြိုးကြား ရခိုင်ရာဇဝင်တို့၌ ထိုခေတ်ဘုရင်တို့၏ အမိန့်တော်များကို တွေ့ရသည်က သက်သေ ခံဖြစ်နေသည်။

ထို့ကြောင့် ရခိုင်ရာဇဝင်သမိုင်းလာ ဓညဝတီခေတ် လျှောက်ထုံး၊ အမိန့်တော် ပြန်တမ်းများသည် အမတ်ကြီး၏ လက်ရာများ ဖြစ်လေရာသည်။

## လျှောက်ထုံး

အိပ်မက်၊ အတိတ်နိမိတ်၊မင်္ဂလာပွဲ၊ ဘိသိက်ခံပွဲ စသော အကြောင်းအရာများကို လျှောက်ထုံးပြုခဲ့ကြလေသည်။ အထူး

သဖြင့် ဘုရင်ကမေး၍ အမတ်ကြီးတို့က ရေးထုံးစဉ်နှင့်အညီ လျှောက်ထားခြင်း ဖြစ်လေသည်။

**အမိန့်တော်ပြန်တမ်း**

တိုင်းပြည်နိုင်ငံ အုပ်ချုပ်ရေး၌ ဖြစ်စေ၊ ထီးနန်းရေးရာ၊ မှူး မတ်ရေးရာ စသည်တို့၌ ဖြစ်စေ သိကြားခွင့်အမိန့်တော် များကို ထုတ်ပြန်ခဲ့ကြရိုး အစဉ်အလာရှိသည်။

ထိုလျှောက်ထုံး အမိန့်ပြန်တမ်းများကို ရှေးက အက္ခရာမှတ် တမ်းတင်မှု ရှိခဲ့နိုင်သော်လည်း ကာလကြာခဲ့ရကား မတွေ့ရှိနိုင် တော့ချေ။ မှတ်သားရသလောက် စာပေများမှာ ဗြိဟ္မီအက္ခရာမှ ဆင်းသက်လာသော ပါဠိဘာသာစာအရေးအသားတို့သာ ကျောက်စာတို့၌ တွေ့ရသည်။

ဗြိဟ္မီအက္ခရာပင်လျှင် ခရစ်မပေါ်မီ ဘီစီ–ရှစ်ရာစုမှ ခြောက်ရာစုအတွင်း ပေါ်ပေါက်ခဲ့ရာ ထိုစာပေကိုပင် ရေးထိုးကြရ မည်ဟု ယူဆကြသည်။

ဗြဟ္မီအက္ခရာရေးထိုးပါ ကျောက်စာနှစ်ချပ်မှာဆိုလျှင် တောင်ပေါက်ကြီးကျောက်စာနှင့် သစ္စကပရိဗ္ဗာကကျောက်စာတို့ ဖြစ်ကြသည်။ တောင်ပေါက်ကြီးကျောက်စာကား ဘုရားရှင် ရခိုင်ပြည် မောရပဗ္ဗတတောင်သို့ ကြွရောက်၍ ဗျာဒိတ်မိန့်ကြား ချက် ပြုခဲ့ခြင်းဖြစ်သည်။

ဘုရားဝမ်းပူခေါ် ဗိုက်ပူဘုရားဟူသော သစ္စကပရဗိုဇ်ကို ချွတ်သော ဘုရားပုံပါရုပ်တုမှာ ကျောက်ရုပ်နောက်ကျောတွင် ရေးထိုးထားစာ ဖြစ်သည်။ သစ္စကပရိဗ္ဗာကဇိန ဟူ၍ ပါရှိသည်။

ဤအထောက်အထားများအရ ရခိုင်ပြည်တွင် ဓညဝတီ ခေတ်ကပင် စာပေအရေးအသား ရှိခဲ့သည်။ စာပေအရေးအသား ဖြင့် မှတ်တမ်းပြုခဲ့ကြောင်း အထောက်အထားအပြင် စာရေး၊စာ ဖတ်တတ်သိနေပြီ ဖြစ်သည်ဟုလည်း ယူဆနိုင်လေသည်။

ထိုခေတ် စာပေပညာရှင်၊ အတတ်ပညာရှင်၊ အသိပညာ ရှင်များဆိုလျှင် မှူးကြီး မတ်ကြီးများ ဖြစ်လေသည်။ ဥပမာ– သီရိရာဇာမင်းကို မင်းတုန်းစားအမတ်ပညာရှိ ဝိမလလျှောက်

ထားချက်ရှိခဲ့ ဖူးသည်။ ထို့ကြောင့် ဝိမလအမတ်ကြီးမှာ စာပေ ပညာရှင်အဖြစ် မှတ်တမ်းပြုနိုင်သည်။

မြောင်းပြာစား ဒေဝကျော်လည်း လျှောက်ထုံးပြုခဲ့ဖူးသော အမတ်ပညာရှိ တစ်ဦးဖြစ်သည်။ ဓမ္မဇေယျအမတ်ကြီးဆိုလျှင် စန္ဒသူရိယမင်းလက်ထက် တောင်ကုတ်စား ဖြစ်လေသည်။ သောင်းတီးစား ဥတ္တမသီရိကျော် အမတ်ဆိုလျှင် သူရိယကေတုမင်းလက်ထက် ပေါ်ပေါက်ခဲ့သည်။

၎င်းတို့၏ လျှောက်ထုံး၊ စာပေများသည် ပညာရည်၊ နှလုံးရည် တို့ကို ပေါ်လွင်စေလေသည်။ ပညာဗဟုသုတ၊ ဉာဏ်ရည် စကားရည်တို့ကို ကောင်းစွာ ဖော်ပြနေသည်ဟု မှတ်ယူအပ်ပေသည်။

# a0omvacw
# pmayynm&irsm;

ဝေသာလီခေတ်သည် အေဒီ၄–ရာစုမှ အေဒီ၉–ရာစုခေတ်ထိ ထွန်းကားခဲ့သည်။ ထိုခေတ်တွင် တွေ့ရသမျှ ကျောက်စာများမှာ အလှူဒါနပြုကြခြင်းများ၊ ဗုဒ္ဓဩဝါဒဖြစ်သော ယေဓမ္မာ ဟေတုပ္ပဘာဝလာဂါထာများကို တွေ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာယုံကြည်သောခေတ်ဖြစ်သည်မှာ ထင်ရှားသည်။ ထို့ပြင် ထိုခေတ်မင်းများ၏ အသုံးပြုခဲ့ကြသော ရွှေ–ငွေ ဒင်္ဂါးများစွာပင် စာပေရေးထိုးလျက် ပါရှိလေသည်။ ဥဿဝတီခေတ် ဗြဟ္မီပွားအက္ခရာကို အခြေပြု၍ ရက္ခဝဏ္ဏအက္ခရာသို့ ပြောင်းလဲရေးထိုးခဲ့လေသေးသည်။

ထိုခေတ်ထင်ရှားသော ကျောက်စာတိုင်(လေးမျက်နှာ)မှာ ယခု ရှစ်သောင်းဘုရားတွင် ရွှေ့ပြောင်းရှိသည်။ အာနန္ဒာစန္ဒြမင်း ရေးထိုးခဲ့သော ဆုတောင်းခန်းများလည်း ပါသည်။ မင်းသုံးခေတ်တိုင်အောင် ရေးထိုးထားသော ကျောက်စာဖြစ်သည်။ နှစ်ပေါင်းနှစ်ရာစီခြား၍ အရှေ့၊အနောက်၊ မြောက်မျက်နှာတို့၌ ရေးထားရှိသည်။

(၁) ဝေသာလီခေတ် ရက္ခဝဏ္ဏအက္ခရာဖြင့် ယေဓမ္မာဂါထာတော် ရေးထိုးပါ ကျောက်စာများ။

မေဓပညာမော်ကွန်းစာများ၊ ဗျည်း ၃၃–လုံး လေ့တော်သံများ။

(၂) စူဠမဟာရာဇာဟူ၍ ရက္ခဏ္ဍဏ္ဍ အက္ခရာရေးထိုး ဒင်္ဂါးစာ။

(၃) ရက္ခဏ္ဍဏ္ဍအက္ခရာဖြင့် အယနာကောင်းမှုတော်ရေးထိုး ကြေးဆီမီးခွက်စာ။

(၄) မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်မှ အေဒီ(၈)ရာစု ရက္ခဏ္ဍဏ္ဍအက္ခရာရေးထိုး ဝေသာလီမြို့ရိုးကျောက်စာ၊ (ပြတိုက်–၁၈၁)။

(၅) အေဒီ (၈)ရာစု ရက္ခဏ္ဍဏ္ဍအက္ခရာ ရေးထိုး နားပိတ်တော်စေတီမှ အလှူမှတ်တမ်းကျောက်စာ။ (ပြတိုက်နံပါတ်–၂၄၅)

(၆) အေဒီ(၈)ရာစု ရက္ခဏ္ဍဏ္ဍအက္ခရာရေးထိုး မဟာထီးကျောက်စာ။ (ပြတိုက်နံပါတ်–၄၀)

ဖော်ပြပါကျောက်စာအရ ဝေသာလီခေတ် ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးသားထားကြောင်း လေ့လာတွေ့ရှိရသည်။ ဝေသာလီဘုရားကြီးကုန်းကျောက်စာမှာ ပါဠိဘာသာဖြင့် ဖြစ်သည်။ ကျန်ကျောက်စာများ၊ ဒင်္ဂါးစာများ၊ စတူပါ(စေတီ ငယ်)များ၊ ခေါင်းလောင်းစာများ၊ အလှူမှတ်တမ်းများ၊ မြေလှူ အမိန့်တော်ပြန်တမ်းများကား သက္ကဋဘာသာရေးထိုးစာများ ဖြစ်သည်။

အာနန္ဒာစန္ဒြမင်း (အေဒီ–၇၂၀)ခန့် ကျောက်စာမှာ ဂါထာဖွဲ့ဆို ရေးထားခြင်း ဖြစ်လေသည်။ ကျောက်စာတိုင် အနောက်ဘက်မျက်နှာတွင် ရေးထိုးရှိသည်။

နီတိစန္ဒြမင်း၏ မိဖုရားကျောက်စာတွင် မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်းနှင့် ပြည့်စုံသော ဒါယိကာမဟု ရေးထိုး ထားသည်။ ဝီရစန္ဒြမင်း ကျောက်စာတွင် သစ္စာတရားကို သက်ဝင်ယုံကြည်မြတ်နိုးသည်။ စေတီအဆူပေါင်း တစ်ရာလှူသည်ဟု ရေးထိုးခဲ့သည်။

ယေဓမ္မာဂါထာပါ ကျောက်စာများကား အများအပြား ဖြစ်လေသည်။ အာနန္ဒစန္ဒြမင်းလက်ထက်၌ ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်ခဲ့သည်ဟုလည်း မှတ်သားရသည်။ အိန္ဒိယမှ

ဝင်ရောက်သော ကျမ်းဂန်များ၊ ဆေးကျမ်း၊ ဆန်းကျမ်း၊ ဗေဒင် ကျမ်း၊ ဓမ္မသတ်ကျမ်း စသည်များလည်း ထွန်းကားခဲ့လေသည်။

## စောပြည့်ညို(သုဝဏ္ဏဒေဝီ)

ဝေသာလီပြည်ရှင် သီရိစန္ဒြားမင်း၏သမီးတော် ဖြစ်သည်။ အိမ်ရှေ့မင်းသား ဥပရာဇာ၏ မျောက်သားတော် ဖြစ်သည်။ မင်းသမီးဘွဲ့မှာ သုဏ္ဏဒေဝီဟူ၍ ခေါ်တွင်ခဲ့သည်။ သီရိစန္ဒြား မင်းလက်ထက် အခွန်ဘဏ္ဍာမဆက်သဘဲ ပျက်ကွက်နေမှု ကြောင့် ဒါဂါ(ဒက္ကာ)၊ မောက်သူဇာ(မူရရှေ့ဒဗာဒ်)သို့ ဥပရာဇာ စစ်ချီခဲ့ရသည်။ ထိုတွင် သုံးနှစ်တိုင်ကြာညောင်းခဲ့ရသည်။ အနောက်သူရတန်မင်း၏ သမီးတော်နှစ်ပါးနှင့် စံစားနေခဲ့လေ သည်။ ထိုအခါ စောပြည့်ညိုက သိန်ကန်မိန်တွင်ချီ ကဗျာသုံး ပိုဒ်ကို ရေးသားဆက်သွင်းခဲ့သည်။

ထိုတွင် ထီးနန်းပလ္လင်ဖြင့်စိုးစံနေသော မျိုးရိုးဖြစ်သည်။ ၁၃နှစ်ကပင် စုလျားရစ်ပတ်၍ ထိမ်းမြားထားသူ ဖြစ်သည်။ ယခု ကုလားနေပြည်တွင် နေရခြင်းမှာ သုံးနှစ်ကြာခဲ့ပြီ စစ်ချီ တက်သော ကာလဆိုလျှင် စတူရာပါ၍၊ နက္ခတ်အထွန်း၊ ကျီး ကန်းတာရာ၊ ဟသာ အထွက်ကပင်ဖြစ်ရာ သုံးနှစ်ရှိလေပြီ။ အမတ်လီမွာကို အာဏာသုံး ပြီးထားခဲ့လျှင် ရနိုင်ကောင်းသည်။ ကျမ်းဂန်လာ စစ်ထုံးဟောင်းနှင့်အညီ အမတ်ကောင်းကို လွှဲအပ်ထားသင့် ပေသည်။ ရာသီပြောင်း၍ မိုးနှောင်းကာလ ဆောင်းစအကူးတွင် စစ်ပိုလ်ခြေတစ်ဝက်ကို ထားခဲ့လျက် ပြန်ဖြစ်အောင် ပြန်ခဲ့ပါတော့၊ ခမည်းတော်၏အမိန့်ကို ပန်ဆင်လျက် ရှေ့လာလျှင် နောက်လည်း ကောင်းရန် ရှိပေသည်။ ဉာဏ်တော်ကိုသာ အကြောင်းရှုရန် ရှိတော့သည်ဟု ကဗျာ၌စပ်ဆိုထားသည်။ ထိုစာရလျှင် ဥပရာဇာ လည်း အမြန်ပြန်လာခဲ့လေသည်။

ထို့ပြင် စောပြည့်ညိုသည် ကိဝိဂန္ဓမည်သော ကဗျာကျမ်း ကို ရေးခဲ့သည်။ ထိုကဗျာမှာ မူလက အိန္ဒိယတွင် ထင်ရှားသော ဆန်းကျမ်းတစ်စောင် ဖြစ်သည်ဆို၏။ အလင်္ကာကျမ်းဆရာကြီး ကာလီဒါသ ပြုစုခဲ့ခြင်း ဖြစ်သည်။ ဂုဘာဗောဓ (သျှရုတဗောဓ)

ကျမ်းဖြစ်ရာ ရခိုင်ဘာသာသို့ ပြန်ဆိုခဲ့ခြင်း ဖြစ်သည်ဆို၏။ ထို့ကြောင့် စောပြည့်ညိုသည် စာပေပညာ၊ ကဗျာလင်္ကာ၌ ထူးချွန်သူမတစ်ဦး ဖြစ်ကြောင်း ထင်ရှားလေသည်။

## ပညာရှိ မေဓပညာ

မေဓပညာသည် အမတ်ကြီးတစ်ဦး ဖြစ်သည်။ ဝေသာလီခေတ် သီရိစန္ဒြမင်းလက်ထက် အမှုတော်ထမ်းခဲ့လေသည်။ ၎င်းသည် ထင်ရှားသော ပဥ္စမသင်္ဂါယနာတင်ကျမ်းစာနှင့် စန္ဒြားဘွဲ့များကို ရေးစပ်ဖွဲ့ဆိုခဲ့သည်။

ထိုမော်ကွန်းစာတွင် သီရိစန္ဒြားမင်းကို ချီးကျူး၍ ဖွဲ့ဆိုထားသည်။ ရုပ်ပွားပုထိုး၊ စေတီမျိုးအပြင် ကန်တူးခြင်း၊ ကောင်းမှုပြုခြင်းများ ရှိခဲ့သည်။ အကောက်ခွန်များကို တစ်ဝက်သာ ကောက်ယူခဲ့သည်။ ရန်ဖျက်အန္တရာယ် ကင်းငြိမ်းလေ့ရှိသည်။ ဒါန၊ သီလ၊ဘာဝနာဝိပဿနာများစွာကို အားထုတ်လျက် လောကုတ္တရာ မဂ်ပွဲသဘင်ဆင်ယင်၍ ဖိုလ်ဝင်နိဗ္ဗာန် ရောက်ရန် ကြိုးစားခဲ့ကြောင်းဆိုသည်။

ထို့ပြင် သက္ကရာဇ်ဖြို့ခြင်း၊ ပဥ္စသင်္ဂါယနာ တင်ခြင်း၊ သင်္ဂါယနာတင် ကျမ်းစာများကို ကြေးပြားတွင် ရေးကူးခြင်း၊ မဟိသက တိုင်းအပါအဝင် ရခိုင်နိုင်ငံသို့ မောဂ္ဂလိပုတ္တတိဿ၏ အစီအမံအရ သာသနာပြု ကြွရောက်ခဲ့ကြသော သံဃာများ သူရိယစက္ကမင်းလက်ထက် ရောက်ခဲ့ဖူးသည် ဆို၏။ သာသနာပြုဆရာတော်များ ဟောကြားခဲ့သော ဒေဝဒူတသုတ် အဆုံးမှာ လေးသောင်းသော ရဟန်းများ တရားရခဲ့ကြသည်။ အကျွတ်တရားဝင်ခဲ့ကြသည် ဆို၏။

ထိုမော်ကွန်း၌ မင်းတို့၏ ကောင်းမှုဆောင်ရွက်ခြင်းကို လည်း မှတ်တမ်းတင်ထားချက် ပါရှိသည်။ လင်္ကာစာပေဖြင့် ရေးစပ်ခဲ့ခြင်းဖြစ်သော်လည်း မှတ်တမ်းတင်မှုများသော အကြောင်းအရာများဖြစ်၍ မော်ကွန်းအဖြစ် ခေါ်ဆိုကြဟန် တူသည်။

## အမတ်ကြီး ဓမ္မဇေယျ

စူဠစန္ဒြမင်းလက်ထက် ထင်ရှားခဲ့သော အမတ်ကြီးသည်။ တကောင်း သင်းတွဲပြည်သို့ ဒေသစာရီကြွချီစဉ် ဖောင်ငင်သီခြင်းကို ဖွဲ့ဆိုခဲ့လေသည်။ အချို့က ဖောင်ငင်ရာ၌ သီဆိုရသဖြင့် အဏ်ခြင်းဟု ခေါ်သည်။ အဏ်ခြင်းကို သီဆိုကြသူများမှာ လှေလှော်ခတ်သော ကျင်သန်(လူသန်)များသာ ဖြစ်သည်။ ဤသီခြင်းကို စည်တီး၍ သီဆိုလှေ့ရှိကြရာကား တက်ညီလက်ညီ လှော်ခတ်ကြရသည်။

အချို့က က–မှ အ–ထိ ဗျည်း(၃၃)လုံးကို ခေါင်းစီးတပ်၍ ဖွဲ့ဆိုသောကြောင့် ဗျည်း(၃၃)လုံးအဏ်ခြင်းဟု လည်းကောင်း၊ လှေတော်သံဟု လည်းကောင်း ခေါ်ခဲ့ကြလေသည်။ အမတ်ကြီးသည် တကောင်းသို့ ဘုရင်ကြွရန် အခါမသင့်ကြောင်းလည်း လျှောက်ထားဖူးလေသည်။

ဤအဏ်ခြင်း၌ ဘုရားရှင် ရခိုင်ပြည်သို့ ကြွရောက်ခြင်း၊ ကိုယ်စားတော် သွန်းလုပ်ခြင်း၊ ဘုရားရှင်တရားဟောခြင်း၊ ဈာနလာဘီများ ဈာန်ဝင်စားခြင်း၊ မွေတော်ဓာတ်တော်ကို ဌာပနာတည်ထားခြင်း၊ တာဝတိံသာတွင် မေတော်နတ်သားကို တရားဟောခြင်း၊ ထို့အပြင် ငါးရာ့ငါးဆယ်လာ ဇာတ်များ၊ အဖြစ်တော်များ၊ ဘယကုမ္မာ (ပင့်ကူကျား)ဇာတ်၊ ပုံပြင် ဒဏ္ဍာရီ ဝတ္ထုများကို တန်ဆာဆင်၍ စပ်ဆိုထားခြင်း ဖြစ်သည်။ ဗုဒ္ဓဝင်ဆိုင်ရာ၊ သမိုင်းဆိုင်ရာများလည်း အများအပြား ပါရှိလေသည်။

## ဒဏ္ဍာဒေဝီ မင်းသမီး

အာနန္ဒစန္ဒြမင်း၏ မိဖုရားခေါင်ကြီး ဖြစ်သည်။ နန်းတွင်း၌ မှူခင်းကင်းရာကား နန်းတွင်းသူများကို ဒဏ္ဍာရီပြော၍ အပျင်းပြေစေခဲ့ရသည်။ ပုံပြင်များမှာ ခေတ်အဆက်ဆက် နှုတ်ဖြင့် ပြောဆိုလာခဲ့ရသည်။ နားဖြင့် နာကြားမှတ်သားလာခဲ့ရသည့် အတွက်ကြောင့် ယနေ့တိုင် နားဆင်နိုင်လေသည်။ မိဖုရား၏အမည်ကိုစွဲလျက် ဒဏ္ဍာရီဝတ္ထုဟု ခေါ်ခဲ့ကြသည်။ ဝေသာလီသည် စာပေအင်အား မချို့ခဲ့သည့်အလျောက် အမျိုးသမီးများပင်လျှင် စာဆို

တော်များ ဖြစ်ခဲ့ကြသေးသည်။

ဝေသာလီခေတ်တွင် လျှောက်ထုံးပြုခဲ့ကြသော သောင်းတီးစား ဥတ္တမသီရိကျော် အမတ်ကြီး၊ ဝိဓူရအမတ်ကြီးများလည်း ထင်ရှားခဲ့ကြသည်။ မဟာသူရိယတိုင်း စန္ဒြမင်းလက်ထက်တွင် သောင်းတီးစား ဥတ္တမသီရိကျော်သည် ထိမ်းမြားလက်ထပ်ခြင်းနှင့် ဆိုင်ရာကို လျှောက်ထုံးပြုခဲ့သည်။ ထိုမင်း၏သားတော် သူရိယတိုင်း စန္ဒြားနှင့် ထမ်းမြားရန် လျှောက်ထားရာတွင် ''သာကီဝင်မင်းတို့၌လည်း၊ နွယ်တော် ဝံသဝင်မှ မျိုးတူစွာ စဉ်လာကြီးဖြင့် အကျင့် မဖောက်စေလို'' ဟူ၍ လျှောက်ထားလေသည်။ ထို့ကြောင့် သမီးတော် စောပြည့်ညိုနှင့် ထိမ်းမြားခဲ့ရ လေသည်။

ဝိဓူရအမတ်ကြီးမှာ စူဠစန္ဒြမင်း၏ အမတ်ကြီး ဖြစ်သည်။ ၎င်းသည် စူဠစန္ဒြမင်းအား လျှောက်ထားချက် ပြုခဲ့သည်။ မင်းမှန်လျှင် ထုံးဟောင်းကို မဖျက်ရ၊ သရော်ကြမ်းတမ်း မပြုရာ၊ အပျော်အရွှင် သဘင် မပွဲမ်းရာဟူ၍ လျှောက်ထားသော်လည်း သူပျက်စကား ဝင်နေသဖြင့် မနာယူခဲ့လေ ဆို၏။ ထို့ကြောင့် တကောင်းသင်းတွဲပြည်သို့ကြွ၍အပြန်တွင် ရေနစ်၍ နတ်ရွာစံလွန်ခဲ့ရသည် ဆို၏။

## ရွှေမျဉ်းဓမ္မသတ်

ရွှေမျဉ်းဓမ္မသတ်ကျမ်းသည် ဝေသာလီခေတ်ကပင် ထင်ရှားခဲ့သည်။ မနုဓမ္မသတ်ကျမ်းကို အကျဉ်းချုံ့၍ စီရင်ထားခြင်း ဖြစ်သည်။ မြောက်ဦးခေတ်တွင်လည်း ဤရွှေမျဉ်းဓမ္မသတ်ကိုပင် အသုံးပြုခဲ့ကြသည်။ တရားစီရင်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးတို့အတွက် ရခိုင်မင်းအဆက်ဆက် လက်ကိုင်ပြုခဲ့ကြခြင်း ဖြစ်သည်။

## အခြားစာပေများ

ဝေသာလီခေတ်၌ ပါဠိ၊ သက္ကဋတို့မှ ပြန်ဆိုခဲ့ကြသော စာပေများလည်း အများပင် ရှိလေသည်။ စာနကျအမတ်ကြီး၏ စာနကျနီတိကျမ်း၊ ကြမ္မာဒိုက်မင်းကြီး၏ ဝတ္ထု၊ မနုဓမ္မသတ်၊ ဂေါတမပူ ရာဇာကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ ဆေးကျမ်း၊

သချာကျမ်း၊ ဓာတ် ကျမ်းများလည်း ပေါ်ထွန်းခဲ့လေသည်။

သာခြင်းကဗျာများလည်း စန္ဒြမင်းများလက်ထက်ကပင် စတင်ခဲ့ရာ စန္ဒြဖွဲ့၊ ဥက္ကာဖွဲ့ စသည်များလည်း ရှိခဲ့ကြသည်သာ တည်း။ တိမ်မြုပ်ခဲ့ပြီဖြစ်သော စာပေများကို ဖော်ထုတ်ရန်လည်း မလွယ်ကူတော့ပါချေ။

## မင်းခေါင်ဥက္ကာ (ဝဂါဇာတ်လမ်း)

သိဥ္ဇကူးမင်းသည် လက်ပံမြို့နှင့် တောင်ခေါင်းမြို့တို့ကို အုပ်စိုးသည်။ ထိုမင်း၏မိဖုရာခေါင်မှာ သုပဏ္ဏိဖြစ်သည်။ ၎င်းတွင် သားတော် ဝဂါနှင့်သမီးတော် ဖို့မယ်ကို မွေးဖွားခဲ့သည်။ သိဥ္ဇကူ မင်း၏ မိဖုရားငယ် မယ်စန္ဒာတွင် မင်းခေါင်ကို မွေးဖွားသည်။ မင်းခေါင်ကား ဝဂါထက် ကြီးလေသည်။ မင်းခေါင်ကို ဖို့မယ်နှင့် ပေးစားပြီး ခမည်းတော်စံသော မြို့နှစ်မြို့ကို သားနှစ်ယောက် အား ခွဲအပ်လေသည်။ မင်းခေါင်မှာ လက်ပံမြို့ကိုလည်း ကောင်း၊ ဝဂါမှာ တောင်ခေါင်းမြို့ကို လည်းကောင်း အပိုင်စား ရရှိခဲ့ကြ သည်။

အခြီတစ်ချောင်း၊ ဗျိုင်းမတောင်း။ မိုးဖြူပြည်က မိုးဖြူ မင်း၏ သမီးတော် ပန်းမယ်ကို မင်းခေါင်က အိပ်မွေ့ချ၍ ဆောင် ယူခဲ့လေသည်။ သို့ရာတွင် ခမည်းတော် သဘောအရ မင်းခေါင် နှင့် လက်မထပ်ဘဲ ဝဂါနှင့်ပင် လက်ထပ်လေသည်။

ဝါသျှပ်မည်သော သျှမ်းမင်းသည် အင်ဂျီမြို့တွင် စိုးစံနေ သည်။ ၎င်း၏သမီးတော် ကုမ္မာကား ယိုးရှိမြို့ကို အုပ်စိုးနေသည်။ မင်းခေါင်သည် ပန်းကုံးမယ်ကို မရ၍ ဝဂါကို စစ်ထိုးလေသည်။ တောင်ခေါင်းမြို့နှင့် ပန်းကုံးမယ်ကို လက်ရလုယူခဲ့လေသည်။ ဝဂါကား စစ်မခံဘဲ တောင်းစားရန်ဟုဆိုကာ ရှမ်းပြည်သို့ ထွက် ပြေးသွားသည်။ ထိုတွင် မယ်ကုမ္မာနှင့် ချစ်ကြိုက်ကာ နေခဲ့လေ သည်။

အမတ်ကြီး ဦးစီးကျော်ထင်လည်း ဝဂါနှင့်လိုက်ပါသွားလေ သည်။ ဝဂါနှင့်ကုမ္မာတွင် ထမရာဟူ၍ သားတစ်ယောက် မွေးဖွားခဲ့သည်။ ဦးစီးကျော်ထင်တွင်လည်း အိမ်ထောင်ကျ၍

သားတစ်ယောက် မွေးဖွားလေသည်။ ထမရာနှင့် မွေးဖွားချင်း ဖြစ်၍ ကျော်ခေါင်ဟု အမည်ထားလေသည်။

ငင်းထမရာနှင့်ကျော်ခေါင်တို့သည် ကြီးရင့်သောငှာ သျှမ်းပြည်မှ ထွက်ပြေးခဲ့ကြသည်။ မုဆိုးတိုင်းပြည်သို့ ရောက်သွား၍ ထိုတွင် နေထိုင်ခဲ့ကြသည်။ မကြာခင် မုဆိုးတိုင်းပြည် မင်းသမီးကို ထမရာ အိမ်ထောင်ပြုလေသည်။ သားတစ်ယောက်ရ၍ ထမ်းမရာ ဟူ၍ အမည်ပေးထားသည်။ ကျော်ခေါင်တွင်လည်း အိမ်ထောင်ကျ၍ အောင်ညိုသူကို မွေးဖွားခဲ့သည်။ ထမ်းမရာနှင့် အောင်ညိုသူလည်း မွေးဖွားချင်း ဖြစ်ခဲ့ကြသည်။

ထမရာနှင့် သားထမ်းမရာတို့သည် အဘပြည်ထောင်ဖြစ်သော လက်ပံမြို့ကို သိမ်းပိုက်ခဲ့ကြလေသည်။ မင်းခေါင်နှင့် ပန်းကုံးမယ်တွင် သားတစ်ယောက် မွေးဖွားရှိလေရာ ဥမ္မရာဟူ၍ အမည် ရှိသည်။ ငင်းကို ပြောင်းစာကျွေး၍ မင်းခေါင်မယားဖို့မေမှုရသော မစိုးမေကို ထမရာ သိမ်းပိုက်ယူထားလေသည်။

ထို့နောက် သားအဖနှစ်ဦးတို့သည် တောင်ခေါင်းမြို့ကို သိမ်းယူခဲ့ကြလေသည်။ အဖ ထမရာသည် တောင်ခေါင်းမြို့ကို စိုးစံခဲ့လေသည်။ သားတော် ထမ်းမရာသည် လက်ပံမြို့ကို စိုးစံနေခဲ့ကြလေသည် ဆို၏။

# av;Nrkacw
# pmayynm&irsm;

## လေးမြို့ခေတ်စာပေ

ဝေသာလီခေတ်နောက်ပိုင်းသည် လေးမြို့ခေတ်ဖြစ်သည်။ ခရစ် ၉–ရာစုမှ ၁၅–ရာစုအထိ နှစ်ပေါင်း ခြောက်ရာကျော်ခန့် ရှည်မြင့်ခဲ့လေသည်။ ထိုခေတ်တွင် စမ္ပဝက်၊ ပဉ္စာ ပထမပုရိန်၊ ဒုတိယပုရိန်နှင့် လောင်းကြက်မြို့များကို တည်ထောင်ခဲ့သည်။

ထိုခေတ်တွင် စာပေရေးရာ မှူးမတ်များ ထင်ရှားခဲ့ကြလေသည်။ မှူးမတ်များ၏ မင်းရေးမင်းရာ၊ တိုင်းပြည်ရေးရာတို့၌ လျှောက်ထားခဲ့ကြသော စာပေများသည် အထင်ကရ ဖြစ်ရှိခဲ့လေသည်။ ဝေသာလီခေတ်၌ ထင်ရှားခဲ့ကြသော ပါဠိ၊ သက္ကဋ္ဌ ဘာသာပြန်စာပေများ၊ ရသစာပေများ၊ ဆန်း၊ လင်္ကာစသော ကဗျာစာပေများ ပေါ်ပေါက်ခဲ့သည့်အတိုင်း လေးမြို့ခေတ်တွင်လည်း ကဗျာလင်္ကာများ၊ ကျမ်းဂန်စာပေများ ပေါ်ထွန်းခဲ့သည်သာတည်း။

## လျှောက်ထုံးစာပေများ

လေးမြို့ခေတ်တွင် လျှောက်ထုံးစာပေသည် အတော် အသင့် ကျယ်ပြန့်ခဲ့လေသည်။ ထိုလျှောက်ထုံးစာပေမှ တွေ့ရှိရ သော

သာခကေများကို ဖော်ပြခဲ့ပြီးဖြစ်ရာ ကွယ်ပျောက်ပြီးသော စာပေများကား များစွာရှိကြမည်သာတည်း။

နိုင်ငံ၏ သာယာဝပြောစည်ပင်ရေးနှင့် မင်း မှူးမတ်တို့ အကျင့်သိက္ခာနှင့်အညီ ကျင့်ကြံအုပ်ချုပ်ရေး၊ ပြဿနာရေးရာ ပြေလည်အောင် ပညာရှိအမတ်ကြီးတို့က တာဝန်ကျရာ ဆောင်ရွက်ခြင်းတို့ဖြင့် လျှောက်ထုံးစာပေများ ပေါ်ပေါက်ခဲ့ရလေသည်။

ဝေသာလီခေတ်ကကဲ့သို့ စကားပြေသက်သက် မဟုတ်သော်လည်း ကာရန်အစပ်အဟပ်များ၊ ကဗျာလင်္ကာများဖြင့် ရေးထားလျှောက်ထားခဲ့ကြခြင်းပင် ဖြစ်လေသည်။ ထိုပညာရှင်များ အနက် ထင်ရှားခဲ့သော ပုဂ္ဂိုလ်များကို ရခိုင်ရာဇဝင်တွင် တွေ့ရသေးရာ ဤ၌ဖော်ပြလိုက်ရပေသည်။

## ကဝိကျော်

အမတ်ကြီးဖြစ်သော ကဝိကျော်သည် ဒုတိယပုရိန်ခေတ်တွင် ထင်ရှားခဲ့သူ ဖြစ်သည်။ ထိုခေတ်၌ ဒသရာဇာမင်း (၁၁၂၃–၁၁၃၉ အေဒီ)သည် ထင်ရှားသော ဘုရင်ဖြစ်သည်။ ထိုမင်းလက်ထက် အမတ်ကြီး ကဝိကျော်မှာ အတိုင်ပင်ခံ အမတ်ပညာရှိဖြစ်လေသည်။ ကဝိကျော်သည် လေးမြို့ခေတ်တွင် လျှောက်ထုံးများဖြင့် တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် ၎င်း၏ လျှောက်ထုံးစာပေများသည် လေးမြို့ခေတ် စာပေစုတွင် အထင်အရှား ဖြစ်လေသည်။

အမတ်ကြီး၏ ဆင်ခြင်သုံးသပ်တတ်သော ပညာရည်ကို လျှောက်ထုံးများမှ လေ့လာတွေ့ရှိနိုင်လေသည်။ ပျားအုံနိမိတ်၊ ကြိုးကြာနိမိတ်တို့မှာ အမတ်ကြီး၏ ဆင်ခြင်သုံးသပ်တတ်မှုပညာပင် ဖြစ်သည်။ အတိတ်နိမိတ်နှင့်ပတ်သက်သော လျှောက်ထုံးများ ဖြစ်သော်လည်း ထိုခေတ်အခြေအနေအရ ထင်ဟပ်လေသည်။

ဘင်္ဂါ ၁၂–မြို့မှ ကုလားနှင့်သက်တို့ ပူးပေါင်းလျက် ပုန်ကန်သောင်းကျန်းခြင်းဖြစ်ရာ အမတ်ဖေယျာကြီး ဖေယျဗိုလ်ကို ချီစေခဲ့သည်။ ထိုတွင် တပ်ဦး၌ ကြိုးကြာငှက်သည် သားရေ

တစ်ခုကို ချီလာသည်။ ထိုကြိုးကြာငှက်ကိုဖမ်းရာ ''ထိုငှက်ကြိုး ကြာ၊ နံမှ ကုလား၊ မှောက်မှားရောချက်၊ သက်ကားသားရေ၊ မိတ်ဆွေပြု လျက်၊ ခြားနားချက်'' ဖြစ်သည်။ ထိုငှက်နှင့်သားရေ အနေမယွင်း ချက်ချင်းမကြာအောင်ပါမည်ဟု လျှောက်ထားခဲ့လေ သည်။

ဒသရာဇာမင်း၏ ဘိသိက်ခံခြင်းမှာ ရခိုင်ရာဇဝင်တွင် ထင်ရှားသော အဖြစ်တည်း။ ထိုကိစ္စကို ကဝိကျော်က ဘိသိက်ခံ ရာတွင် အင်္ဂါစုံလင်ရန် လိုအပ်သောအကြောင်းကို သျှိုးလိုက်ရတု အသွားမျိုးဖြင့် လျှောက်ထားခဲ့သည်။ ထိုတွင် မဟာနွယ်မင်းတို့၏ ထုံးပုံတို့ကို ပြဆိုလျက် မင်းအား ဆုံးမထားခြင်းများကိုပါ တွေ့ရ သည်။

ကဝိကျော်အမတ်ကြီး၏ ဗဟုသုတပညာရည်ကို ကောင်း စွာတွေ့ရရာ စကြာလက်နက် ရောက်ရန်အကြောင်း၊ ကြီးကျယ် သော မင်းတံဆိပ်ဖြင့် ဘိသိက်တော်ခံခြင်းသည် တိုင်းနိုင်ငံ အတွက် စိုးကွပ် အုပ်ချုပ်ရေးရာလည်း ဖြစ်ကြောင်း ရတုစပ်ဆို ချက် လာရှိသည်။ စောပြည့်ညို၏ သိန်ကန်မိန်တွင်ချီ ကဗျာ အသွားကဲ့သို့ ကာရန်ယူ စပ်ဆိုထားခြင်း ဖြစ်လေသည်။ ဝေသာ လီခေတ်ကဗျာကို ဆက်ခံမပျက် စပ်ဆိုခြင်းလည်း ဖြစ်လေ သည်။

## <u>ပုရောဟိတ်ပုဏ္ဏား ရာဇဂုရု</u>

ဒသရာဇာမင်းလက်ထက် ထင်ရှားသော ပုရောဟိတ် ပုဏ္ဏားဖြစ်လေသည်။ ဘုရင်မင်းထံ ခစားရသော ပုဏ္ဏားအမတ် ကြီး ဖြစ်၍ ရာဇဂုရု (မင်းဆရာ)လည်း ဖြစ်သည်။ ပုဏ္ဏားအနွယ် ဖြစ်သည့် အားလျော်စွာ ပညာရှိဟူးရားဖြူလည်း ဖြစ်သည်။ ပုဏ္ဏားအနွယ် မဟုတ်က ဟူးရားညိုဟု ဘွဲ့ကိုခံယူရသည်။

ဤပုရောဟိတ်ကြီး၏ လျှောက်ထားချက်များတွင် ဒသရာ ဇာမင်းအား လျှောက်ထားချက်လည်း ပါရှိသည်။ ၎င်း၏ လျှောက် ထုံးများ၌ ကျမ်းဂန်၊ နက္ခတ်ဗေဒင်ရပ်ဆိုင်ရာ ပညာများကိုတွေ့ ရသည်။

''ခတ်ဆန်း ခတ်ပျက်၊ နရစက်နှင့်၊ ငြိုဟ်ပျက် ဒသာ၊

ဒွါဒရာရုပ်၊ ဉုတ်ကလစ်ဖက်၊ စန်းလဂ်မလျော်၊ ဇာတာတော်လည်း'' ဟူသော အဖွဲ့အနွဲ့က သာခဲ ဖြစ်ချေသည်။

ထို့ပြင် တိတ္တုံကျမ်း၊ စူဠာမုနိကျမ်း၊ အသီတိကျမ်း၊ ဒဏ္ဍနိကာယ်ကျမ်းဟူသော ဗေဒင်ကျမ်းများ အမည်တို့ကို တွေ့ရသည်။ ဘုရင်မှာဆိုလျှင် ရာဟုမရဏအထွတ်က ကြုံနေသည်ဖြစ်ရာ နဝင်းလည်း ကံသို့လှမ်းနေသည်။ ဂြိုဟ်ရှစ်ထွေလည်း အနေမလှရာကား ဂြိုဟ်ပြောင်းကြိမ်လေသည်။ စည်းစိမ်တော်နှင့် နန်းပြုသာဒ်ဆိုလျှင် အနိ– မုဝနကိန်း ကြိုက်လေသည်။ နပရတ်ရွှေဘုံ၊ ဤကိန်းကြုံ နိုင်ကြောင်း ရဲဝံ့စွာလျှောက်ထားခဲ့လေသည်။ ထို့ကြောင့် ဘုရင်မင်းသည် ပုဏ္ဏားတော်ကြီးအား အသပြာတစ်ထောင်ကို ဆုတော်အဖြစ် ပေးသနားခဲ့လေသည်။

## ဝိဇီလအမတ်

ဤအမတ်ပညာရှိသည် ငနှလုံးမင်း (၁၂၄၆–၁၂၅၀ အေဒီ) လက်ထက် ထင်ရှားခဲ့လေသည်။ ဒသရာဇာမင်းမှ ၁၂–ဆက်အဆုံးတွင် ကျရောက်သည်။ အမတ် ဝိဇီလပညာရှိသည် ကျီးနှင့် ဗျိုင်းခွပ်သည့် နိမိတ်ကို အတိတ်ကောက်၍ လျှောက်ထားခဲ့ သည်။ ကျီးမှာ အတောင်ကျိုးလျက် အဖမ်းခံရသည်။ ကျီးနာမ်း ကားကုလားဖြစ်သည် ဆို၏။ ဗျိုင်းမူ မရမာဆို၏။ ကျီးကန်း သည်ပင်ပန်းလှရာကား ထွားညက်ကြေပျက်စရာရှိသည်ဟု ဟောကိန်းထုတ်လေ၏။

ထိုဟောကိန်းအရ စစ်တကောင်းမြို့ကို ငါးရက်အတွင်း ရရှိသည်။ ထိုက ဒါဂါမြို့ကိုချီ၍ ကုလားမင်းသားနှင့် စစ်ရေးပြိုင်ကြသည်။ ကုလားရှုံးလျှင် မောကသူဇာမြို့တွင် ချရပ်လေသည်။ သိမ်းယူလာခဲ့သော ကုလား ၄၇၅၀၀ ကို မော်ကွန်းထိုး၍ အစို့အစု အမှုထမ်းဖွဲ့ခဲ့လေသည်။ စစ်သူကြီး အမတ်ကြီး ဓမ္မဖေယျကိုလည်း မဟာဝေဿန္တရာဘွဲ့ကို ပေးအပ်ခဲ့သည်။

အမတ်ကြီးဝိမလမှာ လောင်းကြက်ခေတ် မင်းထီးဘုရင်လက်ထက်အမတ်ကြီးအဖြစ် ထင်ရှားခဲ့သည်။ နရမိတ်လှ (လောင်းကြက်မြို့ပျက်သည့်တိုင်) မင်းလက်ထက်တိုင်အောင် အမှုတော်

ထမ်းရွက်ခဲ့သည်။ မင်းထီးကား ငယ်စဉ်ကပင် ရင်ခွင် ပိုက် ထီးနန်းစိုက်ခဲ့သူ ဖြစ်သည်။ ကိုယ်တိုင်လည်း တရား စောင့်ခဲ့သူ ဖြစ်ရာကား မင်းအာဏာ ငါးရပ်ကို ထုတ်ပြန်ခဲ့သည်။

မင်းထီး (၁၂၈၃–၁၃၈၉ အေဒီ) ဘုရင်သည် ဦးရီးတော် အနန္တဘယ၏ ရင်ခွင်ပေါ်တွင်နေလျက် တရားစီရင်လေသော် နွား ခိုးမှုတစ်ခုတွင် နွားရှင်ခံသော ဦးရီးတော် အနန္တဘယကို တွေ့လေသည်။ ထိုအခါ အမတ်ကြီး စစ်တကောင်းမြို့စား ဝိမလ သို့ မေးလေရာ အမတ်ကြီးက မင်းတို့၌ ကျေးဇူးတရား ခုနစ်ပါးရှိ ကြောင်းကို လျှောက်တင်လေသည်။

ထိုအခါ ဘုရင်သည် မင်းတည်ကြည်မှ ပြည်သာမည်ဟု ဆိုလျက် ဦးရီးတော်ကို သူသတ်သို့ အပ်လေသည်။ အမတ်ကြီး ဝိမလကို စားကျေးဖြစ် မင်းဘုန်းမြို့ကို ပေးသနားလေသည်။ မိစ္ဆာ ဂီရိ သရက်မြို့ကို သိမ်းတော်မူ၍ သရက်မင်း ရှင်စောနှင့် တကွ မိဖုရားသားသမီးစသည်တို့ကို ယူလာခဲ့လေသည်။ သား တော်သုံးပါးကို ရခိုင်သူမြတ် (အရှင်အဂ္ဂသာရ)ထံ ပညာသင် ကြားစေခဲ့သည်။

မင်းထီးသားတော် ရာဇသူ(ဝရဓမ္မ)လက်ထက် အမိန့်တော် ပိုင်းဖြတ်သားနားတော်မူလျက် ဘုရားဟောစကားတော်ကို စတုတ္ထ သင်္ဂါယနာမူအတိုင်းသာ လေ့လာရန်၊ ပုတုဇဉ်တို့ကျမ်းကို မလေ့ လာရ၊ ကျမ်းဂန်မလုပ်ရ တားမြစ်စေခဲ့သည်။ အမတ်ကြီး မနုဟာ သမီးမြတ်ကုန်းနှင့် ဘိသိက်ခံမည်ပြုစဉ် ဝိမလအမတ်ကြီး က မိန်းမကောင်းလက္ခဏာကို ရှေးပညာရှိများ ဆိုခဲ့အတိုင်း ''ဣတ္ထိ ဘရိယာ၊ အင်္ဂါညီညွတ်'' စသည်ဖြင့် မိန့်ဆိုခဲ့သည်။ ရာဇဒေဝီ မိဖုရားကြီးသည် သီလစာရံ၊ အကျင့်မြဲခြင်း စသည်ဖြင့် အင်္ဂါခုနစ် ပါးကိုလည်း ထုတ်ပြခဲ့သည်။ ထိုအခါ အမတ်ကြီးအား အသပြာ တစ်ထောင် ဆုပေးတော်မူသည်။

ထိုမင်းသည် ရေကြက်သား စားလိုသဖြင့် ပညာရှိ ဝိမလ ကို ခေါ်၍ပြောပြလေသော် ပညာရှိလည်း သူတော်ဓမ္မပါလကို ခေါ်၍ ပြောပြလေသည်။ သူတော် ဓမ္မပါလလည်း အလို အလျောက် သေသော ရေကြက်ငှက်တစ်ကောင်ကို ရ၍၊ ဝိမလ

အမတ်သို့ ပေးလေသည်။ အမတ်ကြီးလည်း မင်းထံအပ်လေသဖြင့် ဝေဒနာငြိမ်းခဲ့ရ လေသည်။

ထို့ပြင် မဟာမုနိဘုရားမှာ ရောင်ခြည်တော်လွှတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ တော်လဲခြင်း၊ ဥက္ကာပျံခြင်း၊ နတ်အမြောက် သံကြားခြင်း၊ တောင်ပြိုခြင်း၊ နန်းသို့ မိစ္ဆာဝင်ခြင်း၊ နဂါး ချေးလွှတ်ခြင်း၊ ကြယ်ထွင်းခြင်း၊ ငြိုဟ်ပျံခြင်း စသော တိတ်နိမိတ် များကို ဝိမလပညာရှိ က လျှောက်ထားလေသည်။ ထို့ကြောင့် အမတ်ကြီးကို လူအိုဖြစ်၍ ဝင်ထွက်ရာ ရွှေထမ်းစင်စီး၍ သွားခွင့် ပေးခံခဲ့ရလေသည်။

ထိုဝရဓမ္မမင်း၏ သားတော် နရမိတ်လှသည် မိဖုရားရွှေဘုံ အလိုကိုလိုက်၍ ပြုသည့်အပြင် အမတ်သွမ်းတို့နှင့် ပျော်ရွှင်မှု ပြုလေသည်။ ထိုအခါ မှူးမတ်ဟောင်းတို့က သံတွဲစား နရနုထံ လျှောက်ကြ လေသော် မနာယူလေ။ ထိုအကြောင်းကိုကြားလျှင် နရမိတ်လှလည်း အမျက်ဝင်၍ သံတွဲသို့ချီမည် ပြုလေသည်။ ထိုအခါ အသက်တစ်ရာအရွယ် အမတ်ဝိမလသည် ရှေးသူဟောင်းတို့ စကားလာအတိုင်း ''ဆဒ္ဒပြောင်မုန်၊ ရဲဟုန်နှင့်ချို၊ ချွန်ချွန်ထိုးသို့'' စသည်ဖြင့် လျှောက်လေသည်။ ထို့ပြင် ပြည်ရွာပျက်ရာသော တိတ်နိမိတ်ထင်မြင်ရခြင်းများကိုလည်း ထောက်ပြခဲ့သည်။

သို့သော် ပညာရှိစကားကို မနာယူ၊ အယူထွင်းချွတ်၍ ဝိမလကို မာန်အောင်ကျွန်းသို့ ပို့ထားခံခဲ့ရသည်။ ထိုစဉ်တွင် အင်းဝမင်းခေါင်က သားတော် မင်းရဲကျော်စွာကို ချီစေလေရာ တိုက်ခိုက်ခံရပြီး နရမိတ်လှ အနောက်ကုလားပြည်သို့ ပြေးခဲ့ရ လေသည်။

## ရခိုင်သူမြတ်

ရခိုင်ဘုရင် မင်းထီးလက်ထက် ထင်ရှားသော ဆရာတော် တစ်ပါး ဖြစ်သည်။ ဘွဲ့အမည်မှာ အရှင်အဂ္ဂသာရမထေရ်မြတ် ဖြစ်လေသည်။ ဆရာတော်သည် ပိဋကတ်ဗေဒင် စာပေတို့ကို ကောင်းစွာတတ်ကျွမ်းသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ မင်းထီးသည် ရခိုင်တောင်စဉ်ကို ကျူးလွန်ခဲ့ကြသော သက်မင်း ရှင်စော၏

သက်သူပုန်တို့ကို တော်လှန်ခြင်း ပြုခဲ့ရသည်။ ထိုအခါ သက်မင်းနှင့်တကွ မိဖုရား သားတော်သုံးပါး၊ သမီးတော်တို့ကိုပါ ရခိုင်သို့ ခေါ်ဆောင်ခဲ့ကြသည်။ သက်မင်းသည် သားတော်သုံးပါး တို့ကို ဆရာတော် ရခိုင်သူမြတ်ထံ ပညာသင်ကြားရန် အပ်နှံခဲ့ လေသည်။ သူမြတ်လည်း လောကသာရပျို့ကို ထိုသားတော်တို့ အား သင်ကြားပို့ချ ပေးခဲ့လေသည်။

ပျို့မှာ စာပေလင်္ကာ တစ်မျိုးပင် ဖြစ်ချေသည်။ လင်္ကာ ထက် တစ်ဆင့်တက် ရှည်လျားသော အဖွဲ့အနွဲ့ဖြစ်သည်။ ဘုရားဟောဖော် ဇာတ်နိပါတ်တော်တို့ကို နှစ်သက်ဖွယ် ဖွဲ့ဆိုနိုင် လေသည်။ ထို့ကြောင့် နှစ်သက်ဖွယ် ဖွဲ့ဆိုသော ကဗျာဇာတ် လမ်းရှည်လည်း ဖြစ်သည်ဆို၏။ ထိုပြင် ကျင့်ဝတ်နီတိများ ကိုလည်း ပျို့ကဗျာဖြင့် ရေးစပ်ခဲ့ကြသေးသည် ဆို၏။ လော ကသာရပျို့ထက် ရှေးကျသော ပျို့အရေးအစပ် ကဗျာရှည် ကိုကား ရခိုင်စာပေလောကတွင် မင်းထီး လက်ထက်တွင်သာ တွေ့နိုင်ကြသည် ဆို၏။

လောကသာရပျို့မှာ မင်းထီးလက်ထက်က သက္ကရာဇ်-၆၅၉ နှင့် ၇၀၅ အကြားတွင် အရှင်သူမြတ်က ရေးစပ်ခဲ့ခြင်း ဖြစ်သည် ဆို၏။ အရှင်မြတ်သည် အမျိုးလေးပါးတို့၏ တာဝန်ဝတ္တရားကို ပြသလိုရာကား ဤလောကသာရပျို့ကို ရေးသားရခြင်း ဖြစ်လေသည်။ သက်မင်းသား သုံးပါးကိုလည်း သင်ကြားဆုံးမရန် လိုလားခဲ့ခြင်း ဖြစ်လေသည်။ လောကသာရ ပျို့ဆိုလျှင် နီတိစာပေကဗျာရှည် ဖြစ်သည့်အလျောက် အပိုင်း သုံးပိုင်းခွဲခြား၍ ရေးစပ်ခဲ့ခြင်း ဖြစ်လေသည်။

ပထမပိုင်းဆိုလျှင် ၁-မှ၂၂-ထိ ဖြစ်လေသည်။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်ရဲမျိုး ဟူသော အမျိုးလေးပါး တို့အတွက် ရေးစပ်သော အခန်းဖြစ်သည်။ အတတ်ပညာသင် ခြင်း၊ ဝီရိယပညာ စိုက်ထူခြင်း၊ လယ်လုပ်ကုန်သွယ်ခြင်း၊ စီးပွား ရှာခြင်း၊ သံဝေဂတရား နှလုံးသွင်းခြင်း၊ မကောင်းစိတ်များကို ထိန်းသိမ်းခြင်းတို့ ပါဝင်ကြသည်။ စကားအပြောအဆို၊ အိမ် ထောင်သက်မွေးမှုအစ လူမှုကိစ္စများပါ ကျွမ်းကျင်စွာ ဆုံးမလမ်း

ညွှန်ထားသည်။ လောက၌ လူရည်ချွန်များ၊ လူမွန်လူကောင်းများ ဖြစ်ကြပါစေရန် ရည်ရွယ်ဖွဲ့စပ်ထားသော ကဗျာဖြစ်လေသည်။

ဒုတိယပိုင်းမှာ မင်းကိုဆုံးမခန်းဖြစ်ရာ ၂၃–မှ ၄၇–ထိ (၂၅) ပိုဒ် ရှိပေသည်။ တိုင်းပြည်အုပ်ချုပ်သော မင်းတို့အား ကျင့်ဝတ်တရားခုနစ်ပါး၊ ဆယ်ပါးတို့နှင့် ညီစွာကျင့်ကြံရန်နှင့် နန်းတွင်းရေးရာ၊ စစ်ရေးပြည်ထဲရေးရာတို့၌ စီမံရန်၊ အမျက်ဒေါသကို ထိန်းချုပ် ကွပ်ကဲရန်၊ ပြည်သူ့အပေါ် လမင်းအလား ကျင့်ရန်ပါရှိသည်။

ကင်းသေ၊ သူလျှိုထားရေးမှစ၍ ပညာရှိနှင့်ပေါင်းဖက်၊ ရန်သူနှင့် ဆက်ဆံရာ၌ သေချာစေ့ငုံစွာ လမ်းညွှန်ချက် ပါရှိသည်။

တတိယပိုင်းမှာ ၄၈–မှ ၅၅–ထိ (၈)ပိုဒ်ရှိရာ ပုဏ္ဏားအတွက် ဆုံးမခန်း ဖြစ်သည်။ ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ ဆေးကျမ်းတို့ကို ကောင်းစွာ လေ့လာနိုင်ရန်နှင့် ခေါင်းဆေးမင်္ဂလာ၊ ဘိသိက်သွန်းခြင်း၊ ယဇ်နတ်ပူဇော်ခြင်း၊ လက္ခဏာဖတ်ခြင်း စသည်ကို ပြုလုပ်ရန် သွန်သင်ထားသည်။

မင်းဆရာပဏ္ဍိတ်ပုရောဟိတ် ဖြစ်လာစေရန်၊ ဒိသာပါမောက္ခဆရာဖြစ်လာစေရန် ကြိုးပမ်းအားထုတ်သင့်ကြောင်းကို လည်း တိုက်တွန်း အားပေးထားလေသည်။

သက်မင်းသား သုံးယောက်တို့မှာ ဆရာတော်ထံ စာပေ သင်ယူ တတ်မြောက်ခဲ့ကြသည်။ ဆရာတော်ကလည်း ၎င်းတို့ အတွက် အိပ်မက်အရ အရှေ့စစ်ကိုင်း ပင်းယသို့ သွားနေကြရန် စေလွှတ်သဖြင့် သက္ကရာဇ် ၇၀၅–ခုနှစ်မှာ ထွက်ခွာသွားခဲ့ကြလေသည်။

စောစုံက မြင်စိုင်း၊ စောဖြူက ပြည်မြို့၊ စောတူက အမြင့်မြို့ကို စားခဲ့ကြရလေသည်။ မင်းကြီးစောတူက စွာစော်ကဲအမည်ဖြင့် အင်းဝမှာ မင်းကြီးဖြစ်လာခဲ့လေသည်။ မင်းဖြစ်ပြီး ၁၆–နှစ်အကြာတွင် ငယ်ဆရာရခိုင်သူမြတ်ကို သတိရသဖြင့် ပင့်ခေါ်လေသည်။ သံဃာ့ရာဇာဟူသော ဘွဲ့တံဆိပ်ကိုလည်း ကပ်လှူခဲ့လေသည်။ကန်တော်အနီးကျောင်းဆောက်၍ ကိုးကွယ်ထားခဲ့လေသည်။ ဦးကုလား ရာဇဝင်၊ ဧည့ဝတီ အရေးတော်ပုံ၊ သာသနာ

လင်္ကာရ စာတမ်းတို့၌ ဤအကြောင်းအရာတို့ကို ဖော်ပြထား ရှိလေသည်။

## မြကျော်အောင် (ကဝိကျော်)

အမတ်ကြီးပညာရှိ ဝိမလ၏သား ဖြစ်သည်။ ဝိမလမှာ မင်းထီးလက်ထက်မှ နရမိတ်လှတိုင်အောင် အမှုထမ်းခဲ့သည်။ နရမိတ်လှမင်းသည် မင်းစောမွန်အမည်ဖြင့် လောင်းကြက်မြို့ကို ဒုတိယအကြိမ် နန်းသိမ်းပိုက်တော်မူစဉ် မြကျော်အောင်ကို ကဝိ ကျော်အမည်ဖြင့် ပညာရှိအမတ် ခန့်အပ်ခဲ့သည်။ လေးမြို့ကို အပိုင် စားပေးအပ်ခံခဲ့ရသဖြင့် လေးမြို့စားဟု တွင်ခေါ်ခဲ့လေ သည်။

မြောက်ဦးမြို့သို့ ပြောင်းရွှေ့မည်ပြုသောအခါ ကဝိကျော် လျှောက်ထားခဲ့သည်ကား ရဟန်းတို့မှာ ကမ္ဘဝါတင်၊သိမ်ဝင် သိက္ခာ၊ ခမာတရား၊ မြဲသင့်ကြောင်း၊ မင်းတို့မှာလည်း၊ ဘိသိက် ခံရာ၊ သမ္ဘာမြင့်မြတ်ကြောင်း’’ စသည်ဖြင့် လျှောက်ထားခဲ့သည်။ ဘိသိက်မခံမီ မြို့မပြောင်းသင့်ကြောင်းကို ကျမ်းဂန် စကားလာအရ ရှေ့ပညာရှိများ၏ စာတမ်းနှင့်တကွ ကိုးကား လျှောက်တင်ခဲ့ လေသည်။

# r[myn maus m\
# tqu tE, r sm;

ဒုတိယမြောက်ဦးခေတ်တွင် မြောက်ဦးမြို့ကို မင်းဗားကြီး ဘုရင်စိုးစံ အုပ်ချုပ်ခဲ့လေသည်။ ထိုမင်းလက်ထက်တွင် အမတ်ပညာရှိများအဖြစ် ဝိမလ၊ မဟာပညာကျော်၊ ရှင်ငယ်ဆရာမြဝါ၊ ပြည်စိုးကြီး ဓမ္မဇေယျဟူ၍ လေးဦးရှိခဲ့သည်။

မင်းဗားကြီး လက်ထက်မှစ၍ မဟာပညာကျော် အမတ်ကြီး၏ မျိုးနွယ်ဆက်များသည် ရခိုင်မင်းအဆက်ဆက်ထိ မှူးမတ်ပညာ ရှိများအဖြစ် အမှုတော်ကို ထမ်းရွက်ခဲ့ကြလေသည်။ ဘုရင်မင်း၏ အရေးအရာ၊ တိုင်းပြည်နိုင်ငံ၏ အရေးအရာ စသည်တို့၌ သစ္စာရှိစွာဖြင့် အမှုတော်ထမ်းခဲ့ကြခြင်း ပြုခဲ့ကြလေသည်။ မဟာပညာကျော်၏ ငယ်နာမည်မှာ မြတ်သာထွန်း ဖြစ်လေသည်။

မဟာပညာကျော်သား ကျီးညိုမှာဆိုလျှင် မင်းရာဇာကြီး လက်ထက်တွင် အမှုတော်ထမ်းခဲ့ရာ ရောင်ဖြူမြို့ကို စားကျေးပေးခြင်းခံရသည်။ ထင်ပေါ်ကျော်ကြားခဲ့သည့်အလျောက် ပညာဝံသဟူသော ဘွဲ့ကိုပါ ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။ ကျီးညို၏သား ငလက်ရုံးမှာလည်း ဘိုးစဉ်ဘောင်ဆက် ပညာပါရမီ ပါလာခဲ့သူဖြစ်သည်။ သီရိသုဓမ္မာရာဇာမင်းလက်ထက်၌ လေးမြို့ကို စား

ကျေးပေးခံခဲ့ရသည်။ လေက်ရုံးဟူ၍ အထူးထင်ရှားခဲ့ရသော အမတ်ကြီး ဖြစ်ခဲ့လေသည်။

အဘနည်းတူ ပညာဝံသဘွဲ့ကို ရရှိခဲ့သည်။ လေက်ရုံး လျှောက်ထုံးမှာဆိုလျှင် အထူးထင်ရှားခဲ့သည်။ အမတ်ကြီး ကေသလနှင့် လေက်ရုံးအမတ်တို့သည် တိတ်တဘောင်၊ သိုက်နိ ဒါန်း၊ ယတြာအတတ်တို့၌ တံခွန်ထူနိုင်ခဲ့ကြလေသည်။

လေက်ရုံးပညာဝံသ၏သား ခင်ညိုမှာဆိုလျှင် စန္ဒဝိဇယ ရာဇာမင်းလက်ထက်တွင် ကိုယ်ရံကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ လေသည်။ ထိုမင်းလက်ထက် အမတ်ကိုယ်ရံကြီး ခင်ညိုရေးသား သော ဝိဇယစစ်အောင်ဧခြင်းမှာ မှတ်သားဖွယ် အလွန်ကောင်း လေသည်။ ခင်ညိုသည် စန္ဒဝိဇယရာဇာမင်းမှ စန္ဒသူရိယရာဇာ၊ နရာဓိပ္ပတိ၊ နရပဝရရာဇာ၊ စန္ဒဝိဇလနှင့် မဒ္ဒရာဇ်တိုင်အောင် ကိုယ်ရံကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

မဒ္ဒရာဇ်မင်းလက်ထက်တွင် အင်းဝမင်း အကျင့်ပျက်စီး ကြောင်းနှင့် စစ်ပန်လာခဲ့ကြသည်။ ကိုယ်ရံကြီး ခင်ညိုလည်း မဒ္ဒရာဇ်မင်းအား သတိပေးသောအားဖြင့် အောက်ပါလျှောက်ထုံး ကို လျှောက်ထားခဲ့လေသည်။ အနည်းအကျဉ်း ကောက်နုတ် ဖော်ပြရမည် ဆိုပါလျှင်–

''တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊သတ္တဝါပေါင်း၊ ဆုံး ကြောင်းပျက်ရ၊ အဓမ္မမှု၊ သူပြုသူ့ဝန်၊ သူ့ကံခေတ္တ၊ ရေပွက်မျှ ကို၊ နိစ္စထင်မှား၊ တောသားလူဆိုး၊ အားကြိုးမာန်တက်၊ လက်နက်စွဲကိုင်၊ ထိုမြိုင်ထိုတောင်၊ ကုန်အောင် လှည့်ပတ်၊ သားငါးသတ်သို့၊ မတတ်စရာ၊ ပမာထို့တူ၊ အယူမှောက်လှန်၊ ကျေးကျွန်ကိုယ့်သား၊ သူတစ်ပါးကို၊ မုန်းထားရစ်စစ်၊ လောဘ မြစ်ကို၊ နုတ်ပစ်လေပြီး၊ မင်းထီးစောထွဋ်၊ နွယ်တော်မြတ်တို့'' ဟူ၍ လျှောက်ထားမှု ပြုခဲ့သည်။

ထိုလျှောက်ထုံးမှာဆိုလျှင် မင်းကြီးအား စိတ်ဓာတ်မြင့်မြတ် စွာနှင့် သားသတ်မှုဆိုးတို့နှင့် ပမာနှိုင်းပြီး လောဘ၊ ဒေါသမီးတို့ ငြိမ်းအောင် တင်လျှောက်ခြင်း ဖြစ်ပေသည်။

ခင်ညိုသားမှာဆိုလျှင် ကိုယ်ရံကြီးရဲအောင် ဖြစ်လေသည်။

အဘနည်းတူ ပညာရှိအမတ် ဖြစ်ခဲ့လေသည်။ ၎င်းရဲအောင်တွင် သားကြီး ကောင်းကျော်ထင်စား မြကျော်ဦးနှင့် သားငယ် ရွှေသဲ စည်တင်စားဟူ၍ နှစ်ဦးရှိလေသည်။ ဘုရင်နရအဘယရာဇာမင်း လက်ထက် မြကျော်ဦးကို သမီးတော် မြတ်ဘုန်းကြွယ်နှင့် ပေးစား တော်မူလေသည်။ ထို့နောက် ကောင်းကျော်ထင်စားအရာကို ပေးခဲ့ခြင်း ဖြစ်သည်။

သားငယ်ရွှေသဲကိုကား သားအမှတ်ဖြင့် မွေးစားထားခဲ့လေ သည်။ မြကျော်ဦး၏ နှလုံးစည်၊ ပညာရည်ကြောင့် နရအဘယ ရာဇာမင်းသည် မဂိုဘုရင် သိမ်းပိုက်ထားသော စစ်တကောင်းနှင့် ဂေါ်တောပလ္လင်မြို့၊ သက်မြို့တို့မှ အခွန်ဘဏ္ဍာတို့ကို ပြန်လည် ရရှိခဲ့လေသည်။

ထိုနရအဘယရာဇာမင်းလက်ထက် သက္ကရာဇ် ၁၁၁၅– ခုနှစ်တွင် အင်းဝမြို့ မငြိမ်မသက် ဖြစ်ခဲ့ရသည်။ ဥတုရာသီ မညီညွတ်၍ ဆန်ရေစပါး ရှားပါးခဲ့ရလေသည်။ ထို့ကြောင့် အင်းဝအမတ်ကြီး စန္ဒကျော်ထင်ညီ တိုင်တားစားရွှေဆင်နှင့် လယ်ကိုင်စားရာသီတို့ ခေါင်းဆောင်သော ယောကျာ်း၊ မိန်းမ နှစ်ရာကျော်တို့ ရခိုင်သို့ ခိုဝင်လာခဲ့ကြလေသည်။ အမတ်ကြီး နန္ဒကျော်ထင်မှာဆိုလျှင် သမီးအငယ် မိပန်းရံဟူ၍ တစ်ယောက် ပါရှိခဲ့သည်။ ၎င်းမိပန်းရံကို ဘုရင်ကြီးသည် ပညာရှိအနွယ် ရွှေသဲနှင့် ကိုယ်တိုင် ထိမ်းမြားပေးခဲ့လေသည်။ ရွှေသဲကိုလည်း စိန်တင် (စိုင်တင်)ကို စားကျေးပေး ခံခဲ့ရသဖြင့် စိုင်တင်စားဟူ၍ ခေါ်တွင်ခဲ့လေသည်။

အမတ်ကြီး ရွှေသဲဆိုလျှင် စန္ဒပရမရာဇာမင်းလက်ထက် နို့ထိန်းရွှေးနည်းလျှောက်ထုံးကို လျှောက်ထားခဲ့လေသည်။ အဘ ယမဟာရာဇာမင်းလက်ထက် မျုးမတ်ခန့်ထားရေးကိစ္စ၌ ရွှေသဲ လျှောက်ထားမှု တစ်ခုပြုခဲ့လေသည်။ အမှုမှာ ငယ်ကျွန်ငသော ကြယ်ကို အဘယမဟာရာဇာမင်းက ဒါးပိုင်ကြီးခန့်အပ်ရန်ကိစ္စ ဖြစ်ပေါ်ခြင်း ဖြစ်သည်။ ထိုအခါ စိုင်တင်စား အမတ်ရွှေသဲက လျှောက်ထားခဲ့သည်မှာ –

''ရေမြေသနင်း၊ မင်းတို့ကျင့်သုံး၊ ရှေးထုံးမသုန်၊ ရာဇဂုဏ်

မြတ်၊ နဝရတ်ကိုးခိုင်၊ မဏ္ဍိုင်မပျက်၊ မင်းလက်နက်တည်း၊ ဝေဝက် စိတ်ဖြာ၊ မလိမ္မာငြား၊ သူမိုက်သားကို မှား၍ပြည်ရှင်၊ သူကောင်း တင်လျက်၊ တိုင်းခွင်ခရိုင် အပိုင်ကံကျေး၊ မင်းခွင့်ပေး ၍၊ မှူးရေးမတ်ရာ၊ နှင်းအပ်ပါမူ၊ ပဇာကျိုးရှိ၊ နွမ်းရိသတ္တဝါ၊ မြို့ရွာတုန်လှုပ်၊ မင်းကျိုးယုတ်၏၊ စက်ဆုပ်သဖွယ်၊ ပြက်ရယ် တန္တျ၊ ပြည်မှုရှုပ်ထွေး၊ တိုင်းဝေးတစ်ပါး၊ စကားမတည်၊ မရှည် မကောင်း၊ ဗူးတောင်းပမာ၊ မိစ္ဆာငှက်ဆိုး၊ လင်ကောင်ပိုးသို့၊ ဆိုရိုးတစ်ချက်၊ ကြွက်နှင့်မြွေတူ သူ့မှုမပျောက်၊ မျောက်နှင့်မြွေခွေး၊ ဆိုရေးတစ်သီး၊ ကျီးနှင့်ဝက်တူ၊ အမှုယုတ်သွန်း၊ သူကန်းအကြံ၊ လောဘလျှံသည်၊ မင်းထံနီးစပ်၊ မသုံးအပ်'' ဟု ကျိုးကြောင်းပြ ၍ လျှောက်တင်ခဲ့လေသည်။

သို့သော်လည်း မနာယူဘဲ ငသောကြယ်ကို သူကောင်းပြုခဲ့ လေသည်။

အမတ်ကြီးရွှေသဲ၏စကားကို မနာယူခဲ့သဖြင့် အဘယ မဟာရာဇာမင်းသည် ငသောကြယ်ကို ဒါးပိုင်ကြီး ခန့်ထားခဲ့လေ သည်။ မကြာမီ ဘုရင်မင်းအား ငသောကြယ် လုပ်ကြံလေ ရာကား ပျက်စီးခဲ့ရလေသည်။ ဘုရင်နတ်ရွာလွန်သောအခါ ငသောကြယ်သည် စန္ဒသုမနဘွဲ့ခံ၍ မင်းဖြစ်ခဲ့လေသည်။

လျှောက်ထားခဲ့ဖူးသော စိန်တင်စားရွှေသဲကိုလည်း အခဲ မကျေ၍ စီရင်ကွပ်မျက်ခဲ့လေသည်။ စန္ဒသုမနမင်းတို့ တစ်ဖန် အမတ်ပိုးရွှေက ပုန်ကန်သဖြင့် စန္ဒဝိမလအမည်ခံ၍ နန်းတက် လေသည်။ ထိုမင်းလက်ထက် မင်းတိုင်ပင်ရန် အမတ်ပညာရှိ ရှားပါးနေရကား ရွှေသဲ၏သား ကျော်ဇံကို ခန့်အပ်ရန်မှာ ငယ် လွန်းသေးသည်။ ထို့ကြောင့် အရည်အချင်းရှိသော မိပန်းရုံကို ပင်လျှင် စိုင်တင် ကိုစားစေပြီး မင်းတိုင်ပင်အမတ် ခန့်အပ်ခဲ့လေ သည်။

မိပန်းရုံကား အရှေ့ပြည်အင်းဝမှ မြန်မာအမျိုးသမီးတစ်ဦး ဖြစ်သော်လည်း ထိုခေတ်မင်းတို့သည် လူမျိုးဘာသာမရွေး မြှောက်စားသင့်သူကို မြှောက်စားခဲ့သည်သာ ဖြစ်လေသည်။ မိပန်းရုံမှာ စန္ဒပရမရာဇာမင်းလက်ထက် နန်းတွင်း၌ မိဖုရား

မောင်းမစသော နန်းတော်သူတို့အား နားလည်အောင် ရှေးရခိုင် အသုံးအဆောင်၊ အသွားအနေ၊ မင်းခန်းစသော အမှုများကို ပြသဆုံးမ ထိန်းသိမ်းခဲ့ရသည်။

စန္ဒဝိမလလက်ထက်တွင်လည်း နန်းတွင်းသူ မိဖုရားများ ကို ရှေးထုံးမှန်အောင် သွန်သင်ဆုံးမ ပြသခဲ့ရသည်။ ပညာရည် ပြည့်ဝသဖြင့် ဘုရင်မင်းသည် သီရိမလ္လာဘွဲ့ကို ပေးသနားခဲ့လေ သည်။

သီရိမလ္လာ မိပန်းရံသည် ရခိုင်နန်းဦးတွင် တလူလူလွင့်ထူ လျက် ထည်ဝါခန့်ညားသော ရခိုင်အောင်လံတော်ဖွဲ့ လင်္ကာကို ရေးသားစီကုံးခဲ့လေသည်။ ထိုအောင်လံဖွဲ့မှာ အလွန်တရာသမိုင်း ကို ပေါ်လွင်ပီပြင်လှသည်။ အလံတော်၏ သရုပ်ပုံပေါ်လွင်အောင် ဖွဲ့ဆိုထားခဲ့သည်။ ရခိုင်အောင်လံတော်ကို ချည်ရောင်စုံဖြင့် ရက် လုပ်ခြယ်သထားလေသည်။ ဘုရင်နန်းဦးတွင် တလူလူအမြဲလွင့် တင်ထားခဲ့လေသည်။

အလံတော်မှာ အဖြူရောင်နှင့်အနီရောင် ခြယ်ထားသော အောင်လံတော် ဖြစ်သည်။ အောင်လံတော်ပေါ်တွင် သိန္ဓောမြင်းပျံ ရုပ်၊ ဆဒ္ဒန်ဆင်ဖြူရုပ်၊ ကေသရာဇာခြင်္သေ့ရုပ်၊ ပဋ္ဋရူပရုပ်တို့နှင့် သရုပ်ဖော်ထားသည်။ အလံတော်ကို လွှင့်ထူပြီးနောက် ပြန်မချ ရတော့ချေ။ အလံတော်၌ ရက်လုပ်ထားသော ဆေးရောင်များ၊ အရုပ်ပုံသဏ္ဌာန်များ မှေးမှိန်သွားသော်လည်း၊ စုတ်ပြတ်သွားမှ သော် လည်းကောင်း လဲလှယ်ရသည်။

သို့သော် အလံဟောင်းကို ပြန်လည်ပြုပြင်မွမ်းမံ၍ မတင်ရ တော့ဘဲ အောင်လံအသစ်ကိုသာ ထူလွှင့်ရလေသည်။ ထူလွှင့် ပြီးက မတင့်တယ်၊ နေရာမကျဟူ၍ ပြန်မချရတော့ပေ။ တင်ပြီး သော အောင်လံတော်ကို ဆွေးမြေ့စုတ်ပြတ်သွားသည့်ထိ လွှင့်ထူ လျက် အသစ်လဲလှယ်မည့်အခါတွင်မှသာ ချရသည်ဟု ဆိုလေ သည်။

ရခိုင်ရွှေနန်းဦးတွင် အောင်နီ၊ အောင်ဖြူ ရောင်စုံခြယ်လျက် ရုပ်မျိုးစုံစွာဖြင့် တလူလူလွှင့်ထူခဲ့ရခြင်းကား အဓိပ္ပာယ်သဘော ထူးခြားလှသည်။ နီသောအရောင်မှာ ရဲရင့်ခြင်းသဘောကို

ဆောင်သည်။ ဖြူသောအရောင်မှာ စိတ်သဘော သန့်ရှင်းစင်ကြယ်ခြင်း(ဝါ)သစ္စာသမာဓိ တည်ကြည်ခြင်း ဖြစ်သည်။ သိန္ဓဝမြင်းမှာ လျင်မြန်ဖျတ်လတ်ခြင်း၊ နာဂဆဒ္ဒန်မှာ အင်အား ကြီးမားခြင်း၊ ကေသရာခြင်္သေ့မှာ ဘာမထိ ရဲရင့်တည်ကြည်ခြင်း၊ ပဥ္စရူပရုပ်မှာ ဗလငါးတန် ပေါင်းစုညီညာပြည့်စုံခြင်း သဘောကို အသီးသီး ဆောင်ကြသည်။ ထိုသဘောကဲ့သို့ သက်ရောက်စေကြောင်း၊ တိုင်းပြည်ဂုဏ်ကိုလည်း ဖော်ဆောင်လျက် လွှင့်ထူခြင်းများပင် ဖြစ်ပေသည်။ ယခု မိပန်းရံ၏ အောင်လံ တော်ဖွဲ့ကို ဤသို့တင်ပြလိုက်ရပေသည်။

''ကြားပိမ့်ဗိုလ်လူ၊ အံ့ချီးမူလော့၊ သောင်းယူဇနာ၊ မြေမျက်နှာထက်၊ မြောက်မှာအာသံ၊ တောင်ရံသီဟိုဠ်၊ နောက်ကိုလှည့်လည်၊ မရှံပြည်နှင့် ၊ ဥတည်ပိုင်ခြင်း၊ ပင်လယ်ဆင်းအောင်၊ စိုးမင်းတကာ၊ ဦးညွှတ်ရာသည်၊ သာယာရွှက်ဆောင်၊ ရန်တိုင်းအောင်သည်၊ ဘုန်းခေါင်ဓမ္မရာဇာ၊ ဥက္ကာမုခ်မျိုး၊ သမုတ်ရိုးလျှင်၊ စံစိုးသောခါ၊ ရက္ခာပူရ၊ ဓညမြို့ကြီး၊ တိုင်းလုံးထီးကို၊ ပြီးစီး ခန့်ရည်၊ ရွှေနန်းတည်၍၊ အောင်စည်ညံညံ၊ ဘိသိက်ခံက၊ ကျော်သံသတင်း၊ သောင်းလုံးချင်းမျှ၊ မြင်းလည်း သိန္ဓဝ၊ နာဂဆဒ္ဒန်၊ ရန်မှန်ပယ်လှေ့၊ ခြင်္သေ့ကေသရီ၊ အောင်နီ အောင်ဖြူ ပဥ္စရူကို၊ ကြည်ဖြူနှစ်သက်၊ နတ်တို့ဆက်က၊ ဘုန်းကျက်သရေ၊ မိုးနှယ်စွယ်၏၊ ရွှေငွေရတနာ၊ ပဒေသာသီး၊ ပြီးစီးစေတတ်၊ နတ်သမတ၊ စောင့်သီလနှင့်၊ ကုန္ဒဇီရာ၊ အလင်္ကာရ၊ အစဖြန့်ချီ၊ သီရိဓဇချိုမြသာယာ၊ နောက်ပိုင်းမှာလည်း၊ မဟာသုဓမ္မ၊ ရာဇဂုရု၊ ရုံးကာစု၍၊ မျက်ရှုခတ်နိုပ်၊ ရွှေတံဆိပ်ကို၊ စိတ်စိတ် ကြည်နူး၊ ရွှေနန်းဦး၌၊ ရွှင်မြူးကြည်ဖြူ၊ လှူတော်မူက၊ နတ်လူတကာ၊ ကောင်းကြီးညာလျက်၊ သာယာမြတ်နိုး၊ မေတ္တာဖြိုး၍ ရေမိုး မှန်စွာ၊ မြေသြဇာလည်း၊ ရသာပြည့်နှက်၊ အောင်ဆုဆက်၍၊ ရာသက်တည်ကြောင်း၊ မျိုးဆက် လောင်းသည်၊ ရိုက်ညောင်းပွဲတင် ငြိမ့်ငြိမ့်တည်း။။

အမတ်ကြီး မဟာကျော်တို့၏ အဆက်နွယ်များသည် အဖိုးတန်သော လျှောက်ထုံးများဖြင့် အမှုထမ်း ဆောင်ရွက်ခဲ့ကြသူများ

ဖြစ်သည့်အတိုင်း အမတ်ပညာရှိ မြတ်သာထွန်း၏ သားစဉ်မြေး ဆက်ကိုပါ လေ့လာသိရှိနိုင်ကြပေသည်။ ရခိုင်ဘုရင်တို့ လက်ထက်ကပင် အမျိုးဘာသာမရွေး ဒုက္ခရောက်လာသူများကို ကူညီထောက်ပံ့ ပြုစုခြင်း၊ မြှောက်စားသင့်သူများကို လူမျိုးမရွေး၊ ကျားမမရွေး မြှောက်စားခဲ့ကြောင်းကို သိရှိနိုင်သည်။

ထို့ပြင် အချို့မင်းတို့မှာ အမတ်ပညာရှိတို့ လျှောက်ထားချက်ကို မနာယူသဖြင့် ပျက်စီးခဲ့ရသည်များကိုလည်း သဘိသံဝေဂ ရယူနိုင်ကြပါသည်။

ကိုယ်ကျိုးစွန့်၍ အသက်ကိုမငဲ့ညှာဘဲ ဘုရင်နှင့်နိုင်ငံအကျိုးကို ရဲဝံ့စွာ လျှောက်ထားဆောင်ရွက်သွားခဲ့ကြသော ပညာရှိများအားလည်း နမူနာအဖြစ် ယူသင့်အပ်ပေသတည်း။

**ဦးစက္ကိန္ဒ**

**<u>ကိုးကားချက်များ</u>**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း(ဒု–အုပ်)၊ ဦးစန္ဒမာလာလင်္ကာရ။
၂။ ရခိုင်အမတ် အကျော်အမော်များ (ဦးစံသာအောင်)။
၃။ ရခိုင်စာဆို ဖနီးမောင်နှံ့ (ဦးစက္ကိန္ဒ)၊
ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ရခိုင်ယဉ်ကျေးမှုများ(၁)

# o&,m''ywri;Ei
# ri;x;t reawmjyewr;

ရခိုင်မင်းများသည် တိုင်းပြည်အုပ်ချုပ်ရေးအတွက် အမိန့်တော် ပြန်တမ်းထုတ်ပြန်ခဲ့ကြလေသည်။ ဓညဝတီခေတ်တွင်ဆိုလျှင် သူရိယာဓိပတိမင်းလက်ထက် အစစွာ ထုတ်ပြန်ချက် တွေ့ရသည်။ ထို့နောက် ယင်းမင်းအမိန့်ကို ဆက်ခံ၍ လောင်းကြက်ခေတ် မင်းထီးကထုတ်ပြန် ခဲ့လေသည်။ (မင်းထီးအမိန့်ပြန်တမ်း အပြည့်အစုံကို ရခိုင်မဂ္ဂဇင်း အမှတ်–၁၉၊ လေးမြို့ခေတ် အထူးထုတ်တွင် ဖော်ပြထားရှိပြီး ဖြစ်သည်။)

မြောက်ဦးခေတ်တွင် မင်းရာဇာကြီးသည် အမိန့်တော်နှစ်ကြိမ် ထုတ်ပြန်ခဲ့ဖူးသည်။ ပထမထုတ်ပြန်သော အမိန့်တော်မှာ သူရိယာဓိပတိအမိန့်ကို ဖော်ညွှန်းထားသည်။ ဒသရာဇမင်းလည်း ထိုအမိန့်နှင့်ညီ၊ မညီ သာသနာရေးရာ ဆောင်ရွက်ချက်ကို ဆရာတော်တို့အား လွှဲအပ်ဆောင်ရွက်ခြင်း ပြုခဲ့သည်။ မင်းရာဇာကြီး၏ ဒုတိယထုတ်ပြန်သော အမိန့်တော်တွင် ဖော်ပြပါ သူရိယာဓိပတိမင်း၏ သာသနာဆောင်ရွက်ခဲ့ခြင်းက အစ ရခိုင်မင်းများ၏ သာသနာ့ရေးရာ ဆောင်ရွက်မှု သမိုင်းတို့ကို ဖော်ပြထားလေသည်။

သာသနာတော်ကို ဘုရားမြတ်စွာမှ တစ်ပါး ပိုင်သူ မရှိချေ။

သာသနာပိုင် ဘုရားသခင်လည်း ဆဗ္ဗဂ္ဂီ၊ တက္ကတွန်း၊ ဂါမဝါသီ၊ ပွဲကျောင်း ရဟန်းတို့ကို ဆုံးမတော်မူ၍ မနိုင်သော် အာဏာပိုင် မင်းသို့ သာသနာရေးကို အပ်တော်မူသည်ဟု ဓမ္မသာမိ ဆရာတော်က မင်းရာဇာကြီးကို အမိန့်ရှိတော်မူဖူးသည်။ ထို့ကြောင့် မင်းရာဇာကြီးသည် ရှေးမင်းကောင်း၊ မင်းမြတ်တို့ ဓမ္မတာ မင်းအာဏာ ပညတ်တော်မူခဲ့ရခြင်း ဖြစ်သည်။

ရခိုင်သာသနာ့သမိုင်း၌ သူရိယာဓိပတိမင်းလက်ထက် အရညဝါသီ (ကောစာရဂိုဏ်း)ဂိုဏ်းတစ်သင်း၊ ဆဗ္ဗဂ္ဂီကဲ့သို့ ရွာသူတို့နှင့် ရောနှောနေသော ဂါမဝါသီ(ဗဟုစာရ)ဂိုဏ်း တစ်သင်းခြား၍ စစ်ကြောထားခဲ့သည်။

ဝေသာလီကျောက်လှေကားမြို့ရှင် စူဠတဥ္စန္ဒြားမင်းသည် တကောင်းပြည်မှအပြန် ရေနစ်၍ လွန်လေသော် မျိုးခြားမြို့(မြုံ့)သားအဖသုံးဦး အုပ်ချုပ်စဉ် သာသနာရေး ညစ်နွမ်းခဲ့ရသည်။ ဂါမဝါသီတို့က ပဏ္ဏာလက်ဆောင်ပေး၍ မင်းအချီးမြှောက်ကို ခံယူခဲ့ကြသည်။

ထိုနောက် ၎င်းတို့ကို လုပ်ကြံလျက် ငမင်းငတုံ စိုးစံလေသော် ရှင်ယောင်များနှင့် ဂါမဝါသီတို့ ပူးပေါင်း၍ မှူးမတ်မိုက်တို့ကို ပဏ္ဏာကြေးငွေပေးလျက် မင်းနားသင့်စွာ ဆောင်ရွက်ခဲ့ကြသဖြင့် သာသနာရေးလည်း နွမ်းနယ်ခဲ့ရလေသည်။

ငတုံးမင်းမှ သုံးဆက်မြောက် စန္ဒသင်မင်းလက်ထက် အရောက်ထိ သာသနာရေး မရှင်းမလင်းရှိလာခဲ့သည် ဆို၏။ ထိုမင်းနောက် ကိုးဆက်မြောက် မင်းစော(အစွယ်ခေါ်ခေါ်)လက်ထက် ယတြာပြုခြင်းခံခဲ့ရသဖြင့် ရှင်ယောင်တို့ ခြေဆန့်ခဲ့ကြ သည်။ မင်းစောလည်း သာသနာရေးကို ရှင်းလင်းတော်မူ သည့်တွင် ယတြာပြုခံရ၍ လွန်တော်မူရလေသည်။

မင်းကုလားထီးနန်းတက်လာသောအခါမှ သာသနာသန့်ရှင်းရေး လုပ်ခဲ့ရသည်။ ထို့နောက် အရညဝါသီ သံဃာတော်မြတ်ကို ရှာ၍ မုနိသုဓမ္မဆရာတော်နှင့် သံဃာတော်(၂၅)ပါးသာ တွေ့ရှိ ပင့်ယူ၍ ကျောင်းဆောက်ကိုးကွယ်မှု ပြုခဲ့လေသည်။ ထိုအခါမှ သာသနာတော် ပွင့်လင်း၊ တိုင်းပြည်သာယာခြင်း

ဖြစ်လာသည် ဆို၏။

တစ်ဖန် မင်းဘီလူးလက်ထက်တွင် တိုင်းပြည်မငြိမ်မသက်၍ လက်ျာမင်းနန်း ဆက်ခံလာသောအခါ ပျူ၊မွန် ရဟန်းတို့ လာရောက် ထွေးယှက်ရာကား သာသနာတော် မှေးမှိန်ခဲ့ရသည်။ အလဇ္ဇီရဟန်း၊ ဂါမဝါသီတို့ ပေါ်ထင်ပြန်လေသည်။ ထိုမင်း နောက် ခုနစ်ဆက်မြောက် ဒသရာဇာလက်ထက် အရောက်မှ သန့်ရှင်းဆေးကြောခဲ့ရသည်။ ထို့နောက် ငနုလုံးမင်း (နေရဉ္ဇရာခေတ်)လက်ထက်တွင် တစ်ခါ သာသနာတော်ကို စိစစ်၍ ရှင်းလင်းလေရပြန်သည်။

မင်းထီးလက်ထက်တွင် သက်မင်းရှင်စောကို ခေါ်ယူခဲ့ရာ သက်ရဟန်း နှစ်ရာကျော်ပါလာ၍ ဂါမဝါသီတို့နှင့် ထွေးယှက်မှု ဖြစ်လာသည်။ မင်းထီးသည် သာသနာ့ ဒါယကာ ခံတော်မူထိုက်သော မင်းမှန်သည် ဖြစ်ရာကား သာသနာတော် မညှိုးနွမ်းစေရ၊ သီးသန့်ထားတော်မူသည်။ သာသနာတော် အရောင်မညှိုးခဲ့ချေ။

မင်းစောမွန်လက်ထက် ပျူ–မွန်တို့ တိုက်ဖျက်ခံရ၍ သူရတန်ပြည် ဂါဝါသို့ ရှောင်ခဲ့ရစဉ် သာသနာတော်မှာ ထိန်းကွပ်မှုအား နည်းခဲ့ရသည်။ မင်းစောမွန်ပြန်ရောက်သောအခါလည်း နန်းတင်လာသူ ကုလားမှူးမတ်တို့အတွက် ဗလီဝတ်ကျောင်း ဆောက်ခွင့်ပြုခဲ့သဖြင့် မချမ်းမြေ့စရာ ဖြစ်လာရသည်။

ထို့ကြောင့် မင်းဗားကြီးလက်ထက် သျှင်ငယ် ဆရာမြဝါသည် နန်းတော်သို့ တက်ရောက်၍ ကိုယ်တိုင် မြွက်ကြားခဲ့ရလေသည်။ မင်းဗားကြီးလည်း ဘင်္ဂါမှ စစ်ချီအပြန်တွင် သာသနာရေးကို စစ်ဆေးရှင်းလင်းတော်မူခဲ့ရသည်။ ဂါမဝါသီ၊ အလဇ္ဇီရဟန်း၊ အရဟံဖြူဖြစ်သော သက်၊ ကမ်းရံ၊ တလိုင်း (၁၂၀၀၀) သော ရှင်ယောင်တို့ကို အဝတ်လဲ၍ အစုအစုံ့မှာ ဖြည့်ထားခဲ့လေသည်။

မင်းရာဇာကြီးလက်ထက်တွင် ပဲခူး (ဟံသာဝတီ)နိုင်ငံတော်သို့ချီနေစဉ် အလဇ္ဇီရဟန်းတို့ များလာသည့်အတွက် ပြည်တော်သို့ ပြန်ရောက်စဉ် အမိန့်တော်ထုတ်ပြန်၍ ပြတ်သားစွာ စီရင် အုပ်ထိန်းစေခဲ့သဖြင့် သာသနာတော် ထွန်းလင်းခဲ့ရလေသည်။

ထို့ပြင် မင်းရာဇာကြီးသည် မဟာပညာကျော် အမတ်ကြီး၏သား ပညာဝံသကျီးညိုကို ကိုယ်ရံကြီး မဟာဇေယျသိန်းဟူ၍ ခန့်အပ်တော်မူလျက် သာသနာရေးရာတို့ကို မေးမြန်းခဲ့လေသည်။

ဆရာတော်အရညဝါသီဓမ္မသာမိဆရာတော်ကို ပင့်လျက် လျှောက်ထားခဲ့ပြီးသော် ဒုတိယအကြိမ် အမိန့်တော် ထုတ်ပြန်ခဲ့လေသည်။ ပြည်တော်အတွင်း အလဇ္ဇီရှင်ယောင်တို့ကို ကိုယ်ရံကြီး မဟာဇေယျသိန်က သိမ်း၍ ကိုယ်ရံအသင်းမှာ ဖြည့်လေသည်။ အရညဝါဝီသံဃာတော်မြတ်တို့မှာ ငြိမ်ဝပ်စွာ သီတင်းသုံးကာ နေခဲ့ကြရလေသည်။ ပဲခူးမြို့ကယူခဲ့သော ကျမ်းစာ၊ ရှိရင်ကျမ်းစာများသည် ကျမ်းပွားများ ဖြစ်ချေရာသည်။ ရှင်ဆိုးလူဆိုးတို့ပြုလုပ်သော စာလည်းရှိရာသည်။ လက်ခုပ်ပွင့်နှင့် ကတိုးအတူရောထားက ကတိုးအနံ့ ပျက်တတ်သည်။ ဘုရားသခင် စကားတော်ရင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပျက်စီးနိုင်ရာကား ထိုလက်လုပ်ကျမ်းစာများကို ဇေယျသိန်က ကုန်စင်အောင်သိမ်းယူလျက် ဓမ္မသာမိဆရာတော်နှင့် ဖတ်နာကြည့်ရှုခဲ့ကြလေသည်။

သူရိယာဓိပတိမင်းလက်ထက် သန့်ရှင်းထားခဲ့သော ပဏ္ဏာမသုတ်ကျမ်းအထွတ်နှင့် ညီ၊ မညီ ညှိနှိုင်းလေသည်။ ဒသရာဇာ၊ ငနုလုံး၊ မင်းထီး၊ မင်းသုံးဆက် သီဟိုဠ်သို့ကြွ၍ ကူးယူဆောင်ခဲ့ ကြသောကျမ်းနှင့် ရှိရင်းကျမ်းအထွက်နှင့် မညီ၊ ကွဲလွဲသမျှ သင်္ဂါယနာတင်အဝင်ကျမ်း မဟုတ်။ နောက်ကိုပြုလုပ်သော ကျမ်းသာ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ပိဋကတ်ကို ကုန်စင်အောင် ဖတ်နာကြည့်ရှု၍ ဘုရားဟောသော မူလစကားတော်နှင့်ဆန့်ကျင်ဘက်ပါသမျှကို နုတ်၍ မှီငြမ်း၊ ဘုရားစကားတော်မူရင်းကိုအက္ခရာ သီးသန့်ထားဟူ၍ အမိန့်ချမှတ်လေသည်။

အသက်ထက်ဆုံး သူတော်ဓလေ့ကို မြဲမြဲကြစေ၊ နိုင်ငံတော်အတွင်း နှံ့အောင် မြို့စား၊ ရွာစား၊ ချောင်းစားတို့ကိုဆင့်၊ တစ်နေ့တစ်ကြိမ် မောင်းခတ်တီးစေ၊ မြို့တော်တွင်လည်း တစ်နေ့ တစ်ကြိမ် (အမိန့်တော်ကို) ဖတ်နာစေ၍ မောင်းခတ်၊ မိဘတို့က သားသမီးတတ်အောင် သွန်သင်ပြသ ဆုံးမကြစေဟူ၍ အမိန့်ထားတော်မူခဲ့သည်။ သာသနာ့ဒါယကာ ခံတော်မူ၍ တိုင်းပြည်

သာယာ၊ သာသနာတော် ပွင့်လင်းစေခဲ့သည့်အကြောင်း မင်းရာဇာကြီး အရေးတော် စာတမ်း၌ လေ့လာတွေ့ရှိရလေသည်။

ရခိုင်မင်းအဆက်ဆက် ညွှန်းဆိုခြင်းပြုခဲ့ကြသော မူလထုတ်ပြန်ချက် သူရိယာဓိပတိမင်း၏ အမိန့်တော်ပြန်တမ်းကိုလည်း မင်းရာဇာကြီး၏ စာတမ်းမှပင် ထုတ်ပြန်တင်ပြလိုက်ရလေသည်။ သာသနာရေး၊ မင်းမှုထမ်းခန့်ထားမှု၊ မြို့စား၊ ကျေးစား၊ အစုဖွဲ့မှု၊ အကောက်အခွန် သတ်မှတ်ချက်၊ တရားစီရင်မှု၊ အမှုထမ်းသားများတို့ကို အာဏာထားပြဋ္ဌာန်းထားခဲ့ သည်။

ဘုရားမြတ်စွာ နိဗ္ဗာန်ဝင်တော်မူသည့်နောက် ၆–နှစ်တွင် စန္ဒသူရိယမင်း နတ်ရွာစံတော်မူသည်။ ထိုကောဇာ ၆–ခုနှစ်၊ သားတော် သူရိယာဓိပတိမင်း ထီးနန်းကို စိုးအုပ်တော်မူသည်။ သက်တော် ၂၇–နှစ်ရှိသော် ထုံးဥပဒေ ပညတ်ထားတော်မူသည် ဟူ၏။

''ရဟန်းသံဃာတို့ ဘုရားရှိတော်မူစဉ် ကေစာရဂိုဏ်းမှာ အဆုံးအမတော် အာဏာပညတ် အတိုင်း ကျင့်ဆောင်တော်မူ သည့် ဂိုဏ်း။ ဗဟုစာရဂိုဏ်းသော်ကား ဆဗ္ဗဂ္ဂီတို့ ဂိုဏ်းဖြစ်သည်။ ကေစာရ ဆရာမြတ်တို့ဂိုဏ်းကို အရည့ဝါသီ တိစီဝရိတ် ဆောက်တည်ကြစေ။ ဗဟုစာရတို့မှာ ဂါမဝါသီဂိုဏ်း၊ ပွဲကျောင်း ရဟန်း၊ များ သောအမှုတို့ကို ဆည်းပူးလိုတတ်သော အမူအကျင့် ရှိသည်။ မဟာမုနိရုပ်တုတော်၊ ဓာတ်မွေတော်များမှာ တံတိုင်းပြင် လေးမျက်နှာ၌ ကျောင်းရံဆောက်၍ ဂါမဝါသီပွဲကျောင်းရဟန်းတို့ နေစေ။ မဟာမုနိဘုရားမှာ လှူသမျှဝတ္ထုတို့ကို ဂါမဝါသီပွဲ ကျောင်းရဟန်းတို့ထံ ပဋ္ဌင်း၊ သာမဏေ မပြု၊ မသွင်းစေနှင့်။ စေတီပုထိုး၊ ရုပ်ပွားဆင်းတု တည်လုပ်သည်မှာလည်း ပဋိရူပ မတင့်တယ်သော လူတို့ အိမ်အနီးအပါး၌ မတည်မလုပ်စေနှင့်။ ဘုရားအလိုတော်အတိုင်း မင်းအာဏာ ထားတော်မူ၏။

မင်းမှုထမ်းမှာလည်း မရမာလေးသောင်း၊ ကုလားတိ လောင်ကာ လေးသောင်း ပေါင်းရှစ်သောင်းသောလူတို့ကို လက်ဝဲ သင်း လေးသောင်းမှာ လက်ဝဲနံတွင် ခြသေ့ရုပ်နှင့် လက်ဝဲကိုယ်

တော်ရံ၊ လက်ယာသင်း လေးသောင်းမှာ လက်ယာနံတွင် ခြသေ့်ရုပ်ထိုး၍ လက်ယာကိုယ်တော်ရံ။ အမှုထမ်းရှစ်သောင်းကို ကလေးစားဝိဓိုရ်ရသို့ အပ်တော်မူ၍ ကိုယ်ရံကြီးအမတ် ခန့်တော်မူသည်။

ဒေရီကုလားတစ်သောင်း၊ အန်ပူလီကုလားတစ်သောင်း၊ လူနှစ်သောင်းတို့ကို လက်မောင်းတွင် စာထိုး၍ နန်းတော်အစေ သုံး၊ မင်းသား မင်းမျိုး မှူးတော် မတ်တော် အစေအသုံး အသီးသီး အစုဖွဲ့တော်မူပြီးမှ မြောက်များစား (ပြောင်းပြာစား) ဝိမလသို့ အပ်၍ ဝိမလကို ပြည်စိုးကြီး အမတ် ခန့်တော်မူသည်။

ဂွတ်ဇထီ ငါးထောင်၊ ဇော်ပူရ ငါးထောင်၊ လူတစ်သောင်း ကို နဖူးတွင် စာထိုး၍ ဆင်ပေါက် ဆင်မ အထိန်းအကျောင်းဖွဲ့ တော်မူပြီးမှ မိုးကောင်းစား ဓမ္မဇေယသို့ အပ်တော်မူ၍ ဓမ္မဇေယ ကို ဆင်ကဲကြီးအမတ် ခန့်တော်မူသည်။

မဂိုကုလား တစ်သောင်း၊ မြို့တစ်သောင်း၊ နှစ်သောင်းသော လူတို့ကို ကျောပြင်တွင် စာထိုး၍ အစေခံ၊ ပိုက်သည်၊ လွှတိုက်၊ ဘောင်ခတ်၊ ရက်ကန်းသည်၊ ရေခပ်၊ ငရုတ်–ကြက်သွန်ဆက် အစု ဖွဲ့တော်မူပြီးမှ မင်းတုံးစား သုမနသို့ အပ်တော်မူသည်။ သုမနကိုလည်း ထားပိုင်ကြီးအမတ် ခန့်တော်မူသည်။

ကတူး နှစ်ထောင်ငါးရာကို အရှေ့ဝင်းဖွဲ့တော်မူ၍ ကိုယ်ရံ ကြီးအမတ်သား သတိုးလှကို အရှေ့ဝင်းမှူး ခန့်တော်မူသည်။ လဝံနှစ်ထောင် ငါးရာကို အနောက်ဝင်း အစုဖွဲ့၍ ထားပိုင်ကြီး အမတ်သား သတိုးအောင်ကို အနောက်ဝင်းမှူး ခန့်တော်မူသည်။ အန်ပူလီ နှစ်ထောင်ငါးရာကို မြောက်ဝင်းအစုဖွဲ့၍ ဆင်ကဲကြီး အမတ်သား သတိုးဖြူကို မြောက်ဝင်းမှူး ခန့်တော်မူသည်။ သား တော် သူရိယသာခီကို နန်းလျာအိမ်ရှေ့ ထားတော်မူသည်။

အမတ်သား ငါးဆယ်၊ သူဌေးသား ငါးဆယ်တို့ကို ပေးဖွဲ့ တော်မူသည်။ လက်ဝဲသင်းကိုယ်တော်ရံ တစ်သောင်း၊ လက်ယာ သင်း ကိုယ်တော်ရံ တစ်သောင်းတို့နှင့် ကမ္ဗလူပီတပ်၊ ပဲကူးတပ် နှစ်တပ်ကိုလည်း ပေးတော်မူသည်။ ကျေးစားမြို့ သီလက်ကို ပေးတော်မူသည်။

ညီတော်သူရိယကုမ္မာသို့ ပါလောင်တပ်၊ ငေါတပ်ကို ပေးတော်မူ၍ မောက်သူဇာမြို့တွင် ထီးနန်းနှင့် ထားတော်မူသည်။ တောင်မိဖုရားခေါင်ကြီးမှာ မှိုင်းတပ်နှင့် မြုံ ငါးရာ၊ ကုလား ငါးရာ ပျူ ငါးရာ၊ ရှမ်း ငါးရာ ပေးတော်မူ၍ စားမြို့ ဘုမ္မိလာ၊ ကန်သာနှစ်မြို့ကို ပေးတော်မူသည်။ မြောက်မိဖုရားမှာ မြုံနှစ်ရာ၊ မောဂ္ဂီ သုံးရာ ပေးတော်မူ၍ စားမြို့စည်တင်ကို ပေးတော်မူသည်။ အလယ် မိဖုရားမှာ ချောင်းသား သုံးရာ၊ မြုံတစ်ရာ၊ မောဂ္ဂီတစ်ရာ ပေးတော်မူ၍ စားမြို့ ပဋိက္ကရားကို ပေးတော်မူသည်။

ဘထွေးတော် သီရိသမန္တပိုလ်ကို လက်ဝဲမြန်အမတ်ခန့်တော်မူ၍ စားမြို့သံလျင်ကို ပေးတော်မူသည်။ ဦးရီးတော် သုစန္ဒရာကို လက်ယာမြန် အမတ်ခန့်တော်မူ၍ စားမြို့အမရာကို ပေးတော်မူသည်။ လက်ဝဲမြန် လက်ယာမြန် အမတ်နှစ်ယောက်မှာ နန်းတော် ဦးတွင်နေ၍ အတွင်းမှုဟူသမျှကို စီရင်ရသည်။

ကိုယ်ရံကြီးအမတ် သားအလတ် ရစောခင်ကို စားကျေးမြို့ သစ်ပေးတော်မူ၍ အတွင်းမှူး ဘဏ္ဍာစိုး ခန့်တော်မူသည်။ ပြည်သူတို့ အမှုကြီးငယ် တရားစကားမှာ တရားသူကြီးနှစ်ယောက် ပြည်စိုးအမတ် နှစ်ယောက်တို့ကို မြို့လေးမျက်နှာ အလယ်တံခါးဝတွင် တရားမဏ္ဍပ်နှင့် စီရင်စေ။ ပြီးသည့်အမှုမှာ ငါးသပြာတန်သည့် နှစ်သပြာခွဲတန်သည် တရားသူကြီး၊ ပြည်စိုးတို့ကို ပေးစေ။ မပြီးလျှင် အမတ်ကြီးလေးယောက် စုံညီဆုံးဖြတ်စေ။

ဘိသိက်မင်္ဂလာမှာ ပြဟ္မဏပုဏ္ဏားမျိုးက ဆက်စေ။ ခတ္တိယပုဏ္ဏားတို့မှာ စာရေးစာပြန် အက္ခရာကျအောင် သင်စေ။ ဗိသျှပုဏ္ဏားတို့မှာ ရောင်းဝယ်စားစေ။ သုဒ္ဒိယပုဏ္ဏားတို့က စန္ဒီစသောနတ်တို့ကို ပူဇော်စေ။ ဆံ၊ မုတ်ဆိတ်၊ ခြေသည်း၊ လက်သည်း သုတ်သင်စေ။ ကနန္ဒာ၊ ခနောက်ပုဏ္ဏားတို့မှာ စလွယ်ကိုးသွယ်။ ခတ္တိယမှာ ခြောက်သွယ် ဗိသျှမှာ သုံးသွယ်တင်စေ။ သုဒ္ဒိယတို့ သူဆင်းရဲမျိုး ဖြစ်သည်။ စလွယ်တင်ထုံး မရှိ။

ဓာတ်တော် မွေတော်များတွင် ထီး၊ တံခွန်၊ ပန်း၊ ဆွမ်း၊ သင်းဘုတ်တို့ကို တင်စေ။ ပြဟ္မဏပုဏ္ဏားတို့ကို ကုန်ရောင်းကုန်ဝယ်၊ လယ်ယာမလုပ်စေနှင့်။ ဂေါ်တော့ပလ္လင်မြို့က ထွက်သမျှ

အခွန်ဘဏ္ဍာကို စားစေ။

အစုအဝန်းဖွဲ့တော်မူသည့် လူတို့မှာ အခွန်ဘဏ္ဍာ မရှိစေနှင့်။ အစုလွတ်လူတို့ကို မရမာ၊ ရှမ်း ကုလားမဆို အဝေးမြို့၊ အနီးမြို့ တစ်အိမ်လျှင် ငါးသပြာငွေကိုသာ ဆက်သွင်းစေ။ ချင်း၊ လင်ကဲ၊ အရိုင်းမျိုးတို့မှာ ယာတစ်ခင်းလျှင် သုံးသပြာသာ ဆက်သွင်းစေ။

ကူလီကွတ္တာ(ကာလကတ္တား)၊ ဂင်္ဂါသာရ၊ စစ်တကောင်း၊ မော်ရုံသံလျှင်၊ မင်းကောက် သင်္ဘောဆိပ်တော်များမှာ အသပြာ တစ်ရာတန်လျှင် ဘဏ္ဍာအကောက် ငါးသပြာသာ ယူစေ။ ရောင်ဖြူကင်း၊ မရိပ်ကင်း၊ မတုန်ကင်း၊ အဝံကူကင်း၊ ရလာကင်းများမှာလည်း ပါကုန်ကို အဖိုးထား၍ တစ်ရာလျှင် သုံးသပြာသာ အခွန်ယူစေ။ ကင်းငါးရပ်ပြင် အစောင့်အနေထားသည့် ကင်းများက အကောက်အစား၊ အခွန်ဘဏ္ဍာ မရှိစေနှင့်။

ယင်းသို့အသီးသီး ပညတ်တော်မူသမျှကိုလည်း အဓွန့်ရှည်အောင် ကျောက်စာမော်ကွန်းထိုးတော်မူသည်''။ ။

**အသျှင်ကြီး**

*ရခိုင်မင်းရာဇာကြီးစာတမ်း လက်ရေးမူ*
*(ကု–ကြော့ချပ်မှ၊ ကေ–ဝမ်းချပ်ထိ)*
*ဘားနာဒ်–၇၈၊ အမျိုးသား စာကြည့်တိုက်။*

## ri;x;t reawm jyewr;

*(မင်းထီးသည် ဗုဒ္ဓဘိသေကမင်္ဂလာကို သွန်းလောင်းပြီးနောက် တိုင်းပြည်အုပ်ချုပ်ရေးနှင့်ဆိုင်ရာကို အမိန့်ပြန် တမ်းထုတ်တော်မူခဲ့သည်။)*

အမိန့်ပြန်တမ်း အပြည့်အစုံမှာ– မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူသည့်နောက် ခြောက်နှစ်တွင် ဘေးတော်ဖြစ်သော စန္ဒသူရိယမင်းလွန်တော်မူလေလျှင် သားတော် အိမ်ရှေ့မင်း သူရိယာဓိပတိ ရိုက်ရာကို စိုးစံတော်မူသည်။ အနွယ်တော် သားမြေးဆက်ပေါင်း ၂၉–ဆက်အဆုံး စူဠတဠန္ဒရာမင်းသည် ဘုရားသခင် ပရိနိဗ္ဗာန်ဝင် သည့်နောက် ၉၈၂–ခုနှစ်တွင် တကောင်းပြည်သို့ ချီတော်မူ၍ အပြန်တွင် သမုဒ္ဒရာ၌ လွန်သည်ကာလ ဝိပ္ပတ္တိ ဆိုက်ရောက်ရာ မြို့လူမျိုး အမြတူသား ပဲဖြူတို့ နှစ်ယောက် ၂၄–နှစ် မင်းမူသည်။ မိစ္ဆာအပြုအမူ အကျင့်ရှိလေ၍ သာသနာတော် ညှိုးနွမ်းသည်။

ဂါမဝါသီရွာသူတို့နှင့် ရောနှောနေသော ပွဲကျောင်းရဟန်းတို့ ထွန်းကားလျက်၊ အရည်ဝါသီ ဘုရားအလိုတော်ရှိသော ဇေတာရ ဆရာမြတ်တို့ ကွယ်ပျောက်ရလေသည်။ ကောဇာ–၄၂၁ ရောက်သောအခါ မြို့မင်းပဲဖြူကို မင်းမျိုးဆက်ဖြစ်သော စူဠစန္ဒရာမင်း မြေးတော် (သားတော်)မင်းငတုံ လုပ်ကြံ၍ မင်းရိုးဆက်စိုးရပြန်

လေသော် သာသနာတော်ရေးကို ရှေးဦးစွာ ရှင်းရလင်းရသော်လည်း မှူးမိုက်၊ မတ်မိုက်တို့နှင့် ဂါမဝါသီ အလဇ္ဇီရဟန်းတို့ ပေါင်းဖက်၍ ပဏ္ဏာပေးလေရာ မရှင်းမလင်း ရှိလေသည်။

ဘေးတော် ငမင်းငတုံကသည် မင်းရိုးမပျက် ခမည်းတော်တိုင်၄၁–ဆက်သောမင်းတွင် အသိပညာမရှိသော ရာဇသုညမင်းတို့လက်ထက် သာသနာညှိုးလေရာသည်။ ကျမ်းဂန်မှာလည်း ဘုရားမြတ်စွာ ဆုံးမရာစကားကို ရှည်ကြာထွန်းလင်းအောင် သီဟိုဠ်ကျွန်း ပဋ္ဌဂါမဏိမင်းလက်ထက်တော် သီဟဠဘာသာ ဘုရားသခင် စကားရင်းအတိုင်း အက္ခရာတင်ထားခဲ့သည်ကို ကူးယူ၍ ရှိသည်။

ဘုရားအလိုတော်ကို ရဟန္တာများမှသော်လည်း မသိနိုင်သည် ဖြစ်လျက် သီဟိုဠ်သားရဟန်း ပ္ဏဏား၊ ပဲခူးသား၊ ပုဂံသား၊ အင်းဝသားတို့ ရဟန်းအရှင်မြတ် ခံယူကြ၍ ပုထုဇဉ်တို့ပြုလုပ်သည့် ကျမ်းစာကို မသင့်မလှေ့လာသင့်၊ နောက်ကိုလည်း ကျမ်းစာ မပြုလုပ်စေနှင့်၊ အရညဝါသီ ဆိတ်ငြိမ်ရာတွင် တရားအကျင့်ဆောက်တည်သည့် ကေစာရဆရာမြတ်တို့ကို ပြည်သူတို့က ပစ္စည်းလေးပါး လှူဒါန်းစေ၊ ချက်ပြုတ်၍ မစားသုံးသင့်၊ ခံဆွမ်းကိုသာ သုံးသင့်သည်။

ဂါမဝါသီရွာသားတို့နှင့် ရောနှောနေသော ပွဲကျောင်းရဟန်းတို့နှင့် မရောနှောစေသင့်၊ ပွဲကျောင်းရဟန်းတို့မှာ အဆောက်အအုံကို သူတို့အလှေ့အထရှိရာ လုပ်ဆောင်၍ အလျောက်နေစေ။ စည်တီး မီးနတ်၊ ပွဲသဘင်၊ မသာအသုဘများကိုလည်း လိုက်စေ။ ဂါမဝါသီပွဲကျောင်း ရဟန်တို့မှာ တိုးပွား၍ ပြည်သူတို့က ပဥ္စင်း၊ သာမဏေ မပြုလုပ်စေနှင့်။

မှူးမတ် မြို့စားတို့မှာလည်း ရှေးမင်းပေးသနား တော်မူခဲ့သော စားကျေးမြို့ရွာ အဆောင်အရွက်များကို အဖမရှိလျှင် သားမြေးဆက်ခံ၍ ဆောင်ရွက်စားသုံးစေ။ မြို့ရွာသူကြီး၊ ကျွန်းအုပ်၊ ချောင်းအုပ်၊ ကမ်းအုပ်တို့မှလည်း အရိုးမပျက်စေနှင့်၊ မိဘမရှိလျှင် သားမြေး ဆက်ခံကြီးစိုးစေ။

ဘင်္ဂါတစ်ဆယ့်နှစ်မြို့ ကုလားတို့မှာ တစ်အိမ်တစ်တိုက် လျှင်

မြေခွန်၊ ရေခွန် တစ်အိမ်လျှင် ငါးသပြာ။ ချင်း၊ မြို၊ သက်၊ ချောင်းသား၊ ခေါင်ဇို၊ လဟော်၊ ရင်ပေါင်၊ လင်းကဲတို့မှာ ယာတစ်ခင်းလျှင် တစ်နှစ်ကို သုံးသပြာ ဆက်မြဲတိုင်းဆက်စေ။

မင်းရိုးဖြစ်သော်လည်း မင်းကျင့်မရှိရာ သုညမင်းကို ပြုခဲ့သည့် ထိုအမည် အရေး၊ အဆောင်အရွက်တို့ကို မခေါ်တွင်စေနှင့်။ အသည်သားတို့မှာ တစ်နှစ်လျှင် အိမ်ကြီးငါးသပြာ၊ အိမ်ငယ်နှစ်သပြာခွဲ သွင်းစေ။

သူရိယာဓိပတိမင်းထုံးက အပိုအလွန် မခံယူသင့်။ လက်ဝဲသင်း ကိုယ်တော်ရံ၊ ဝင်းလေးမျက်နှာ၊ ဆင်သည်၊ မြင်းသည်မှစ၍ ၅၇–စုသားတို့မှာ အခွန်ဘဏ္ဍာကို ယူရိုးထုံးစံ မရှိ၊ အစိုးရမင်းမှာသာ ငြိမ်ဝပ်စွာ ထမ်းရွက်နေထိုင်စေ။ မင်းမိဖုရား၊ မင်းသား၊ မင်းမျိုး၊ မင်းဆွေ၊ မှူးမတ်တို့မှာ ရှေးမင်းအသီးသီး ပေးဖွဲ့ခဲ့သည့်မှု ရှိခဲ့သည်။ နောက်ကို အသည်သား အမှုထမ်းတို့ က ကပ်ကိုခို၍ မထမ်းစေနှင့်။

ပြည်သူတို့တွင် တရားတဘောင် ရှိသည်များကိုလည်း တရားသူကြီး နှစ်ယောက်၊ ပြည်စိုး နှစ်ယောက် မြို့လေးမျက်နှာက တရားမဏ္ဍပ် စီရင်မြဲကို စီရင်စေ။ ပြီးလျှင် အမှုကြီး အမှုငယ်ကို သာထောက်၍ ငါးသပြာတန်သည်၊ နှစ်သပြာတန် သည် တရားသူကြီး ပြည်စိုးတို့ စားစေ၊ တိုးပွား၍ မယူစေနှင့်။

တရားသူကြီး၊ ပြည်စိုးတို့ ဆုံးဖြတ်မပြီးလျှင် အမှုသည် နှစ်ဦးကို နန်းတွင်းသို့ ဝင်စေ။ သူခိုး၊ မုဒိမ်း၊ တန္တလျှပ်စား၊ ပေါက်စား ဆိုးသွမ်းသူတို့ကို မှန်မမှန် သိသာအောင် ပညာဖြင့်စစ်၊ မှန်လျှင် မုဒိမ်းတန္တမှာ နဖူးတွင်စာထိုး၍ သူသတ်ပရဝါအစို့မှာ ဖြည့်၊ သူခိုးမှာ ရင်တွင်စာထိုး၍ ဟရီအစို့မှာ ဖြည့်၊ လူလျှပ်လူသွမ်းတို့ကို မောင်းလည်ပြီးလျှင် လက်မောင်းတွင် စာထိုး၊ မြက်ရိတ်အစို့မှာ ဖြည့်။

မှူးမတ်မယားကြီးဖြစ်လျက် အကျင့်ဆိုးသွမ်းလျှင် ယောကျ်ား ခေါင်းလေးမြွာရိတ်၊ မျက်နှာမှာ ဆေးရေး၍ မောင်းလှည့် ဟရီအစို့မှဖြည့်၊ မိန်းမကို ပြည့်တန်ဆာ ဖြစ်စေ။ မှူးမတ်တို့က အမျှောင်ကိုမှားလျှင် မိန်းမယောကျ်ား နှစ်ယောက်

ကို မောင်းလည်၍ မြက်ရိတ်အစို့မှာ ဖြည့်။

ဘိသိက်မင်္ဂလာ ပွဲဏားနှင့် ပန်းတင်၊ စောင်းတီး၊ ဟူးရား၊ စန္ဒြီ၊ ဟုန်းနတ်ပွဲဏားတို့ မရောနှောစေနှင့်။ ဘိသိက်တော်ဆက် မင်္ဂလာ ပွဲဏားတို့မှာလည်း မန္တန်၊ ဆေးဝါး၊ ယတြာ ဗေဒင် မလေ့လာစေနှင့်။ အိမ်ရာထောင်ဖက် သားမယားကိုလည်း အခြား မိန်းမနှင့် မယှက်မစပ်သင့်။ ဘိသိက်ပွဲဏားဖြစ်လျက် အခြားပွဲဏား အမျိုးသားတို့နှင့် ရောနှောဆက်စပ်လျှင် တူရသိန်၊ လည်ဆွဲကို ဖြတ်၊ စလွယ်ကို သိမ်းဦးစွန်းကို ရိတ်၊ ပန်းတင်ပွဲဏား အစို့မှာ ထမ်းစေ။

မင်းသား မင်းဆွေ၊ မှူးမတ်၊ မြို့စားတို့မှာလည်း လူ အသက်ကို မပိုင်၊ ဆင်းရဲသားတို့ကို အသက်ဆုံးအောင် မသတ် မညှဉ်းစေနှင့်။ မင်းသား မင်းဆွေ မှူးမတ်တို့ ပြည်သူအသက်ကို အသေသတ်လျှင် အဆောင်အရွက် အရာထူး စားကျေးမြို့ ရွာကို သိမ်း၊ မင်းသား မင်းဆွေဖြစ်လျှင် မရွှိတ်ချောင်းဖျား မြို့တို့အရပ် ကို ပို့။ မြို့စား မှူးမတ် ကျူးလွန်လျှင် မာန်အောင်သို့ ပို့။

သံတွဲစား၊ မင်းတုံးစား၊ မောက်သူဇာစား၊ သျှီလက်စား၊ ဒါဂါစား ငါးယောက်မှာ ရှေးမင်းတို့ လူ့အသက်ကိုအပ်ကြောင်း ထုံးစံရှိသည့်အလျောက် သေပြစ်သေဒဏ် ရောက်သူဖြစ်လျှင် တွက်ချက်မေးချက် လျှောက်ထား၍ စီရင်စေ။

မင်းသား မင်းဆွေဖြစ်လျက် မင်းသားတို့ ကျင်လည်ရာ အဋ္ဌာရသကို မသင်မလေ့ ဖျင်းပေါ့လေလွင့်လျှင် စားကျေးမြို့ရွာ ကို နုတ်၊ မြို့လေးမျက်နှာ ဆုံးဖြတ်စီရင်သည့် တရားမဏ္ဍပ်မှာ စောင့်နေစေ။ မှူးမတ်သားမြေးဖြစ်လျက် မိရိုးဖလာကို မကျင့်၊ ဆိုးသွမ်း ပျော်ရွှင်၊ သဘင်လေ့လာ၊ သောက်စားယစ်ဝ၊ လေလွင့် ရှိခဲ့လျှင် မိဘအမွေကို မစံစေနှင့်။ မြက်ရိတ်အစို့မှာ ဖြည့်။ လိမ္မာမည်ရှိသူ မှူးမတ်သားမြေးကို ရွေးစစ်၍ အရာခံစေ။

မြို့ရွာခေါင်သူကြီးတို့မှာလည်း ဘိုးဘတို့နည်းတူ ရွာကို မအုပ်မထိန်း ပေါ့ဖျင်းမိုက်မဲလျှင် ဘိုးဘအရာကို မခံစေနှင့်။ ကျေးရွာရှိ လူကြီးသားမြေး လိမ္မာသူကိုရွေး၍ ဆက်ခံကြီးစိုးစေ။

ပြည်သူအမှုအခင်းကို စီရင်သည့် မှူးမတ် တရားသူကြီး၊

ပြည်စိုးတို့ မဖြောင့်မမှန် တံစိုးဘဏ္ဍာမျက်နှာကြီးငယ်လိုက်၍ စီရင်ဆုံးဖြတ်လျှင် ခေါင်းကို လေးမြွာရိတ်၊ အရာကို နုတ်၊ မဟာမုနိသိမ်တော် လေးမျက်နှာတံခါး မုခ်ဝတွင်ရှိသည့် အိုးတို့မှာ ရေခပ်ထမ်း၍ နေစေ။

အပြစ်ထိုက်ရာ စီရင်ရန်ရောက်လာသူကို စီရင်ရမည်မှာ ယမမင်းနှင့် တူစေ။ နိုင်ငံတော်အတွင်း ဆင်းရဲသားတို့ကို အုပ်ထိန်းစီရင်သည့် မှူးမတ်မြို့စား ခေါင်သူကြီးတို့ မဖြောင့် မသား၊ ကြီးနိုင် ငယ်နှိပ်ပြုကျင့်၍ ဆင်းရဲသားတို့ ပင်ပန်းရိရိ ရှိခဲ့လျှင် မြင်းမိုရ်စောင့် နတ်မျှုးလေးယောက် ကဲ့သို့လျှင် မျက်နှာကြီးငယ် မထောက်နှင့်၊ ငါအလျင် သိတော်မူအောင်လျှောက်၊ အမတ်ကြီးတို့ မဖြောင့်၊ မတည် မေ့လျော့ လစ်ဟင်း၍ ရှေးထုံးစံပျက်သည်ဟု ကြားသိတော်မူရလျှင် ကိုယ်ရံကြီး၊ ဆင်ကဲကြီး၊ ပြည်စိုးကြီး၊ ဓားပိုင်ကြီးတို့ လေးယောက်ကို သံတံကျင်လျှိုတော်မူမည်ဟု ရှည်လျားသော အမိန့်ပြန်တမ်းကို တိုင်သူပြည်သားတို့ သိရှိစေရန် သက်ဆိုင်ရာ မြို့စား၊ ကျေးစားတို့မှတစ်ဆင့် ထုတ်ပြန်ခဲ့လေသည်။

**အသျှင်ကြီး**